
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
❖ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄)ရပ်**

❖ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နှစ်ယမီး

## ချစ်သူရင်ထဲက ဒိုရေမီဖာတွေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၃၉၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၀၁၁၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း အုတ်ကျင်းမြို့နယ်၊ ရန်ကုန်မြို့ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁၊ ဧပြီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

နတ်သမီး

ချစ်သူရင်ထဲက ဒိုရေမီဖာတွေ/နတ်သမီး ။ ရန်ကုန် - စိုးမိုးစာပေ၊ ၂၀၁၁

၁၀၄ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ချစ်သူရင်ထဲက ဒိုရေမီဖာတွေ


BURMESE CLASSIC .com

## အခန်း (၁)

အခန်းတံခါးရှေ့ကို မရောက်ခင်ကတည်းက ရွံ့ကြောက်စိတ်နှင့် ခြေလှမ်းတို့ တွန့်ဆုတ်သွားခဲ့သည်။

အန်တီယုနှင့် မျက်နှာချင်းဆိုင်ရမည့် အရေးကို တွေးမိတိုင်း စိတ်က အလိုလို စိုးကြောက်နေတတ်ခဲ့တာ အခုမှ မဟုတ်။

"မိဖြူ ဝင်ခဲ့လေ၊ ဘာရပ်လုပ်နေတာလဲ"

အသံက ပြတ်သားစူးရှပြီး အမိန့်သံဆန်သည်။ ရပ်နေမိသော ခြေလှမ်းတို့ကို ဖျော့ ရွှေ့လှမ်းလိုက်ရင်း စေ့ပိတ်ထားသော တံခါးကို သာသာစွာပဲ တွန်းဖွင့် ဝင်လိုက်သည်။

အခန်းထဲရောက်တော့ ကျောမှီ ကုလားထိုင်ကြီးမှာ ကိုယ်ဟန် တော်နှင့် ခြေချိတ်ထိုင်နေသော အန်တီယု မျက်ဝန်းတွေက ဖျော့ ကိုယ်ကို သေးငယ်ကျုံ့ဝင်သွားစေမတတ် ရှိ၏။

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက် ကြာနေတာလဲ ဖဦ၊ မင်းကိုငါ ခေါ်နိုင်း ထားတာ ကြာလှနေပြီ"

အပြစ်တင်သံ စွက်သော မေးခွန်းကြောင့် ဖဦ ခေါင်းကလေး ငုံ့ပြီး ရှိကျိုးစွာ ရပ်နေရာမှ ဖြေရှင်းချက် ပေးရသည်။

"ဖဦ ရေချိုးနေလို့ပါ အန်တီယု၊ အားအား လာခေါ်တော့ ရေချိုးခန်းထဲမှာ ခေါင်းလျှော်နေလို့ပါ"

အန်တီယု မျက်ဝန်းတွေက ရှာဖွေစက်တစ်ခုလို ဖဦကို ခြေဆုံး ခေါင်းဖျား အကဲခတ် ကြည့်သည်။

ခေါင်းလျှော်ပြီးစ ဆံနွယ်တွေကို ခါးစပ်အထိ ဖားလျားချထားပြီး ပန်းနုရောင် ဘလောက်(စ်)အင်္ကျီလေးနှင့် အရောင်တူ ဂါဝန်ဖားဖားလေးကို ဝတ်ဆင်ထားသော ဖဦ အသွင်လေးက နုဖတ်ကျော့ရှင်းနေသည်။

သူမ ခေါ်လိုက်တာမို့ ကသောကမျော ထွက်လာရပုံပေါ်သည်။ ဝင်းမွတ်နေသော မျက်နှာလေးမှာ ဘာမှ ခြယ်သမထားပါ။ အရင်ကဆို လျှင် ရှင်မတောင်သနပ်ခါးလေး ဖွေးနေအောင် လိမ်းခြယ်ထားတတ် သော ဖဦသည် ဘာမှ မလိမ်းခြယ်ပါဘဲလည်း ချောမောပါသည်။

မျက်ခုံးတွေက ထူထဲ ပိန်းနေတာမျိုး မဟုတ်ပါဘဲ စိမ်းမြပြီး ထင်းနေသည်။ မျက်နက်အိမ်လေးကျယ်သော မျက်ဝန်းတွေက နက် မှောင်ပြီး စွဲမက်စရာ ကောင်း၏။





အတု တပ်ထားသလား ထင်ရလောက်အောင် ရှည်လျား ...နက်သော မျက်တောင်ကြီးတွေကြောင့်လည်း ဖဦဆိုသော ကောင် ...လေးရဲ့ မျက်ဝန်းတွေက စွဲဆောင်နိုင်စွမ်း ရှိနေတာ ဖြစ်သည်။

နှာတံလေးက ပေါ်၍ နှုတ်ခမ်းလေးတွေက ပြည့်ဖြိုး နီရဲနေ ...ို့ ဆိုးဆေးကူစရာမလိုအောင် လှပလွန်းသည်။

ဒီကောင်မလေးရဲ့ အလှတွေက မနာလိုစရာ ကောင်းလောက် ...ာင်ပဲ ရှေးဆုတောင်းကောင်းခဲ့တာဟု သူမ အမြဲတမ်း တွေးခဲ့ဖူးသည်။

"ကဲ ထိုင်စမ်း ဖဦ၊ ငါ မေးစရာရှိလို့ ခေါ်နိုင်းလိုက်တာ"

သူမ ဆိုတော့ ဖဦ မျက်နှာချင်းဆိုင်က ကျောမှီမပါသော ...တံရှည်ခုံလေးမှာ ဝင်ထိုင်သည်။ သည်အခန်းထဲ ဆက်တီစားပွဲခုံ ... နံဘေးမှာ ကျောမှီထိုင်ခုံက တစ်ခုပဲ ရှိကာ သူမအတွက် ...သန့်ထားသော ထိုင်ခုံဖြစ်သည်။

သူမ ထိုင်ခုံထက် နိမ့်ပြီး ကျောမှီမပါသော ခြေတံရှည်ထိုင်ခုံ ...ုံကိုပဲ တခြားသူ ထိုင်ဖို့ ချပေးထားသည်။

ဒါက တမင်စီစဉ်ထားသော ဒေါ်ယုယနွယ်ရဲ့ အစီအစဉ် ...သည်။

သူမရှေ့က ခုံပုလေးမှာ ကျုံ့ကျုံ့လေး ထိုင်နေသော ဖဦကို ...ကြည့်ကာ သူမ သိချင်သော မေးခွန်းကို မေးလိုက်သည်။

"မင်းကို မနေ့ညနေက ဦးနေဖော် ဘာခေါ်ပြောတာလဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အန်တီယု အမေးစကားကြောင့် ဇင့် ခေါင်းကလေးမော့ကာ မျက်နှက်ဝန်းလေးတွေနှင့် မော့ကြည့်၏။

ကကြိုးပုံ ဆံပင်တွေကို နဖူးပြင်လေးပေါ်လွှင်အောင် အနောက်ဘက် လှန်သိမ်း ဖီးသင်ထားသော အန်တီယု မျက်နှာက တည်ငြိမ်သော အလှနှင့် တင့်တယ်သည်။ လှပပြီးသော မျက်နှာကို အိမ်နေရင်းတောင် ကရင်မ်တစ်ခုခု လိမ်းခြယ်ပြင်ဆင်တတ်တာမို့ အန်တီယု မျက်နှာက အသက်အရွယ်နှင့် မလိုက်ဘက်အောင် လှပပါသည်။

အသက်သုံးဆယ့်ငါးနှစ်ဆိုပေမယ့် အသက်နှစ်ဆယ်ကျော် ထက် ဆယ့်ငါးနှစ်နီးပါး အသက်ကြီးတာလို့တောင် ထင်မှတ်စရာ မရှိပါ။

ကျောလယ်အထိ ရှည်သော ဆံပင်တွေကို နီညိုရောင်ဆိုးထားတာမို့ အန်တီယုရဲ့ ပြင်ဆင်ခြယ်သတတ်မှုက ချီးကျူးလောက်သည်။

"သံယောဇဉ် မင်းကိုငါ မေးနေတယ်လေ"

ရူးခနဲ အသံနှင့်အတူ အန်တီယုရဲ့ မျက်ဝန်းအကြည့်တွေက ဇင့် မျက်နှာလေးပေါ် စူးစူးနစ်နစ် ကျရောက်လာသည်။

"ဟို ဘာမှမပြောပါဘူး အန်တီယု၊ ဒီလိုပါပဲ ဘဘက ဟိုတုန်းက အဖြစ်အပျက်တွေကို စိတ်လိုလက်ရ ပြန်ပြောပြတာမျိုးပါ"

ဇင့် မျက်နှာတစ်ချက် မပျက်ဘဲ တည်တည်ငြိမ်ငြိမ်လေး ပြောတော့ အန်တီယု ယုံကြည်သွားခဲ့ပုံ ရသည်။ ဒါပေမဲ့ အကဲခတ်ကြည့်နေသော မျက်ဝန်းတွေကတော့ စူးရှတောက်ပနေတုန်း ရှိသည်။





ကျောစိမ့်စရာ ကောင်းသော အန်တီယု အကြည့်တွေကို ရှောင်လွှဲရင်း ဇင့် အခန်းပြတင်းတံခါးဆီကို ငေးကြည့်နေလိုက်၏။

"အေး နင့်အဘက သူငယ်ပြန်နေပြီ ထင်တယ်၊ လူက ဒုက္ခိတ၊ ဘာစီးပွားရေးကိစ္စမှ ဝင်မလုပ်နိုင် မကိုင်နိုင်တာတောင် ငါ့ကို ခေါ်ပြီး တိုမေး ဒီမေး စစ်လား ဆေးလား လုပ်နေတတ်သေးတယ်"

ထုံးစံအတိုင်း ဘဘ အပေါ် အပြစ်တင်စကားတွေကို အန်တီယု ဆိုနေခဲ့ပြန်သည်။ ဇင့် တစ်ခွန်းမှ ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်နေလိုက်သည်။ ဘဘအပေါ်မှာ အန်တီယုရဲ့ ဆက်ဆံပြောဆိုပုံတွေ ဟိုးအရင်တုန်းကနဲ့ မတူတော့တာ ကြာခဲ့ပြီ။

ဘဘ တစ်ယောက် ကားအက်ဆီးဒင့် ဖြစ်ကာ ခါးဆစ်ရိုးထိခိုက်၍ အောက်ပိုင်းသေသွားသော ဒုက္ခိတ ဘဝရောက်သွားကတည်းက ဖြစ်သည်။

မှတ်မှတ်ရရ လွန်ခဲ့သော လေးနှစ်ကျော်ခန့်ကတော့ အန်တီယုသည် ဘဘရဲ့ ဇနီးမယား တစ်ယောက်အဖြစ် ဒီအိမ်ကြီးပေါ်ကို ရောက်လာသည်။ ဘဘထက် အသက်ထက်ဝက်နီးပါးခန့် ငယ်ရွယ်ပေမယ့် အန်တီယုသည် ချောမောလှပပြီး ချစ်စရာကောင်းသူ ဖြစ်သည်။

"ဇင့်လေးက အချောလေးပဲ၊ ချစ်စရာကောင်းလိုက်တာ အန်တီယုကိုလည်း မိသားစုလို သဘောထားနော် ဇင့်လေး"

ရုပ်ကလေး ချောမောသလို အပြောလည်းချို၊ အပြုံးလေးတွေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လည်း ချိုသော အန်တီယုကို ဖဉ်လည်း ခင်မင်သွားခဲ့မိသည်။

ဖဉ့်ရဲ့အစ်မကြီးသာသာ အရွယ်ပေမယ့် အန်တီယုက သူ့ကိုယ်သူ အဒေါ်တစ်ယောက်လိုပဲ ပြောဆိုတာမို့ ဖဉ်လည်း အန်တီယု ဟုပဲ ခေါ်ခဲ့သည်။

ဘာဘရဲ့ အပေါ်မှာကော ဖဉ့်အပေါ်မှာပါ အန်တီယုက ဂရုစိုက်သည်။ အချစ်ပိုသည်။ ထို့အတွက် ဘာဘက ကျေနပ်ဝမ်းသာနေခဲ့သည်။

"သမီး ယု အပေါ်မှာ သူစိမ်းလို သဘောမထားနဲ့နော်၊ ကိုယ့်ရဲ့ အဒေါ်သားချင်းလို သဘောထား ဟုတ်လား သမီး"

ဘာဘ စကားကိုလည်း ဖဉ် နာခံပါသည်။ အန်တီယု အပေါ်မှာ ဖဉ် အမြဲတမ်း လေးစား ရှိသေခဲ့သည်။ ဒါပေမဲ့ မထင်မှတ်ဘဲ ဘာဘ ဦးနေဖော် တစ်ယောက် ဒုက္ခိတ တစ်ဦးဘဝ ရောက်ခဲ့တော့ အန်တီယုရဲ့ ဆက်ဆံပြုမူပုံ အားလုံးသည် မယုံနိုင်စရာ ကောင်းအောင် ပြောင်းလဲသွားခဲ့သည်။

တစ်သက်တာလုံး ကျန်ရှိသည့် ဘဝသက်တမ်းကို အောက်ပိုင်းသေ ဒုက္ခိတကြီးဘဝနှင့် အပြီးတိုင် ဖြတ်သန်းရတော့မည့် ဘာဘ အခြေအနေကို သိလိုက်တော့

"ဖဉ် အခြေအနေတွေကတော့ မင်း သိထားတဲ့အတိုင်းပဲ၊ မင်း ဘာဘက ဒီဘဝကြီးနဲ့ပဲ အဆုံးသတ်ရတော့မယ်၊ ဒီတော့ မင်း





လည်း ဘွဲ့လွန်ဆက်တက်လို့ မဖြစ်တော့ဘူး"

"ဟင် ဘာလို့လဲ အန်တီယု"

"မင်း အိမ်မှာပဲ ရှိနေရမယ်၊ မင်းဘာဘရဲ့ ဝေယျာဝစ္စတွေကို မင်း တာဝန်ယူရမယ်၊ ငါက စီးပွားရေးကိစ္စတွေနဲ့ လုံးပန်းနေရတော့ မှာဆိုတော့ အိမ်မှာ မင်းရှိမှကို ဖြစ်မှာ"

ဖဉ် ဘွဲ့လွန်ဆက်တက်မည့် အစီအစဉ်ကို ဖျက်ခဲ့ရသည်။ အန်တီယုရဲ့ အစီအမံအတိုင်း နာခံခဲ့သည်။ ဘာဘသည် ဖဉ့်ဘဝရဲ့ ကျေးဇူးရှင် ဟူသော အသိနှင့် ဖဉ် ခေါင်းညိတ်ခဲ့တာလည်း ဖြစ်သည်။

ဖဉ် လူမမယ် အရွယ်လေးမှာပဲ မိဘတွေ တိမ်းပါးပြီး နိုကိုးရာမဲ့နေတော့ မေမေ့ဘက်က ဦးလေး အငယ်ဆုံး တော်စပ်သူ ဘာဘ ဦးနေဖော်က ဖဉ့်ကို အမွေစား အမွေခံအဖြစ် မွေးစားခဲ့တာ ဖြစ်သည်။

စီးပွားရေး လုပ်ငန်းတွေ၊ လယ်မြေခြံတွေ၊ ပွဲရုံတွေ အများကြီး ပိုင်ဆိုင်သော ဦးနေဖော်သည် သားသမီး ရတနာမရှိ။ ဇနီးကလည်း ဆုံးပါးခဲ့တာမို့ ဖဉ့်ကိုပဲ အချစ်ပိုခဲ့သည်။

အန်တီယုကို လက်ထပ်လိုက်ခြင်းသည်ပင် ဖဉ့်ကို စောင့်ရှောက်ဖို့အတွက်ဟု ဘာဘ ပြောခဲ့ဖူးသည်။

အခုတော့ အန်တီယုသည် ဘာဘ စိတ်ကူးထားခဲ့သလို မိန်းမတစ်ယောက် မဟုတ်ဆိုတာ ဘာဘ သိခဲ့ပြီဟု ဖဉ် ထင်ပါသည်။

"ဟဲ့ မိဖဉ် နင် ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စူးခနဲ နားထဲကို တိုးဝင်လာသော အန်တီယု အသံကြောင့် ဇင့် အတွေးတွေ ပြတ်တောက်သွားခဲ့သည်။

"ရှင် အန်တီယု ဇင့် နားထောင်နေပါတယ်"

"အမလေးတော် တော်တော် အလေးစိုက် နားထောင်နေပုံပဲ ကဲ ပြန်တော့ ညည်းဆံပင်ဖားလျားကြီးနဲ့ နေတာ ငါ မကြိုက်ဘူး။ ခေါင်းလျှော်ပြီးရင် ဆံပင်ခြောက်အောင် သုတ်ပြီး ပြန်စည်းထားစမ်း။ ကဲ သွားတော့"

"ဟုတ်ကဲ့ အန်တီယု"

ခေါင်းကလေးငုံ့ပြီး အန်တီယုရဲ့ အခန်းထဲက ဇင့် ထွက်ခဲ့သည်။ မွန်းကြပ်နေခဲ့သော စိတ်တွေက အခုမှပဲ လွတ်လပ်သွားခဲ့သလို ရှိသည်။

သည်အိမ်၊ သည်ခြံကြီးထဲမှာပဲ တစ်နေ့ပြီးတစ်နေ့ အချိန်ကုန် ဖြုတ်သန်းရင်း ရှင်သန်ခဲ့ရသော ကာလတွေက ဇင့် ကျောင်းပြီးကတည်းက ဖြစ်သည်။ ဘဘရဲ့ အနားမှာ အရိပ်လို စောင့်ရှောက်နေခဲ့ရတာမျိုးလည်း မဟုတ်ပါ။

အများအားဖြင့် ဘဘသည် တစ်ယောက်တည်း အခန်းအောင်းနေတတ်တာက များသည်။ နိုင်းစရာ တစ်ခုခု ရှိမှ အခန်းထဲက ဘဲလ်တီးပြီး ခေါ်တတ်သည်။

အိမ်မှာ အေးအေးနှင့်ဒေါ်ဆိုင် ဆိုသော အကူအဖော်တွေ ရှိပေမယ့် ဘဘက မခိုင်းတတ်ပါ။ ဦးစိုင်းမောက်ကိုပဲ သူ့အခန်းထဲခေါ်





တာ စေခိုင်းတတ်သည်။

ဇင့်ကိုတောင် တွေ့ချင်မှ ဘဘ ခေါ်တတ်သည်။

မနေ့ကတော့ ဘဘ ဇင့်ကို တွေ့ချင်သည်ဆိုကာ ခေါ်သည်။ ပြီးတော့ နှစ်ကိုယ်ကြား စကားတွေကို ပြောခဲ့သည်။

"သမီးကို ဘဘ ခေါ်တာ တခြားအကြောင်းတော့ မဟုတ်ဘူး သမီး၊ သမီးရဲ့အနာဂတ်အတွက် ပြောချင်လို့ကွဲ့၊ ယုယနွယ်ကို သမီးအတွက် အားကိုးလောက်မယ့် အဖော်လို့ ဘဘ ထင်ခဲ့မိတာ မှားသွားပြီ အင်း ဒါကို သမီးလည်း သိမှာပါလေ၊ အခုတော့ အဆင်ပြေသလို နေဦး သမီး၊ အချိန်တန်ရင် သမီး အနာဂတ်အတွက် ဘဘ ပိုင်ဆိုင်သမျှ လွှဲပေးခဲ့မှာပါ၊ ဒါတွေကို သမီးရင်ထဲမှာပဲ ထား၊ ဘယ်သူ့ကိုမှ ဖွင့်မပြောနဲ့နော် သမီး၊ ယုယနွယ်တောင် မသိစေနဲ့ ဟုတ်လား"

ဘဘ စကားတွေကို ဇင့် ခေါင်းညိတ်ခဲ့သည်။ ဒါကြောင့်လည်း အန်တီယု မေးတော့ ဘာမှ မပြောခဲ့ပါ။ တကယ်ဆို ဒီအိမ်ကြီးမှာ ဇင့် ဘယ်သူ့ကိုမှ မယုံပါ။ ဒေါ်ဆိုင်ကော အေးအေးပါ အန်တီယုရဲ့ ဘက်တော်သားတွေပဲ ဖြစ်သည်။

ဒါတွေကို ဘဘ လည်း သိတာမို့ သူ့ရဲ့ လူယုံတော် ဦးစိုင်းမောက် ကိုပဲ ယုံကြည်စေခိုင်းတတ်သည်။

အန်တီယုက အလိုမကျပေမယ့် ဘဘကို မလွန်ဆန်ရဲသေးသလို ဦးစိုင်းမောက်ကို အပြစ်မရှာရဲပါ။ ဟိုးအရင်က ဒီအိမ်ကြီးမှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားမှန်သမျှ ဘာဘာ အိပ်ရာပေါ်လဲကတည်းက အစားထိုး ပြောင်းလဲ ခံခဲ့ရပြီးပြီ။

ဦးစိုင်းမောက် တစ်ယောက်ပဲ ကျန်ရစ်တာ ဖြစ်သည်။

အန်တီယုရဲ့ အပြုအမူ ဆက်ဆံပုံတွေက သိသာစွာ ပြောင်းလဲသွားခဲ့တာ အမှန်ဖြစ်သည်။

နှုတ်က ဖွင့်ဟ ဝန်မခံသည့်တိုင် အသက်အရွယ်ချင်း ကွာခြားလွန်းသော ဘာဘာကို လက်ထပ်ယူခဲ့ခြင်းသည် ဘာဘာ ပိုင်ဆိုင်သော အမွေတွေကို မက်မော ခင်တွယ်နေ၍ဆိုတာ ထင်ရှားသို့နေသည်။

ဟန်ဆောင် မျက်နှာဖုံး ကွာကျခဲ့ပြီးသော ဒေါ်ယုယနွယ်ရဲ့ ပကတိ မျက်နှာကို ဘာဘာနှင့် ဇော်တို့ မြင်တွေ့နေရပြီးသည့် နောက်မှာတော့ . . . ။

■ ■ ■



## အခန်း (၂)

"တူ တူ တူ"

ညည်းခန်းထဲက ဖုန်းသံက အဆက်မပြတ် မြည်နေပေမယ့် သူမ သွားမကိုင်ဖြစ်သေးပါ။ စစ်ဆေးလက်စ တာရင်းဇယားတွေထဲမှာပဲ အာရုံကို နှစ်မြှုပ်ထားမိဆဲ။

"တူ တူ တူ"

တယ်လီဖုန်းကလည်း မရပ်မနား ဆက်မြည်နေဆဲ ရှိသည်။ သည်တော့မှ သူမ ချာခနဲ လှည့်ကြည့်မိသည်။

ကော်ဖီဘမ်းလေးကို ကိုင်ကာ ဝင်လာသော အိမ်ဖော်မလေး အေးအေးကို မြင်လိုက်တာမို့

"မိအေး ဖုန်းကို လာကိုင်လိုက်စမ်း။ ငါ့ကိုမေးရင် မရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်''

အလုပ်ရှုပ်နေတုန်း အနှောင့်အယှက် ပေးလာသော ဖုန်းကို အလိုမကျစိတ်နှင့် မိအေးကို ကိုင်ခိုင်းလိုက်သည်။ မိအေးက ကော်ဖီ ဘန်းလေးကို သူမ အလုပ်စားပွဲ ထောင့်စွန်းမှာ တင်ပေးပြီး အဆက် မပြတ် မြည်နေသော ဖုန်းကို သွားကိုင်၏။

''ဟဲလို အမိန့်ရှိပါရှင်''

''...''

''ဟုတ်ကဲ့ ဟို မရှိပါဘူးရှင်''

''...''

''ဟို မညာပါဘူးရှင်၊ မမကြီး တကယ် မရှိတာပါ''

''...''

''ဟို မဟုတ် အဲ ဟို မရှိလို့ပါ''

မိအေးရဲ့ အူတူတူ အတတ စကားသံတွေကြောင့် သူမ စိတ်မရှည်နိုင်စွာ မျက်မှောင်ကုပ် လှည့်ကြည့်မိသည်။ တစ်စုံတစ်ခု စိုးရိမ်ထိတ်လန့်နေသော မျက်ဝန်းတွေနှင့် မိအေး သူ့ကို စိုက်ကြည့်နေ ရင်း

''ဟို ဟို နေ နေအထက် တဲ့ မမကြီး''

မိအေး စကားကြောင့် သူမ မျက်လုံးတွေ ဝိုင်းစက်အံ့ဩသွား ခဲ့သည်။ ရင်မှာ ထိတ်ခနဲ လှုပ်ရှားမှုနှင့်အတူ လူကလည်း ထိုင်ခုံ





နေရာပြီး ဖြစ်နေသည်။

မိအေး လက်ထဲက ဖုန်းကို လှမ်းယူပြီး နားထောင်လိုက် သော့

''ဒေါ်ယုယနွယ် ဟုတ်ပါရဲ့နော် အဟွန်း''

လှောင်သလို အမေးစကားနှင့်အတူ ခပ်ရိရိ ရယ်သံတစ်ချက် ကိုလည်း ကြားလိုက်ရသေးသည်။

''အထက် ဘာကိစ္စရှိလို့လဲဟင်''

''သိပ်အရေးကြီးတဲ့ကိစ္စပေါ့ဗျာ၊ ခင်ဗျားကို လွမ်းလို့ တွေ့ ချင်လွန်းလို့ ဖုန်းဆက်တာကို ခင်ဗျားကြီးက မရှိဘူးလို့ ပြောခိုင်းတာ ဆော့ တကယ် ရက်စက်လွန်းတယ်ဗျာ''

''ဟို အဲ အင်း ခဏနော်၊ အထက် ခဏလေး''

သူမ မျက်စိမျက်နှာပျက်နှင့် ရပ်ကြည့်နေသော မိအေးကို သိုးရုး ရင်ဆိုင်ကြည့်ပစ်လိုက်ရင်း

''နင်က ဘာစောင့်နေတာလဲ သွားတော့လေ''

''ဟုတ် အဲ ဟို မမကြီး ဘာနိုင်းစရာ ရှိသေးသလဲ မေးမလို့

''မရှိဘူး သွားတော့ ငါ မခေါ်ဘဲ ဝင်မလာနဲ့တော့ သွား''

မိအေး ခေါင်းကလေး ငုံ့ကာ ချာခနဲ လှည့်ထွက်သွားသည်။ ည်တော့မှ လက်ထဲက ဖုန်းကို သူမနားမှာ ကပ်နားထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အထက် ဆောရီးနော် အထက်ဆီက ဖုန်းလို့ မ ဘယ်လိုမှ ကို ထင်မထားမိလို့"

"မ တကယ် နေနိုင်တယ်ဗျာ၊ ကျွန်တော့်ဆီ ဖုန်းဆက်မယ် ဆိုလို့ ဖုန်းကို မျှော်နေတာ၊ အရူးကြီးကို ဖြစ်လို့"

နေအထက် လေသံမှာ မကျေမနပ် ဖြစ်နေတာ အထင်အ ရှား။ သူမကို စိတ်ဆိုးဒေါသ ဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာ ကောင်းသည်။ တစ်ရက် နှစ်ရက်အတွင်း ဖုန်းဆက်မည်ဟု ကတိပေး ခဲ့ပြီးမှ သူမဘက်က ပျက်ကွက်ခဲ့တာ ဖြစ်သည်။

"ပြောစမ်းပါဦး မ၊ မ ဘာသဘောနဲ့ ကျွန်တော့်ကို အဆက် ဖြတ်ထားတာလဲ၊ ကျွန်တော့်ကို ခေါက်ထားချင်တဲ့ သဘောလား။ ဒါတော့ လုံးဝ မဖြစ်သင့်ဘူးနော် မ"

"အို မဟုတ်တာ အထက်ရယ်၊ မ မှာ အလုပ်တွေ ရှုပ်ထွေး နေလို့ပါကွယ်၊ အခုတောင် စာရင်းဇယားတွေနဲ့ နပမ်းလုံးနေရတာ လုံးဝ မအားဘူး"

"မအားတာတွေ အားတာတွေ မောင် မသိဘူး မ၊ အ မကို မောင် အရမ်းတွေ့ချင်နေတယ်၊ အဲဒါ မံ ကို ဘယ်လိုတွေ့ရ မ လဲ"

"အထက်ရယ် မ ဒီရက်တွေ ဘယ်လိုမှ မအားလို့ပါ၊ ဒီတ





ရက် နှစ်ရက်ဆို ရှမ်းပြည်နယ်ဘက်က ဧည့်သည်တွေလည်း လာဦးမှာ"

"ဘယ်သူတွေလဲ မ၊ မောင့်ထက်တောင် အရေးပါနေလို့လား"

သူမ စိတ်ညစ်သွားမိသည်။ ဇီနေအထက်ရဲ့ တဖွတ်ထိုးနိုင်မှု တွေကို ဒါတွေကြောင့်ပဲ သူမ စိတ်ရှုပ်မိတာ ဖြစ်သည်။ အခုလည်း တမင်ဆိုးပြနေတာတော့ စိတ်ပျက်မိ၏။

"မ ပြောဗျာ၊ ကျွန်တော် တွေ့ချင်တယ်၊ မ လာဖို့ ခက်ခဲနေ ရင် မောင်ကိုယ်တိုင် အိမ်အထိ အရောက်လာမယ်"

သူမ မျက်လုံးတွေတောင် ပြူးသွားချင်သည်။ နေအထက်က ပြောလို့ရတာ မဟုတ်ပါ။ အခုတောင် အိမ်ဖုန်းကို ဘယ်က ဘယ်လို ရသွားခဲ့သည်မသိ။

"မ ဖုန်းချလိုက်တာ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး အထက်ရယ်၊ ဒီလိုလုပ် မနက်ဖြန် မင်းနဲ့ မ လာတွေ့မယ် ဟုတ်လား"

"တကယ်နော် မ မောင် ဘယ်ကစောင့်ရမှာလဲ"

"အင်း အရင်ဆုံနေကျအတိုင်းပေါ့ကွာ၊ မ အရောက်လာခဲ့မယ် ဟုတ်ပြီလား"

"အိုခေ သင့်ခယ္ယပဲ မ၊ မ ကို အရမ်းခိုက်တယ်ဗျာ"

ချွဲနွဲ့နွဲ့ အသံနှင့်အတူ အနမ်းတစ်ချက်ကို ဖုန်းထဲက ကြား ရသည်။ သူမ ပြုံးမိရင်း ဖုန်းလေးကို ပြန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပဲ အခန်းတံခါးဝမှာ လူရိပ်တစ်ခုကို ရိပ်ခနဲ မြင်လိုက်တာမို့ ဒေါ်ယုယနွယ် ထိတ်ခနဲ ဖြစ်သွားသည်။

မီအေးတော့ မဟုတ်နိုင်။ ဒေါ်ဆိုင် များလား။

"ဘယ်သူလဲ"

သူမ ခပ်စူးစူး မေးလိုက်တော့ အခန်းဝမှာ မြင်လိုက်ရတာ သံယောဇဉ် ဖြစ်နေသည်။

"ဘာကိစ္စလဲ ဇဉ်"

"ဘဘက စာရင်းတွေ စစ်ပြီးရင် သူ့ဆီ ယူလာခဲ့လို့ မှာလိုက်လို့ပါ အန်တီယု"

သူမ မျက်နှာမဲ့ကျသွားရင်း အံကို တင်းခနဲ ကြိတ်မိသည်။ လူကသာ ဒုက္ခိတ ဖြစ်နေတာ ဦးနေဇော်က အခုချိန်အထိ လုပ်ငန်းကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်နေသည်။

သူမ တာဝန်ယူထားရသည် ဆိုပေမယ့် ဦးနေဇော်က ယုံကြည်စွာ လွှဲအပ်ထားတာမျိုး မဟုတ်ပါ။ လစဉ် စာရင်းဇယားတွေကို အသေအချာ စိစစ်တတ်၏။

အခုလည်း လစဉ် တင်ပြရသော စာရင်းတွေကို ယူလာခိုင်းနေ၏။

"အေး ပြီးရင် ငါ ယူသွားလိုက်မယ်"

"ဟုတ်ကဲ့ ဇဉ် သွားလိုက်ဦးမယ် အန်တီယု"





လှည့်ထွက်သွားသော သံယောဇဉ်ကို ငေးကြည့်နေရင်း သူမ ရင်မှာ အလိုမကျစိတ်တို့ မွန်းကြပ်နေသည်။

ကိုယ့်ရည်ရွယ်ချက်တစ်ခုနှင့် အကြံအစည်အတွက် အခုချိန်မှာ အရာရာကို သည်းခံ မျိုသိပ်ထားရမည်။ ရည်ရွယ်ချက်တွေ ပြည့်မြောက်သွားခဲ့ရင်တော့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဆိုင်ကလေးက တိတ်ဆိတ်ငြိမ်းချမ်းသည်။ ပတ်ဝန်းကျင် ရှုခင်းတွေကို ငေးမောရင်း ထိုင်နိုင်သော စားပွဲဝိုင်းတွေ ရှိသလို ကိုယ့် စားပွဲဝိုင်းနှင့်ကိုယ် သီးသီးသန့်သန့် ရှိအောင် အပြာနုနု ခန်းဆီးတွေနှင့် ကာရံဖွဲ့ပေးထားသော စားပွဲဝိုင်းတွေလည်း ရှိနေသည်။

ကားကို ပါကင်မှာ ထိုးရပ်ပြီး သူမ ဆင်းလိုက်သည်။ နေကာ မျက်မှန်ကြီးနှင့် သူမကို မြင်တွေ့ နှုတ်ဆက်လာမည့်သူ မရှိနိုင်မှန်း သိပေမယ့် စိတ်က သိပ်တော့ မလုံခြုံပါ။

ခြေလှမ်းတို့ ခပ်သွက်သွက်လေး လှမ်းကာ ဆိုင်ထဲ လှမ်း အဝင်မှာပဲ သူမရှိရာကို လျှောက်လာသော နေအထက်ကို မြင်လိုက် သည်။





နီညိုရောင်ရုပ် အပြင်ဘက်က မီးခိုးရောင်ကုတ်ကို ကြယ်သီး တပ် နက်(ခ်)တိုင် မတပ်ဘဲ ဝတ်တတ်တာ နေအထက်ရဲ့ စတိုင်ဟုပဲ ပြောရမည် ထင်သည်။

ဂုတ်ထောက် ဆံပင်တွေက အညိုရောင်ဆိုးထားသည်။ နဖူး ကို လှန်ဖီးသင်ထားသည့်တိုင် ဆံနွယ် အခွေအလိပ်လေးက နဖူးပေါ် ဝဲကျနေ၏။ မြင့်မားသော အရပ်အမောင်းနှင့် စမတ်ကျနသော ဘောင်း ဘီရှည်ကလည်း မီးခိုးရောင်ပဲ ဖြစ်သည်။

''မ''

မျက်ဝန်းတွေကို ကာကွယ်ထားသော မျက်မှန်နက်ကို ချွတ် ကာ နေအထက် အပြုံးနှင့် နှုတ်ဆက်သည်။ တိုစိပ်စိပ် မျက်တောင်တို့ ကာရံထားသော မျက်ဝန်းတွေက အပြုံးတွေ အရိပ်ထင်နေသည်။

မျက်ခုံးထင်းထင်းနှင့် စူးရှသော မျက်ဝန်းတွေ၊ ကျစ်လစ်ပေါ် လွင်သော နှာတံနှင့် စိမ်းမြသော မွေးညှင်း ပါးသိုင်းရာတို့ ရေးရေးထင် သော နှုတ်ခမ်းပိပိ တစ်စုံ။

အားလုံးကို ပေါင်းစပ်လိုက်တော့ နေအထက် သည် နှစ်ခါ ပြန် ငေးလောက်သော ယောကျ်ားတစ်ယောက်ဆိုတာ သူမ မငြင်းနိုင် ပါ။

သူမထက် ဆယ်နှစ်နီးပါး ငယ်ရွယ်သော နေအထက်ကို စတင်တွေ့ဆုံ ငြိတွယ်သွားခဲ့မိတာ တစ်ခါတလေတော့ နောင်တရချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တခြားသူတွေ မြင်သွားဦးမယ် အထက်ရယ်"

သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်လာသော သူ့လက်တွေထဲက ရှန်းရင်း ဆိုမိပေမယ့် နေအထက်ကလည်း မလွှတ်ဘဲ ပိုမို တင်းတင်း ဆုပ်ထားရင်း

"မြင်ချင်တဲ့သူ မြင်ဗျာ၊ ဂရုမစိုက်ဘူး"

အဲဒီလို တစ်ဖွတ်ထိုးနိုင်လွန်းတာတွေကြောင့်ပဲ သူမ စိတ်ညစ် စိတ်ရှုပ်မိတာ ဖြစ်သည်။

နေအထက်ရဲ့ တဖွတ်ထိုးဆန်မှုတွေကြောင့် မလိုလားသည့် ပြဿနာတွေလည်း မဖြစ်စေချင်ပါ။ ကိုယ့်ဘဝ ကိုယ့်အခြေအနေကို ကိုယ်ပဲ သိသည်။

"အပြင်မှာပဲ ထိုင်မယ်နော် မ"

"မဟုတ်တာ သီးသန့်အခန်းထဲမှာပဲ ထိုင်ရအောင်"

"ဘာဖြစ်လို့လဲဗျာ မရဲ့အနားမှာ ကျွန်တော် ရှိနေတာကို တစ်ယောက်ယောက် မြင်မှာ ကြောက်နေလို့လား"

"အထက်ရယ် ဘာလို့ တဖွတ်ထိုး ဆန်ချင်နေတာလဲ၊ မရဲ့ အခြေအနေကိုတော့ မင်း နားလည်သင့်တယ်၊ လတ်တလောမှာ မက ဦးနေဇော်နဲ့ မကင်းနိုင်သေးဘူးလေ"

"အဲဒါ မ မပြတ်သားတာပဲလေ၊ ဟိုက အချိန်မရွေး တရားဝင် ကွာရှင်းပေးမယ်လို့ ခွင့်ပြုထားတာပဲ၊ မက ဘာလို့ လက်မခံတာလဲ"





"ကဲ လာပါကွယ် အထက် နားလည်အောင် မ ရှင်းပြမယ်"

နေအထက် လက်မောင်းကို ဆုပ်ကိုင်ပြီး ထိုင်နေကျ သီးသန့်စားပွဲလေးဆီပဲ ထွက်ခဲ့သည်။ စားပွဲထိုးလေးကို သူမ စားစရာတွေ မှာနေသည့်အထိ နေအထက် နှုတ်ခမ်းတွေ တင်းတင်းစေ့ကာ ထိုင်နေသည်။

တွန့်ကုပ်ထားသော မျက်ဝန်းတွေက ဘာကိုမှ အလိုမကျဖြစ်နေတာ သေချာသည်။

"မ မှာလိုက်တာတွေ အဆင်ပြေရဲ့လား၊ ဘာလိုသေးသလဲ အထက်"

"ဘာမှ မလိုဘူး ကျွန်တော် လိုအပ်တာ မ တစ်ယောက်တည်းပဲ"

မျက်ဝန်းတွေက သူမ မျက်နှာကို မျက်တောင် မခတ်တမ်း စူးစူးနစ်နစ် စိုက်ကြည့်ပြီး ပြောသည်။ ရှက်စိတ်လေးနှင့် ထူပူသွားရင်း သူမ နှုတ်ခမ်းလေးတွေ ပြုံးမိတော့

"ဘာလဲ မက လှောင်ပြုံးတာလား၊ အခုချက်ချင်း မကို ကျွန်တော် အပြီးအပိုင် ခေါ်သွားပစ်လိုက်မှာနော်"

သူမ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရင်း စားပွဲပေါ် တခေါက်ခေါက် ခေါက်နေသည့် နေအထက် လက်ချောင်းလေးတွေကို ဖိအုပ်ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အလကားနေရင်း စိတ်တို ဒေါသထွက်နေရတာလဲ အထက်ရယ်"

"တကယ် ဒေါသဖြစ်နေတာ ကျွန်တော် ချစ်သလို မ ချစ်ခဲ့လား။ လုံးဝ မယုံနိုင်ဘူး။ ဒီရက်အတွင်း ဖုန်းဆက်မယ်ဆိုပြီး မဆက်တာလည်း တကယ် တင်းနေတာ"

"ဒုက္ခပဲ မ အလုပ်တွေ ရှုပ်နေတာ ရှင်းပြပြီးပြီလေ"

"တော်ပါဗျာ ဖုန်းလေးဆက်ချိန် မရှိအောင် အလုပ်တွေ ပိနေသလား"

"တကယ် ပြောတာ အထက်၊ လချုပ်စာရင်းတွေ စစ်ရတယ်၊ ပြီးတော့ ကုမ္ပဏီက ရှယ်ယာတွေ လက်ခံယူရတယ်၊ ဒါတွေ အားလုံးက မရဲ့ တာဝန်တွေ ဖြစ်နေတာ မောင် သိရက်နဲ့"

"မ တစ်ယောက်တည်း ပင်ပန်းနေတာပေါ့ဗျာ"

"ဟိုတစ်ယောက်က ဘာမှမှ မလုပ်နိုင်တော့တာပဲကွယ်၊ အားလုံးက မရဲ့ တာဝန်တွေပေါ့"

သူမ ဆိုတော့ နေအထက်က သူမ လက်ဖမိုးလေးအပေါ် အုပ်ကိုင် ဖျစ်ညှစ်လိုက်ရင်း

"မ ပင်ပန်းနေတာ မောင် မကြည့်ရက်ဘူးဗျာ၊ မရဲ့ အလုပ်တွေကို မောင် ကူညီချင်တယ်၊ မ ဘာဖြစ်လို့ ဒီလူကြီးအနားမှာ ပင်ပန်းဒုက္ခခံပြီး ဆက်နေနေတာလဲ၊ သူလည်း ခွင့်ပြုပြီးပြီပဲဗျာ၊ တရား





ဝင် ကွာရှင်းပစ်လိုက်စမ်းပါ၊ ပြီးရင် မနဲ့ကျွန်တော်က လွတ်လွတ်လပ်လပ် နေနိုင်ပြီပေါ့ဗျာ"

ထုံးစံအတိုင်း နေအထက် နှုတ်ဖျားက စကားတွေကို ကြားရပြန်သည်။ ချောမွေ့ရှင်းသန့်နေသော နေအထက် မျက်နှာကို ငေးကာ သူမ ရင်ထဲမှာ သံသယတို့ ခိုတွယ်နေတာတော့ အမှန်။

တကယ်ဆို နှစ်ဦးဆုံတွေ့ ကျွမ်းဝင်ခဲ့ကြတာ သုံးလကျော် ကျော်ပဲ ရှိသေးသည်။ ဒီကာလတိုလေးမှာ ရင်းနှီးကျွမ်းဝင်စွာ ရှိခဲ့ကြတာ ဖြစ်သင့်ရဲ့လား။

သူမရဲ့ အခြေအနေ အသက်အရွယ်နှင့် ယှဉ်လျှင် ဆင်ခြင်တုံတရားတို့ ကင်းမဲ့လောက်အောင် မဖြစ်သင့်တာလည်း မှန်သည်။

ဒါပေမဲ့ နေအထက် ရှေ့ရောက်တိုင်း သတိတရားတို့ ကင်းမွတ်ကာ နစ်မျောသွားခဲ့ချည်းပဲ ဖြစ်သည်။

"မ ကျွန်တော် ပြောတာကို စိတ်ဝင်စားရဲ့လား"

ဆုပ်ကိုင်ထားသော လက်ဖဝါးကို ဖျစ်ညှစ်ပြီး နေအထက် အမှ လွင့်မျောသွားသော အသိတို့ကို ချုပ်ထိန်းရင်း သူမ ပင့်သက်လေး ရှိုက်မိသည်။

"စိတ်ဝင်စားပါတယ် မောင်ရယ်"

"ဒါဆို မရဲ့ ကိစ္စကို အမြန်ရှင်းလေဗျာ"

"အထက် ပြောသလို မလွယ်ဘူးလေ၊ အထက် အားလည်း



www.burmeseclassic.com

www.burmeseclassic.com



အောင် ပွင့်ပွင့်လင်းလင်း ပြောရရင် ဦးနေဇော်က မကို သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် ကွာရှင်းပေးတယ်ပဲ ထားဦး၊ အမွေကိစ္စတွေက ဘာမှန်းမသိဘူး၊ သူ့ရဲ့ အစီအစဉ်ကို ခုချိန်ထိ မ ဘာမှ မသိရသေးဘူး"

"ဟာ မ ကလည်း ဒါ ပြတ်ပြတ်သားသား ရှင်းရမယ့်ကိစ္စလေဗျာ၊ မက သူ့ရဲ့ တရားဝင် ဇနီးမယားပဲ၊ ထိုက်သင့်တဲ့ အမွေပိုင်ဆိုင်ခွင့်တော့ ရှိရမှာပေါ့"

"ဒါကို မ သိတာပေါ့၊ ထိုက်သင့်တဲ့ အမွေရဖို့အတွက် သူ့ရဲ့ ပိုင်ဆိုင်မှုတွေက ဘယ်လောက်အထိ ရှိသလဲဆိုတာ သိဖို့လိုတယ်၊ ဒါတွေသိချင်လို့ မ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်တိုင် ဦးစီးလေ့လာနေတာလေ၊ အထက် ပြောသလို အလောတကြီး လုပ်လို့ မဖြစ်ဘူး။ ဒါကို အထက် နားလည်သင့်တယ်"

သူမ အသေအချာ ရှင်းပြတော့ နေအထက် တည်ငြိမ်စွာ စဉ်းစားသွား၏။ အတန်ကြာ ငြိမ်သက် တွေဝေနေပြီးမှ သူမကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"မကို ကျွန်တော် မခွဲနိုင်ဘူးဗျာ၊ ဒါကြောင့် မ ရှိနိုင်တဲ့ ဒီ ရန်ကုန်အထိ လိုက်လာတာ၊ တည်းခိုခန်းမှာ တည်းနေတာပဲ တစ်ပတ်ရှိပြီ၊ နေစရိတ် စားစရိတ်က အစ တကယ် မလွယ်ဘူး"

နေအထက် ဘာကို ရည်ညွှန်းသည် ဆိုတာကို သူမ ချက်ချင်း





သဘောပေါက်ပါသည်။ မန္တလေးမှ ရန်ကုန်အထိ လိုက်လာသော နေအထက်မှာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ မရှိတာကို သိထားသည်။

"အထက်မှာ ငွေကြေးလိုအပ်နေတာမို့လား မပူပါနဲ့ကွာ၊ မ ကူညီပေးလာပါတယ်"

စားပွဲပေါ်က ဆလင်းဘက်အိတ်ကို တစ်ချက်လှမ်းကြည့်ပြီး နေအထက် မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားခဲ့သည်။ ပြီးမှ သူမကို ငေးငေးလေး စိုက်ကြည့်နေရင်း

"အဲဒါထက် အရေးကြီးတာက ကျွန်တော် မနဲ့ တွေ့ချင်တာ ပေါ့ မနဲ့တွေ့ခွင့်ရဖို့က အရေးကြီးတယ်"

"အခုပဲ တွေ့နေရပြီပဲ အထက်ရယ်"

"ဟင့်အင်း မနဲ့ လွတ်လွတ်လပ်လပ် တွေ့ချင်တာ၊ ပြင်ဦးလွင်တုန်းက နေ့ရက်တွေကို မောင် တမ်းတနေတာ"

"အို"

ရှက်စိတ်နှင့် သူမ မျက်နှာလေး ရဲရဲနီသွားခဲ့သည်။ နေအထက် ထိုင်ခုံကို သူမနှင့်အနီးကပ်ဆုံးအထိ ရွှေ့ထိုင်လိုက်ရင်း

"တကယ် ပြောတာ မ၊ မကို မောင် တမ်းတမ်းစွဲနေပြီ၊ မောင်တို့ အတူဆုံချင်တယ်"

နေအထက် လက်တွေက သူမ ပခုံးလေးကို သိုင်းဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



ခုန်း ဖုံးစွန်းလေးကို ဖျစ်ညှစ်ကာ ပြောသည်။ ရင့်ကျက်တည်ငြိမ်ပြီး ထင်သော နှလုံးသားက နေအထက်နှင့် ဆုံတိုင်း အပျိုရိုင်းလေးလို ရင်ခုန်လှုပ်ခတ်လာတတ်စမြဲ။

"နော် မ မောင်တို့ ဆုံရအောင်ကွာ နော်"

"အင်းပါ မောင်ရယ်၊ မ ကတိပေးပါတယ်၊ ဒီရက်အတွင်း တွေ့ဖြစ်မှာပါကွယ်"

"မ နော် မနှစ်သိမ့်နဲ့၊ မ မလာရင် ကျွန်တော် အဲဒီအိမ်အထိ ကိုယ်တိုင် လိုက်လာမှာ"

"အဲဒီလိုတော့ စိတ်ထင်ရာ မလုပ်နဲ့ မောင်၊ စိတ်ချ မ ကတိပေးတယ်၊ မတို့ဆုံနိုင်ဖို့ ကြိုးစည်ပါ့မယ်၊ ကဲ စားစရာတွေ အေးကုန် ပြီ၊ စားလိုက်ကြရအောင်နော်"

သည်တော့မှ နေအထက် ကျေနပ်စွာ ခေါင်းညိတ်ရင်း စားပွဲ ဝိုင်းပေါ်က ဟင်းတွေကို ခပ်ယူကာ သူမ ပန်းကန်ထဲ ထည့်ပေးသည်။

အသည်းဟင်းဖတ်တွေက သူမ ပန်းကန်ထဲမှာ အလျှံအပယ် ရောက်လာ၏။ နေအထက်က နှစ်လိုဖွယ် ပြုံးရင်း မျက်စိတစ်ဖက် မှိတ်ပြသေး၏။

သည်လို သိတတ်ယုယမှုလေးတွေကြောင့်ပဲ နေအထက်ရဲ့ ရင်ခွင်ထဲမှာ သူမ ပျော်ဝင်နေခဲ့ရတာ ဖြစ်သည်။

သတိနှင့် အသိတရားအားလုံးကို မေ့ပျောက်အောင် ရှိန်း





နိုင်သော နေအထက်ရဲ့ ယုယကြင်နာခြင်းတို့က သူမအပေါ်မှာ ထာဝရ အတွက်လား။ တဒင်္ဂအတွက်လား။

ထိုမေးခွန်းတွေက နေအထက် ရှေ့ရောက်လျှင် မေ့ပျောက် တာ နှစ်မျောသွားတတ်စမြဲ။ အခုလည်း . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒေါက် ဒေါက်"

"အစ်ကိုကြီး အိပ်နေတာလား"

တံခါးခေါက်သံ နှစ်ချက်ပေးပြီး ယုယနွယ် မေးတော့မှ အခန်း ထဲက တုံ့ပြန်သံကို ကြားရသည်။

"ဝင်ခဲ့ မိနွယ်"

အခန်းတံခါးကို အသာတွန်းဖွင့်ပြီး သူမ ဝင်လိုက်တော့ ဦးနေ ဇော် ဂိုးချဲပေါ်မှာ ထိုင်ကာ စာဖတ်နေတာ ဖြစ်သည်။ သူမ အနား လျှောက်လာသည်အထိ မော့မကြည့်ဘဲ စာအုပ်ထဲမှာပဲ အာရုံ စိုက်ထား ဟန် ရှိသည်။

ဦးနေဇော် ရှေ့ရောက်တော့မှ ဖျတ်ခနဲ သူမကို မော့ကြည့် သည်။





"ဘာကိစ္စရှိလို့လဲ မိနွယ်"

"မနွလေး ကုမ္ပဏီက အမြတ်ငွေ စာရင်းတွေ ဘဏ်ကို ...ွဲလိုက်တယ်၊ အဲဒါ နွယ် သွားထုတ်လိုက်ရမလား လာမေးတာပါ"

ဦးနေဇော် မျက်မှောင်ကြီး ကုပ်သွားကာ ခေါင်းကို ခါသည်။ ...မှ နံဘေးက ကျောမှီ ထိုင်ခုံလေးကို ညွှန်ပြကာ ထိုင်ခိုင်းသည်။ ...ယနွယ် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်း မသွားနဲ့ မိနွယ်၊ အဲဒီကိစ္စ စိုင်းမောက်ကိုပဲ တာဝန် ...ွဲထားလိုက်တယ်၊ တောင်ကြီးပွဲရုံက စာရင်းတွေက အမှန်ပဲလား၊ ...ြာက်လအတွင်းမှာ နှစ်ဆယ်ရာခိုင်နှုန်းလောက် ကျသွားတယ်"

သည်ကိစ္စကို ဦးနေဇော် မေးလာမည်ဆိုတာ သူမ ကြိုတွက် ...ီးသား ဖြစ်သည်။

"ဟုတ်တယ် အစ်ကိုကြီး လိမ္မော်ခြံတွေက အရင်လို သိပ်မဖြစ် ...ူး ဒါကြောင့်ပါ၊ ဟိုတစ်ခေါက်က နွယ် ကိုယ်တိုင် သွားပြီး လေ့လာ ...ြည့်ပြီးပြီ၊ ခြံရှင်တိုင်း ညည်းတွားနေကြတယ်၊ ပွဲရုံတွေလည်း ဒီလိုပဲ ...ဖြစ်နေကြတယ်"

ဦးနေဇော် တိတ်ဆိတ်စွာနှင့် ငြိမ်သက်နေပေမယ့် စူးစူးနစ်နစ် ...ြည့်နေသော မျက်ဝန်းတွေက ယုံကြည်မှုတို့ ကင်းမဲ့နေသလို ရှိသည်။

"အင်း တောင်ကြီးဘက်က ပွဲရုံလုပ်ငန်းတွေ မကောင်းဘူး ...ဆိုရင် တဖြည်းဖြည်းတော့ ရပ်ပစ်မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ အစ်ကိုကြီး ဒီလုပ်ငန်းတွေက ကိုကြီးရဲ့ ဘိုးဘွား ဘီဘတွေ ယက်ထစ်ကတည်းက လုပ်လာတဲ့ အလုပ်တွေပဲ ဥစ္စာ"

"ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ အခုချိန်မှာ ကိုယ်က ဘာကိုမှ ဆုံးစီးနိုင်တော့ စောင့်ရှောက်ထိန်းသိမ်းဖို့ ခက်ခဲနေတယ်"

"နွယ်တတ်နိုင်သလောက် ကူညီပေးနေတာပဲ အစ်ကိုကြီး ရယ်"

"အင်း မင်း အလုပ်တွေ ကူညီပေးနေတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ မင်း မနိုင်နင်းပါဘူး၊ မိန်းမသား တန်မဲ့ ဦးဆောင်နေရတာ မသင့်တော်ပါဘူး။ တောင်ကြီးဘက်က ပွဲရုံနဲ့ စိုက်ပျိုးရေးခြံတွေကိစ္စကို ကိုယ် တစ်ခုခုတော့ စီစဉ်မယ်၊ အချိန်တော့ ယူရမှာပေါ့"

ဦးနေဇော် ဆုံးဖြတ်ပြီးနေပြီးသော ကိစ္စကို သူမ ဘာမှ ဝင်ရောက် ထားမြစ်ခွင့် မရှိတာမို့ နှုတ်ဆိတ်နေလိုက်ပါသည်။

စိတ်ထဲကတော့ ဘယ်လိုမှ အလိုမကျနိုင်တာ အမှန်။ ဦးနေဇော် ရင်ထဲကို မြင်နေရသလို ရှိသည်။ ဒီအဘိုးကြီး လူကသာ မလှုပ်နိုင်တာ အခန်းထဲက အပြင်ကို မထွက်ဘဲ ဘာတွေ ကြိတ်ကြံစည်နေသည်လဲ။

ဖနီးမယား ဖြစ်သော နွယ်အပေါ်မှာတောင် ယုံကြည်မှု ကင်းမဲ့ နေတာတော့ ခံရခက်ပါသည်။

"ဒါနဲ့ ကိုယ် ဖဉ်လေးကို မတွေ့တာ နှစ်ရက်ရှိပြီ၊ ဘာလို့ ရောက်မလာတာလဲ၊ နေမကောင်းဘူးလား မိနွယ်"





သံယောဇဉ်ကို သတိတရ မေးလာသောကြောင့် ယုယနွယ် …မှာ မျက်ခနဲ ဖြစ်မိပြန်သည်။ သူမကိုတော့ သတိတရ ကြင်နာယုယ …ပြတဲ့ သံယောဇဉ်ကိုတော့ အမြဲ မေးတတ်သည်။

"ကောင်းပါတယ် အစ်ကိုကြီး။ ဖဉ်လေးအတွက်လည်း ဘာမှ …နဲ့ အစ်ကိုကြီးရဲ့ ကျန်းမာရေးကိုပဲ ဂရုစိုက်ပါနော်"

ရင်ထဲက မပါပေမယ့် ဦးနေဇော်ကို စကားချိုချိုလေးတွေနှင့် …နဲ့ ဂရုစိုက်ပြဖို့တော့ သူမ မမေ့ပါ။

"ကိုယ့်အတွက်ကတော့ ဘာမှ အရေးမကြီးတော့ပါဘူး မိနွယ်၊ …ည်နေသရွေ့တော့ ကျန်းမာအောင် နေနေပြီးသားပါ၊ အဲ မင်း …တော့ ကိုယ် အကြံပေးချင်တယ်၊ မင်းအသက် ငယ်ရွယ်သေး …် မိနွယ်၊ ကိုယ့်လို ဒုက္ခိတကြီးအနားမှာပဲ မင်း အချိန်မကုန်သင့်ဘူး"

သည်စကားကို သူမနှင့်ခုံတိုင်း အစဖော်ကာ တိုက်တွန်းတတ် …ဦးနေဇော်ရဲ့ ဝသီ ဖြစ်နေသည်။

"ကိုကြီးရယ် ဘာဖြစ်လို့ ဒီစကားကို အမြဲတမ်း ပြောနေရတာ …င် နွယ် ဘယ်တော့မှ ကိုကြီးကို မစွန့်ပြေးပါဘူး။ ကိုကြီးကို နွယ် …ဆုံးအထိ စောင့်ရှောက်သွားမှာပါ"

"အဲဒီလောက် မလိုအပ်ပါဘူး နွယ်၊ ကိုယ့်အသက်အရွယ်က …ရဲ့ နောက်ဆုံး အချိန် ရောက်နေပါပြီ၊ ဖဉ်လေးနဲ့ မင်းကတော့ …ပြီး အချိန်တွေ အများကြီး ဖြတ်သန်းရဦးမှာ၊ ဒါကြောင့် …နဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ဖေ့ဲအတွက် ကိုယ် စီစဉ်နေတာ''

ဦးနေဇော် စကားတွေကြောင့် သူမ စိတ်ဝင်စားသွားမိသည် သူမနှင့် သံယောဇဉ်အတွက်တဲ့။ ဦးနေဇော် ဘာတွေ စီစဉ်ထားသည် သိချင်မိသည်။

''မင်းဘဝအတွက်လည်း ထိုက်သင့်တဲ့ အတိုင်းအတာ ကို ပေးလိုက်မှာပါ၊ မင်းဘက်က ကိုယ်နဲ့ ကွာရှင်းချင်တယ်ဆိုရင် အ မရွေး ကိုယ် လက်ခံပေးမယ်၊ တရားဝင် ကွာရှင်းစာချုပ်မှာ ကို လက်မှတ်ထိုးထားပေးတယ် မိနွယ်''

ဦးနေဇော်က သူမဘက်ကို အပြည့်အဝ ခွင့်ပြုပေးထား သူမ သိသည်။ ဒါပေမဲ့ သူမ သိချင်တာ ဦးနေဇော်က သူမအတွ ဘယ်လောက် ခံစားခွင့်ပေးမှာလဲ။

''ကဲ မင်းကို ကိုယ့်ဘက်က လွတ်လပ်ခွင့်ပေးထားတာ သိပြီဆိုရင် မင်းဆန္ဒရှိတဲ့အချိန် ပွင့်ပွင့်လင်းလင်း ကိုယ့်ကို ပြော မိနွယ်၊ ကဲ မင်းသွားလို့ ရပါပြီ''

သူမ သိချင်သော အဖြေကို ဦးနေဇော် နှုတ်က ဘယ်တော ဖွင့်မပြောတာမို့ မကျေမနပ် ဖြစ်ရသည်။ အခုလည်းကြည့် ကွာရှင် ပြုနေပေမယ့် သူမအတွက် ပိုင်ဆိုင်ခံစားခွင့်ကို ရေရာတိကျစွာ မ ပါ။

''ဘာပြောစရာ ရှိသေးလို့လဲ မိနွယ်''





သူမ ထွက်မသွားသေးတော့ ဦးနေဇော် ထပ်မေးသည်။ သိချင် ကို မေးပစ်လိုက်ချင်ပေမယ့် မမေးသင့်သေးဟု သူမ အသိစိတ်က ည်နေတာမို့

''တခြားကိစ္စ မဟုတ်ပါဘူး အစ်ကိုကြီး၊ ဒီရက်ပိုင်းမှာ တောင် က ဧည့်သည်တွေ လာကြမှာ ပြောချင်လို့''

''ဟုတ်လား ဘာကိစ္စလဲ၊ အလုပ်ကိစ္စလား မိနွယ်''

''အလုပ်ကိစ္စ မဟုတ်ပါဘူး အစ်ကိုကြီး၊ သူတို့တွေ ရန်ကုန်ကို ည်လာရင်း ဘုရားဖူးကြမှာမို့ အိမ်မှာပဲ တည်းကြမှာ''

''ဟုတ်လား ဒါဆိုလည်း ခွင့်ပြုလိုက်ပါ၊ လိုအပ်တာတော့ ပဲ ကြည့်စီစဉ်လိုက်၊ ကိုယ်က ဘာမှ တာဝန်ယူနိုင်မှာ မဟုတ်ဘူး''

''ဟုတ်ကဲ့ပါ အစ်ကိုကြီး''

ဦးနေဇော် စာအုပ်ကို ပြန်ကောက်ယူကာ စကားစဖြတ်တော့ မ ထိုင်ခုံက ထရပ်လိုက်ရသည်။ ဦးနေဇော် ဖတ်ရှုနေသော စာအုပ်ကို ကြည့်လိုက်တော့ ဗုဒ္ဓတရားစာအုပ် တစ်အုပ် ဖြစ်နေသည်။

သူမ မျက်နှာကို မဲ့ခနဲ ပြုရင်း လှည့်ထွက်ခဲ့သည်။ သေခါနီး ရားရှုချင်နေတာလား။ အလကား အဘိုးကြီး၊ အတ္တတွေနဲ့ ပြည့်နှက် သူဆိုတာ သူမ တစ်နေ့တခြား သိနေသည်။

တကယ်ဆို သူမလည်း အတ္တဆန်သော လူသားတစ်ဦးပဲ ဖြစ် ည်။ ဘဝတစ်ခုလုံးနဲ့ ရင်းနှီးခဲ့ပြီးမှတော့ ထိုက်တန်မှုတစ်ခုတော့ ရရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တိုက်ထက် အသက်ထက်ဝက်နီးပါး ကြီးသော ယောက်[illegible] [illegible]တ်ကို လေးနှစ်ကျော် ငါးနှစ်နီးပါး ပေါင်းသင်းလာခဲ့တာ ထို[illegible] သင့်သော ပိုင်ဆိုင်မှုတစ်ခုတော့ ရမှ ဖြစ်မည်။

■ ■ ■



## အခန်း (၅)

"ရော့ အရိပ် မင်းဆီက ငါ ချေးထားတဲ့ ငွေသုံးသောင်း"

ဂျင်းကျောပိုးအိတ်ထဲက တစ်ထောင်တန်အုပ်ကို ဆွဲထုတ်ပြီး အရွက်သုံးဆယ်တိတိကို ရေတွက်ပြီး နေအထက် လှမ်းပေးသည်။

အိတ်ထဲမှာ ဖောင်းကားနေသော ငွေစက္ကူအထပ်တွေ ရှိနေသေးတာကို အိတ်ဖွင့်ကတည်းက သူ မြင်ခဲ့သည်။

"ငါ ကတိတည်တယ်နော် အရိပ်၊ တစ်ပတ်အတွင်း မင်းငွေ ပြန်ဆက်တယ်၊ မင်း ငွေလိုရင်လည်း ပြော၊ ငါ လျှံနေတယ်"

ဆက်တီထိုင်ခုံမှာ ကျောမှီထိုင်ချရင်း စီးကရက်ကို ဟန်ပါပါ သောက်ရင်း နေအထက် ပြောသည်။ သူ ခေါင်းကို ခါပြရင်း

"မလိုပါဘူး ငါ့ဝင်ငွေနဲ့ငါ အဆင်ပြေပါတယ် အထက်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မင်း မန္တလေး ပြန်တော့မှာလား''

"နိုး မပြန်သေးဘူး''

နေအရိပ် မျက်နှာက စိတ်ပျက်ညစ်ညူးသွားခဲ့တာ မဖုံးမဖိနိုင် နေအထက်ကတော့ လက်ထဲမှာ တစ်ဝက်နီးပါး ကျန်နေသေးသော စီးကရက်တိုကို လွှင့်ပစ်ဖို့ ဟိုကြည့် သည်ကြည့် နေရာရှာဖွေနေသည်

နေအရိပ်က စားပွဲပေါ်မှာ ကြွေပန်းကန်ပြားလေးကို နေအထ ရှေ့ကို အလိုက်သင့် ရွှေ့ပေးလိုက်ရင်း

''မင်း စီးကရက်တွေ လွှင့်ပစ်ချင်ရင် ဒီပန်းကန်ထဲ လွှင့်ပ အထက်''

နေအထက် ပန်းတစ်ချက် တွန့်ရင်း လက်ထဲက စီးကရက်တ ကို ပန်းကန်ငယ်လေးထဲ လုံးချေထည့်သည်။ စီးကရက် မသောက်တ သော သူ့အတွက် နေအထက် ရောက်လာမှ ဆေးလိပ်ခွက် အဖြ ပန်းကန်ပြားလေးတစ်ချပ် စီစဉ်ပေးရသည်။

စီးကရက်ကို ဘူးလိုက်သောက်ပြီး ကြမ်းပြင်ကော စားပွဲ မရှောင် ထိုးခြေလွှင့်ပစ်တတ်သည့် နေအထက်ကြောင့် ညှော်ခန်းထဲ ညစ်ပေနေခဲ့သည်။

နေအထက် လာရောက်နေထိုင်သည့် တစ်ပတ်သည် သူ့အ တွက်တော့ တကယ် စိတ်ပျက်စရာ ဖြစ်နေသည်။ လက်မခံချင်ပေမယ့် လည်း မဖြစ်သည့် အခြေအနေဆိုတော့ လက်ခံထားခဲ့ရသည်။





ရန်ကုန်ကို ခဏအလည်လာတာ ဆိုသော နေအထက်က သူ့တိုက်ခန်းမှာ တည်းခွင့်တောင်းသည်။ ညီအစ်ကို ဆိုတော့လည်း ငြင်းမရဘဲ လက်ခံရ၏။

ရောက်ပြီး နှစ်ရက်ပဲ ကြာသည် သူ့ဆီက ငွေသုံးသောင်း ချေးသည်။ တစ်ပတ်အတွင်း ပြန်ဆပ်မည်ဆိုတာကို မယုံချင်ပေမယ့် ပေးခဲ့ရ၏။ အခုတော့ ဘယ်က ဘယ်လို အဆင်ပြေကာ ငွေတွေရလာ သည် မသိပါ။

သူ့ကို အကြွေးဆပ်သည်။ ဒါပေမဲ့ ရန်ကုန်မှာ ဆက်နေဦးမည် ဆိုတာကြောင့် စိတ်တော့ ညစ်မိ၏။

"ငါ ရန်ကုန်မှာ ဆက်နေမယ်၊ ဒါပေမဲ့ မင်း၊ ဟိုက်ခန်းမှာ နေတော့ဘူး''

ကောင်းတာပေါ့ဟု စိတ်ထဲက ရေရွတ်မိ၏။ ဒါပေမဲ့ နေအထက် ဘယ်မှာ နေမှာလဲဆိုတာလည်း သိချင်သည်။ ဟိုတယ်သွားကာ အခန်း ငှားနေမှာလား၊ တော်ကြာ ငွေတွေကုန်ရင် သူ့ဆီပြန်လာ ဒုက္ခပေးမှာ စိုးသည်။

''မင်းက ဘယ်သွားနေမှာလဲ အထက်''

သူ့အမေးကို နေအထက်က နှုတ်ခမ်းတွေ တွန့်ပြုံးကြည့်ကာ သာမှ မဖြေ။ တစ်ဖက်သားကို ဒီလို ရိသဲ့သဲ့ ကြည့်တတ် ပြုံးတတ်တာ နေအထက်ရဲ့ မူပိုင်စရိုက်လို့ပဲ ပြောရမည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တိုက်ခန်းထက် အဆပေါင်းများစွာ သာလွန်ခန့်ညားတဲ့ နေရာမှာ ငါ နေဖြစ်မယ်၊ လောလောဆယ်တော့ ငါနဲ့ ဘာမှမသက်ဆိုင် သေးတဲ့ နေရာပေါ့ကွာ၊ နောက်မကြာခင်မှာ အဲဒီခြံတွေ လုပ်ငန်းတွေ ပိုင်ဆိုင်မှုတွေ အကုန် ငါ ခံစားရတော့မှာကွ အဟွန်း"

နှုတ်ခမ်းတွေ ကျေကျေနပ်နပ်ကြီးပြုံးကာ ပြောနေပုံက တစ် စက်လေးတောင် အရိုးမပြေပါ။ ဒါပေမဲ့ သည်လောက် အရိပ်ပြလိုက်လျှင် ပဲ သူ မြင်သိနိုင်ပါသည်။

နေအထက် ရန်ကုန်လာခြင်းက အလည်ကိစ္စ မဟုတ်နိုင်၊ အခုပဲ ကြည့် တစ်ပြားတစ်ချပ်မှ မရှိသော အိတ်ထဲမှာ ငွေတွေ အထ လိုက် ရောက်လာသည်။ ဒါတွေက ရိုးသားမှုနဲ့တော့ မဟုတ်နိုင်။

"မင်း ငါ့ကို ကြည့်နေတဲ့ မျက်လုံးတွေက မဟုတ်သေးဘူ အရိပ်၊ ဘာလဲ ငါ ဥပဒေနဲ့ မကာင်းတဲ့ အလုပ် လုပ်နေတယ် ထင်လို့လာ စိတ်ချ နေအထက် ဆိုတဲ့ကောင်က အဲဒီလောက် ဦးနှောက် မသေး ဘူးကွာ၊ လောကကြီးမှာ ချမ်းသာနိုင်မယ့် နည်းလမ်းတွေမှ အများကြီ ဟား ဟား"

"မင်း သမိုင်းကို ငါ စိတ်မဝင်စားဘူး အထက်၊ ငါက ဦ အစ်ကို ဆိုတဲ့ သံယောဇဉ်နဲ့ မေးတာပါ၊ မင်း ငါ့တိုက်ခန်းမှာ ဧ ဖြစ်တော့ဘူး ဆိုလည်း ကောင်းတာပေါ့၊ ငါ တာဝန်တောင် ပေါ့သေ တယ်"





သူ ဆိုတော့ နေအထက် မကျေမနပ် မျက်မှောင်ကုပ်ပြီး ကြည့်သည်။ ရန်ကုန်ရောက်တိုင်း သူ့ဆီ ရောက်ကာ တည်းခိုတတ်ရုံ မက ငွေကြေး အကူအညီဆိုလည်း ပေးတတ်ခဲ့ရသည်။

ကတိအတိုင်း ပြန်ပေးတတ်တာ နှစ်ခါ သုံးခါပဲ ဖြစ်ပြီး ကျန် သည့်အခါများစွာက ပြန်မရတာတွေက ခပ်များများဖြစ်၏။

"အေး မင်းဆီက ငါ အကူအညီ ယူရတယ်ဆိုပြီး မင်း ပြော အားရှိမှာပေါ့၊ ဒီမှာအရိပ် မကြာခင် ငါ့ဘဝက ပြောင်းလဲသွားတော့မှာပါ ကွ၊ အဲဒီကျရင် ငါက မင်းကို ပြန်ကူညီနိုင်ပါပြီ"

"မလိုပါဘူး အထက်၊ ငါ ယောကျ်ားပါ ဘယ်သူ့အကူအညီမှ မလိုအပ်ဘူး၊ ငါ့ခြေထောက်ပေါ် ငါ ရပ်တည်နိုင်တယ်"

"ကုမ္ပဏီမှာ သူဌေး လူယုံတော် မန်နေဂျာဆိုတဲ့ ဂုဏ်ပုဒ်နဲ့ နေစရာ တိုက်ခန်းတစ်ခန်းလောက်ပဲ ပိုင်တဲ့ဘဝက မင်း အိပ်မက်လား အရိပ်၊ ဆောရီးပဲ ငါက မင်းလို ဘဝလောက်တော့ စိတ်မဝင်စားဘူး၊ ကုမ္ပဏီပိုင်ရှင် သူဌေးသားမက် ဘဝတောင် မလိုချင်လို့ ရှောင်ခဲ့တာကွ၊ ဒါက သူဌေးသားမက် ဆိုတာထက် သူဌေးကြီး ဦးနေအထက် ဘဝကို လိုချင်တာကွ အဟွန်း"

"အေး မင်းလိုချင်တာ ဖြစ်ပါစေ ငါ အလုပ်သွားရဦးမယ်၊ မင်း အပြင်ထွက်မယ်ဆိုရင် သော့ပိတ်ခဲ့နော် မမေ့နဲ့ဦး"

ပြောပြီးသည်နှင့် စားပွဲပေါ်က ငွေသုံးသောင်း ကောက်ယူကာ



www.burmeseclassic.com

www.burmeseclassic.com



နေအရိပ် ထွက်ခဲ့သည်။

ကုမ္ပဏီက လာကြိုမည့် ဖယ်ရီကားက ရှစ်နာရီဆို လမ်းထိပ်ရောက်မှာ ဖြစ်သည်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်ကလေးမှာ စားသောက်ရင်း စောင့်လို့ မီသေးသည်။

အိမ်မှာ ကျန်ရစ်ခဲ့သည့် နေအထက် အကြောင်း ခေါင်းထဲဝင်လာတော့ စိတ်ထဲမှာ မောချင်သည်။

တကယ်ဆို သူနှင့် နေအထက်က ညီအစ်ကို အရင်းအချာတွေတော့ မဟုတ်ပါ။ ဇာတိ မန္တလေးမှာ ရှင်သန်ခဲ့ကြရသော ဘဝတွေက မမေ့နိုင်စရာ။

နေအထက် မိဘနှစ်ပါးက သူ့ကို လေးနှစ်သားကတည်းက မွေးစားခဲ့ကြတာ ဖြစ်သည်။ သား ၁အရင်းအချာ မဟုတ်ပေမယ့် သူ့ကို နေအထက်နှင့် ထပ်တူချစ်ကြသည်။ နေအထက်နှင့် နာမည် ဆင်တူအောင်ပင် နေအရိပ် ဟု ပေးခဲ့ကြသည်အထိ ဖြစ်သည်။

သူတို့နှစ်ယောက်ကလည်း အသက်ချင်း မကွာကြပါ။ နှစ်လခွဲပဲ ကွာတာမို့ အမွှာညီအစ်ကိုတွေလို အရုပ်အမောင်း အလုံးအထည်ကအစ တူသည်။

မတူညီသည်က သူတို့ ညီအစ်ကိုရဲ့ အကျင့်စရိုက်တွေ ဖြစ်သည်။

ပညာရေးမှာ နေအရိပ်က ငယ်စဉ်ကတည်းက ထူးချွန်သည်။





နေအရိပ် ဆယ်တန်းအောင်တော့ နေအထက်က ကိုးတန်းမှာပဲ နှစ်နှစ်ဆက်ကျကာ ပညာရေးကို ကျောခိုင်းလိုက်ရသည်။

ပညာရေးမှာ ထူးချွန်သော နေအရိပ်ကို မိဘတွေက အားပေးသည်။ ရန်ကုန်မှာ အဆောင်နေ ကျောင်းတက်စေသည်။ လိုလေသေးမရှိ ထောက်ပံ့ခဲ့သည်။

နေအထက်ကိုတော့ ဖခင်ဖြစ်သူက စီးပွားရေး လောကထဲဆွဲခေါ်ကာ သူ ပိုင်သော ပွဲရုံမှာ အလုပ်လုပ်စေခဲ့သည်။ ဒါပေမဲ့ နေအထက်က ဘာကိုမှ ဝါသနာပါသူ မဟုတ်ခဲ့ပါ။

ဗိုလ်ကာ ပညာရပ်နှင့် ပညာရေးကို ကြိုးစားနေရင်း နောက်ဆုံးနှစ်မှာပဲ ဖခင် တိမ်းပါးခဲ့သည်။ မွေးစားဖခင် ဆိုပေမယ့် သူ့ရဲ့ ကျေးဇူးရှင်ဖခင်မို့ နေအရိပ် ဖြည်မဆည်နိုင်ခဲ့ပါ။

အဖေ့ရဲ့ ကြီးမားသော ကျေးဇူးတွေကို သူ ဆပ်ခွင့် မရခဲ့ပါ။

"သားငယ် ဘာမှမပူနဲ့၊ ပညာရေးကိုပဲ ဆုံးအောင် သင်ယူပါကွယ်"

အမေက ပြောပေမယ့် အဖေ မရှိတော့သည့် ပွဲရုံလုပ်ငန်းတွေကို နေအထက် ဘယ်လိုမှ ဦးဆောင်နိုင်စွမ်း မရှိတာ သူ သိသည်။

"သား ကျောင်းမတက်တော့ပါဘူး အမေရယ်၊ အဖေမှ မရှိတော့တာ၊ အဖေရဲ့ အလုပ်တွေကို သား ဆက်တာဝန်ယူမှာပေါ့"

"မဟုတ်တာ သားရယ်၊ သား ပညာရေးအတွက် သားအမေက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမျှော်လင့်ထားခဲ့တာပဲကွယ်၊ ကြိုးစားစမ်းပါ၊ သား ပညာတတ်ကြီး ဖြစ်တာပဲ အမေ မြင်ချင်တယ်''

အမေ ကိုယ်တိုင်ကလည်း လိုလားစွာ ဖွတ်တိုက်တွန်းနေတာမို့ သူ ရန်ကုန်မြန်ကာ ကျောင်းဆက်တက်ခဲ့ရသည်။

အဖေ့ရဲ့ ပွဲရုံလုပ်ငန်းတွေကို နေအထက် ဘယ်လို ဦးဆောင် တာဝန်ယူနေခဲ့သည်ကို သူ ဘာမှ မသိခဲ့။ မမြင်နိုင်ခဲ့ပါ။

ကျောင်းပြီး၍ အိမ်ပြန်ရောက်တော့ အခြေအနေ အားလုံးသည် မယုံနိုင်စရာ ပြောင်းလဲနေခဲ့ပြီ ဖြစ်သည်။

အဖေရဲ့ ပွဲရုံလုပ်ငန်းတွေက အရှုံးသံသရာတွေထဲ နစ်ကာ ဆုံးရှုံးနေခဲ့ပြီ ဖြစ်သည်။ ဘယ်လိုမှ ပြန်ပြီး ဆယ်မ မရတော့သည့် အခြေအနေမို့ ပွဲရုံလုပ်ငန်းတွေကို အရှုံးနှင့် ရပ်ဆိုင်းပစ်ဖို့ အမေ ဆုံးဖြတ်သည်။

ပွဲရုံကို ရောင်းချပြီး တင်ရှိနေသော အကြွေးတွေကို ဆပ်တာ တောင် မလောက်တော့မို့ အိမ်နှင့်ခြံကိုတောင် အမေ အပေါင်ထားလိုက် ရသည်။

နေအထက်ကတော့ ဘာကိုမှ အလေးမထားဘဲ နေချင်သလို နေသည်။

အမေက ကုန်စုံဆိုင်လေးဖွင့်ကာ မိသားစု စီးပွားရေးကို ဝည့် မတ်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ ထင်သလို အဆင်မပြေပါ။ အမေ့ဆိုင်ထဲ





ငွေသေတ္တာထဲက နေအထက် ယူချင်သလို ယူ သုံးချင်သလို သုံး ရနေတော့ ခက်သည်။

သူကတော့ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ပြီး သားစု ဝမ်းရေးအတွက် ထောက်ပံ့ပေးသည်။

နေအထက်က လောင်းကစား ဆိုလည်း မကောင်းတာမို့ ငွေကြေး သနာ ရှုပ်ထွေးကာ ခြံနှင့်အိမ်ကို အပြီးရောင်းချဖို့အထိ ဖြစ်သွားခဲ့ သည်။

နေအထက်ရဲ့ ငွေကြေး အရှုပ်အထွေးတွေကို အမေက ခြံနှင့် အိမ် ရောင်းကာ ဆပ်သည်။ သင့်တင့်သော အိမ်လေးဝယ်ကာ နေတော့ ရဲ့ ကုန်စုံဆိုင်လည်း မရှိတော့ပါ။

အမေ့ခမြာ အိုကြီးအိုမ ရောက်မှ သောကတွေနှင့် ဘဝကို သတ်သွားခဲ့သည်။

အမေ ဆုံးတော့ နေအထက်က လက်ရှိခြံနှင့်အိမ်ကို ရောင်းကာ ရေး တစ်ခု လုပ်မည်ဆိုသည်။

"ဒါတော့ မင်းဆန္ဒပဲ နေအထက်၊ ငါ့အတွက် မပူနဲ့ ရန်ကုန်က ဏီမှာ ငါ အလုပ်လုပ်ဖို့ ပြောပြီးပြီ''

"ဒါဆို ကောင်းတာပေါ့၊ ငါ တစ်ယောက်တည်း နေဖို့က ပူစရာ ခြံနဲ့အိမ် ရောင်းပြီး ငါ့သူငယ်ချင်းနဲ့ငါ လုပ်ငန်းတစ်ခု လုပ်မလို့ကွ''

နေအထက် စိတ်တိုင်းကျလုပ်ခွင့် သူ ပေးလိုက်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်ကုန်ရောက်ခဲ့သည်။ နှစ်ပိုင်းအတွင်းမှာ သူ့ဘဝက တိုးတက်ခဲ့ပေမယ့် နေအထက် သတင်းက မကောင်းခဲ့ပါ။

ရှိသမျှကုန်ကာ သူငယ်ချင်းအိမ် မှီခိုနေရသည့် အဖြစ်ကို သူ ကြားသည်။ မကြာခဏ ရန်ကုန် ရောက်လာကာ အကူအညီ တောင်းတတ်သည်။ ဘဝမှာ အမှားတွေ ကြုံဆုံခဲ့သည့်တိုင် နေအထက် က ပုံစံမပြောင်း။

အိတ်ထဲမှာ ငွေတစ်ပြားမှ မရှိပေမယ့် ဝတ်စားထားသည့် အဝတ်အစားတွေက သောင်းကျော်တန်တွေချည်း။ စကားပြောလျှင် လေက မလျော့။ အခုလည်း ရန်ကုန် ရောက်လာကာ ဘာတွေ စာရင်းရှုပ်နေသည် မသိ။

မတော်ချင်ပေမယ့် တော်စပ်နေသော ညီအစ်ကို ဆိုသည့် အသိကြောင့် သူ ပတ်သက်နေရသည်။ ပြီးတော့ မိဘနှစ်ပါးရဲ့ ကျေး[illegible] တွေကြောင့်လည်း နေအထက်ကို ဥပေက္ခာ မပြုရက်နိုင်ပါ။

ဝဋ်ရှိသမျှတော့ ခံရဦးမည်။

နေအထက် ပေးသည့် ဒုက္ခတွေက ဘယ်တော့မှ အဆုံးသတ် မည် မသိတော့။

■ ■ ■



## အခန်း (၆)

မနက်က အိမ်ကို ဧည့်သည်ရောက်လာသည်။ ဦးစိုင်းမောက် [illegible]ယ်တိုင် ခေါ်ဆောင်လာသော ထိုဧည့်သည်က ဘယ်သူမှန်း ယုယ [illegible]ယ် မသိပါ။

ပြီးတော့ ဦးနေဇော်ရဲ့ အခန်းထဲကို ခေါ်ဆောင်သွားကာ [illegible]ပိတ် ဆွေးနွေးကြသည်။ မိအေးကိုလည်း ဧည့်ခံဖို့ မခေါ်၊ ခေါ်ဆိုင် [illegible]ည်း ဝင်ခွင့်မရ။ ဘာတွေပြောကြတာလဲ။ ဘာတွေ လုပ်နေတာလဲ [illegible]ယနွယ် သိချင်ပေမယ့် ဘာမှ မသိရပါ။

အခန်းတံခါး ပိတ်ကာ ဆွေးနွေးကြသည်မို့ သူမ ကိုယ်တိုင် [illegible]အားဘမ်းကိုင်ပြီး သွားဖို့တော့ တံခါးအပြင်မှာ ဦးစိုင်းမောက် က [illegible]င့်ကြည့် ရပ်စောင့်နေသည်။

"အစ်ကိုကြီးနဲ့ ဧည့်သည်အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ယူသွားလိုက်ပါ ယုယနွယ်၊ ဆရာကြီးက ဘယ်သူမှ ဝင်မလှာဖို့ မှာထားတယ်"

ဦးစိုင်းမောက်က သူမကိုယ်တိုင် ရောက်လာတာကိုတောင် ငြင်းပယ် မောင်းထုတ်နေတော့ စိတ်ထဲမှာ မျက်ခနဲ ဖြစ်သည်။

"အစ်ကိုကြီး ညော့သည်ဆိုရင် ကျွန်မနဲ့ တွေ့လို့လည်း ဖြစ် တယ်၊ ဘာများ လျှို့ဝှက်ချက် ရှိနေလို့လဲ"

"အဲဒါတော့ ကျုပ် မသိဘူး ယုယနွယ်၊ ဆရာကြီးက ဘယ် သူမှ ဝင်မလာနိုင်းနဲ့တဲ့၊ ခင်ဗျား တွေ့ချင်ရင် ညော့သည်ပြန်သွား လာခဲ့ပေါ့"

သည်အိမ်ကြီးတစ်ခုလုံးမှာ အားလုံးသော သူတွေက သူ အလိုကျအတိုင်း နာခံတတ်ကြသည်။ ဦးစိုင်းမောက် ကိုတော့ သူ လွှန်ဆန်စေနိုင်းလို့ မရပါ။

ဦးစိုင်းမောက်က ဦးနေဇော်၏ လူယုံတော် တစ်ယောက် ဦးနေဇော်ရဲ့ စကားကိုပဲ နာခံသည်။ မာထန်ထန် မျက်နှာနှင့် အမူအ က ဦးနေဇော်အတွက် အသက်ကိုပင် ပေးဆပ်မည့်ပုံ ရှိသည်။

"ဒီအိမ်မှာ လိုအပ်တာ စေနိုင်းဖို့ မင်း အဆင်ပြေတဲ့သူ စေနိုင်းလို့ ရတယ် မိန္မယ်၊ စိုင်းမောက်ကိုတော့ မင်း ဘာမှ အမိန့်ပေ မစေနိုင်းနဲ့၊ သူ့ကို ငါ့အရေးကိစ္စအတွက် တိုင်ပင်စေနိုင်းဖို့ ငါ ခေါ် တာ"





ဦးနေဇော်ကလည်း ယတိပြတ် ပြောထားခဲ့သည်။ မကျေနပ် ယယ့် လွှန်ဆန်မရသော အရေးကိစ္စမို့ သူမ ဘာမှ မတုံ့ပြန်နိုင်ခဲ့ပါ။

အခုလည်း အအေးဘာမ်းကို ကိုင်ကာ ပြန်လှည့်ခဲ့ရသည်။

အခန်းအပြင်ရောက်တော့ ရပ်စောင့်နေသော မိအေး လက် ထဲကို အအေးဘာမ်းကို ခပ်ဆောင့်ဆောင့် ထိုးပေးခဲ့ရင်း သူမ ခြေလှမ်း ကာ သံယောဇဉ်ရဲ့ အခန်းဆီ ခပ်သွက်သွက် ထွက်ခဲ့သည်။

"ဒေါက် ဒေါက်"

"မိဇဉ် မိဇဉ် အခန်းတံခါး ဖွင့်စမ်း"

မကျေမနပ် ခေါ်သံတွေနှင့် သူမအသံတွေ မာထန်နေခဲ့သည်။ အခန်းတံခါးကို လာဖွင့်ပေးသော ဇဉ် မျက်နှာလေးက အံ့ဩစိုးထိတ်

"အန်တီယု ဘာကိစ္စရှိလို့လဲဟင်"

"နင့်ကို မေးစရာရှိလို့"

အခန်းထဲအထိ လှမ်းဝင်လာရင်း ဒေါ်ယုယနွယ် ခုတင်စွန်းမှာ ချတော့ သံယောဇဉ် မျက်နှက်ဝန်းလေး အဝိုင်းသားနှင့် ကြည့်နေ သည်။

"ဇဉ် နင့်ဘာဘာဆီ ရောက်လာတဲ့ ညော့သည်က ဘယ်သူလဲ"

"ဟင် ဘယ်က ညော့သည်လဲ၊ ဇဉ် မသိဘူး အန်တီယု၊ လည်း ဘာဘာဆီ ဇဉ် မရောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က နင် ရောက်တယ်ဗိုလား ဘာပြောသေးလဲ"

"တင့်အင်း ဘာမှမပြောပါဘူး။ ဘဘ နားထောင်ချင်တယ်

ဆို့ တရားစာအုပ်ပဲ ဖတ်ပြပေးခဲ့တာပါ"

မိဇင် ညာနေတာ မဟုတ်မှန်း မျက်ဝန်းလေးတွေက သ

သေခံနေသည်။ မိဇင်ကို ဦးနေဇော် ကလည်း သိဂုက်ထားတာကြော

ဖြစ်မည်။

ဒါ ဘယ်လိုမှ ရှိးသားမှု မရှိဟု သူမ နားလည်သည်။ တ

တွေးရင်း ရင်ထဲမှာ ပိုလို့ မကျေမနပ် ဖြစ်လာသည်။ မိဇင်က

မျက်လုံးလေးတွေ ဝိုင်းကာ သူမကို ကြည့်နေသည်။

သူမ အံကို တင်းခနဲ ကြိတ်ကာ ထရပ်မိသည်။

"မိဇင် နင့်ဘဘ နင့်ကို ဘာပဲခေါ်ပြောပြော ငါ့ကို ပြန်

ဖို့ မမေ့နဲ့ ကြားလား"

"ဟုတ် ဟုတ်ကဲ့ အန်တီယု"

သူမကို ယောင်နနလေး ကြည့်ကာ ခေါင်းညိတ်ပြသော မိဇ

ကျောခိုင်းကာ ထွက်ခဲ့သည်။ တကယ်ဆို မိဇင်ကိုလည်း သူမ မယုံကြ

တာတော့ အမှန်ဖြစ်သည်။

ဟိုတုန်းကလို ပ'စား တစ်ချက်မပေးဘဲ နှိပ်ကွက်ထားတာ

သံယောဇဉ် သူမကို လေးစားကြောက်ရွံ့နေတာ ဖြစ်သည်။ ဒါ

အကြွင်းမဲ့ ယုံကြည်ထားလို့ မရတာလည်း သူမ သိပါသည်။





ဦးနေဇော်နဲ့ သံယောဇဉ်ဆိုတာက သွေးသားစပ်သည့် ဆွေမျိုး

ချာတွေ ဖြစ်သည်။ သူမက ဦးနေဇော်နှင့်ပတ်သက်မှ တော်ရသည့်

ချိန်ဆိုတော့ မိဇင်ကို ဘယ်လောက်အထိ ယုံကြည်ရမည်လဲ။

ညည့်ခန်းထဲရောက်တော့ ဆင်ဝင်အောက်မှာ ဦးနေဇော်ရဲ့ ညည့်

ည်ကားကြီးက ရပ်ထားတုန်း ရှိသည်။

စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကောက်ယူပြီး ဖတ်ချင်

ဆောင်ကာ အခြေအနေကို သူမ စောင့်ကြည့်နေလိုက်သည်။

ဆယ်မိနစ်ခန့် ကြာတော့ ဦးနေဇော်တို့ ထွက်လာကြသည်။

ဘက်ငါးဆယ်ကျော်ခန့်ရှိသော ဥပတိရုပ် ခန့်ညားသော ဧည့်သည်

ကြီးလက်ထဲမှာ သားရေလက်ဆွဲအိတ် အနက်ကို ဆွဲကိုင်ထားသည်။

မီးခိုးရောင် တိုက်ပုံနှင့် ပိုးပုဆိုးပြာကွက်ကို ဝတ်ဆင်ထား၏။

နေဇော်ရဲ့ ပိုးချဲကို တွန်းပြီး ဦးစိုင်းမောက်က အနောက်က ကပ်ပါ

ည်။

ဦးနေဇော် ကိုယ်တိုင် လိုက်ပို့ပေးသည်ဆိုတော့ သည်ဧည့်

ည်က အတော်ရင်းနှီးပြီး အရေးပါသည်ဆိုတာ သူမ ခန့်မှန်းမိ၏။

"ကဲ ခွင့်ပြုပါဦး ကိုနေဇော် ကိစ္စရှိရင် ကျုပ်ဆီ ဖုန်းဆက်

ပ် ဟုတ်လား"

"ကောင်းပါပြီ ကိုသိဏ်းဆန်း ကျေးဇူးပဲဗျာ၊ တစ်ရက်မှ

ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး လှုကြီး ကားပေါ်တက် မောင်းထွက်သွားသည်… ဦးနေဇော်က သူမကို တစ်ချက်လေးတောင် ဂရုမစိုက်ဘဲ အခန်း… ပြန်လိုက်ပို့ပေးဖို့ ဦးစိုင်းမောက်ကို လက်ပြသည်။

"အစ်ကိုကြီး"

မမျိုသိပ်နိုင်သော သူမ လှမ်းခေါ်တော့ ဦးနေဇော် လှ… ကြည့်ရင်း

"ဘာပြောစရာရှိလို့လဲ မိန္မယ်"

"အစ်ကိုကြီးကို မေးစရာလေး ရှိလို့ပါ"

ဦးနေဇော် မျက်ဝန်းတွေက သူမကို တစ်ချက် စိုက်ကြ… ရင်း ဦးစိုင်းမောက်ကို မေးဆတ်ပြကာ သွားခွင့်ပြုသည်။ သူမ ဦး… ဇော်ရဲ့ ဝှီးချဲလေးကို အခန်းထဲအထိ တွန်းပို့ပေးသည်။

အခန်းထဲရောက်တော့ ဦးနေဇော်က သူမကို လှည့်ကြည့်…

"မင်း ဘာမေးချင်လို့လဲ မိန္မယ်"

"ဒြော် အစ်ကိုကြီးဆီ အခု ရောက်လာတဲ့ ဧည့်သည်… ဘယ်သူလဲ သိချင်လို့ပါ"

ဦးနေဇော် မျက်မှောင်ကြီးကုပ်ကာ ကြည့်သည်။ သိချင်… ကို ဒဲ့တိုးမေးလာသော သူမကို အံ့ဩသွားပုံရသည်။ ဦးနေ… အကြောင်းကို သိနေသော သူမကလည်း ကွေ့ဝိုက်မေးမနေချင်… ဒီလိုပဲ မေးလိုက်တာ ဖြစ်သည်။





"မင်း သိချင်တာ အဲဒါလား၊ တခြား မဟုတ်ပါဘူး၊ အဲဒါ …ိုယ့်ရဲ့ မိတ်ဆွေ ရှေ့နေကြီး ဦးသိဏ်းဆန်းပါ"

သူမ မျက်ဝန်းတွေ ဝိုင်းစက်သွား၏။ ရှေ့နေဆိုတော့ ဦးနေ …ဇော် ဘာကိစ္စ နှစ်ယောက်တည်း ဆွေးနွေးကြတာလဲ။ အမွေကိစ္စတွေ …ဘာတွေများလားဟု တွေးမိသည်။ သူမ အတွေးကို ဦးနေဇော်ကလည်း …မြင်ပုံရသည်။

"သမီးလေး ဧဥ်နဲ့ မင်းအတွက် စီစဉ်သင့်တာကို စီစဉ်ချင် …လို့ ငါ ခေါ်မေးမြန်းဆွေးနွေးတာပါ၊ ဘာတွေ စီစဉ်သလဲ ဆိုတာတော့ …င်း မမေးနဲ့ မိန္မယ်၊ အချိန်တန်ရင်တော့ မင်း သိရမှာပါ"

စကားကို ယတိပြတ် ပြောလိုက်တာမို့ သူမ ဆက်မေးခွင့် …သာခဲ့ပါ။ ဦးနေဇော်က ဘာမှ ဆက်မပြောတော့ဘဲ ဝှီးချဲလေးကို …ကိုယ်တိုင် လက်နှစ်ဖက်နှင့် လှည့်ရွှေ့ကာ စာအုပ်စင်ဆီ ထွက်သွား၏။

"ကဲ မင်းသွားတော့ မိန္မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

သူမ ဘာမှ ဆက်ပြောခွင့်မရှိဘဲ ခေါင်းညိတ်ထွက်ခဲ့ရသည်။ …ရင်ထဲမှာတော့ သိချင်စိတ်တို့ ပြင်းထန်နေသည်။

ဦးနေဇော် ဘာတွေ စီမံနေသည်လဲ။ ပြီးတော့ သူမကို တစ် …ချက်လေးတောင် အသိမပေးဘဲ လျှို့ဝှက်ထားတာ ဘာကြောင့်လဲ။

အတွေးတွေက ရင်ထဲမှာ မေးခွန်းတွေ ဆင့်ကဲနေသည်။



www.burmeseclassic.com

ဦးနေဇော်ရဲ့ ရည်ရွယ်ချက်က ဘာလဲ။ စဉ်းစားမိရင်း တစ်စုံတစ်ခုကို
ကြောက်လန့်လာမိပြန်သည်။

ဇနီးမယား တစ်ယောက်အဖြစ် ဒီအိမ်ပေါ်မှာ သူမ ရှိနေခဲ့
သည့် ဦးနေဇော်က အသိအမှတ်မပြုသလို နေခဲ့တာ ကြာပြီ။ ခန္ဓာကိုယ်
အောက်ပိုင်း သေကာ ဘီးတပ်ကုလားထိုင်နှင့် ရှင်သန်နေထိုင်ရ
တည်းက ဖြစ်သည်။

ဟိုးအရင်ကတော့ သူမအပေါ်မှာ ဦးနေဇော် ကြင်ကြင်နာနာ
တော့ စောင့်ရှောက်ခဲ့ပါသည်။

ဒါပေမဲ့ ဦးနေဇော်ရဲ့ ဆက်ဆံပုံတွေက ဝတ်ကျေတမ်းကျေ
သဘောဆိုတာ သူမ သိခဲ့သည်။ သူမကို လက်ထပ်ယူခဲ့ခြင်းသည်ပင်
သူ့ရဲ့ ဂုဏ်သိက္ခာနှင့် တာဝန်တစ်ခုကို စောင့်ထိန်းခြင်းဟု နှုတ်
ပြောခဲ့ဖူးသည်။

ဦးနေဇော်နှင့်သူမ ဆုံဆည်းခဲ့သော အဖြစ်အပျက်တွေက
လိမ်ညာလို့ မရခဲ့တာ အမှန်။

ဒါတွေကို ပြန်တွေးမိတိုင်း သူမသည်လည်း ဦးနေဇော်ကို
ယုံကြည်ကိုးစားဖို့ဆိုတာ မဖြစ်နိုင်လေတော့ . . .။

■ ■ ■



## အခန်း (၇)

အခြေအနေတွေက ကြိုတင်တွက်ဆ ထားသလို ဖြစ်မလာ
တော့ နေအထက် စိတ်မှာ အလိုမကျသလို ဖြစ်မိတာ အမှန်။

သူ ရန်ကုန်အထိ ရောက်လာတာ မြင့်ရှုံနှင့် ယုယနွှယ် သူ့
ဆက်ကို လုံးလုံးလျားလျား ပါလာမည်ဟု ထင်မှတ်ခဲ့သည်။ ဒါပေမဲ့
ဆက်တွေ့မှာက ထင်သလို မဟုတ်ပါ။

ယုယနွှယ်နှင့် တွေ့ခွင့်ရဖို့လေးတောင်မှ ထင်မှတ်ထားသလို
လွယ်ကူပါ။ ပြီးတော့ ယုယနွှယ်ကို ကြည့်ရတာ သူနှင့်ပတ်သက်ပြီး
သွေးအေးသွားသလို ဖြစ်နေခဲ့သည်။

မန္တလေးမှာ ဆုံခဲ့ ကြုံခဲ့တုန်းက အခြေအနေတွေနှင့် အတော်
ကို ကွာခြားလို့ နေသည်။

မှတ်မှတ်ရရ မန္တလေးမှာ ဆုံကြတုန်းက နာရီပိုင်းလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှောင့်တွယ်သွားခဲ့ကြသည်။

မိတ်ဆွေတစ်ယောက်နှင့်အတူ ဘတ်ဒေးပါတီပွဲ တစ်ခုကို ရောက်ခဲ့ရင်း ယုယနွယ်ကို သူ စတွေ့ခဲ့တာ ဖြစ်သည်။

တကယ်ဆို ဒီပွဲက မွေးနေ့ရှင် 'ဝတ်ရည်မျိုးကျော်' ဆိုတာ သူနှင့် ဘယ်လိုမှ မပတ်သက် မဆက်နွယ်ပါ။ မန္တလေးမြို့ရဲ့ အထင် ကရ စီးပွားရေးလုပ်ငန်းသမားကြီး ဦးမျိုးကျော်ဆွေရဲ့ သမီး မွေးနေ့ ပါတီကို ဖေယျာနိုင်နှင့် ကပ်ပြီး သူ လိုက်ခဲ့တာဖြစ်သည်။

ပထမ ရည်ရွယ်ချက်က ဖေယျာနိုင်ကို ခုတုံးလုပ်ကာ ဝတ် ရည်မျိုးကျော်နှင့် ခင်မင်ရင်းနှီးဖို့ ဖြစ်သည်။ ဝတ်ရည်မျိုးကျော်နှင့် ငြိတွယ်သွားလျှင် သူ့အတွက် ဘာမှအရှုံးမရှိနိုင်တာ အမှန်။

ပါတီပွဲရောက်မှ အခြေအနေတွေက လွဲချော်ကုန်သည်။ အဖော်အပေါင်းတွေနှင့် ပျော်မြူးနေသော ဝတ်ရည် အနားကို သူ ကပ်ဖို့ မလွယ်တာမို့ စားပွဲမှာ ထိုင်ရင်း အကြံထုတ်နေတုန်းမှာ ယုယနွယ်ကို မြင်လိုက်တာ ဖြစ်သည်။

ဗေဒါရောင် ဆင်တူဝတ်စုံနှင့် သူ့ထက် ဆယ်နှစ်ခန့် ကြီးမည့် သော ယုယနွယ်က သူနှင့်တစ်ဝိုင်းကျော် စားပွဲဝိုင်းမှာ အဖော် လင်မယား စုံတွဲတစ်တွဲနှင့် ထိုင်နေသည်။

"အလုပ်ကိစ္စတွေနဲ့ လာတာလား မယု"

"အင်း အလုပ်ကိစ္စလည်း ပါတယ်၊ ဦးမျိုးကျော်ဆွေရဲ့ သမီး





မွေးနေ့ပွဲနဲ့လည်း ကြုံသွားလို့လေ မမစိမ်းရဲ့"

"ရန်ကုန်ကို ဘယ်တော့ ပြန်ဖြစ်မလဲ မယု"

"အင်း ဒီက ကုမ္ပဏီကိစ္စတွေ ပြီးပြတ်မှ ပြန်မယ်၊ အချိန်တော့ ရပါသေးတယ်"

"ဒါဆို တစ်ရက်လောက် ထမင်းစား ဖိတ်ရဦးမယ်"

ပြောနေသည့် စကားတွေ နားထောင်ရင်း သူ စိတ်ဝင်စား သွားသည်။ ထိုအမျိုးသမီးက မန္တလေးက မဟုတ်ဘဲ ရန်ကုန်သူတဲ့။

အသက်က သုံးဆယ်ကျော်ဆိုပေမယ့် နုရွနေအောင် ပြင်ဆင် ထားသော အလှအပတွေက ချာတိတ်မတွေ ရှုံးလောက်သည်။ မလှ တာကို လှအောင် ပြင်ဆင်ထားခြင်းမျိုး မဟုတ်ဘဲ

နဂိုလှပပြီး အလှကို ပိုနှိုးထင်ပေါ်အောင် ပြင်ဆင်ထားတာမို့ ကြည့်ကောင်းတာတော့ မှန်သည်။

လှတာ မြင်ရင် ခံစားတတ်သော သူ့မျက်ဝန်းတွေက သူမရဲ့ မျက်နှာလေးပေါ်မှာ ဘယ်လောက်အထိ နစ်မျောနေခဲ့သည် မသိ။ ကြာတော့ သူမက သတိထားမိသွားကာ သူ့ကို ပြန်စိုက်ကြည့်သည်။

မသိကျွမ်းပေမယ့် သူ ခင်မင်နှစ်လိုဖွယ် ပြုံးပြတော့ မျက်ခုံး လေးတွေ အံ့ဩသွားသလို တန်းကာ သူ့ကို ကြည့်သည်။

ကျောလယ်ခန့်ထိ ရှည်သော ဆံပင်နီညိုရောင်ကို ဖားလျား ချထားပေမယ့် ကြည့်ကောင်းသည်။ နားမှာက စိန်ပွင့်လေးတွေ တဖျပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျပ်လက်နေသည်။ လည်တိုင်ကျော့ကျော့မှာ ပလက်တီနမ် ကြိုးမျှော့နှင့် စိန်လည်ဆွဲလေးက ထင်းလို့နေ၏။

ဟမ်းချိန်းလေးကော လက်စွပ်လေးပါ စိန်ပွင့်တွေ ဖြာလက်ကာ ဝင်းပနေသော အလှနတ်သမီးလေးက ခုချိန်မှာ ဝတ်ရည်မိုးကျော်ထက် သူ့စိတ်ကို ပိုလို့ ဖမ်းစားနိုင်သည်။

ကြည့်ရတာ ရန်ကုန်က သူဌေးမလေး တစ်ယောက် ဖြစ်နိုင်သည်။ သူ့ခန့်မှန်းချက် မလွဲနိုင်ဟု ထင်သည်။

သူ စောင့်ကြည့်နေတုန်းမှာ သူမနှင့်အတူ ထိုင်စကားပြောနေသော စုံတွဲ နှုတ်ဆက်ပြန်သွားတာမို့ စားပွဲဝိုင်းမှာ သူမ တစ်ယောက်တည်း ကျန်ခဲ့သည်။

ဖေယျာနိုင်ကလည်း သူ့ကို ထားရစ်ခဲ့ကာ တခြားဝိုင်းမှာ စကားကောင်းနေတာမို့ သူ မမလှလှရဲ့ စားပွဲဝိုင်းဆီ ထွက်ခဲ့သည်။

''ကျွန်တော့်ကို ထိုင်ခွင့်ပြုပါနော် မမ''

မော့ကြည့်တော့ မျက်ဝန်းလေးတွေက သူ့ကို တဒင်္ဂတော့ အကဲခတ်ကြည့်နေ၏။ ပြီးမှ ခေါင်းကလေးညိတ်ပြရင်း

''ရပါတယ် ထိုင်ပါ တို့က ခဏနေရင် ပြန်တော့မှာ''

သူ ထိုင်ခုံမှာ မျက်နှာချင်းဆိုင် ဝင်ထိုင်မိရင်း

''ကျွန်တော့်ကြောင့် မမ အနှောင့်အယှက် ဖြစ်သွားသလားဟင်၊ အဖော်မရှိလို့ ပျင်းနေတာ၊ မမလည်း ကျွန်တော့်လို ပျင်းနေမှာ





စိုးလို့ပါဗျာ''

ဆန့်ကျင်ဘက် မိန်းမတစ်ယောက်ကို ခင်မင်ဖော်ရွေအောင် ဆက်ဆံတတ်တာ သူ့ အကျွမ်းကျင်ဆုံး အရည်အချင်း တစ်ခုပါပဲ။ မိနစ်ပိုင်းလေးမှာပဲ သူမနှင့် ခင်မင်စွာ စကားတွေ ပြောဖြစ်သည်။

သူ ကြားခဲ့သည့်အတိုင်း မမက ရန်ကုန်က ရောက်လာသော ဧည့်သည် ဖြစ်သည်။ မန္တလေးက ကုမ္ပဏီတွေမှာ ရှယ်ယာဝင်ထားသော ကိစ္စတွေကိုပါ သူ အနည်းငယ် သိခွင့်ရသည်။

ဟိုတယ်မှာ တည်းခိုနေသော မမ ယုယနွယ်နှင့်ပတ်သက်သမျှတွေကို နောက်နှစ်ရက်မှာပဲ သူ အားလုံး ကြားသိခွင့် ရလိုက်သည်။

သူ တွက်ဆထားသလို မမ ယုယနွယ်သည် ငွေကြေးခနေပြည့်စုံကြွယ်ဝသော အခြေအနေ တစ်ခုကို ပိုင်ဆိုင်ထားသည်။ သူမ၏ခင်ပွန်းမှာ အသက် ထက်ဝက်ကျော်ခန့် ကြီးသော ယောကျ်ားက တကယ့်ဆော့(စ်)တစ်ယောက်။ သနားစရာကောင်းသည်က လက်တွေ့မှာတော့ ထိုယောကျ်ားက ကားအက်ဆီးဒင့် တစ်ခုကြောင့် ခါးရိုးထိခိုက်ကာ အောက်ပိုင်း သေနေသော ဒုက္ခိတ တစ်ယောက် ဖြစ်နေသည်။

ဒါတွေကို သိလိုက်တော့ မမ ယုယနွယ်ဆိုတာ သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲသွားနိုင်စေမည့် သားကောင်ဟု သူ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ဖန်တီးပေးလာသော အခွင့်အရေးကိုတော့ သူ ပိုင်နိုင်စွာ ဆုပ်ကိုင်နိုင်ဖို့ ဆုံးဖြတ်ခဲ့သည်။

မမ တည်းခိုသော ဟိုတယ်ရှေ့မှာ စောင့်ပြီး မမနှင့် ထပ်ဆုံအောင် သူ ဖန်းတီးခဲ့သည်။

"မမကို သတိရလို့ ထွက်လာတာ မမ ဘယ်သွားမလို့လဲ"

"မပြန်ခင်လေး မန္တလေးမြို့ထဲ လှည့်မလို့ကွ"

"ဒါဆို ကျွန်တော့်ကားနဲ့ လိုက်ခဲ့လေ၊ ကျွန်တော် မမ သွားချင်တဲ့ နေရာအနှံ့ လိုက်ပို့ပေးချင်လို့ပါ"

ဖေယျာနိုင် ဆီက ယူလာသော ကားနှင့် မမကို သူ လိုက်ပို့ပေးရင်း ခင်မင်ကျွမ်းဝင်မှုတွေ ပိုခဲ့သည်။ မမ ကိုယ်တိုင်ကလည်း သူ့အပေါ်မှာ တွယ်တာရိပ်တွေ ခိုတွယ်နေတာကို သူ သိသည်။

နေ့စဉ်တိုင်း မမရဲ့ အနားမှာ သူ အရိပ်လို ရှိနေရင်း မမ လိုအပ်သမျှ ကိုယ်ရံတော်လေးလို ရှိနေခဲ့သည်။

"အခု ရာသီဆိုရင် ပြင်ဦးလွင်မှာ အတော် နေလို့ကောင်းတယ်၊ မမ ဆန္ဒရှိရင် ကျွန်တော် လိုက်ပို့ပေးချင်တယ်"

"အင်း မမလည်း သွားချင်တယ် အထက်"

"ဒါဆို မမ ရန်ကုန် မပြန်ခင် ကျွန်တော် ပို့ပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ် အထက်ရယ်၊ ဒါပေမဲ့ မင်းနဲ့မမ ဒီလို ခင်မင်နေတာမသင့်ဘူး မဖြစ်သင့်ဘူးကွယ်"





"ဘာလို့လဲဟင် မမ"

"မမကို မင်း စိတ်မဆိုးပါနဲ့ကွယ်၊ မမမှာက ခင်ပွန်း လင် ...အကျွားရှိတယ်"

မဝံ့မရဲ မျက်နှာလေး ငုံ့ကာ ဆိုသော မမ စကားကြောင့် သူ ...ညြိမ်စွာပဲ ပြုံးလိုက်ရင်း

"အဲဒါက မမနဲ့ကျွန်တော့်ကြားက ခင်မင်မှုကို ထိခိုက်စေတဲ့ ...မှ မဟုတ်ဘဲဗျာ၊ မမ အကြောင်းတွေကို ကျွန်တော် သိထား...ယ်"

"ဟင်"

"ဟုတ်တယ် မမဘဝကို သိရတော့ ကျွန်တော် စာနာသနား...ယ်ဗျာ"

သူ့ရဲ့ ယုယုယယ စကားတွေအောက်မှာ မမ ယုယနွယ် ...များပျော်ဝင်ခဲ့တာတော့ သေချာသည်။

ပြင်ဦးလွင်ကို မမနှင့် အတူ ရောက်ခဲ့ကာ ပျော်ရွှင်ခဲ့သော ...ပတ်ဆိုသည့် ကာလသည် မမရဲ့နှလုံးသားကို သိမ်းပိုက်ချုပ်နှောင် ...ခဲ့ပြီဟု သူ ထင်ခဲ့သည်။

သူ ပိုင်ဆိုင်လိုသော ဘဝကို မမက ပေးနိုင်မည်ဟု သူ ...သည်။ ထို့အတွက် မမ ယုယနွယ်ကို အပိုင်ချုဉ်းကပ်ဖို့ သူ ရည်ရွယ် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရန်ကုန် ပြန်သွားသည်အထိ မမက သူ့ဆီကို ဖုန်းတောင် မဆက်သွယ်ခဲ့ပါ။ မမ ရှိသည့် ရန်ကုန်အထိ သူ လိုက်လာတော့ မမ အံ့ဩသွားခဲ့တာတော့ သေချာသည်။

ရန်ကုန်မှာ သူ့ရဲ့ညီ နေအရိပ် ရှိတာ မမ မသိ။ နေအရိပ်ရဲ့ တိုက်ခန်းမှာ တည်းခိုနေတာကိုလည်း သူ အသိမပေးဘဲ တည်းခိုခန်း တစ်ခုမှာပဲ ပြောထားခဲ့သည်။

သူ ငွေလိုသည်ဆိုတော့ မမက အသုံးစရိတ် ငွေသုံးသိန်း ထုတ်ပေးသည်က အလွယ်တကူ ဖြစ်သည်။ ဒါပေမဲ့ သူက ဒီအခြေအနေပေါ်မှာ ကျေနပ်နေဖို့ လာခဲ့တာမှ မဟုတ်ခဲ့တာ။

အခွင့်ကောင်း တစ်ခုကို အမိအရ ဆုပ်ကိုင်ဖို့ လာခဲ့တာဖြစ်သည်။

ဒါကြောင့်လည်း . . ။

■ ■ ■

"ဘာရယ် အထက် တည်းခိုခန်းမှာ မတည်းဘူးဆိုတော့ အထက်က ဘယ်မှာတည်းမှာလဲ"

ဖုန်းထဲမှာ ဖွင့်ပြောလာသည့် နေအထက် စကားကြောင့် သူ အလန့်တကြား မေးမိသည်။

"မောင့်အတွက် ရန်ကုန်မှာ တည်းစရာ မိတ်ဆွေမှ မရှိတာ မောင်က မ အနားမှာ နေချင်တာ"





"မဖြစ်နိုင်တာဘဲ အထက်ရယ်"

"ဘာမဖြစ်နိုင်စရာ အကြောင်းရှိမှာလဲ မရယ်၊ ဒီရက်ပိုင်းမှာ ...အိမ်ကို ဧည့်သည်တွေ လာတည်းကြမှာပဲ၊ မောင်ကလည်း ဧည့်သည် တစ်ယောက်အဖြစ် လာနေမှာပေါ့"

နေအထက် ကတော့ ထုံးစံအတိုင်း တဖွတ်ထိုး တောင်းဆိုသည်။ ကိုယ့်အရေးကိစ္စတွေနှင့် စိတ်ညစ်ရှုပ်ထွေးနေရသည့် အချိန် ...နေအထက်က တမျှောင့်။

"မ ဘာတွေစဉ်းစားနေတာလဲ"

"အထက် ပြောတာကိုပဲ စဉ်းစားနေတာ၊ မတို့အိမ်ထဲအထိ ...တ် လာနေမယ်ဆိုရင် မသင့်တော်ဘူး ထင်တယ်၊ ဦးနေဇော် ...သွားရင် မကောင်းဘူး"

"ဘာ ဂရုစိုက်စရာလဲဗျာ၊ သူက မကို အချိန်မရွေး ကွာရှင်း ...ကြောင်း ခွင့်ပြုထားတာပဲ၊ ကွာရှင်းစာချုပ်မှာ လက်မှတ်တောင် ...ပေးထားတယ်ဆို၊ မကို သူ အလိုမရှိတာ သေချာနေတာပဲဗျာ၊ ...ဘို့ မက နှောင်တွယ်နေရတာလဲ"

"မင်း ဘာမှမသိသေးဘူး အထက်၊ အခု မ အတော် ရှုပ် ...စိတ်ညစ်နေတယ်၊ ဦးနေဇော်က ရှေ့နေနဲ့ ဘာတွေ စီမံနေသလဲ ...ဘူး"

"အဲဒါကို မ သိအောင် စုံစမ်းလေ၊ ကျွန်တော်လည်း မ



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ အနီးကပ် ရှိနေမယ်၊ စိတ်ချ ဘယ်သူမှ မရိပ်မိစေရပါဘူး

ကျွန်တော်က မ ဆီလာလည်တဲ့ ဧည့်သည်လို နေမှာပါ၊ မ အတွက်

တိုင်ပင်ဖော် တိုင်ပင်ဖက်လည်း ဖြစ်ချင်တယ်''

နေအထက် စကားတွေကြောင့် သူမ တွေသွားတာတော့ အမှန်… လက်ရှိအချိန်မှာ သူမ စိတ်တွေ မွန်းကြပ်ညစ်ညူးနေတာ အမှန်… ဖြစ်သည်။

ဦးနေဇော်နှင့် ရွှေနေကြီးတို့ လျှို့ဝှက်စီစဉ်နေသည့်ကိစ္စ… ဦးနေဇော်ရဲ့ ဆက်ဆံမှုတွေ သူမအပေါ် သူစိမ်းဆန် ခါးသီးလာသော… ကိစ္စ၊ ဒါတွေက ခံရခက်စေသည်။

တကယ်ဆို သူမဘက်က ဦးနေဇော်အပေါ်မှာ ချိုချိုသာသာ… ဂရုစိုက် ဆက်ဆံပေမယ့်လည်း ဦးနေဇော်က အသိအမှတ် မပြု… ဆိုးသည်။

''မ ဖုန်းဆက်ရင်း အိပ်ပျော်သွားတာတော့ မဟုတ်ပါ… နော်''

''တို့ ဆုံးဖြတ်ရခက်ခဲနေတာ အထက်၊ တို့လည်း မင်းနဲ့အ… နေချင်တာပေါ့၊ ဒါပေမဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ရင်… ရည်ရွယ်ချက်တွေ ထိခိုက်မှာ စိုးတယ်၊ တို့အပေါ် ဦးနေဇော် သံသ… ဝင်သွားရင် ဆုံးရှုံးနစ်နာမှုတွေ ရှိနေနိုင်တာ မင်း သိပါတယ်''

''မ စကားကို မောင် လက်ခံတယ်၊ နားလည်တယ်၊





…အောင် မောင်က လုပ်ပါ့မလား။ စိတ်ချပါ မောင် မရိပ်မိအောင် …ပါ့မယ်၊ ဒါကို မ အကြွင်းမဲ့ ယုံ''

နေအထက် ကတိပေးနေတော့ သူမ ယုံသည်။ နေအထက် …ဘယ်လို ယောကျ်ားလဲ သူမ သိနားလည်ပြီးခဲ့ပြီ။ သူမကို …ကပ်ခဲ့တာလည်း ရည်ရွယ်ချက်တစ်ခုနဲ့ပဲလေ။

မြွေ မြွေချင်းတော့ ခြေမြင်ပြီးသား။ နေအထက် လိုချင် သော …ခြေအနေ တစ်ခုကို သူမဘက်က ပေးနိုင်သည်။ နေအထက်ဘက် …သည်း သူမ လိုချင်သော ယုယကြင်နာမှုတွေတော့ ပြန်ပေးဆပ်ရမည်။

''ကဲ အထက် ဆန္ဒကို မ လက်ခံတယ်၊ အရေးကြီးတာက …ထက်နဲ့မတို့ ရည်ရွယ်ချက်တွေအတွက် ဆင်ခြင်ဖို့ လိုတယ်ဆိုတော့ …ထက် သိထားရင် ပြီးပြီ''

''ok မ စိတ်ချ အထက် ဘယ်နေ့ ဘယ်အချိန် မတို့အိမ်ကို …ခဲ့ရမလဲ ပြောဦးလေ''

''ဒီလိုလုပ် မနက်ဖြန် ရှမ်းပြည်နယ်က ဧည့်သည်တွေကို မ …ယာဉ်ကွင်း သွားကြိုရမယ်၊ မောင် လေယာဉ်ကွင်းက ကိုးနာရီ …စောင့်နေ၊ ပြီးရင် အဲဒီ ဧည့်သည်အုပ်စုနဲ့အတူ အိမ်လိုက်ခဲ့ပေါ့၊ …ဆို ဘယ်သူမှ ရိပ်မိစရာ မရှိတော့ဘူး ဟုတ်လား''

အခြေအနေတွေ ပိပိရိရိ ရှိစေအောင် သူမ အစီအမံ ချပေး…တော့ နေအထက် နာခံခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ရောက်လာမည့် ညွှသည့်တွေထဲမှာ ဦးနေဇော်နှ

ဆောကြွှမ်းမှုမှသည်။ ပါတာမို့ နေအထက်ကိုလည်း ဦးနေဇော် သံသ

သင်မှာ တော့တ်ပါ။

တစ်ခုပဲ ရှိသည်။ ဦးစိုင်းမောက်နှင့် သံယောဇဉ်တို့ကိုပဲ ဂရုိ

ရမည်။ ဦးနေဇော်က အိမ်ခန်းထဲက အပြင်ထွက်တတ်တာ မဟု

တာမို့ ပြဿနာ မရှိ။

နေအထက် တစ်ယောက် သူမ အနားမှာ ရှိနေမည့်အပြ

ကတော့ ရင်ခုန်စရာတော့ ကောင်းပါသည်။

■ ■ ■



## အခန်း (၈)

"ဒေါက် ဒေါက်"

"မမလေး"

အခန်းတံခါး ခပ်တိုးတိုး ခေါက်သံနှင့်အတူ မိအေး အသံ ကို ကြားလိုက်ရသည်။ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို အသာချကာ ၍ ခုတင်ပေါ်က လျှောဆင်းခဲ့ကာ လော့ချပိတ်ထားသော တံခါးကို ဖွင့်ပေးလိုက်မိသည်။

အခန်းအပြင်ဘက်မှာ မိအေးကို စားသောက်စရာတွေ ထည့် ထားသော လင်ပန်းကိုင်လျက် မြင်လိုက်ရတာမို့ အံ့ညြသွားမိ၏။

"ဘာလဲ အဲဒါတွေက ဘာလုပ်တာလဲ မိအေး"

"မမလေးအတွက် ညနေစာ လာပို့တာပါ"

ဖဉ် နားမလည်နိုင်အောင် မျက်ဝန်းလေးတွေ ဝိုင်းစက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အခန်းထဲအထိ ထမင်းတွေ ဟင်းတွေ လာပို့ပေးနေထ
သူဆန်နေသည်။

"ဘာလို့ အခန်းထဲအထိ လာပို့ပေးတာလဲ၊ ငါက လူမမာ
မဟုတ်ဘဲ၊ ခါတိုင်းလိုပဲ ဆာမှ လာစားမှာပေါ့"

"မမကြီးက ပို့ခိုင်းတာပါ၊ ဒီရက်တွေမှာ မမလေးအတွ
ထမင်းနဲ့ဟင်းကို အခန်းထဲ ပို့ခိုင်းလို့ပါ"

မိအေး ပြောရင်း လင်ပန်းလေးကို သယ်ယူပြီး အခန်းထဲ
စားပွဲပေါ်က ပြင်ဆင်ပေးနေသည်။

အန်တီယုက စီစဉ်ခိုင်းတာတဲ့။ သည့်အတွက် ဇော် ငြင်း
စွမ်း မရှိပေမယ့် စိတ်ထဲမှာတော့ အဖြေရှာမရနိုင်သလို ဖြစ်နေတ

"အန်တီယုက ဘာဖြစ်လို့ အခုလို စီစဉ်ရတာလဲ"

"အကြောင်းရှိလို့ စီစဉ်တာပေါ့ ဇော်"

အသံကြောင့် ဇော် လှည့်ကြည့်တော့ အခန်းတံခါးဝမှာ အ
ယု ရပ်နေခဲ့သည်။ နီညိုရောင် ညဝတ်ပိုးဂါဝန်ရှည်ကြီးကို အန်
ဝတ်ဆင်ထား၏။ ရေချိုးခေါင်းလျှော် ပြီးစမို့ ထင်သည်။ လှိုင်း
ဆံညိုတွေကို ဖားလျားချထားသည်။

ဖြူဝင်းနေသော မျက်နှာမှာတော့ ညလိမ်းခရင် တစ်ခုဝေ
လိမ်းခြယ်ထားသော သေချာ၏။ အခန်းထဲအထိ အန်တီယု ခြေလှမ်း
လှမ်းဝင်လာပြီး ဇော် အနားမှာ ရပ်သည်။





"အခု အိမ်မှာ ဧည့်သည်တွေရောက်နေတယ်၊ တောင်ကြီးက
ဧည့်သည်တွေလေ၊ ဒီမှာ သူတို့ တစ်ပတ် ဆယ်ရက်လောက် တည်းကြ
မယ်၊ အိမ်အောက်ထပ်မှာ သူတို့တည်းဖို့ စီစဉ်ပေးထားတယ်"

အန်တီယု ရှင်းပြသမျှ ဇော် တိတ်ဆိတ်စွာပဲ နားထောင်နေ
လိုက်သည်။

"ဧည့်သည်တွေ ရှိနေတဲ့ ရက်တွေမှာ ဇော်ကို အောက်ထပ်
အောင် ဆင်းမလာစေချင်ဘူး"

အန်တီယု အမိန့်ကြောင့် ဇော် မျက်မှောင်လေး တွန့်ကုပ်သွား
သည်။

"ဇော်က အဲဒီရက်တွေမှာ အခန်းထဲမှာပဲ နေရမယ့် သဘော
ထား အန်တီယု၊ ဘာဖြစ်လို့လဲဟင်"

"တို့စကားကို မင်း မေးခွန်းတွေနဲ့ ခွန်းတုံ့မပြန်နဲ့ မိဇော်
ခင်းကို အခန်းထဲမှာ ပိတ်လှောင်ထားတာ မဟုတ်ဘူး၊ ဧည့်သည်တွေ
ရှိနေလို့ အနေအထိုင် ဆင်ခြင်စေချင်တာ၊ သူတို့က သူစိမ်းတွေ
ယောကျ်ားလေးတွေလည်း ပါတယ်၊ ဒါကြောင့် မသင့်တော်လို့ ပြောနေ
တာ"

အန်တီယု စကားသံတွေက မာထန်လို့နေသည်၊ နဂို ကြောက်
စိတ်ကလေးနှင့် ဇော် ခေါင်းကလေး ငုံ့ကာ ငြိမ်သက်နေလိုက်သည်။

"မိအေး သူ စားသောက်ပြီးတာနဲ့ သိမ်းဆည်းစရာတွေ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ နင်တို့ကိုလည်း ငါ မှာထားမယ်နော်၊ ဧည့်သည်တွေကို စပ်စပ်စု
ချင်၊ အရှေ့တတင်နေတာ ငါ လုံးဝ မကြိုက်ဘူး''

စားအဆုံးမှာ အန်တီယု ကျောခိုင်း ထွက်သွားခဲ့သည်
တော့ ပြင်ဆင်ထားသော ထမင်းစားပွဲလေးအနားမှာ မတ်တ
လေး ရှိနေသည်။

တကယ်ဆို မိအေးကော ဒေါ်ဆိုင်ပါ အန်တီယု ဆိုလျှင် ထ
နေအောင် ကြောက်ကြသည်။ အားလုံးသည် အန်တီယု စေလိုရာ
နာခံဖို့ အသင့်ရှိနေတတ်သူတွေပဲ ဖြစ်သည်။

ဒီလို လူတွေကိုမှ အန်တီယုက ခန့်အပ်စေခိုင်းထားတော့လည်း
ဇွဲ ဘာများ ဝင်ပြောနိုင်မည်လဲ။ အန်တီယုကို ဇွဲ ကိုယ်တိုင်ကလည်း
ဟိုစဥ်ကတည်းက လေးစားကြောက်ရွံ့ခဲ့တာပဲ ဖြစ်၏။

''မမလေး ထမင်းစားလိုက်ပါဦးနော်''

စားချင်စိတ်တို့ မရှိပေမယ့် မိအေးကို စာနာသနားတာမို့ စားပွဲ
ပုလေး ရှေ့က ခုံမှာ ဝင်ထိုင်လိုက်ရသည်။

ထည့်ပေးထားသော ထမင်းတစ်ပွဲတောင် ဇွဲ ကုန်အောင်
မစားနိုင်ခဲ့ပါ။

''ဟင် ဝပြီလား မမလေး၊ နည်းလိုက်တာ''

''တော်ပြီ သိမ်းသွားတော့ မိအေး''

စိတ်က အလိုမကျ စိတ်တို့နှင့် ညစ်ညူးနေခဲ့တာမို့ ဇွဲ စကား





ည်း ပြောချင်စိတ် မရှိပါ။ မိအေးက ပန်းကန်တွေကို ပြန်သိမ်းဆည်း
အခန်းထဲက ပြန်ထွက်သွားခဲ့သည်။

ဇွဲ အခန်းထဲမှာ မနေချင်တာမို့ ဝရန်တာလေးဆီ ထွက်ခဲ့
ည်။ ညနေခင်းဆို ခြံထဲခင်းကာ ဇွဲ အမြဲတမ်း လမ်းလျှောက်နေကျ
ယ့် ဒီနေ့တော့ ဇွဲ အိမ်အောက်ထပ်ကိုတောင် ဆင်းလို့ရမှာ မဟုတ်
ပါ။

အန်တီယု အပေါ်မှာလည်း ကလန်ကဆန် မလုပ်ချင်ပါ။

ဧည့်သည်တွေ အိမ်ကို ရောက်လာမည်ဆိုတာတော့ ဇွဲ မနေ့
ည်းက ဘဘ ပြောပြထား၍ သိထားသည်။

တောင်ကြီးက ဘဘရဲ့ စီးပွားပါတနာတွေ ဆိုပေမယ့် ဘဘ
င် ဘယ်သူ ဘယ်ဝါတွေမှန်းမသိဟု ပြောသည်။ အန်တီယုကသာ
ွားရေးကိစ္စတွေမှာ တာဝန်ယူနေခဲ့သည်မို့ ဘဘ ခမြာ စာရင်းဇယား
ွကလွဲ၍ ဘာမှ မသိရှာပါ။

ဘဘရဲ့ စိတ်ကို ဇွဲ နားလည်သလို ရှိသည်။

ဘဘသည် ဒုက္ခိတ ဘဝရောက်သွားကတည်းက အရင်ကလို
က်ကြွက်တက်ကြွမှုတွေ မရှိတော့ပါ။ အချိန်ပြည့် အခန်းထဲမှာပဲ နေ
ည်က များသည်။

ပြီးတော့ အန်တီယုအပေါ်မှာ ဘဘရဲ့ ဆက်ဆံပုံတွေက ပိုလို့
စက်လာသလိုလည်း ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဘာဘ ဒီလို မလုပ်သင့်ဟု ဇင်ဦ ထင်သည်။ အန်တီ
ယသည် ဘာဘရဲ့ တရားဝင် ဇနီးမယား တစ်ယောက်ပဲလေ။

အခုတော့ ဘာဘရဲ့ အပြုအမူတွေက နားလည်ရ ခက်သည်
အန်တီယုက ဇနီးမယား တစ်ယောက်ဟု သတ်မှတ်သည့်ပုံ မရှိ။ ပြီးတော့
ဘာဘ စီစဉ်နေသော ကိစ္စတွေ

အန်တီယု မသိအောင် ဘာဘ ဘာတွေ ကြိတ်ကြံစည်နေသ
လဲ။ ဇင်ဦ အသေအချာတော့ မသိပါ။ ဘာဘ တစ်ခါခါ်ပြောဖူးသေ
ဇင်ဦ အနာဂတ်အတွက်ပဲလား။

ဇင်ဦ ဘာမှမသိတာတော့ အမှန်ဖြစ်သည်။ လက်ရှိမှာတေ
ဇင်ဦသည် ဒီခြံကြီးထဲမှာ နေထိုင်ရင်း တစ်လနေလို့ အပြင်ကို တစ်ခေါ
ထွက်ခွင့် မရပါ။ ဇင်ဦ အပြင်ထွက်ရလျှင်လည်း အန်တီယု ပါတတ်သ

ပလာဇာမှာ ဇင်ဦကို တစ်လတစ်ခါ အဝတ်အစားတွေ လိုက်
ပေးတာမျိုး ဖြစ်သည်။

အန်တီယုသည် ဇင်ဦကို ဂရုစိုက်တတ်သလို ခွန်းတုံ့မလျှ
အောင်လည်း တင်းမာပြတတ်သူ ဖြစ်သည်။

နားလည်ရခက်သော အန်တီယုကို ဇင်ဦ ချစ်လည်းချစ်သ
ကြောက်လည်း ကြောက်ပါသည်။

အခုကိစ္စမှာလည်း သူစိမ်းယောကျ်ားတွေနှင့် ဇင်ဦကို အန်တီ
က မျက်နှာချင်းတောင် ဆိုင်စေချင်ပုံ မရဘာ သေချာ၏။ ဒါ အန်တီယု





စေတနာလား။

ဇင်ဦအတွက်ကတော့ မှန်းကြံစရာ ကိစ္စကြီး ဖြစ်နေ၏။ ဒါပေမဲ့
သည်း မလွန်ဆန်နိုင်သော ဇင်ဦအဖြစ်ဟာ. . .။

■ ■ ■

"ဇင်ဦလေး"

အခန်းထဲက ဒရင်းဘတ်မှာ ဇင်ဦ စာဖတ်နေတုန်း ခေါ်သံနှင့်
အတူ စေ့ထားသော တံခါးပွင့်လာ၏။

အန်တီယု လက်ထဲမှာ ကော်ဖီဘမ်းလေးကိုင်ထားသည်။ ပြီး
တော့ ဇင်ဦဆီ အပြုံးနှင့် လျှောက်လာသော အန်တီယု မျက်နှာက
ညနေတုန်းက ဆူပူထားပုံနှင့် တကယ့်ကို တခြားစီ ဖြစ်၏။

"ဇင်ဦလေး ထမင်းသိပ်မစားနိုင်ဘူးဆို၊ ဒါကြောင့် အန်တီယု
ကော်ဖီနဲ့မုန့် လာပို့တာ"

ဒရင်းဘက်ဘေးက စားပွဲပုလေးပေါ် ကော်ဖီဘမ်းကို တင်ရင်း
ခုံပုလေးမှာ အန်တီယု ဝင်ထိုင်သည်။

ညဝတ် ပိုးအင်္ကျီနီညိုရောင်နှင့် အန်တီယု ခန္ဓာကိုယ်မှ သင်းပျံ့
ဖြူ့ ရေမွှေးရနံ့လေးကို ဇင်ဦ ရှူရှိုက်နေရသည်။ ညအိပ်ရာဝင်ခါနီးတောင်
အန်တီယုသည် လှပရှင်းသန့်အောင် နေထိုင်တတ်သူ ဖြစ်၏။

"ဇင်ဦလေး သောက်လိုက်နော်၊ ညတစ်ရေးနိုးမှ ဗိုက်ဆာနေ
မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဂရုစိုက်ယုယလာပြန်တော့ ဇွဲ မနေတတ်ပြန်ပါ။ အန်တီယုကိုလည်း ပိုလို့ ချစ်ခင်မိ၏။

"ဇွဲ ဆာတော့ မဆာသေးပါဘူး အန်တီယုရဲ့"

"နည်းနည်းတော့ သောက်လိုက်ကွယ်၊ ထမင်းစားတာ တစ်ပန်းကန်တောင် မကုန်ဘူးဆို၊ ဘာလဲ အန်တီယုကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း ဇွဲ စိတ်မဆိုးပါဘူး အန်တီယုရဲ့"

အန်တီယု နှုတ်ခမ်းလေးတွေ လှပစွာ ပြုံးရင်း ဇွဲ နဖူးပေါ်က ဆံနွယ်လေးတွေကို သပ်တင်ပေးသည်။ ပြီးမှ

"အန်တီယုက ဇွဲလေးကို ဂရုစိုက်တာပါကွယ်၊ အစားအသောက် ပျက်ရင် မကောင်းဘူး ကလေးရဲ့၊ အစ်ကိုကြီးက ဇွဲလေး ပိန်သွားရင် အန်တီယုကို အပြစ်တင်ဦးမယ် ကဲ ကော်ဖီသောက် မုန့်စားပြီးရင် ဟောဒီ အားဆေးတွေ သောက်လိုက်"

"ဟင် အန်တီယုကလည်း ဇွဲမှ အားဆေး မသောက်ချင်တာ"

"သောက်ပါ ကလေးရယ် အင်အားပြည့် လန်းဆန်းတာပေါ့ အန်တီယုတောင် ဒီအားဆေးကို ပုံမှန်သောက်တာ"

နောက်ဆုံးတော့ ဇွဲ မငြင်းနိုင်ဘဲ ခေါင်းကလေးညိတ် နာခံလိုက်ရပါသည်။

အန်တီယု ကျွေးသော ကော်ဖီနှင့်မုန့်ကို စားကာ အားဆေး နှစ်ပြားကိုပါ သောက်လိုက်ရ၏။ အန်တီယု ကျေနပ်စွာ ပြုံးကြည့်နေ





တော့ ဇွဲလည်း ပြန်ပြုံးပြမိ၏။

"ဟို ညွှန်သည့်တွေက ဒီမှာ ဘယ်လောက် ကြာဦးမှာလဲဟင် အန်တီယု"

"ဘုရားပူးရင်း အလည်သဘော လာကြတာ ဆိုတော့ တစ်ပတ် ဆယ်ရက်လောက်ပါကွယ်၊ စီးပွားရေးသမား သက်သက်တွေပါ"

"သူတို့ မြန်မြန်ပြန်မှပဲ ဇွဲ လွတ်လွတ်လပ်လပ် နေလို့ရမှာ၊ ဆင်းချင်တာတောင် မဆင်းရဘူး ဟွန်း"

အန်တီယု စိတ်ကြည်လင်နေတော့ ဇွဲလည်း အလိုမကျ စိတ်ကို ဖွင့်ဟဆိုမိသည်။ အန်တီယုက ဇွဲ ပခုံးလေးကို ဆုပ်ကိုင်ရင်း

"ဇွဲလေးရယ် သူတို့တွေ အိမ်မှာမရှိတဲ့ နေ့လယ်နေ့ခင်းဆို ဇွဲလေး ဆင်းလို့ရပါတယ်ကွယ်၊ အန်တီယုက ဇွဲလေး ကို သူစိမ်း ယောက်ျား စေ့စေ့ကြည့်တာတောင် မခံစေချင်လို့ပါကွယ်"

အန်တီယုရဲ့ စေတနာ စကားတွေကြားတော့ ဇွဲ စိတ်ဆိုးမိ တာအတွက်တောင် စိတ်မကောင်း ဖြစ်ရပြန်သည်။

"ဇွဲ စိတ်မကောင်းပါဘူး အန်တီယုရယ် အန်တီယု စေတနာ ကို ဇွဲ နားလည်ပါပြီနော်"

ဇွဲ စိတ်ကလေး ပျော့ပျောင်းကာ တောင်းတောင်းပန်ပန် လေးဆိုနေတော့ အန်တီယု ခေါင်းကလေး ညိတ်ကာ ပြုံးနေသည်။ ပြီးမှ ဇွဲကျောပြင်လေးကို တစ်ချက် ပွတ်သပ်ကာ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထဲ ဇော်လေး အနားယူတော့၊ အန်တီယုလည်း အိပ်တော့မယ်ကွယ်"

အန်တီယု နှုတ်ဆက်ကာ ကော်ဖီဘမ်းကို ကောက်ယူကာ အခန်းထဲက ထွက်သွားခဲ့သည်။

ဇော် ဒရင်းဘက်လေးမှာ ထိုင်ရင်း စာကိုလည်း မဖတ်ဖြစ်တော့ပါ။ အခန်းတံခါးကို အပြင်ဘက်က စေ့ပိတ်ပေးသွားသော အန်တီယု အကြောင်းက အတွေးထဲ ဝေ့ဝဲကျန်ခဲ့သည်။

တစ်ခါတစ်ရံမှာတော့ အန်တီယုသည် တကယ့်ကို နားလည်မှု ခက်လွန်းပါသည်။ ဇော်အပေါ် ဆက်ဆံပုံတွေကိုပဲ ကြည့်လေ။ သူစိမ်း ဆန်ဆန် ဆက်ဆံတတ်သလို အခုလို ချော့မော့ကြင်နာတတ်တာလည်း ရှိသည်။

အမြဲတမ်း အန်တီယု ဆက်ဆံမှုတွေ ကြင်နာနေခဲ့လျှင် ဘယ်လောက် ကောင်းမည်လဲ။

တွေးနေရင်း ဇော် မျက်ခွံလေးတွေ လေးပင်လာသလို ဖြစ်လာသည်။ အန်တီယု တိုက်ခဲ့သော အားဆေးတန်ခိုးကြောင့်ပဲလား မသိ။

ဒရင်းဘတ်ပေါ်က ဆင်းပြီး အိပ်ရာပေါ် လှဲလိုက်မိသည်။ တခဏလေးမှာပဲ ဇော် အိပ်ပျော်သွားခဲ့ရတော့သည်။

■ ■ ■



## အခန်း (၉)

အခန်းတံခါးကို ခပ်အုပ်အုပ် ခေါက်သံကြားသည်။ သူမ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရင်း ကသောကမျော ပြေးဖွင့်ပေးလိုက်မိ၏။

"မ"

"ဟင် အထက် အတင့်ရဲလိုက်တာ"

သူမ စိုးရိမ်စွာ ဆိုရင်း အခန်းတံခါးကို အမြန်ပြန်ပိတ်လိုက်ရသည်။ နေအထက် ကတော့ စူးစူးနစ်နစ် မျက်ဝန်းတွေနှင့် သူမကို စိုက်ကြည့်နေ၏။

"အထက်ရယ် ဘာဖြစ်လို့ အစောကြီး ရောက်လာတာလဲ၊ ဒီအချိန်ဆို အစ်ကိုကြီးတောင် မအိပ်သေးဘူး"

နေအထက်က နှုတ်ခမ်းတွေကို မကျေမနပ် မဲ့ချပစ်ရင်း

"ဒီလူကြီး အချိန်မတော် အပြင်မထွက်ပါဘူး မရယ်၊ သာ



www.burmeseclassic.com

www.burmeseclassic.com



ဝရှုံ့တ်စရာရှိလို့လဲ''

"မင်း အဲဒီလို ပေါ့ပေါ့ မပြောနဲ့ အထက်၊ ဦးနေဇော်ကို ...တွေ့ဆွေတွက်နဲ့၊ ဦးစိုင်းမောက် ဆိုတာ သူ့လူနော်''

''မ ပြောတာ ညနေတုန်းက ခြံထဲမှာ လမ်းလျှောက်နေတဲ့ လူကြီးလား''

"ဟုတ်တယ် အထက် ဦးနေဇော်က ဦးစိုင်းမောက်ကို လူယုံ တော်အဖြစ် သတ်မှတ်ထားတာ၊ ဒီအိမ်ကြီးမှာ ကျန်တဲ့သူအားလုံးကို တို့ပိုင်နိုင်ပေမယ့် ဦးစိုင်းမောက် ကိုတော့ တို့ သတိထားရတယ်''

''မမှာ ဘာပြဿနာတွေ ရှိနေသလဲ၊ မောင့်ကို အားလုံး ပြောပြစမ်းပါ လား၊ မောင်တို့ အေးဆေး စကားပြောရအောင်''

နေအထက်က ယုယနွယ် လက်ကိုဆွဲကာ အခန်းထဲက ခုတင် ပေါ်မှာ အတူယှဉ်တွဲထိုင်သည်။

''လက်ရှိ မ ရင်ဆိုင်နေရတာ ဘာတွေမှန်း အသေအချာ မသိသေးဘူး မောင်၊ ဦးနေဇော်က ရှေ့နေကြီးတစ်ယောက်နဲ့ လျှို့ဝှက် စီစဉ်နေတယ်''

''ဟင် ဘာတွေစီစဉ်နေတာလဲ မ''

''ဘာလဲဆိုတာကို မ မသိတာလေ၊ အခုချိန်ထိ သူ့နှုတ်က ဖွင့်မပြောသေးဘူး''

သူမ ပြောပြသမျှ နေအထက် အလေးအနက် နားစိုက်ထောင်





...သည်။ ဦးနေဇော် သူမ မသိအောင် ရှေ့နေကြီးနှင့် လျှို့ဝှက်ဆွေးနွေး ...သော ကိစ္စကို ယုယနွယ်က ပြောပြသည်။

''ဒီလူကြီး အကြံက ဘာလဲဆိုတာ မ သိအောင် ကြိုးစားသင့် ...ယ်''

''အင်း မလည်း ကြိုးစားနေတာပဲ မောင်၊ မ အထင်တော့ ...ပိုင်ဆိုင်တဲ့ အမွေတွေအတွက် ခွဲဝေစီစဉ်နေတာ ဖြစ်မယ်''

''ခွဲဝေစီစဉ်ရအောင် အမွေတွေက မ တစ်ယောက်တည်း ...ဆိုင်ရမှာ မဟုတ်ဘူးလား။ ဦးနေဇော်မှာ ဆွေမျိုးရင်းချာ ရှိသေးလို့ ...''

သံယောဇဉ် အကြောင်း ဘာမှ မသိသေးသော နေအထက်က ...သည်။ ဒီအခြေအနေ အတိုင်းအတာရောက်မှတော့ နေအထက် ...သင့်တာတွေကို ဖွင့်ပြောဖို့ ယုယနွယ် ဆုံးဖြတ်ပြီးပြီ။

''ပြောရရင် ဦးနေဇော်မှာ မွေးစားသမီး တစ်ယောက် ရှိတယ်၊ ...ရိုပ်မျိုးရိုး မကင်းဘူး၊ အမွေတွေကို မနဲ့သူပဲ ခံစားခွင့်ရမှာပါ''

''အဓိက သက်ဆိုင် ခံစားခွင့်ရမှာက မ တစ်ယောက်တည်းပဲ ... မက ဒီလူကြီးရဲ့ တရားဝင် ဇနီးမယား တစ်ယောက်ပဲ မဟုတ်လား။ ...စားသမီး ဆိုတာက ဘာတစ်ခုမှ မပေးလည်း ရတာပဲပေါ့''

''အထက် ပြောတာ မှန်တယ်၊ ဒါပေမဲ့ ကာယကံရှင် ဦးနေဇော် ...ဆုံးဖြတ်ချက်က အဓိက ကျတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



ယုယနွယ် ချင့်ချင့်ချိန်ချိန်လေး ပြောတော့ နေအထက် ငေး
သွားသည်။ ပြီးမှ ခေါင်း တဆတ်ဆတ်ညိတ်ရင်း

"အင်း မ ပြောတာ ဟုတ်တယ်၊ နေပါဦး အဲဒီကိစ္စကို ရေရေရာရာ သိမှ ဖြစ်မှာနော်၊ ဒီလူကြီးက ကြိတ်စီစဉ်နေရင် ခက်မယ် ဒီကြားထဲမှာ သူ သေသွားရင် တရားဝင် စီမံတဲ့အတိုင်း ဖြစ်သွားမှာ သူ့ မွေးစားသမီးကို ဘယ်လောက် မ ကို ဘယ်လောက်ဆိုတာ တိတိ ကျ သိမှဖြစ်မှာ"

နေအထက် စကားကို သူမ လက်ခံသည်။ ဒါပေမဲ့ ခက်သည် ဦးနေဇော် လျှို့ဝှက်စီမံနေတာကို သူမ မသိနိုင်ပါ။

"ဒါနဲ့ နေပါဦး မ ဦးနေဇော်ရဲ့ မွေးစားသမီးက ဘယ်သူ ဘယ်မှာနေတာလဲ ဒီအိမ်မှာ မတွေ့ပါလား"

နေအထက် မေးတော့ ယုယနွယ် မျက်မှောင်လေး ကုပ်သွား သည်။

"အထက်က ဘာလို့ မေးနေတာလဲ"

"သိချင်လို့ပေါ့ မရဲ့၊ မရဲ့ ပြဿနာတွေကို မောင် သိထား ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးနိုင်မှာလေ"

"သံယောဇဉ်က ဒီအိမ်မှာပဲ နေတာ၊ သူကလည်း ဦးနေဇော် လိုပဲ တော်တန်ရုံ အပြင်သိပ်မထွက်တတ်ဘူး"

"နာမည်က သံယောဇဉ် လား"





"ဟုတ်တယ် သံယောဇဉ် က စီးပွားရေးဘွဲ့ရပြီးပြီ"

"ဟင် အဲဒီအရွယ် ရောက်နေပြီလား။ တို့က ကလေးလေး ...နေတာ"

နေအထက် ပြုံးစနှင့်ပြောတော့ ယုယနွယ် မျက်စောင်းလေး ...ကာ ကြည့်သည်။

"အထက်နော် ပြောင်ချော်ချော် မလုပ်နဲ့၊ အရင်တုန်းက ...က် ဘယ်လောက်ပဲ ပွေပွေရှုပ်ရှုပ် မ ခွင့်လွှတ်တယ်"

သူမ မျက်စောင်းလေးထိုးကာ မကျေမနပ်ကလေး ပြောတော့ ...အထက် သဘောကျစွာ ရယ်သည်။

"ရှူး တိုးတိုးရယ်ပါ တခြားသူတွေ ရိပ်မိကုန်မယ်"

ဖုန်းကို ဖျပ်ခနဲ ပုတ်ကာ သတိပေးစကား ဆိုသော ယုယနွယ် ... နေအထက် ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်သည်။

"ယုံပါ မရယ် မကို မောင်က တစ်သက်လုံးစာအတွက် ချစ် ..."

တိုးညှင်းညှင်းသာသော စကားသံနှင့်အတူ ရင်ခွင်ကျယ်ကြီး ...မှာ သူမ နစ်မြုပ်သွားခဲ့သည်။

ရှိန်းမြမြ အနမ်းတို့ကို ရှောင်ခွာငြင်းပယ်နိုင်ဖို့ အင်အားတို့ ... ပျောက်ဆုံးလို့ နေခဲ့သည်။ တကယ်ဆို ဘဝတစ်ခုလုံး ပုံအပ်ကာ ...ရလောက်အောင် နေအထက်ရဲ့ အချစ်ဆိုတာက ယုံကြည်စရာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာလည်း သူမ သိသည်။

ဒါပေမဲ့လည်း နှစ်ယောက်ဆုံတော့ ချောမွေ့ရှင်းသန့်သော နေအထက်ရဲ့ မျက်နှာကို ငေးကာ အသိတို့ ပျောက်ဆုံးသွားတတ်... ဖြစ်သည်။

အခုလည်း နေအထက်ရဲ့ ယုယထွေးပိုက်မှုတွေ အောက်... သူမ နစ်မျောမိန်းမောရင်း သာယာကျေနပ်သွားခဲ့မိပြန်သည်။

■ ■ ■



## အခန်း (၁၀)

ဆရာဝန်ကြီး နုတ်ဆက်ပြန်သွားတော့ သူ ခုတင်ပေါ်မှာပဲ ...တ်လက်ကျန်ခဲ့သည်။ အခန်းထဲ ဝင်လာသူက ဝိုင်းမောက် မဟုတ်ပါဘဲ ...ယသနွယ် ဖြစ်နေသည်။

"နေကောင်းရဲ့လား အစ်ကိုကြီး"

"အင်း ကောင်းပါတယ်"

ယုယနွယ်က ခုတင်ဘေးက ထိုင်ခုံမှာ မထိုင်ဘဲ ခုတင်စွန်းမှာ ...င်ပါးလျှ ဝင်ထိုင်သည်။ သူမ ခန္ဓာကိုယ်မှ သင်းပျံ့သော အမွှေးရနံ့ ...ွကာ သင်းထုံနေခဲ့သည်။

ဒါပေမဲ့ သူ့စိတ်မှာ သာယာကြည်နူးခြင်း မဖြစ်မိတော့ပါ။

"အစ်ကိုကြီး ဗိုးချဲမှာ ပြောင်းထိုင်မလား ဟင်၊ နွယ် ...



www.burmeseclassic.com

www.burmeseclassic.com



ယေးမယ်''

"ရတယ် စိုင်းမောက် လာမှပဲ ထိုင်တော့မယ်"

ကိုယ့်အပေါ်မှာ ဆက်ဆံပုံတွေက တကယ့်ကို သူစိမ်းဆန်လှ
ပါသည်။ သူမကတော့ အမြဲတမ်း ချိုသာယဉ်ကျေးစွာ ဆက်ဆံပေး
ဦးနေဇော် လေသံက မပြောင်းပါ။

ခေါ်ပုံကိုက မိန္နယ် တဲ့။ တင်တင်စီးစီးနှင့် ဆက်ဆံပြော
နေတာတွေကို ခံရခက်ပေမယ့် ကိုယ်က သည်းခံခဲ့သည်။ ဦးစိုင်းမော
ကိုပဲ အရာရာအားကိုးနေပာန် လုပ်ပြနေတာတော့ သူမ ပိုလို့ မကျေ
နိုင်ပါ။

"မိန္နယ် ဇော်လေး ဒီနေ့ ကိုယ့်ဆီ ရောက်မလာဘူး ဘာဖြစ်
လဲ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုကြီး။ သူ့ အခန်းထဲမှာ ရှိပါတယ်
အိမ်မှာက ဧည့်သည်တွေ ရောက်နေတော့ ဇော်လေး အပြင်မထွက်
ဘူး ထင်တယ်"

ဦးနေဇော်က မျက်မှောင်ကုပ် ကြည့်သည်။

"ဧည့်သည်တွေကြောင့် ဟုတ်လား မိန္နယ်"

"တခြားကြောင့်တော့ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ဧ
သည်တွေက စီးပွားရေးသမားတွေလေ ဇော်လေးနဲ့လည်း ဘယ်
ပတ်သက်တာ မဟုတ်ဘူး။ ဒါကြောင့်လည်း သူ့ အခန်းထဲက သိပ်မ





...ပဲ နေနေတာပါ''

"ဧည့်သည်တွေက အားလုံး ဘယ်နှယောက်လဲ မိန္နယ်၊
...ယောက်ျားသားတွေပါနေလို့လား"

"တောင်ကြီးက မိသားစုလိုက် လာကြတာ အားလုံး ခုနစ်
...ယောက်ပါ၊ ယောက်ျားလေး လေးယောက် မိန်းမက သုံးယောက်"

ဦးနေဇော် ခေါင်းတစ်ချက် ညိတ်ပြီး ဘာမှဆက်မမေးတော့ပါ။
...ခိုက်မှာပဲ ဦးစိုင်းမောက် အခန်းထဲ လှမ်းဝင်လာသည်။

"ဆရာကြီး ဒရင်းဘက်ပေါ် ထိုင်မလား"

"ဝှီးချဲပေါ်ပဲ ပို့ပေး စိုင်းမောက်"

ဦးစိုင်းမောက်က ခုတင်ပေါ်မှာ ပက်လက်ကလေး ရှိနေသော
ဦးနေဇော်ကို ညင်သာစွာပဲ ပွေ့ချီလိုက်ကာ ဝှီးချဲပေါ် တင်ပေးသည်။

ခုတင်စွန်းမှာ ထိုင်လျက် ရှိသော ယုယနွယ်ကို ဦးနေဇော်က
...လေးမထား ဂရုမစိုက်ဘဲ ဦးစိုင်းမောက်ကို ပြောနေသည်။

"စိုင်းမောက် ဒေါက်တာ မှာထားတဲ့ ဆေးတွေကို မင်း မှတ်
...ထားတယ်နော်"

"ဟုတ်ကဲ့ အသေအချာ မှတ်ထားပါတယ် ဆရာ၊ ဒီနေ့ ကျွန်
...တော်ကိုယ်တိုင် သွားဝယ်လိုက်ပါ့မယ်"

သူမအနားမှာ ရှိနေရက်နှင့် ဦးနေဇော်က အရာရာ ဦးစိုင်း
...မောက်ကိုပဲ အားကိုးစေခိုင်းနေခဲ့တာတော့ ခံရခက်ပါသည်။ တ...ဆို



www.burmeseclassic.com

www.burmeseclassic.com



သူမ အဖြစ်က ဦးနေဇော်ရဲ့ အမည်ခံ ဇနီးမယား တစ်ယောက်အဖြစ်
သာ ရှိခဲ့သည်။

ဒါတွေကို တွေးမိတိုင်း ရင်ထဲမှာ နာကျင်ခံရခက်မိတာ အမှန်

"မိန္တယ် မင်းလုပ်စရာရှိတာ သွားလုပ်ပါ၊ ငါ့အတွက် ဘာ
မပူနဲ့၊ စိုင်းမောက် ရှိနေတာပဲ"

အနားမှာ သူမ ရှိနေတာကို ဘယ်တော့မှ ဦးနေဇော် အ
မရှိတာတော့ သေချာပါသည်။ အခုလည်း ယဉ်ယဉ်ကလေး နှင်ထုတ်
ခြင်းဆိုတာ သူမ နားလည်လိုက်သည်။

"အစ်ကိုကြီး ဘာမှ စေခိုင်းစရာ မရှိဘူးဆိုရင် နွယ် သွားတော့
မယ်နော်"

ခေါင်းတစ်ချက် ညိတ်ကာပဲ ဦးနေဇော် တုံ့ပြန်သည်။ သူ
ခုတင်စွန်းမှ ထရပ်ပြီး ထွက်ခဲ့သည်။

အခန်းအပြင် ရောက်သည်နှင့် ဦးစိုင်းမောက်က အခန်းတံ
ကို အတွင်းမှ လော့(ခ်)ချကာ ပိတ်လိုက်သည်။ သူမ အံကို တင်း
ကြိတ်ရင်း အသာရပ်ပြီး တံခါးမှာ နားကပ်ထောင်ကြည့်၏။

တိတ်ဆိတ်နေသည်ကလွဲ၍ ဘာစကားသံမှ မကြားပါ။
ကယ်ဆို ဦးနေဇော်နှင့် ဦးစိုင်းမောက်တို့ နှစ်ကိုယ်ကြား စကားတွေ
ဆိုနေကြမှာကို သူမ သိသည်။

ဒါပေမဲ့ သူမ ကြားအောင် သူတို့နှစ်ဦး ပြောကြဆိုကြ





ဆောတ်တာ သေချာသည်။

သူမစိတ်ကို လျှော့ကာ ဦးနေဇော်ရဲ့ အခန်းရှေ့က ထွက်ခဲ့သည်။
အခန်းထောင့်ချိုး အရောက်မှာ ရိပ်ခနဲ ရင်ဆိုင်တိုးမိမတတ် လူတစ်
ယောက်ကြောင့် ထိတ်လန့်သွားမိတာ အမှန်။

"ဟင် အထက် ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး မ ထွက်သွားတာ မြင်လို့ စောင့်နေတာ"

နေအထက် စကားကြောင့် သူမ နောက်ကို မလုံမလဲ ဖြစ်ကာ
လှည့်ကြည့်မိသည်။

"အထက်ရယ် ဘာလို့ လာစောင့်နေရတာလဲ အတင့်ရဲလိုက်
တာ"

"ဘယ်သူမှ မတွေ့ပါဘူးဗျာ မက သိပ်စိုးရိမ်နေတာပါ၊ ဦးစိုင်း
မောက် ဆိုတဲ့လူကြီး အခန်းထဲဝင်သွားမှ မောင် စောင့်နေတာပါ"

နေအထက်ကတော့ ရဲတင်းစွာပဲ ပြောသည်။ အိမ်ပေါ်အထိ
ရောက်နေခြင်းကပင် လွန်ကျူးလှပြီ။ ဒါကို အလေးမထား ဂရုမစိုက်သလို
ဆိုတတ်သည့် နေအထက်ကြောင့် သူမ အမြဲတမ်း ရင်ထိတ်နေရသည်။

"အထက် မင်း ဒီလို အပြုအမူတွေ မလုပ်ပါနဲ့လို့ တို့သတိပေး
ထားရက်နဲ့ ဘာလို့ အလေးမထား လုပ်နေတာလဲ၊ မင်းကို အိမ်မှာ
နေခွင့်ပေးမိတာ မှားပြီ ထင်တယ်"

ယုယနွယ် စကားကြောင့် နေအထက် မျက်မှောင်ကြီးကြုံကာ



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ် ကြည့်သည်။ ရှုလက်နေသော မျက်ဝန်းတွေထဲမှာ ကျွဲ...
အမုန်းအရာတွေကို သူမ မြင်နေသည်။

"မ ဘယ်လိုပြောလိုက်တာလဲ ဘာလဲ မက ကျွန်တော့်...
အလိုမရှိတဲ့ သဘော၊ ပ'ထုတ်ချင်နေတဲ့ သဘောလားဗျ"

"မင်း ဒီလို မပြောနဲ့ နေအထက်၊ မင်းလုပ်ရပ်က ငါ့ပါ...
ပျက်အောင် တမင်လုပ်နေသလိုပဲ"

"ကျုပ်က ဘာတွေလုပ်နေလို့လဲ၊ ခင်ဗျားအတွက် ကျုပ်အ...
မှာ ရှိနေပေးနေတာကို ဒုက္ခပေးတယ်လို့ ပြောရက်သလားဗျာ"

"ဒုက္ခပေးနေတာပဲပေါ့ နေအထက်၊ မင်းကိုငါ နေထိုင်ခွင့်...
ခဲ့တာ မှန်ပေမယ့် ဒါကို ဦးနေဇော် ရိပ်မိသွားခဲ့ရင် ပြဿနာတွေ ...
လာနိုင်တာ ငါ သိတယ်၊ မင်းအနေနဲ့ အမြဲတမ်း ဆင်ဆင်ခြင်ခြင် ...
နိုင်မှ တန်ကာကျမယ်၊ အခုတော့ မင်းရဲ့ လုပ်ရပ်တွေက အလေး...
ဂရုမစိုက်သလိုပဲ"

"မ"

နေအထက် လက်က သူမ လက်တစ်ဖက်ကို လှမ်းဆုပ်...
လာတာမို့ ဆောင့်ခနဲ ရုန်းထွက်ရင်း မျက်နှာကိုလည်း တင်းခနဲ နေ...
လိုက်သည်။

"နေအထက် မင်း ဒီလို လုပ်နေမယ်ဆိုရင် ဒီမှာ ဆက်...
သင့်တော့ဘူး"





စကားအဆုံးမှာ သူမ ချာခနဲ လှည့်ထွက်ခဲ့သည်။ နေအထက်
...နပ်ဖြစ်ကာ ကျန်ရစ်ခဲ့မှာကိုလည်း သိနေပေမယ့် တစ်ချက်လေး
...ာင် လှည့်မကြည့်ဖြစ်ခဲ့ပါ။

အခန်းထဲရောက်တော့ တံခါးကို ပိတ်ထားလိုက်သည်။ စိတ်ထဲ
...တော့ ပူပန်နေမိသေးသည်။ နေအထက် သူမ အခန်းရှေ့အထိ ရောက်
...ခဲ့လျှင် ဘယ်လို ရင်ဆိုင်ရမည် မသိပါ။

ဒါပေမဲ့ အတော်ကြာသည်အထိ တံခါးခေါက်သံကိုလည်း မကြား
...အထက်ရဲ့ အသံကိုလည်း မကြားရပါ။ သည်တော့မှပဲ ပင့်သက်ရှိုက်
...ပြီး သူမ အိပ်ရာလေးပေါ် လှဲချလိုက်မိသည်။

ရင်ထဲမှာ အလိုမကျမှုတွေ မောဟိုက်မှုတွေနှင့် နှံ့ချိနေသည်။

ဦးနေဇော်ကို မကျေနပ်သည့် စိတ်က တမှောင့်၊ နေအထက်
...ပြဿနာက တမှောင့်နှင့် စိတ်ရှုပ်ညစ်ညူးစရာ ကောင်းလိုက်တာ။

အားလုံးသည် သူမ မျှော်လင့်ထားသလို ဖြစ်မလာတာတော့
...ဆာရှာသည်။ အထူးသဖြင့် ဦးနေဇော်ကို ယုံကြည်ကိုးစားလို့ မရတာ
...အမှန်။

အာရုံထဲမှာ ဦးနေဇော် မျက်နှာကို မြင်ယောင်လာသည်။ သူမ
...ထက် အသက်ထက်ဝက်ကျော် ကြီးသော ဦးနေဇော်သည် တည်ကြည်
...ခန့်ညားသော ယောကျ်ားတစ်ယောက် ဖြစ်သည်။

မုဆိုးဖိုတစ်ယောက်ဖြစ်သော ဦးနေဇော်ရဲ့ ပိုင်ဆိုင်မှုတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝမှုတွေကို သူမ အားလုံး သိထားခဲ့သည်။ ဒါတွေကို သူမ ခက်ခဲ
စွာ ခံစားခဲ့ရပါ။

"တောဘယ်ဖိုက်မှာ သုံးလေးရက် တစ်ခါလောက် လာထိုင်
ထတ်တဲ့ အန်ကယ်ကြီးကို မင်း သတိထားမိလား ယု"

**Angle** ရက်စတောရင့်မှာ သူမနှင့် လုပ်ဖော်ကိုင်ဖက် နေ
က သတင်းပေးလာတော့ ဦးနေဇော်ကို သူမ သတိထားမိလာတာ
ဖြစ်သည်။

အသက်က သူမထက် ထက်ဝက်နီးပါး ကြီးသော ယောက်
ဒါပေမဲ့ ကြွယ်ဝချမ်းသာမှုက မက်မောလောက်သည်။

"ဦးနေဇော် တဲ့၊ သူ့မိန်းမက ဆုံးပါးသွားတာ ခြောက်နှစ်ကျေ
ပြီ၊ သားရင်း သမီးရင်းချာ တစ်ယောက်မှ မရှိဘူး။ ချမ်းသာတာကတော့
မမေးနဲ့ အစုရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီတွေအပြင် ရှမ်းပြည်နယ်ဘက်
မှာလည်း ပွဲရုံတွေ ခြံတွေအများကြီးပဲ"

နေရီ ကတော့ မက်လောက်အောင် ပြောပြနေခဲ့သည်။ သူ
လည်း ဆိုင်မှာ လာလာထိုင်ပြီး ဂရုစိုက်ပြီး စောင့်ကြည့် အကဲခတ်
ကြည့်မိ၏။

ဦးနေဇော် ဆိုသည့် ပုဂ္ဂိုလ်က အသက်အရွယ်နှင့်မလိုက်အော
အောင် နုပျိုသည်ဟု ဆိုရမည်။ အတူလာထိုင်သည့် လူတွေက အသော
သမားတွေ ဆိုပေမယ့် ဦးနေဇော်ကတော့ အရက်ကိုပဲ ကျွံအောင် သော





သတ်သူ ဟုတ်ဟန်မတူပါ။

အလိုက်သင့် စားသောက်ပြီး လုပ်ငန်းကိစ္စတွေကိုသာ ပြောဆို
နေတတ်တာ များသည်။

"ကဲ အားလုံးပဲဗျာ ကိစ္စတွေ ပြီးပြတ်ပြီဆိုရင် ပြန်ကြရအောင်"

"အာ ဦးနေကလည်း လောလိုက်တာ၊ နည်းနည်းပါးပါး ထပ်ချ
လိုက်ကြဦးစို့ဗျာ စောပါသေးတယ်"

"ဟုတ်သားပဲ ကိုနေဇော်ရာ အစောကြီး ရှိပါသေးတယ်ဗျ"

"ကျွန်တော် ဆက်မသောက်နိုင်လို့ပါ၊ ခင်ဗျားတို့ ဆန္ဒရှိရင်
ဆက်လုပ်ပါ၊ ကျသင့်ငွေကို ကျွန်တော် ရှင်းလိုက်မယ်"

"ဘာလို့ အဲဒီလောက်အထိ အလောသုံးဆယ် နိုင်နေရတာလဲ
ဗျာ အိမ်မှာ စောင့်နေမယ့် မဟေသီလည်း ရှိတာ မဟုတ်တဲ့နဲ့၊ ပြီးရင်
ကျွန်တို့နဲ့ လိုက်ခဲ့စမ်းပါဗျာ၊ ဒီည လိုတာ အကုန်ပြည့်ဝစေရမယ် အဟဲ"

"ဆောရီးဗျာ ကျုပ် အဲဒါတွေ လုံးဝ ဝါသနာ မပါဘူး"

ဦးနေဇော်၏ စိတ်ဓာတ်ကို သူမ အကဲခတ် လေ့လာနိုင်ခဲ့သည်။
ဆိုင်ကို လာရောက် စားသုံးကြသည့် ဧည့်သည်တွေထဲမှာ ဦးနေဇော်က
စိတ်ဓာတ်တည်ကြည် နိုင်မာသူ ဖြစ်သည်။

ဦးနေဇော်လို ယောက်ျားတစ်ယောက်ကိုသာ ချဉ်းကပ်နိုင်လျှင်
သူမ ဘဝ အနာဂတ်အတွက် ပြီးပြည့်စုံမှာ သေချာသည်။ သူမ စိတ်ကူး
တွေ အကောင်အထည် ဖော်ဖို့အတွက် ကြံစည်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း တည်ကြည်စွာ နေတတ်သည့် ဦးနေဇော်နှင့် ရင်း... နှင့်ခင်မင်အောင် သူမ ဖန်တီးသည်။

တစ်ရက်မှာ ဦးနေဇော်ရဲ့ ကားရှေ့မှောက်မှာ သူမ ထိပ်တိုက်... နှင့်ဆိုင်တိုးမိအောင် ကြံစည် ဖန်တီးသည့် ဇာတ်ကွက်က ရိုးစင်းလှ... သေးယ့် ထိရောက်ခဲ့ပါသည်။

ဦးနေဇော်ရဲ့ လင်ခရူဇာ ကားကြီးရှေ့မှောက်မှာ သူမ လဲ... ကျသွားတော့ ကားကို ကိုယ်တိုင် မောင်းလာသော ဦးနေဇော် ကားတံခါး... ဖွင့်ဆင်းလာပြီး သူမကို ရှုတည်တည် ကြည့်သည်။

"ကိုယ့်ကားက မင်းနဲ့ ငါးပေလောက် အကွာကြီးပါ၊ ဒါ... မင်း လဲကျသွားတယ်ဆိုတော့ တစ်ခုခုတော့ လွဲနေပြီ ထင်တယ် မိန်း... ကလေး"

"ဆော ဆောရီးပါ ကျွန်မ တောင်းပန်ပါတယ် ဦးနေဇော်"

သူ့နာမည်ကိုခေါ်ကာ သူမ တောင်းပန်တာမို့ သူ အံ့ဩသွား... ရသည်။ သူမကသာ သူ့ကို သိနေတာ ဖြစ်သည်။ ဦးနေဇော်ကတော့... သူမကို လုံးဝသိပုံ မရ။

"ဟို ဟိုလေ ယု အပြန်နောက်ကျနေလို့ အလောတကြီး... ဖြစ်သွားတာပါရှင်၊ ယု တောင်းပန် အ ကျွတ် ကျွတ်"

ကွန်ကရစ် လမ်းပေါ်မှာ ခွေလဲကျနေရာမှ သူမ ထအရပ်မှာ... ပြန်ယိုင်လဲကျတော့ ဦးနေဇော်က လက်မောင်းကို လှမ်းဆွဲထိန်းလိုက်ရ...

"မင်း ခြေထောက် တစ်ခုခု ဖြစ်သွားတယ် ထင်တယ်"

"ဟုတ် ဟုတ်တယ် ညာဘက် ခြေဆစ် နာနေတယ်၊ အ... ကျွတ် ကျွတ်"

သူမရဲ့ ပိရိသော ဟန်ဆောင်မှုကို ဦးနေဇော် ယုံကြည်သွားခဲ့တာ... ...တတ်သော စိတ်ကြောင့်ပဲ ဖြစ်မည် ထင်သည်။

"မင်းကို ငါ ဘာကူညီရမလဲ မိန်းကလေး"

"ဟို ဟို ရပါတယ်ရှင်၊ ကျွန်မ ဦးနေဇော်ကို ဒုက္ခပေးသလို... ...နေတာ စိတ်မကောင်းပါဘူး"

"မင်း ငါ့နာမည်ကို သိနေတာ ငါ့အတွက် ထူးဆန်းနေတယ်"

"ထူးဆန်းစရာ မဟုတ်ပါဘူးရှင်၊ ဦးနေဇော်က ကျွန်မတို့... ...မှာ အမြဲ လာအားပေးတတ်တဲ့ လူရင်းတစ်ယောက်ပဲလေ"

သူမ ဆိုတော့မှ အံ့ဩသလို တွန့်ကွေးနေသော သူ့မျက်ခုံး... ...ပြေလျော့သွားသည်။

"ဩော် မင်းက Angle က ထင်တယ်"

"ဟုတ်ပါတယ် ယု နာမည်က ယုယနွယ်ပါ၊ Angleက ဝန်ထမ်း... ...တစ်ယောက် ဆိုပါတော့ရှင်"

"ဟုတ်ပါပြီ အခု မင်းကို ငါ ဘာကူညီရမလဲ မိန်းကလေး၊... ...လမ်းလျှောက်ရ ခက်ခဲနေသလား"

"ဟုတ် ဟို ဟိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ငါ့ကို အားနာစရာ မလိုပါဘူး၊ မင်း မလျှောက်နိုင်ဘူး
ဆိုရင် ငါ တူညီပါ့မယ်"

ထိုနေ့က သူမ နေထိုင်သော တိုက်ခန်းတံခါးဝအထိ ဦးနေဇော်
က တွဲပို့ပေးခဲ့သည်။ သူမရဲ့ ကျေးဇူးတင်စကားကို အသိအမှတ်
ခေါင်းတစ်ချက် ညိတ်ပြရုံကလွဲပြီး ဘာစကားအပိုတွေ ဆိုမသွားခဲ့
တိုက်ခန်းလေးမှာ တစ်ယောက်တည်းနေသော သူမအကြောင်း
ကိုလည်း ဦးနေဇော်က စပ်စုမသွားခဲ့ပါ။

ဒါပေမဲ့ ဦးနေဇော်နှင့်သူမ မျက်မှန်းတန်းမိသွားခဲ့တာတော့
အမှန်ပဲ ဖြစ်သည်။

နောက်ပိုင်း ဆိုင်ကို ဦးနေဇော် ရောက်တိုင်း သူမကို ရင်း
စွာ ပြုံးပြနှုတ်ဆက်တာမျိုးတော့ ရှိသည်။ ဦးနေဇော်လို လူတစ်ယော
ကို အပိုင်ဆွဲဆောင်နိုင်ဖို့ ဆိုတာ လွယ်ကူသည့်ကိစ္စ မဟုတ်မှန်းလည်း
သူမ သဘောပေါက် နားလည်ခဲ့သည်။

အခွင့်အရေးကို စောင့်မျှော်မရနိုင်တော့ သူမဘက်က ဖန်
ဖို့အတွက် အခွင့်အရေးကို ဖန်တီးရသည်။

အရက်ကို ဘယ်တော့မှ လွန်ကျွံအောင် မသောက်တတ်သည့်
ဦးနေဇော် သောက်မည့် ခွက်ထဲကို လက်သည်းဖျားခန့် ဆေးပြားတော
ထည့်ရတာကတော့ သိပ်မခက်ခဲပါ။

ပြီးတော့ အခြေအနေကို စောင့်ကြည့်ပြီး သူမဘက်က အား





...ဉ်ထားခဲ့သည်။ ထိုနေ့က မိတ်ဆွေနှစ်ယောက်နှင့် အတူ ထိုင်ပြီး
...ဇော် ဆိုင်ထဲက ပြန်ထွက်တော့ ခြေလှမ်းတွေ ဒယိမ်း ဒယိုင်နှင့်
...ည်။

"ဘယ်လိုဖြစ်တာလဲ ကိုနေဇော်၊ ဘာမှမသောက်ဘဲနဲ့ဗျာ"

"အေးဗျာ ကျုပ် ဘာဖြစ်သွားမှန်း မသိဘူး"

"တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ခင်ဗျား ပြန်လို့
...ထား"

"ရတယ် ရတယ် မပူနဲ့ ဘာမှမဖြစ်ဘူး"

မိတ်ဆွေ နှစ်ယောက်နှင့် လမ်းခွဲပြီး ဦးနေဇော် ကားတံခါး
...က်တုန်းမှာ သူမ ကားအနီး ရောက်သွားခဲ့၏။

"အစ်ကိုကြီး"

သူမ ခေါ်သံကြောင့် ဦးနေဇော် ခေါင်းထောင်ပြီး ကြည့် သည်။
...မျဉ်တွေက လေးပင်လျက် သူမကို အတော် အားစိုက်ကြည့် နေပုံပါပဲ။

"မင်း ဘယ် သူလဲ"

"နွယ် ပါ ယုယနွယ်လေ"

"ဪ အင်း မိန်းကလေး ငါ ပြန်တော့မလို့"

"အစ်ကိုကြီး အရမ်းမူးနေတယ် ထင်တယ်၊ ပြန်လို့ ဖြစ်ပါ့
...ား"

"ဖြစ်တယ် ငါ ငါ"



www.burmeseclassic.com

www.burmeseclassic.com



စကားတို့တောင် အဆုံးမသတ်နိုင်ဘဲ ဦးနေဖော် ဒက်ရှ... ပေါ် ခေါင်းမှိုထိုးစိုက်ကျသွားသည်။

သူမ ကျေနပ်စွာ ပြုံးရင်း ကားပေါ်တက်သည်။ ဖိမ်ခံ ပါ... ကားကြီးကို သူမကိုယ်တိုင် မောင်းနှင်ပြီး ဦးနေဖော်ကို သူမရဲ့ တိုက်... လေးဆီ ခေါ်ဆောင်ခဲ့သည်။

ဘာဆိုဘာမှ မသိအောင် သတိလစ်နေသော ဦးနေ... တစ်ယောက် ထိုညက သူမရဲ့ အိပ်ခန်းထဲ ရောက်ရှိနေတာကို တစ်... လုံး ကျေနပ်စွာ ထိုင်ကြည့်ရင်း သူမ ပျော်ရွှင်နေခဲ့သည်။

ဒါ သူမဘဝအတွက် ပြောင်းလဲမှု တစ်ခု ဖြစ်စေရမည်။

လောကကြီးထဲကို မိမဲ့ဖမဲ့ဘဝနှင့် သူမ ရောက်ခဲ့ရ... အတိတ်မှာ မကျေနပ်မှုတွေ၊ အလိုမကျ နာကျင်စရာတွေက အ... ကြီးရှိခဲ့၏။

အဖေနှင့်အမေကို ငယ်စဉ် လူမမယ်ကတည်းက ဆုံးရှုံးခဲ့... သူမ ရှင်သန်ခဲ့ရသည်က ဖေဖေ့ဘက်က ညီဝမ်းကွဲ တော်စပ်သ... ဦးလေးအိမ်မှာ ဖြစ်သည်။

ဦးလေးက သူမအပေါ် ကောင်းပေမယ့် သူစိမ်းဖက်သ... ဦးလေးရဲ့ဇနီးသည်က အလိုမရှိခဲ့ပါ။ ပြီးတော့ သူမနှင့် အရွယ်... ဦးလေးရဲ့သမီးနှင့် မောင်ငယ်ကလည်း သူမကို အနိုင်ကျင့်ခဲ့သည်။

အရာရာကို ခေါင်းငုံ့ခံရင်း နာကျည်းချက်တွေကို မျိုသိပ်ထ...





...သူမရဲ့ ရင်ထဲမှာ ကြာတော့ ပြည့်နှက်လာ၏။

ဦးလေးဆုံးတော့ သူမ ဆယ်တန်းကျောင်းသူ ဘဝပဲ ရှိသေး... ...ပညာရေးကို ထွန်းပေါက်ချင်ပေမယ့် အခြေအနေတွေက ပေး... ...ခဲ့ပါ။

ဦးလေး မရှိတော့သော အိမ်မှာ သူမ ဘဝက အိမ်စေ... ...ယောက်ပမာ အနှိမ်ခံရခြင်းများစွာနှင့်ဖြစ်သည်။

နောက်ဆုံးတော့ နှောင်တွယ်စရာ မရှိသော မိသားစုကို သူမ ...ခွာခဲ့သည်။

အလှပြင်ဆိုင်လေးမှာ သူမ ဘဝကို ရှန်းကန်ခဲ့သည်။ ပြီး... ...တော့ စားသောက်ဆိုင်ကို ရောက်သည်။

သည်မှာပဲ သူမ မြင်တွေ့နေရသော ပတ်ဝန်းကျင်၊ ပေါင်း... ...သက်ဆံနေရသော မိတ်ဆွေတွေရဲ့ အတွေးအမြင်တွေက ကူးစက် ...ခဲ့၏။

"လောကကြီးမှာ ငွေက အရေးကြီးဆုံးပဲ၊ ငွေမရှိတဲ့ ဘဝကြီး ...လူဖြစ်နေတာ လူဖြစ်ရှုံးတယ်"

"သဖင် ပြောတာ ငါ လက်ခံတယ်၊ ဘဝကို ဘာမဟုတ် ...ဟုတ်နဲ့ အဆုံးသတ်မသွားချင်ဘူးဟာ"

သူမနဲ့ဘဝတူ သူငယ်ချင်းတွေလိုပဲ သူမရဲ့စိတ်တွေလည်း ...ပြောင်းလဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဇော်ကို ဆုံတွေ့လိုက်ရချိန်မှာတော့ သူမ ဆုံးဖြတ်ချ…
တွေ ပိုလို့တောင် ခိုင်မာခဲ့ရသည်။

အခု သူမ အခန်းထဲမှာ ဦးနေဇော် ရောက်နေပြီ။ သူမထံ…
အသက်ထက်ဝက်နီးပါး ကြီးပေမယ့် ပြည့်စုံချမ်းသာမှုတွေက မက်…
လောက်စရာ ကောင်းသည်။

ဒါတွေအတွက် သူမ ဘာကြောင့် မရင်းနိုင်ရမှာလဲ။

တိတ်ဆိတ်စွာ ဖြတ်သန်းနေသော ညကို ရင်ဆိုင်ရင်း သူ…
ဦးနေဇော် အိပ်ပျော်နေသော နံဘေးမှာ လှဲချလိုက်သည်။

အခုလောက်ဆို ဦးနေဇော် အိပ်မက်တွေ မက်နေမည်လား…
သောကကင်းစွာ အိပ်ပျော်နေမည်လား။

သူမကတော့ လှပသော အနာဂတ်အတွက် အိပ်မက်လှလှ…
လေးတော့ မက်နေခဲ့တာ သေချာပါသည်။

■ ■ ■

မနက်မိုးလင်းတော့ ဦးနေဇော် သွေးမျက်ရည်တွန်လှုပ်နေတ…
သေချာသည်။ အခန်းထဲက ခုတင်လေးပေါ်မှာ ဝုတ်တုတ်ထိုင်ရင်း တသိ…
သိမ့် ရှိုက်ငိုနေသော သူမကို ကြည့်ရင်း

"မိန်းကလေး ဘာတွေဖြစ်ကုန်တာလဲ ငါ ဘယ်လို မင်းအခန်း…
ထဲကိုရောက်နေတာလဲ"

ဦးနေဇော် မယုံနိုင်သလို မေးသည်။ သူမ ရှိုက်သံလေးတွေ…





…ဦးနေဇော်ကိုမော့ကြည့်ရင်း ဟန်ဆောင်ကောင်းတတ်ခဲ့ပါသည်။

"အစ်ကိုကြီး ဘာမှမမှတ်မိဘူးလား ညတုန်းက အစ်ကိုကြီး
…နေတယ် နွယ်ကို ဖွတ်ပြန်လိုက်ဖို့ ခွင့်တောင်းတယ် ပြီးတော့
…ပြန်တော့ဘူးဆိုပြီး"

"ဟာ မဟုတ်တာ မဟုတ်နိုင်ဘူး ငါ ဒီလိုမလုပ်နိုင်ဘူး တစ်ခု
…သော့မှားနေပြီထင်တယ်"

"အစ်ကိုကြီးရယ် နွယ်လည်း ရုန်းကန်ငြင်းဆန်ခဲ့ပါသေးတယ်
…ခဲ့ အစ်ကိုကြီးရဲ့ ကတိစကားတွေပေးပြီး တောင်းဆိုနေတော့ နွယ်
…ငြင်းနိုင်ခဲ့ဘူးလေ"

"ဟာ သွားပြီ သွားပြီကွာ"

ဦးနေဇော် မကျေမနပ်ပေါက်ကွဲဆိုရင်း ငူငူကြီးရပ်နေခဲ့သည်
…ကို ငေးကြည့်ရင်း ချက်ချင်းဘာစကားမှမဆိုနိုင်ခဲ့။ အတန်ကြာမှ

"မိန်းကလေး ငါမင်းကို ဘာတွေ ကတိပေးခဲ့သလဲ မင်းကို
…ဘာကူညီပေးရမလဲ ပြောပါ"

"အစ်ကိုကြီး နွယ့်ကို လက်ထပ်ဖို့ပဲလိုတာပါ"

"ဟင်"

ဦးနေဇော် ခေါင်းကို သွက်သွက်ခါရမ်းရင်း ငြင်းသည်။

"မဖြစ်နိုင်ဘူး မိန်းကလေး မင်းနဲ့ငါ့အသက်က တော်တော်
…ကွာတယ်ကွာ ပြီးတော့ ငါ့မှာ သမီးလေးတစ်ယောက်ရှိတယ် ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးရိပ်မကောင်းတဲ့ ငါ့မွေးစားသမီးလေးပါ''

မွေးစားသမီးတဲ့ ဒါကိုသူမ မသိခဲ့၊ မကြားခဲ့။ ဒါပေမဲ့ ဒါသည် သူမ ရည်ရွယ်ချက်ကို ပြောင်းလဲစေနိုင်သော ကိစ္စမဟုတ်လေတော့

''အစ်ကိုကြီး နှယ်ကို ဘာ့ကြောင့် ငြင်းနေတာလဲဟင် နှယ် ဘဝကို နှယ် အရိုးသားဆုံး ရှင်သန်နေထိုင်ခဲ့တာပါ နှယ့်ဘဝကို အစ် ကြီး မဖျက်စီးပါနဲ့နော် အဟင့် ဟင့် နှယ်တောင်းပန်ပါတယ်''

မျက်ရည်စတွေနှင့် သူမ တောင်းပန်စကားတွေကို ငြိမ်သက် နားထောင်နေရင်း ဦးနေဇော် တိတ်ဆိတ်နေတာ အကြာကြီး။ ပြီး ပင့်သက်မောကြီး ရှိုက်ရင်း

''ကောင်းပြီ မိန်းကလေး၊ ငါ့ရဲ့သိက္ခာတရားနဲ့ မင်းရဲ့ဘ အတွက် ငါ တာဝန်ယူပါ့မယ်''

ထခုန်မိမတတ် ဝမ်းသာစိတ်ကို ထိန်းရင်း သူမ မျက်ရည်တွေ ပွတ်သုတ်နေမိသည်။

ဦးနေဇော်ရဲ့ တရားဝင်ဇနီးမယားတစ်ယောက်အဖြစ် ဦးနေ ရဲ့ဘဝထဲကို သူမ ဝင်ရောက်ခွင့်ရခဲ့ခြင်းသည် တကယ့်လက်တွေ့ သည်။

ခမ်းနားထည်ဝါသော ဦးနေဇော်ရဲ့ အိမ်ကြီးကို သူမရော ခဲ့သည့်အဖြစ်က အိပ်မက်ဆန်လွန်းပါသည်။ ပြီးတော့ ဦးနေဇော် သူမကို လက်ထပ်ခဲ့ပေမယ့် ချစ်ခင်မြတ်နိုးမှုကင်းမဲ့ခဲ့သည်။





မာယာလှောင်အိမ်တစ်ခုမှာ ချုပ်နှောင်ခံလိုက်ရခြင်းဆိုတာ ဦးနေဇော်သိနေပုံရှိသည်။ ဒါပေမဲ့ ယောကျ်ား တစ်ယောက်ရဲ့ သိက္ခာ တရားအတွက် ဦးနေဇော်က တရားဝင်လက်ထပ်ခဲ့၏။

''ဒါ သံယောဇဉ်တဲ့ ငါ့ရဲ့သမီးပဲ မိနှယ် မင်းဒီကိုရောက်လာပြီ ဆိုတော့ သမီးလေးဖဉ်အတွက် အဖော်ကောင်းဖြစ်မယ်လို့ ငါမျှော်လင့် တယ်''

ဦးနေဇော် ဖြစ်လိုသောဘဝမှာ သူမ နေထိုင်နိုင်အောင် ကြိုးစား ခဲ့သည်။ သံယောဇဉ်လေးအပေါ်မှာလည်း အချစ်ပိုသလိုနေပြခဲ့သည်။

ဒါပေမဲ့ ဦးနေဇော်က သူမကိုတယ်တော့မှ မျက်နှာသာမပေးခဲ့ ဒါ အိမ်ကြီးကိုရောက်တော့ သူမအတွက် ထိုက်သင့်သော လက်ဝတ် ရတနာတစ်စုံ ဆင်မြန်းပေးတာကလွဲလို့ ဘာမှ မလိုက်လျောခဲ့ပါ။

အပြင်ထွက်တာတောင် သူမကိုခေါ်မသွားတတ်ခဲ့။

''ငါ့အသက်ထက် ထက်ဝက်လောက်ငယ်တဲ့ မိန်းမကိုတွဲပြီး လူကြားထဲ ထွက်ရအောင် ငါအရှက်မမဲ့ဘူး မိနှယ်၊ မင်းကငါ့ဘဝထဲကို ဆင်လာခဲ့တာလေ၊ မင်းနေတတ်အောင်နေပါ၊ ငါဘာမှ မလိုက်လျောနိုင် ဘူး''

ငွေကြေးတစ်ပြားတစ်ချပ်ကအစ နှယ့်လက်ထဲကို ဦးနေဇော် ကြည့်ပြီး ထည့်မပေးခဲ့ပါ။ ထားရာနေ စေရာသွားဘဝမှာ နှယ် နေတတ် အောင် နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ နွယ့်အတွက် ထိုက်သင့်သောအရာတစ်ခုပြန်ရ ဟု ထင်ခဲ့သည်။ မကြင်နာတတ်သော ဦးနေဇော်ရဲ့ ချစ်ခင်ယုယမှု လည်း မလိုချင်တော့ပါ။ နွယ် အနာဂတ်အတွက် ပြည့်စုံမှုတစ် လိုချင်ခဲ့သည်။

ပိုလို့ဆိုးခဲ့သည်က ဦးနေဇော် ကားအက်စီးဒင့်ဖြစ်ကာ ဒုကို ဘဝရောက်သွားခဲ့ခြင်း ဖြစ်သည်။

ထိုဘဝရောက်မှ ဦးနေဇော် ပိုလို့ သွေးအေးဆက်ဆံလာသ

“မိန္နယ် မင်းဘဝကြီးကို ငါ့အတွက် မနစ်မွန်းစေချင်ဘူး မင ငါကွာရှင်းပေးမယ် မင်းဘဝကို မင်းဆက်ရှင်သန်ပါ”

“ဟင့်အင်း ဒီလိုမပြောပါနဲ့ အစ်ကိုကြီးရယ် နွယ် အစ်ကိုကြ ကို အနားမှာစောင့်ရှောက်သွားမှာပါ”

သူပေးလာသော အခွင့်အရေးကို သူမ ငြင်းဆိုခဲ့တာ သူမ ရှုယ်ချက်နှင့် ဖြစ်သည်။ ဦးနေဇော် ဘာမှမလုပ်နိုင်တော့ လုပ်ငန်းတွေ သူမ ဦးစီးဆောင်ရွက်ခွင့်ရ၏။

ဒါတွေကို လုပ်ကိုင်ရင်း ဦးနေဇော်ရဲ့ လက်ရှိပိုင်ဆိုင်မှုတွေ သူမပိုသိလာခဲ့သည်။

ဦးနေဇော်ရဲ့ ကြွယ်ဝချမ်းသာမှုတွေက သူမ ထင်မှတ်ထားသ ထက်တောင် ကြီးမားနေခဲ့၏။

ဒါတွေ အားလုံးကို ပိုင်ဆိုင်ဖို့အတွက် သူ ဒုက္ခတွေကို ကာ





င်းတစ်ခုအထိတော့ ခံယူဖို့ဆုံးဖြတ်ထားသည်။

သူမ စိတ်ကူးတွေက လက်တွေ့ဘဝမှာ ထင်ထားသလောက် မလာခဲ့ပါ။

ဦးနေဇော်က အမြဲတမ်း သံသယနှင့် သတိထားကြည့်သည်။ သူမထက် လူယုံတော် ဦးစိုင်းမောက်ကို ပိုအားကိုးသည်။ ထို့အတွက် သူမ လုပ်ချင်သလို လုပ်ခွင့်မရခဲ့။

သည်အချိန်မှာ နေအထက်နှင့်တွေ့တော့ မရင့်ကျက်သေးသော သူမ နှလုံးသားက အပျော်ကိုတပ်မက်ခဲ့သည်။

ဒါတွေကို ဦးနေဇော် သိလို့မဖြစ်။ တခဏ အပျော်အဖြစ် ရှာမိ သော နေအထက်က အိမ်ထဲရောက်လာတာ သူမအတွက် ဒုက္ခရာယ် တစ်ခု။ လက်ရှိအချိန်မှာ အရာရာကို ရင်ဆိုင်ဖို့ သူမ အမြဲ သတိရှိနေ ရသည်။ ဦးနေဇော်တစ်ယောက် သူမ မသိအောင် လျှို့ဝှက်စီမံ နေတာတွေ အတွက် သိအောင် ကြိုးစားရမည်။

အတွေးမောတွေနှင့် ချာလည်ရင်း သူမ အိပ်ပျော်သွားခဲ့တော့ ည့်သန်းခေါင်ကျော်ခဲ့ပြီ။

ညသည် အပြင်မှာ တိတ်ဆိတ်စွာ လျှို့ဝှက်ခြင်းဖြင့် ငြိမ်သက် နေဆဲ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေအထက် မျက်လုံးတွေ ဝိုင်းစက်သွားသည်။

အပြာနုရောင်ဂါဝန်လေးနှင့် မြင်နေရသော မိန်းကလေး
အလှတွေထဲမှာ သူ နစ်မျောနေခဲ့တာ အတော်ကြာသည်။

ကောင်မလေးကတော့ သူ ရှိနေတာကို မမြင်ပါဘဲ ပန်းခြံ
မှာ လွတ်လွတ်လပ်လပ် လမ်းလျှောက်နေသည်။

သံယောဇဉ် ဆိုတဲ့ကောင်မလေးပဲဟု သူ အတပ်သိသည်
နုပျိုသောအရွယ်နှင့် ငေးလောက်သောအလှက သူ့ကိုဖမ်းစားနိုင်စွမ်းထ
အမှန်။ မ ပြောသော ဦးနေဇော်ရဲ့ မွေးစားသမီးကို ဒီတစ်ခါ
ထင်ရှားစွာ မြင်နေလိုက်ရ၏။

သူ့ခြေလှမ်းတွေက သံယောဇဉ် ရပ်နေသော နှင်းဆီပန်း





...အထိ ရောက်လာခဲ့သည်။

ကျောပေးထားသော ကောင်မလေးက သူ့ခြေသံကြောင့် ထင်
...ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟင်"

မျက်လုံးလေးတွေ ဝိုင်းစက်ပြီး ထိတ်လန့်သွားတာ အထင်အ
... ပြီးမှ ချက်ချင်း အိမ်ဘက်ကို ပြန်ဦးလှည့်ဖို့ပြင်နေတာမို့

"သံယောဇဉ် နေပါဦး"

"ဟင် ရှင် ရှင် ဘယ်သူလဲ"

သူမရှေ့ကပိတ်ရပ်ရင်း သူဘောင်းဘီထဲ လက်နှိုက်ကာ တည်
...ငြိမ်ငြိမ်ပဲ ပြုံးပြလိုက်သည်။

"တို့နာမည် နေအထက်တဲ့ မင်းတို့အိမ်လာလည်တဲ့ ဧည့်သည်
...ပါတော့"

"ဟို ဟို ကျွန်မ သွားတော့မယ်"

"နေပါဦး သံယောဇဉ် မင်းကို နာမည်နဲ့ ရင်းနှီးနေတာ ကြာ
..."

"ရှင် ကျွန်မကို ရှင်က သိတယ်"

"မင်းအဖေနဲ့ ကိုယ့်အဖေက မိတ်ဆွေရင်းကြီးတွေပဲကွာ ကိုယ်
တို့တောင်ကြီးကို လာလည်တိုင်း ဦးနေဇော်က မင်းအကြောင်း ပြောပြ
တာလေ"



www.burmeseclassic.com

www.burmeseclassic.com



နေအထက် ခပ်တည်တည်ပဲ လိမ်ညာသည်။ ဒါကို ကော
လေးက သံသယ မဖြစ်ဘဲ ယုံကြည်သွားဟန်တူ၏။

"ဘဘက ရှင့်အဖေနဲ့ မိတ်ဆွေတွေပေါ့"

"စီးပွားဘက် ပါတနာတွေပါ မင်းဘဘနဲ့ ကိုယ့်ဖေဖေ
သိပ်ပြီး ခင်မင်ကြတာ အခုကိုယ့်အဖေလည်း ဆုံးရှာပါပြီ"

"အို စိတ်မကောင်းပါဘူး ရှင်"

ဒီကောင်မလေး စာနာသနားတတ်သော စိတ်ကလေးရှိပုံရ
သူ့စကားကြောင့် စိတ်မကောင်းသလို မျက်နှာလေးညှိုးသွားတာ သူမြင်

"ဘဘကလည်း အခုချိန်မှာ ဒုက္ခတတစ်ယောက်လိုပါပဲ"

"ကိုယ်သိတယ် ဦးနေဇော်ရဲ့အလုပ်တွေကို ဒေါ်ယုယနွယ်
တာဝန်ယူနေတာဆိုတော့ သူနဲ့ကိုယ်က အမြဲတွေ့တယ်လေ၊ မင်းကိုတော့
အခုမှ မြင်ဖူးတာကွ"

ဒေါ်ယုယနွယ် အမည်ကြားတော့ သူမခြံထဲကို မျက်လုံးလေ
လှည့်ပတ်ဝေ့ကြည့်ကာ စိုးရိမ်သွားဟန်နှင့်

"ကျွန်မ သွားတော့မယ်နော်"

"နေပါဦးကွာ ဘာဖြစ်လို့လဲ"

"အန်တီယုက ကျွန်မ အပြင်ထွက်တာ မကြိုက်ဘူး"

"ဒေါ်ယုယနွယ်ကို ကြောက်လား သူ မရှိပါဘူးကွ၊ မနက်က
တည်းက အပြင်ထွက်သွားတယ်"





"အန်တီယု မရှိပေမယ့် ဒီခြံထဲက လူတွေက အန်တီယု လူတွေ
ရှင်နဲ့ကျွန်မ စကားပြောနေတာ တွေ့ရင် မကောင်းဘူး၊ ဇော်ကို
ဦးနော်"

စိုးရိမ်သလို တောင်းပန်ရင်း သံယောဇဉ် ထွက်သွားသည်။
တလေးကို လှမ်းဆွဲပြီး နေအထက် တားဖို့ပြင်သေးသည်။ ဒါပေမဲ့
ောင့်တစ်နေရာက လှမ်းကြည့်နေသော ဦးစိုင်းမောက်ကို မြင်လိုက်
မှ မတားဖြစ်တော့။

ဒီလူကြီးက အန္တရာယ်ဆိုတာ မ ပြောထားသည်။

အခုလည်း သူနဲ့ဇော်တို့ စကားပြောနေတာကို ဘယ်အချိန်က
ည်းက ရပ်ကြည့်နေသည်မသိ။ မျက်ဝန်းတွေက စူးရှပြီး အကဲခတ်
တာ အထင်အရှား။

နေအထက် အသာလေးပြန်လှည့်ကာ ထွက်ခဲ့၏။

အခုလို သံယောဇဉ်နှင့် စကားပြောဖြစ်တာကို မ သိလျှင်
ပ်မှာမဟုတ်။ ဒီအိမ်ကြီးမှာနေလျှင် သတိနှင့်နေဖို့ မ မှာထားသည်။
စိတ်အနှောင့်အယှက် ဖြစ်အောင်တော့ သူ မပြုသင့်ပါ။

ယုယနွယ်ဆိုသော မ သည် သူ့အနာဂတ်ဘဝကို ဖန်တီးပေး
ည့်သူဟု သူ ယုံသည်။

ဒါပေမဲ့ သံယောဇဉ်ဆိုသော အလှပဂေးလေးနှင့်တော့ သူ
င်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်တည်းနေပြီး တစ်ခါမှ မဆုံခဲ့တာ နှမြောစရာကောင်းသည်။ နပျိုပြီးလှသော အလှမင်းသမီးတစ်ပါး ဒီခြံကြီးထဲမှာ ရှိနေတာ သူသိခဲ့ပြီ။

ဒါပေမဲ့ အလှအပဆိုတာ မက်မောစရာ မဟုတ်ဟု သူ ခံယူထားသည်။ ဘဝမှာအရေးကြီးဆုံးက ငွေ။

ငွေရှိလျှင် ဘာမဆို ရနိုင်ဖြစ်နိုင်တာ နေအထက်ရဲ့ ခံယူချက်ဖြစ်သည်။

ဒီတော့ သံယောဇဉ်ဆိုသော ကောင်မလေးကိုတော့ ခေါင်းထဲက ထုတ်ပစ်ထားရမည်။

သူ့အနာဂတ်တစ်ခုကို မိန်းမတစ်ယောက်ကြောင့် မပြိုကွဲစေပါ။ အခုချိန်မှာ အရေးကြီးဆုံးက မ ပဲဖြစ်သည်။

ယုယနွယ်ဆိုသော မ သည်သာ သူ့အ  နာဂတ်ကို ထုဆစ်ပေးမည့်သူ။

■ ■ ■



## အခန်း (၁၂)

"ကျုပ်ပိုင်ဆိုင်သမျှ အမွေတွေအတွက် လေးပုံသုံးပုံတိတိကို သမီးလေး ဇဉ် အမည်နဲ့ လွှဲပေးချင်တယ်၊ ကျန်တဲ့ တစ်ပုံကိုတော့ နွယ်နာမည်နဲ့ ပေးမယ်၊ အဲ့ဒါအတွက် ရှေ့နေကြီးစီစဉ်ပေးပါ"

ဧည့်ခန်းဆောင်ကြီးထဲမှာ ကြားနေရသော ဦးနေဇော်အသံတွေက တည်ငြိမ်ပြတ်သားလွန်းနေသည်။ ပြီးတော့ ရှေ့နေကြီးနှင့် ဆွေးနွေးတိုင်ပင်မှုတွေကို ဆက်ပြီးကြားရသည်။

ယုယနွယ် မယုံနိုင်စွာ အံတင်းကြိတ်ရင်း နားကျင်ခံရခက်နေသည်။ မနေ့က ရှေ့နေကြီး ထပ်ရောက်လာတာမို့ ဦးနေဇော်တို့ ဆွေးနွေးကြတာကိုအသံဖမ်း ရီကောဒါလေးနှင့် သူလျှို့ဝှက်စွာ ဖမ်းနားထောင်ဖြစ်သည်။

အခုတော့ ဦးနေဇော်က အမွေခွဲဝေစီမံမှုကို လျှို့ဝှက်စွာစီစဉ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘာကြောင့်လဲ သူမ သိလိုက်ရပြီ။

မိဖဉ်အတွက် လေးပုံသုံးပုံတဲ့၊ သူမအတွက်ကျ တစ်ပုံထဲတဲ့။ တွေးရင်း ဒေါသတွေ တလိပ်လိပ်တိုးလာတာမို့ သူမ ဝုန်းခနဲ ထရပ်လိုက်မိသည်။ ပြီးတော့ ကက်ဆက်ကို ကိုင်ဆွဲကာ သူမ ဦးနေဖော် အခန်းဆီသို့ ထွက်ခဲ့သည်။

အရင်လိုအခန်းတံခါးခေါက်ပြီး ခွင့်တောင်းမနေနိုင်တော့ဘဲ ဝုန်းခနဲ တံခါးကို တွန်းဖွင့်ဝင်ခဲ့သည်။

"ဟင် မိနွယ်"

အခန်းထဲက ခုတင်ပေါ်မှာ ဦးနေဖော် လှဲနေသည်။ ခုတင်နံဘေးမှာ ထိုင်ရင်း ဦးနေဖော်ကို နှိပ်နယ်ပြုစုပေးနေ သူက သံယောဇဉ်။

"မိနွယ် မင်းငါ့ဆီ ခွင့်မတောင်းဘဲ ဘာလို့ဝင်လာတာလဲ"

"ဘာလို့ ဝင်လာတာလဲ ရှင်သိချင်ရင်[illegible]ရှု[illegible] ဟော်ကက်ဆက်ခွေကို နားထောင်ကြည့် ဦးနေဖော်"

ဒေါ်ယုယနွယ် မျက်နှာကြီး ရဲရဲနီမြန်းလျက် ခုတင်နံဘေးကစားပွဲပေါ် ကက်ဆက်လေးကို ဆောင့်တင်သည်။ ပြီးတော့ ခလုတ်ကိုနှိပ်ဖွင့်ပြတော့ ဦးနေဖော် အံ့ဩသွား၏။

"ကဲ ဒါ ဘာသဘောလဲ ဦးနေဖော်"

"မင်းက ငါတို့စကားပြောတာကို ခိုးကြောင်ခိုးဝှက် ဖမ်းထားတာပေါ့လေ"





"ဟုတ်တယ် ရှင် ထင်ချင်သလိုထင် ရှင်ကိုယ်တိုင် လျှို့ဝှက်ပြီးဉ်နေခဲ့တာကို အခုကျွန်မ သိလိုက်ပြီ ဦးနေဖော်"

"အဲဒီတော့ ဘာဖြစ်သလဲ မိနွယ် ငါ့စိတ်တိုင်းကျ စီစဉ်ခဲ့တာပဲ"

"ဘာ ရှင်ဒီလိုလုပ်တာ ကျွန်မ လက်မခံဘူး"

ဒေါ်ယုယနွယ် ဘာဘာကို ရှင်တွေ ငါတွေသုံးကာ ကြမ်းတမ်းက်ဆံနေတာမျိုး ဖဉ် ဒီတစ်ခါပဲ မြင်ဖူးသည်။

ဘာဘာကလည်း ဒေါသတွေနှင့် တုံ့ပြန်ပြောနေ၏။ ဖဉ် တစ်က်တည်း မျက်နှာငယ်လေးနှင့် တိတ်ဆိတ်စွာ။

"မင်းလက်မခံလည်း ငါဂရုမစိုက်ဘူး မိနွယ် မင်းကိုငါ့အမွေလေးပုံတစ်ပုံ ခံစားခွင့်ပေးတာတောင် များနေပြီ"

"ဘာပြောတယ်"

"မင်းကို ငါ ဘာကြောင့် လက်ထပ်ခဲ့ရသလဲ မင်း အသိဆုံးပဲ မင်းကို ငါသိပ်ရွံတယ် မိနွယ်"

"အဲ့ဒါကို ကျွန်မ ဂရုမစိုက်ဘူး ဦးနေဖော် ဒီအမွေလွှဲစာချုပ်ကိုနိပြုပြင်ပေးမလား၊ မပေးဘူးလားပဲ ကျွန်မသိချင်တယ်"

ဒေါ်ယုယနွယ် ခြိမ်းခြောက်သလို မေးသည်။ ဦးနေဖော်ကယုယနွယ် မျက်နှာကို ရွံရှာစွာ စိုက်ကြည့်နေရင်း တည်ငြိမ်စွာဖြေ၏။

"ငါ ဘယ်လိုနည်းနဲ့မှ မပြင်ပေးနိုင်ဘူး မိနွယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆတ်ဆတ်တုန်လျက် အန်တီယု ဒေါသထွ
နေတာကို ဇော်ဦး ဒါပထမဆုံး မြင်ဖူးတာ ဖြစ်သည်။ အန်တီယု အသွင်
ခုချက်ချင်း အန္တရာယ်ပြုတော့မည့် ကျားရိုင်းတစ်ကောင်လို။

"ကျွန်မဘဝ တစ်ခုလုံး ရင်းပြီး ရှင် အလိုမရှိမှန်းသိရ
အနားမှာ သည်းခံပြီးနေခဲ့တာ၊ အခု ရှင်ပေးမယ့် မစို့မပို့ ငွေလေးအတွ
မဟုတ်ဘူး"

"မိန္ဒယ် မင်းဘဝအတွက် ပြည့်စုံလုံလောက်အောင် ငါေ
တာပါ ဒါနဲ့တောင် မင်းက မကျေနပ်ဘူးလား"

"မကျေနပ်ဘူး မိဇော်နဲ့နိုင်းယှဉ်ရင် ကျွန်မ ဒီလောက်ပဲ ရ
သလား၊ ရှင် ဒီလိုမလုပ်နဲ့ ကျွန်မ လက်မခံဘူး ၊ ဒီအတွက် လူသ
လည်း ဝန်မလေးဘူး မှတ်ပါ"

ဒေါ်ယုယနွယ် စကားကြောင့် ဇော်ဦး ခန္ဓာကိုယ်လေး ဆတ်
တုန်သွား၏။ ဦးနေဇော်က ရူးရူးရဲရဲမျက်ဝန်းတွေနှင့်သာ တုံ့ပြန်ကြည့်
၏။

"ဘ ဘဘ ဘဘကြီး"

အခန်းထဲကို အမောတကော ပြေးဝင်လာသော မိအေး အန်
ယုကိုပါမြင်လိုက်တော့ တုံ့ခနဲ ဖြစ်သွား၏။

"မိအေး နင်ဘာလာလုပ်တာလဲ"

"ဟို ဟို ပြော ပြောစရာရှိလို့ပါ အခုပဲ ဖုန်းဝင်လာတယ်





ိုင်းမောက် ကားမှောက်လို့တဲ့"

"ဟင်"

မိအေး စကားကြောင့် ဒေါ်ယုယနွယ် မင်သက်သွားသလို ဦးနေ
ော်လည်း ခုတင်ပေါ်က မထနိုင်ဘဲ ထဖို့ယောင်ယမ်း ကြိုးစားနေ၏။

"အခြေအနေက ဘာတဲ့လဲ မိအေး"

"ဦးစိုင်းမောက်နဲ့အတူပါတဲ့ ရှေ့နေကြီးက အတွင်းလူနာအဖြစ်
င်ထားရတယ်တဲ့ ဦးစိုင်းမောက်ကတော့ ဆေးရုံရောက်တော့ အသက်
လာတော့ဘူးတဲ့"

"ဟာ စိုင်း စိုင်းမောက်ရယ် ဖြစ်ရလေကွာ"

ဦးနေဇော် မချိတင်ကဲ ရေရွတ်သည်။ ဒေါ်ယုယနွယ်ကတော့
ိုသတင်းအတွက် ကျေနပ်ဝမ်းသာသွားတာ အထင်အရှား။

ဇော်ဦး ဘဘကို နှစ်သိမ့်ရင်း မျက်ရည်စတွေ စီးကျလာ၏။
န်တီယုကတော့ စားပွဲပေါ်က ကက်ဆက်လေးကိုလှမ်းယူကာ အခန်းထဲ
ထွက်သွားခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဦးစိုင်းမောက် ဆုံးရှာပြီ ဟုတ်လား မ"

"ဟုတ်တယ် အထက် ကားအက်ဆီးဒင့်ဖြစ်တဲ့ နေရာမှာ... ပွဲချင်းပြီးဆုံးသွားတာ ရှေ့နေကြီးက အတွင်းလူနာတဲ့လေ တကယ်... အဲဒီရှေ့နေကြီးပါ သေသွားရမှာ"

"ဟာ မ ကလည်း ရှေ့နေကြီးကို ဘာလို့ကြည့်မရတာလဲ"

နေအထက်က ဘာမှမသိတဲ ပြောနေသည်။ တကယ်ဆို အ... ကိစ္စတွေကို ဒီရှေ့နေကြီးနှင့် တရားဝင်စီစဉ်ထားတာမို့ မကျေမနပ်... နေတာ သူမ အခုတော့ တစ်ရန်အေးသွားတာလည်း ကျေနပ်... ကောင်းသည်။

ဦးစိုင်းမောက် အားကိုးနှင့် ဦးနေဖော် အံတုနေတာကို သူ... သည်းခံနေခဲ့တာကြာပြီ။ ဦးစိုင်းမောက် အခု လောကကြီးထဲမှာ မရှိတော့...





...တာ သူမ အတွက် အကောင်းဆုံး အခြေအနေ ဖြစ်ခဲ့ပြီ။

ဒီအိမ်ကြီးထဲမှာ သူမ ဩဇာတွေက ဦးစိုင်းမောက်ကိုပဲ မကျော်... နိုင်ခဲ့တာ ဖြစ်၏။ အခုတော့

"မ ဦးစိုင်းမောက်ကြီးမရှိတော့တာ ကျွန်တော်တို့အတွက် ပိုပြီး ...လပ်သွားပြီပေါ့နော်"

နေအထက်က သူမ အနား တိုးကပ်ကာ ပြောနေသည်။ ...လေးက ရန်ကုန်ရောက်လာပြီးကတည်းက ပြန်ဖို့မပြောဘဲ တွယ်ကပ်... ...သော နေအထက်ကို သူမ အတော်ပဲစိတ်ကုန်နေပြီ။

နေအထက်က တကယ်မလွယ်သည့်ယောက်ျား မျက်နှာပြောင်... ...ပြီး အိမ်ပေါ်အထိ တက်လာရဲသူဖြစ်သည်။ ပြီးတော့ ဆင်ခြင်တုံ... ...လည်း မရှိတော့ခက်သည်။

သင်းကြောင့် ပြဿနာတွေ ဘယ်တော့တက်မလဲဟု သူမ ...မ နေခဲ့ရသည်။

ဦးစိုင်းမောက် ရှိနေတာမို့ သိပ်ပြီး အတင့်မရဲသော နေအထက် ...ဦးစိုင်းမောက် မရှိတော့လျှင် ပိုဆိုးတော့မည်။

ဒီရက်ပိုင်းအပြင်တောင်မထွက်တော့ဘဲ အိမ်မှာခိုနေတာကို ...အလိုမကျဖြစ်နေတာလည်း ကြာပြီ။

"ဒီလူကြီးမရှိရင် မနဲ့ မောင်အတွက် အန္တရာယ်ကင်းပြီပေါ့"

"မဖြစ်ဘူး နေအထက် ဦးစိုင်းမောက် မရှိတော့ မင်းဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မနေသင့်တော့ဘူး"

"ရှာ ဘာဖြစ်လို့လဲ မ"

"ဘာလို့လဲ မမေးနဲ့လေ လတ်တလော ဒီအိမ်မှာ ယောကျ်ား
လေးတွေ မရှိဘူး မင်း ဆက်ရှိနေတာ ဘယ်လိုမှ မသင့်တော်ဘူး"

"ဘာဖြစ်မှာမို့လဲ မ ရှာ ဒီအိမ်မှာ မရဲ့ အမိန့်ဆို အားလုံး
နာခံပြီးသားပဲ ဥစ္စာ"

နေအထက်က အားလုံး သိနေသူမို့ ဖွင့်ပြောသည်။ ဒါ
အခုလို အချိန်မှာတော့ နေအထက်ကို သူမ ဘယ်လိုမှ မလိုက်လျော
ပါ။ သူမမှာ လုပ်စရာကိစ္စတွေ အများကြီးရှိသည်။

အရင်ဆုံးလုပ်ရမှာ ဦးနေဇော်ရဲ့ အမွေလွှဲစာချုပ်ကို ပြန်ပြ
ပြောင်းလဲပစ်ဖို့ဖြစ်သည်။ ဒီကိစ္စတွေကို နေအထက် မသိစေချင်
ဒီအိမ်ကြီးမှာရှိနေလျှင် နေအထက် သိမည်မို့

"မ စကားကို နားထောင်ပါ အထက် မင်းဒီမှာဆက်နေ
မဖြစ်ဘူး"

"ဒါဆို ကျွန်တော်က ဘယ်မှာနေရမှာလဲ"

"အကောင်းဆုံးက မင်း မန္တလေးကို ပြန်သင့်တယ်၊ ဒီကိစ္စ
ပြီးပြတ်သွားတော့မှ မ ဖုန်းခေါ်မှာပေါ့"

နေအထက် မျက်နှာ မဲ့ကျသွားကာ သူမကို စူးစူးနစ်
စိုက်ကြည့်၏။ ယုံကြည်ခြင်း ကင်းမဲ့သော အကြည့်တွေဟု သူမ နားလည်





နေအထက်ဆိုတာ ကြောင်လေးတစ်ကောင် မဟုတ်။

အန္တရာယ်များသော ကျားတစ်ကောင်ဖြစ်သည်။ သည်ကျားနှင့်
သူမ သွားကစားမိတာ မဟာအမှား။

"မ ကို ကျွန်တော် ပွင့်ပွင့်လင်းလင်း မေးမယ် မ၊ ကျွန်တော့်
ကို ခါထုတ်ချင်နေတာလား"

စူးစူးနစ်နစ်မျက်ဝန်းတွေနှင့် ကြည့်ကာ နေအထက် မေးသည်။
တယ်ဟု ယတိပြတ် ပြောလိုက်ချင်ပေမယ့်၊ မဖြစ်သေးဟု သူမ
သည်။ အခုချိန်မှာ နေအထက်က မစားရသောအမဲ သဲနဲ့ပက်ဖို့
လေးမှာ မဟုတ်။

"မင်း သံသယတွေ သိပ်များနေပြီ"

"ကျွန်တော် သံသယ များတာလား၊ မ က ကန်ထုတ်ချင်နေ
တာလား"

'ခက်တာပဲ နေအထက်၊ ခုချိန်မှာ မ မှာ လုပ်စရာတွေ
များကြီးနော် ဦးနေဇော်နဲ့ အမွေကိစ္စတွေ ဆွေးနွေးရဦးမယ်"

"ကျွန်တော် အနားမှာရှိနေတာ မကောင်းဘူးလား"

"မင်း မရှိတာ ပိုကောင်းလိမ့်မယ်"

စိတ်မရှည်နိုင်တာမို့ ယတိပြတ်ပဲ ပြောမိသည်။ နေအထက်
မျက်နှာကိုလည်း စူးစူးရဲရဲပြန်စိုက်ကြည့်ပစ်ရင်း

"မင်း ဘာထင်ထင် ခုချိန်မှာ ငါ ဂရုမစိုက်နိုင်ဘူး နေအထက်



www.burmeseclassic.com

www.burmeseclassic.com



ခင်း ဒီညနောက်ဆုံးဖြစ်ပါစေ မနက်ဖြန်ကျရင် မင်းဒီအိမ်က ထွက်...
ဘီ

နေအထက် မျက်နှာကြီး ရဲရဲနီနေသည်။ ရှက်ဒေါသ... ...ဟုတ်ခမ်းတွေတောင် တုန်လာ၏။

သူမ ဥပက္ခာပြုခဲ့ကာ အခန်းထဲလှမ်းဝင်ခဲ့သည်။

နေအထက်ကို ယောင်လို့တောင် လှည့်မကြည့်ဖြစ်ပါ။ ... ထက် ရည်ရွယ်ချက်တွေကို မြင်သိပြီးကတည်းက သူမ ခွာချင်... တာဖြစ်သည်။

နေအထက်က သူမကို တွယ်ငြိတာထက် သူမ ပိုင်ဆိုင်... မည့် အမွေတွေကို တွယ်မက်နေတာ သိသာလွန်းသည်။

သူမနှင့် အပတ်သက်ခင်ကလည်း နေအထက်ရဲ့ ပိုင်းလုံး... လမ်းများစွာကို သူမ ကြားခဲ့ပြီးပြီ။ ဒီလို ယောက်ျားတစ်ယောက်... သူမ ဆက်တွယ်ငြိနေလျှင်

ဘယ်လိုမှမဖြစ်တာတော့ သေချာသည်။

ကိုယ့်ဘဝနဲ့ရင်းပြီး ဒီဘဝကိုရအောင် ကြိုးစားခဲ့တာ သင်... အလွယ်လေး ချူးယူ စားသုံးတာတော့ မခံနိုင်။

တကယ်ဆို လက်တွေ့မှာတောင် သူမအတွက် ရင်ဆိုင်ရ... မည့် အခက်အခဲတွေက မနည်း။

■ ■ ■



## အခန်း (၁၄)

အခြေအနေအားလုံးသည် သည်မျှအထိ ဆိုးရွားသွားလိမ့်မည် ...ဟု ငွေ့ တွေးမထားခဲ့ပါ။

အန်တီယုနှင့်ဘဘတို့၏ ပြဿနာကြီးကို မျက်စိရှေ့မှောက်မှာ ...မြင်တွေ့ခဲ့ရသည်။ အန်တီယု စကားတွေကော အမူအယာတွေကပါ ...ကြောက်စရာကောင်းနေပါသည်။

ဒါကိုလည်း ဘဘက ရိပ်မိနေတာ သေချာ၏။

"သမီးဖွဲ့ အခြေအနေက သမီးအတွက် အန္တရာယ်တွေ ...များနေပြီး ဘဘ သမီးကို စိုးရိမ်တယ် မိန္နယ် ဒီကိစ္စ သိသွားတာ ...ဆိုတာပဲ ပြီးတော့ စိုင်းမောက်ကို ဆုံးရှုံးလိုက်ရတာလည်း ဘဘအတွက် ...နာမှု တစ်ခုပဲ၊ ဘာပဲဖြစ်ဖြစ် အမွေကိစ္စအတွက် မိန္နယ် မကျေနပ်တာ ...သမီး အမြင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘရယ် သူ ကျေနပ်အောင်စီမံပေးလိုက်ပါ သမီး ဘဘကို စောင့်ရှောက်နိုင်ပါတယ်"

ဇင်ဦ စိတ်ပျက်သလိုလေးဆိုတော့ ဘဘက လက်မခံနိုင်ဘဲ ခေါင်းကို ခါရမ်းသည်။

"ဘဘ ဒါတွေကို မမက်ပါဘူး ဥစ္စာနေဆိုတာ လူတစ်ယောက် အတွက် အရေးကြီးစဉ်အရာမှ မဟုတ်ဘဲ၊ ဘဘအဖြစ်ကိုပဲ ကြည့်လေ ဘဘရဲ့ ချမ်းသာကြွယ်ဝမှုတွေက ဘဘ အခြေအနေကြီးကို မကာယ်တင် နိုင်ဘူး"

"သမီးလည်း လက်ခံပါတယ် ဒါကြောင့်"

"ခဏနေဦး သမီး ဘဘ အမွေတွေကို မတွယ်တာပေမယ့် မရသင့်တဲ့သူ လက်ထဲတော့ မထည့်ခဲ့နိုင်ဘူး။ အထူးသဖြင့် ယုယနွယ် လက်ထဲ မထည့်နိုင်ဘူး၊ အခု လောလောဆယ် စိုင်းမောက် ကိစ္စနဲ့ဘဘ စိတ်မကောင်းဖြစ်နေတယ်၊ ရှေ့နေကြီးအတွက်လည်း စာနာမိတယ် မကြာခင် ဒီကိစ္စတွေကို ဖြတ်ပေးမှာပါ"

"သမီးက ဘဘကို စိုးရိမ်တာ"

"ဘဘကို မစိုးရိမ်နဲ့ သူဘဘကို အန္တရာယ်ပေးလို့မရဘူး ဘဘ အသက်အန္တရာယ်ကို ထိခိုက်ရင် သူမျှော်လင့်ချက်တွေ ပျက်ပြီလေ ဒီတော့ သူတာကယ်တမ်း ဒုက္ခပေးမှာ သမီးလေးပဲ၊ သမီး အန္တရာယ်ကို ကြည့်ရှောင်ပါကွယ်"





ဘဘပြောမှ သူမ ပိုလို့ကြောက်လာမိ၏။ ဘဘ ပြောသည့် အတိုင်းဆိုလျှင် အန်တီယုက ဇင်ဦကို အန္တရာယ်ပေးလာနိုင်သည်ပေါ့။

ဒီရက်ပိုင်းမှာ အန်တီယု ဘာတွေကြံစည်နေသည် မသိပါ။ အိမ်ကိုကပ်သည် မရှိပါ။

ဘဘ သတိပေးပြီးကတည်းက ဇင်ဦလည်း ကြောက်စိတ်နှင့် အမြဲ ရင်ထိတ်နေခဲ့သည်။ ဘဘက ဇင်ဦကို သူ့ဆီ ခဏခဏ မလာဖို့ အားထားတာမို့ ဇင်ဦ မရောက်ဖြစ်ခဲ့ပါ။

ဒီတော့ ဘဘကို တွေ့ချင်လှတာမို့ ဇင်ဦအရဲစွန့်သွားဖို့ ဆုံးဖြတ်မိသည်။

အားလုံးအိပ်ပျော်ချိန်ရောက်မှ ဇင်ဦအခန်းထဲက ထွက်ကာ ဘဘ အခန်းဆီသို့ ဆင်းခဲ့သည်။

အရင်ကဆို ဘဘက အပေါ်ထပ်မှာ နေပေမယ့် ဝှီးချဲလ်နှင့် နေရသည့် နောက်ပိုင်းမှာတော့ အိမ်အောက်ထပ်မှာ နေတော့သည်။ ဘဘကိုစောင့်ရှောက်ပေးသည့် ဦးစိုင်းမောက်လည်း မရှိတော့ ဇင်ဦ ဘဘ အတွက် ပူမိသည်။

အမှောင်ထဲမှာ ဇင်ဦ သတိလေးနှင့်လျှောက်ခဲ့စဉ် အခန်းထောင့် နားမှာ ရင်ဆိုင်လိုက်မိသူကြောင့်

"အို အမေ့"

"သံယောဇဉ် ကိုယ် နေအထက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တင် ရှင်ဘာလုပ်နေတာလဲ မအိပ်သေးဘူးလား"

"ကိုယ် မင်းကိုစောင့်နေတာ သံယောဇဉ်"

"ရှင် ကျွန်မကို"

နေအထက် မျက်နှာက အမှောင်ထဲ ကျရောက်နေတာမို့ ...
အသေအချာ မမြင်တွေ့ရပါ။

"ဟုတ်တယ် မင်းမှာ အန္တရာယ်တွေဝိုင်းနေတယ်၊ မင်း...
အဲဒီ အန္တရာယ်တွေထဲက ကိုယ် ခေါ်ထုတ်သွားမလို့"

"ဟင် ရှင် ဘယ်လိုသိတာလဲ"

"အဲဒါတွေ မမေးနဲ့တော့ ဇဉ် ကိုယ်နဲ့လိုက်ခဲ့"

"ဟင်အင်း မလိုက်ဘူး ဘဘကို ထားခဲ့ပြီး ဇဉ် ဘယ်မှ"

ဇဉ် စကားတို့မဆုံးလိုက်ပါ။ နေအထက် လက်တစ်ဖက်...
ဇဉ် မျက်နှာပေါ် အုပ်မိုးလာ၏။

စူးရှသော ရနံ့တစ်ခုနှင့် လက်ကိုင်ပဝါဟု ဇဉ် နောက်ဆုံး...
လိုက်ပြီးသည့် နောက်မှာ အရာရာသည် အမှောင်အတိ။

■ ■ ■



## အခန်း (၁၅)

"မင်း ဘာတွေပြဿနာ ရှာလာပြန်ပြီလဲ အထက်"

"ငါက ဘာပြဿနာ ရှာနေလို့လဲ"

သူ့စကားကို နေအထက်က တည်တည်ငြိမ်ငြိမ်ပဲ ကုတ်ဘူး
...လုပ်ရမ်းရင်း ပြန်ပြောသည်။ ဒီကောင့်ကို ကြည့်ရတာ ဘာအမှား
...ခုမှ မလုပ်ခဲ့သလိုပင်။

"ဒီမှာ အရိပ် ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း စိတ်ချ
...နဲ့ ပတ်သတ်ပြီး မင်း ဘာပြဿနာမှ မဖြစ်စေရဘူး"

အထက်က သူ့မျက်နှာကို စူးစိုက်ကြည့်ပြီး ကတိတွေ ပေးနေ
...သည်။ ခက်တော့ခက်နေပြီ။ စဉ်းစားကြည့်လေ နေအထက်ဆိုတာ
...တမ်း ပြဿနာတွေနဲ့ ရှုပ်ထွေးနေတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



“တကယ်တော့ ဇင့် က တော်တော် သနားစရာကောင်း
တွာ ဒါကြောင့် ငါ ကယ်တင်လာခဲ့တာ”

အရောင်တောက်တောက် မျက်လုံးတွေ ရီဝေသွားပြီး ပြော
ပြန်သည်။ နေအထက် တကယ်ခံစားချက်နဲ့ ပြောနေတာလား။ ဟ
ဆောင်နေတာလား။

သူ မသိပါ။ ဒါပေမဲ့ ဇင့်ဆိုတဲ့ ကောင်မလေးနဲ့ အထက်
ပတ်သက်မှုကို သံသယဖြစ်မိတာတော့ သေချာသည်။

အထက် ကောင်မလေးကို ခေါ်လာတုန်းက ကောင်မလေး
က သတိလစ်နေသည်။ တကယ်လို့ ဒီကောင်သာ မဟုတ်တာ
လုပ်လာတာဆိုလျှင် သူပါ ကြံရာပါဖြစ်မှာ သေချာ၏။

“ထားပါတော့ အခု မင်းက ငါ့ဆီခေါ်လာပြီး ဘာဆက်လုပ်
လဲ”

နေအထက်က ကုတ်ဘူးကို စုပ်သောက်ပြီး စားပွဲပေါ်ပြန်ထ
ထားလိုက်သည်။ ပြီးမှ ဆံပင်ကို ဟန်ပါပါ သပ်တင်ရင်း

“အင်း ပြောရရင်တော့ မင်းဆီမှာ ခဏခိုနေမလို့ပဲ အထက်

“ဘာ ငါ့ဆီမှာ ခိုနေမလို့ ဟုတ်လား”

နေအထက် စကားကြောင့် အရိပ် ဟန်မဆောင်နိုင်သလော
အောင် အမူအယာတွေ ပျက်ယွင်းသွားသည်။

“ဒါလေး ပြောတာနဲ့ ဘယ်လိုဖြစ်သွားရတာလဲ အလွန်





စ်ပတ်ဆယ်ရက် လောက်ပါပဲ”

နေအထက်ကို သူ စကား မပြန်မိ။ ယခု အနေအထားမှာ
အထက်ကို လက်ခံထားဖို့အတွက် သူ့မှာ ဝေခွဲရခက်နေသည်။

နေအထက် ဘာတွေလုပ်လာသလဲ ဇင့်ဆိုတဲ့ ကောင်မလေးနဲ့
ယ်လိုပတ်သက်သလဲ။ သူတို့ ဖြစ်ပျက်ခဲ့တာကို ကိုယ်က ဘာတစ်ခုမှ
သိရတာ မဟုတ်။

နေအထက်က ပါးပါးနပ်နပ်ဖြင့် တစ်ခုခုကို ဖုံးကွယ်ထားတယ်
ဆိုတာတော့ သူ သေချာသိနေပါသည်။

“ငါတို့ကို တစ်ပတ် ဆယ်ရက်လောက်တော့ လက်ခံထားပေး
ပါ အရိပ်”

နေအထက်က ထပ်မံတောင်းဆိုနေပြန်သည်။ အရိပ် နေအထက်
ကိုလည်း မကြည့်ဘာမှလည်း မပြောဖြစ်။

“ဒုန်း ဒုန်း ဒုန်း”

“ဇင့် ဘယ်ရောက်နေတာလဲ အပြင်မှာ ဘယ်သူရှိလဲ တံခါး
ဖွင့်ပေးပါ တံခါးဖွင့်ပေးပါ”

သူတို့နှစ်ယောက်စလုံးရဲ့ မျက်ဝန်းတွေက ဇင့် ဆိုသည့် ကောင်မ
လေးရှိရာ အခန်းဆီသို့ရောက်သွားသည်။

ကြည့်ရတာ ကောင်မလေး သတိပြန်ရလာတာဖြစ်မည်။ တံခါး
ကို တဒုန်းဒုန်းထုပြီး ပြောနေသည့် ကောင်မလေးအသံကို သူကြားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆက်ကြွားလိုက်ပါသည်။

သူ နေအထက်ကို လှမ်းကြည့်မိသည်။ နေအထက်က သူ့ကို… ပြုံးကြည့်ပြီး ဘာစကားမှမဆိုဘဲ ကောင်မလေး အခန်းဆီသို့ ထသွား… သည်။

အခန်းရှေ့ရောက်တော့ နေအထက်က အခန်းတံခါးကို တွန်း… ဖွင့်ဝင်လိုက်သည်။ သံယောဇဉ် ဆိုသည့် ကောင်မလေး အခန်းထဲက… ထွက်လာ၏။ သူမမျက်နှာက စိုးရွံ့ထိတ်လန့်နေတာ သေချာသည်။

“ဇဉ် ဇဉ် ဘယ်ရောက်နေတာလဲဟင် ရှင် ရှင်ကရော ဘယ်… လဲ”

“စိတ်ကို အေးအေးထားပါ သံယောဇဉ် အကြောင်းစုံ… မင်းနားလည်အောင် ကိုယ်ရှင်းပြပါ့မယ်”

သူထိုင်နေသော နေရာနှင့် တော်တော်လှမ်းပေမယ့် စကား… တွေကို အဝိုင်းသား ကြားနေရသည်။

ထိတ်လန့်နေဟန် ကောင်မလေး မျက်ဝန်းတွေက ဆိုဖာထ… မှာ ထိုင်နေသည့် သူ့ကို တွေ့သွားသည်။ နေအထက်က ကောင်မလေး… ဆွဲခေါ်သွားပြီး အခန်းတံခါးကိုပါ ပိတ်ပစ်လိုက်သည်။

အပြစ်ကင်းစင်သော မျက်နှာလေးဖြင့် သနားစရာကောင်း… မလေးကို နောက်ဆုံးမြင်တွေ့လိုက်ရပြီး အခန်းတံခါးက ပိတ်သွားသည်။

နေအရိပ် လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်မိသည်။ နေအထက်…





…ဘွ လုပ်လာပြန်ပြီလဲ။

ဒီကောင် ဘယ်လိုပဲ ဟန်ဆောင်ကောင်းကောင်း အဖြစ်အပျက်… …ကို သူမြင်တွေ့လိုက်ရသည်ပဲ။

နေအထက်က ငယ်စဉ်ကတည်းက ပြဿနာပေါင်းစုံနဲ့ ကျင်… …ခဲ့တဲ့သူ၊ နေအရိပ် တော်တော် စိတ်ရှုပ်ထွေးသွားမိသည်။

အမှန်အတိုင်း ပြောရလျှင် နေအထက်ကို သူလုံးဝ မကူညီချင်… …ပေမဲ့ ကျေးဇူးရှင် မိဘများ၏ မျက်နှာက ရှိသေးသည်။

နေအထက်က အကူအညီလိုတိုင်း သူ့ဆီ ရောက်လာတတ်သူ၊ …သည်း တတ်နိုင်သလောက် ကူညီခဲ့ပါသည်။ ယခုကိစ္စမျိုးကျတော့ … ဒုက္ခရောက်သွားနိုင်သည်။

နေအထက်ကို သူစိမ်းဆန်စွာ ငြင်းပယ်လိုက်လျှင် တမလွန်က …တွေက ဘာပြောကြမလဲ။

ခေါင်းတွေပူလာပြီး ဆက်မစဉ်းစားချင်တော့။ အလွန်ဆုံးတစ် … ဆယ်ရက်ဟု နေအထက် ပြောခဲ့သည်ပဲ။

ဆယ်ရက်လောက်တော့ သည်းခံရပါဦးမည်။

■ ■ ■

“ရှင် ရှင် ဘာလုပ်မလို့လဲ”

နေအထက် တံခါးကို ပိတ်ပြီး ပြန်လှည့်လိုက်တော့ သံယောဇဉ် …မ်းလေးတွေ တဆတ်ဆတ် တုန်ယင်ရင်း ကြောက်ရွံ့စွာမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲ သံယော
မင်း မသိသေးတာတွေကို မင်းကျေနပ်လောက်အောင် ကိုယ်ရှင်းပြမှာ

နေအထက်က သံယောဇဉ် မျက်နှာလေးကို ကြည့်၍ ပြုံးပြ
ပြောလိုက်သည်။ ပြီးတော့ စာကြည့်စားပွဲမှ ထိုင်ခုံကို ဆွဲယူထိုင်လိုက်

"အခြေအနေမှန်ကို မင်း နားလည်သဘောပေါက် သွားမှာ
သံယောဇဉ်၊ လာ ဒီမှာ အေးအေးဆေးဆေးထိုင်ပါ"

သံယောဇဉ် ကြောက်ရွံ့စိတ် မပြေသေးဘဲ ကတုန်ကယင်
နေအထက် ညွှန်ပြသည့် ခုတင် မွေ့ရာထက်မှာ ဝင်ထိုင်သည်။

"အင်း အရင်ဆုံး ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးရမှာပဲ ကို
နာမည်က နေအထက်ပါ"

"အို ဒါတွေထားပါဦး ဇော်ကို ဘယ်ခေါ်လာတာလဲ ဘာ
အန်တီယုတို့ရော"

သံယောဇဉ် ငိုသံစွက်သော အသံလေးဖြင့် နေအထက်
မဝံ့မရဲကြည့်ပြီး မေးသည်။ နေအထက်က စိတ်ပျက်လက်ပျက်ပုံစံ
ခေါင်းကို ခါရမ်းပစ်လိုက်ပြီး

"မင်း တော်တော်ခက်ပါလား သံယောဇဉ် အခုကိုယ်ပြောမ
စကားတွေကို ဆုံးအောင်နားထောင်ပေးပါလို့ တောင်းပန်ပါရစေ"

လေပြေလေအေးဖြင့် နေအထက် ပြောတော့ သံယောဇဉ်
တွေတွေလေး စိုက်ကြည့်သည်။ နေအထက်၏ စူးရှရှ အေးစက်





ည့် ဒဏ်ကို မခံနိုင်ဘဲ သူမခေါင်းလေး ငုံ့ပြီး ငြိမ်သက်သွားသည်။

"တကယ်တော့ မင်းဘဘ ဦးနေဇော်နဲ့ ကိုယ့်ဖေဖေက လုပ်ငန်း
ဖော်ကိုင်ဖက်တွေ ဆိုပါတော့"

နေအထက်က စကားကိုရပ်ပြီး သံယောဇဉ်ကို အကဲခတ်သည်။
ဇဉ် သူ့ကိုကြည့်ပြီး စိတ်ပါဝင်စားစွာ နားထောင်နေမှန်းသိမှ

"ကိုယ့် ဖေဖေနဲ့ ဦးနေဇော်နဲ့က အကျိုးတူလုပ်ငန်းတွေ အများ
ခဲ့ဖူးတယ် ကိုယ်တို့က တောင်ကြီးမှာ နေကြတာ"

သံယောဇဉ်က သူမ လက်ချောင်းကလေးတွေကို စိတ်ဂနာ
ာ ပွတ်သပ်ရင်း

"ရှင်က ဒါ့ကြောင့် ဇော့်ကို သိနေခဲ့တာပေါ့"

"ဟုတ်တယ် ကိုယ်က မင်းတို့အိမ်ကို မကြာခဏ အလုပ်ကိစ္စနဲ့
တယ်လေ မင်း သတိမထားမိပေမယ့် ကိုယ်ကတော့ မင်းကိုသတိ
ပါတယ် အန်ကယ် မစွမ်းမသန်ဖြစ်သွားတော့မှသာ သိပ်မရောက်
တာလေ"

နေအထက်က ဦးနေဇော် အကြောင်းပြောတော့ သံယောဇဉ်
လေးက သိသိသာသာ ညှိုးရော်သွားသည်။

"ထားပါ အဲဒီက စပြီး မင်းရဲ့ အန်တီယုနဲ့ ပတ်သက်ခဲ့တယ်၊
သနွယ်နဲ့ ကိုယ်နဲ့ အကျိုးတူလုပ်ငန်းတွေ အများကြီး လုပ်ကိုင်ခဲ့
 ပထမတော့ မိတ်ဆွေကောင်းတွေလိုပဲ မှတ်ယူမိခဲ့တယ်၊ နေ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယနွယ်ရဲ့ ကျိုးအာသီးလို အတွင်းလှိုက်စားနေတဲ့ စိတ်ဓာတ်ကို သိခဲ့ရတယ်လေ"

နေအထက်က ထိုင်နေရာမှ ထရပ်လိုက်ပြီး ဘောင်းဘီအိတ် ထဲသို့ လက်ကို ဟန်ပါပါ ထိုးသွင်းလိုက်သည်။

သံယောဇဉ် နေအထက်ရှိရာသို့ ကြည့်ပြီး နားစွင့်နေမိသည်။

"သူက ကိုယ့်အပေါ်မှာရော ဦးနေဇော်အပေါ်မှာပါ ဖျံ့ကျ တိတ်တဆိတ် ကြိုးစားနေခဲ့တာလေ ကိုယ်တို့ဆီကဆိုရင် အချိကြိုး မသွား ခဲ့တာ၊ ဦးနေဇော် အပေါ်မှာလည်း ဒီအတိုင်းပဲ၊ ဒါကို ဦးနေဇော် ရိပ်မိတော့ သူ့ကို ပစားမပေးတော့ဘူးလေ၊ ဒီမှာတင် သူ့ရဲ့ပစ်မှတ် မင်းဆီကို ဦးတည်လာခဲ့တာပဲ"

သံယောဇဉ် ရင်ဘတ်ကို လက်ဝါးလေးဖြင့် အုပ်ထားမိသည်။ ဘုရား ဘုရား အန်တီယုက ဇဉ်အပေါ်မှာ ဒီလောက်တောင် မကောင်း ကြံနေသည်တဲ့။

လောဘသားတွေရဲ့ အကြံအစည်ကို မရိပ်မိဘဲ နေခဲ့မိတာ က ဇဉ် ရိုးအခဲ့တာလား။ နေအထက် ပြောနေတာတွေက ဖြစ်နိုင်ခြေ ရှိပါသည်။ တစ်ခါက ဘဘနှင့် အန်တီယုတို့ စကားများနေတာ ဇဉ် ကိုယ်တိုင်ကြားခဲ့သည်ပဲ။

"အဲ့ဒါကြောင့် မင်းကို သူနဲ့ဝေးရာကို ကိုယ် ခေါ်ထုတ်လာခဲ့ တာ"





"ဒါပေမဲ့ ဇဉ် ရုတ်တရက် ပျောက်သွားတော့ ဘဘ စိတ်ပူနေ မှာပေါ့ ပြီးတော့ ရှင့်ကို ဘဘက ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ဟား ဟား ဟား စိတ်ချပါ သံယောဇဉ် ဦးနေဇော်သာ သိရင် ကိုယ့်ကိုတောင် ကျေးဇူးတင်နေဦးမှာ"

အားပါးတရ ရယ်မောပြောဆိုနေသည့် နေအထက်ကို ဇဉ် ဖြည်းဖြည်း ယုံကြည်လာမိသည်။

"ကိုနေအထက်"

"ကိုနေလို့ပဲ ခေါ်ပါ ဇဉ် တရင်းတနှီးပေါ့၊ ကိုယ်ကလည်း ဇဉ် လို့ပဲခေါ်မယ်နော်"

နေအထက်က နှုတ်ခမ်းတွေတွန့်သွားရုံပြုံး၍ ပြောသည်။ ဇဉ် လည်း ပြန်ပြုံးပြမိသည်။

"ကောင်းပြီလေ ကိုနေ အခု ဇဉ်က ဒီအိမ်မှာပဲနေရမှာလား"

"ဟုတ်တယ်လေ ဇဉ်ရဲ့ ဒါက ကိုယ့်ညီအိမ်လေ စိတ်ချပါဇဉ် ရဲ့ ကိုယ့်ညီက ရိုးသားပြီး အေးဆေးပါတယ်"

"ဒါပေမဲ့ ယောကျ်ားလေးနှစ်ယောက်နဲ့ အတူနေဖို့ ဇဉ်အတွက် ဆင့်လျော်မှုလို့ ထင်တယ်"

"ကိုယ်က အမြဲရှိမှာ မဟုတ်ဘူး ဇဉ် ဇဉ့်ဆီကို မကြာမကြာ တော့လာမှာပေါ့၊ ဇဉ်ကိုယ့်ညီနဲ့ပဲနေရမှာ ကိုယ်ပါ ဒီမှာနေနေရင် ဒေါ်ယုယ နွယ် သံသယဝင်သွားနိုင်တယ်လေ၊ ပြီးတော့ ပတ်ဝန်းကျင်က ကိုယ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

မောင်နှမတွေအဖြစ်ပဲ သိနေမှာပါ"

ဖဉ့် တော်တော်လေး စိတ်လှုပ်ရှားသွားမိသည်။ ကိုနေရဲ့
အတွေ့နေရမည်တဲ့။ သူစိမ်း ယောကျ်ားတစ်ဦးနဲ့ သူမက တစ်အိမ်
ဘယ်လိုနေရမှာလဲ။

"ကိုယ့်ညီနာမည်က နေအရိပ်တဲ့ သူက ရိုးသားအေးဆေး
တယ်၊ ဖဉ့် စိတ်အေးလက်အေးသာနေပါ၊ မွေ့တစ်ပေါက် မစွန်းဖို့
တာဝန်ယူပါတယ်၊ ဒါပေမဲ့ ဖဉ့်ကိုတော့ ကိုယ်တစ်ခု တောင်းဆိုထား
တယ်"

"ဘာ ဘာများလဲ ကိုနေ"

"အခုကိစ္စက ဖဉ့်အပေါ်မှာရော ဖဉ့်ဘဘ ဦးနေဇော်အပေါ်
ပါ အချိန်မရွေး အန္တရာယ်ရှိလာနိုင်တယ်လေ၊ ဒါကြောင့် အခုကိုယ်ပြော
တာတွေကို ဖဉ့်နဲ့ကိုယ်နဲ့ပဲ သိပါစေ ကိုယ့်ညီ နေအရိပ်တောင် မသိစေ
ဘူး"

"အဲဒီ့အတွက်တော့ စိတ်ချပါ ကိုနေ၊ ဖဉ့်က ကိုယ့်ကိစ္စမဟုတ်
ရင်တောင် အားအားယားယား မပြောတတ်တဲ့ သူပါ"

သံယောဇဉ်က မာနဟန်လေးဖြင့် ပြောလိုက်တော့ နေအထ
က ကျေနပ်သွားပုံရသည်။

"တကယ်လို့ အရိပ် မေးလာခဲ့ရင် ဖဉ့် ကို မိတ္တေးက နှိပ်စ
လို့ ကိုယ်က ခေါ်လာခဲ့တယ်လို့ သိပါစေ ဖဉ့်"





နေအထက်ကို ဖဉ့် ခေါင်းလေးအသာ ဆတ်ပြလိုက်မိပါသည်။
တွေ့လာသော အခြေအနေတွေကို သုံးသပ်ရင်း ဖဉ့် ရင်မောရပါသည်။
ဖြစ်က ဘုမသိဘမသိနဲ့ သူများ ကယ်တင်တာ ခံလိုက်ရသည့်
ဖြစ်။

ဘဘကတော့ ဖဉ့်အတွက် စိတ်ပူနေမှာ သေချာသည်။ အန်တီ
ရော ဘယ်လို သဘောထားမလဲ။ ကိုနေ ကိုတော့ ဖဉ့် ယုံကြည်မိပါ
သည်။

ကိုနေ ပြောခဲ့တာတွေက သူမ ဖြစ်ပျက်နေတာတွေနှင့် ဆက်စပ်
နေသည်။ နေအရိပ်ဆိုသည့်လူနှင့် နှစ်ယောက်တည်း နေရမှာကို
မိပြန်သည်။

မျက်ခုံးထူထူအောက်က ကြည်စင်သော မျက်ဝန်းအကြည့်
တွေကို ပြန်မြင်ယောင်မိသည်။ ပုံစံကတော့ ရိုးသားသည့် အသွင်ရှိ
သည်။ ရှေ့ဆက်ပြီး ဖဉ့်အတွက် ဘာတွေဖြစ်လာဦးမည်မသိ။

ဖဉ့် ကံကောင်းပါစေဟုသာ ဆုတောင်းရင်း . . ။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

''ဘာ သံယောဇဉ် မရှိတော့ဘူး ဟုတ်လား''

''ဟုတ် ဟုတ်ပါတယ် အန်တီ ဒီမနက် ထမင်းသွားပို့မှ

တာပါ''

မိအေး ကြောက်ကြောက်ရွံ့ရွံ့ ဖြေရှာသည်။ ယုယနွယ်

သွားမိသည်။ သံယောဇဉ် ထွက်ပြေးသွားလောက်အောင် သတ္တိရှိလို့

''သူ့အဝတ်အစားတွေ လျှော့နေသေးလား''

''အားလုံးအပြည့်ရှိနေတုန်းပါပဲ အန်တီ ဗီရိုထဲမှာ ချိတ်

ထားတဲ့ လက်ဝတ်လက်စားတွေကအစ ရှိပါတယ်''

''ဟင် ဒါဆို သူက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်

တာပေါ့''

''ဟုတ် ဟုတ်ကဲ့''





''ဘာ ဟုတ်ကဲ့လဲ နင်တို့လည်း အလကားပဲ၊ ဘာမှအသုံး

လခပေးပြီး ခိုင်းထားတာ ဒီလောက်လေးတောင် အသုံးမကျရင်

ယ်လိုလုပ်မလဲ''

စိတ်တိုတိုနှင့် မာန်မဲ အော်ဟစ်ပစ်လိုက်တော့ ဒေါ်ဆိုင်နှင့်

အေး မျက်နှာငယ်လေးတွေဖြင့် ခေါင်းငုံ့ထားသည်။

''ကျွန်မတို့လည်း တတ်နိုင်သလောက် စောင့်ကြည့်တာဝန်ယူ

တာပါပဲ ဒါပေမဲ့ အိပ်ချိန်တော့ သတိလက်လွတ်ဖြစ်သွားတာ ဝန်ခံ

တယ် အဲဒီ့အတွက် ကျွန်မတို့ အလုပ်ထွက်ပေးပါ့မယ်''

ဒေါ်ဆိုင်စကားကြောင့် သူမ ဒေါသတွေ ပိုလို့ဆင့်ကဲသွားသည်။

''တော်စမ်း ငါပြောတာ အလုပ်ထွက်ပေးဖို့ ဘာတစ်ခုမှ မပါ

နင်တို့ တာဝန်ပေါ့လျော့လို့ပြောနေရတာ၊ မိအေး နင်ရော သူသွား

လာတာ နည်းနည်းပါးပါး စောင့်ကြည့်မနေဘူးလား''

ဒေါ်ဆိုင် နောက်မှာ ခပ်ကုပ်ကုပ်လေး ငြိမ်နေသည့် မိအေးကို

တ်မရှည်စွာ မာန်မဲလိုက်သည်။ မိအေးက အနေအေးသူပီပီ ကြောက်

ကြောက်ဖြင့် ခေါင်းကလေး ခါရမ်းရင်း

''ညဘက်ခင်း ဆိုတော့ ကျွန်မတို့လည်း အမှုမဲ့ အမှတ်မဲ့

ပ်ပျော်သွားလို့ သတိမထားမိပါဘူး ခွင့် ခွင့်လွှတ်ပါ အန်တီ''

တစ်ခါမှ အပြင်မထွက်ဘူးသည့် မိန်းကလေးက အဝတ်တစ်

ည်ကိုယ်တစ်ခုဖြင့် ထွက်ပြေးသွားသည်။ တွေးရင်းဖြင့် ဒေါသထွက်



www.burmeseclassic.com

www.burmeseclassic.com



လို့မဆုံးတော့။

သည့်လိုလုပ်သွားမည်ဟု ဘယ်လိုမှမထင်ထားခဲ့။ အခု

မိဖွဲ့ အိမ်ကထွက်သွားခဲ့တာ သေချာနေသည်။

ဘယ်မှ နှုတ်ဆက်စရာမရှိဘဲ ထွက်သွားခဲ့တာတော့ အံ့ဩ

ကောင်းနေသည်။ ဒါကို ဦးနေဇော် သိလျှင် ဘာပြောမည်လဲ။

စိတ်ထဲက သံသယက ရှန်းကြွလာသည်။ ဦးနေဇော် ကိုယ်

သံယောဇဉ်ကို တစ်နေရာ ပို့လိုက်တာ ဖြစ်မလား။

မသေချာပေမယ့် ရင်ထဲမှာ တွေးကြည့်စရာက ဒီအခြေ

ရောက်နေတော့လည်း. . .။

■ ■ ■

"ဘာပြောတယ်ကွ ဇဉ်လေး မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ် ဦးနေဇော် အဲ့ဒါ ရှင် တိတ်တိတ်ကလေး ကြံ

ထွက်ပြေးခိုင်းတာ မဟုတ်လား"

"မဟုတ်ဘူးကွ မဟုတ်ဘူး ငါ့ဦးနှောက်ထဲမှာ ဒီလိုအတွေး

တစ်ခါမှတောင် မရှိခဲ့ဖူးဘူး"

ဒါပဲ ဖြေရှင်းနိုင်၏။ ဦးနေဇော် ရင်ထဲမှာ ပူပူလောင်လောင်

ဖြစ်လာသည်။ ခြံထဲက ခြံပြင်တောင် မထွက်ခဲ့ဘူးသည့် သမီးလေး

ထွက်ပြေးသွားပြီ ဆိုပါလား။

ဘုရား ဘုရား သမီးလေး ဒုက္ခရောက်နေပြီလား။





"ဦးနေဇော်"

"ဘာလဲကွာ"

"အဲဒီ့ကိစ္စ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲကွ မင်းတို့ လိုက်ရှာပေါ့"

ဦးနေဇော် ခပ်ဆတ်ဆတ် ပြောလိုက်တော့ ဒေါ်ယုယနွယ်

မျက်နှာပျက်သွား၏။

"ကောင်းကောင်း မေးနေရင် ကောင်းကောင်းဖြေပါ ဦးနေဇော်

ကျွန်မက ရှင့် လက်အောက်ငယ်သား မဟုတ်ဘူး၊ မာန်လိုက်မဲလိုက်

လုပ်ပါနဲ့၊ ကျွန်မ သိချင်တာက သံယောဇဉ်ကို ရှင် ထွက်ပြေးခိုင်းတာ

လား မဟုတ်ဆိုတာကိုပဲ"

"မဟုတ်ဘူး ငါနဲ့ ဘာမှမပတ်သက်ဘူး"

"အဲဒါဆို ရပြီ ကျွန်မဘာသာ လုပ်စရာရှိတာ ဆက်လုပ်တော့

မယ်"

ဒေါ်ယုယနွယ်က ပြောပြီးသည်နှင့် နေရာမှ ထရပ်လိုက်၏။

"မင်း မင်း ဘာလုပ်မှာလဲ"

"အို လိုက်ရှာမှာပေါ့ ကားဂိတ်တွေ ဘူတာတွေမှာ လူဖြန့်ပြီး

ရှာရမှာပေါ့ အလုပ်ရှုပ်အောင်လုပ်တဲ့ ကောင်မလေး မိရင်တော့လား"

ယုယနွယ်က သူ့ရှေ့မှာတင် ပွင့်ပွင့်လင်းလင်းကြီး ကြိမ်းမောင်း

ပြီး ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးနေဇော် တက်ခေါက်ပြီး အံကြိတ်ထားမိသည်။

"တောက် ဒါ သူ့အသုံးမကျခဲ့လို့"

ယုယနွယ်ကို ဒေါသဖြစ်ပြီးသွားတော့ သံယောဇဉ်ကို သတိရ

စိုးရိမ်စိတ်တို့ တလိပ်လိပ် တက်လာသည်။

သမီးလေး ဘေးရန်ကင်းရှင်းပြီး လူကောင်းသူကောင်းနဲ့

ပါစေ။ ဆုတောင်းပေးရုံမှအပ သူ့ဘဝက ဘာမှုမတတ်နိုင်သည့် အ

အနေ။

■ ■ ■



## အခန်း (၁၇)

"မင်း ဘာလာလုပ်တာလဲ နေအထက်"

ယုယနွယ် မျက်နှာက အလိုမကျမှုတွေနဲ့ ပြည့်နှက်နေသည်။

"ဘယ်လိုပြောလိုက်တာလဲ မမ ရယ် မမကို မတွေ့တာကြာ

လာခဲ့ရတာပေါ့"

နေအထက်က စိတ်ပျက်သွားဟန်ဖြင့် ချွဲနွဲ့စွာပြောလိုက်တော့

နွယ် သက်ပြင်းရှိုက်ရင်း

"မင်းတော်တော်ဆိုးတာပဲ ဒီမှာ ပြဿနာတွေ ရှုပ်ထွေးနေရ

ကြားထဲ အခု မင်းက အကြောင်းမကြား ဘာမကြား ရောက်လာတော့

ရောက်တာပေါ့"

"အခု ဘာတွေဖြစ်နေလို့လဲ မမရဲ့ ခြံစောင့်တွေကလည်း

တွေနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေအထက်က အံ့ဩဟန်ဖြင့် ပြောလိုက်သည်။ ယုယနွယ် စိတ်ဂနာမငြိမ်စွာ လေပူတစ်ချက် မှုတ်ထုတ်၏။

"သံယောဇဉ် ဆိုတဲ့ ကောင်မလေးအိမ်ကထွက်သွားတာ တော်တော်ပြဿနာတက်နေတယ် နဂိုကတည်းက အဘိုးကြီးက ယုံကြည်မှုမရှိရတဲ့အထဲ အခုမင်းရောက်လာတော့ ပိုဆိုးကုန်မှာပေါ့ မင်း မန္တလေးကိုအေးဆေးပြန်ပါ"

ယဉ်ယဉ်လေးဖြင့် နှင်ထုတ်နေမှန်းသိပါသည်။ ဟန်ဆောင် ကောင်းလွန်းတာကိုတော့ အသိအမှတ်ပြုမိ၏။ ရင်ထဲမှာတော့ တော်တော် ပူလောင်နေမှာသေချာသည်။

"သူစိမ်းဆန်လှချည့်လားမမရယ်၊ တွေ့ချင်လွန်းလို့ အဝေးကြီး ကလာတဲ့ သူကို အမောဆို့အောင် ကြိုဆိုလိုက်တာလား"

"တော်စမ်း နေအထက် မင်းပြောချင်တာတွေ စွတ်ပြောမနေနဲ့ အခုဒီမှာ ဘာတွေဖြစ်နေလည်း မင်းသိလား အဘိုးကြီးက သံသယ ဖြစ်နေတဲ့အချိန်မှာ မင်းကိုပါ လက်ခံထားရင် အားလုံးရှုပ်ကုန်မှာပေါ့"

ယုယနွယ်လေသံက အနည်းငယ် မာဆတ်သွားသည်။ နေအထက် နှုတ်ခမ်းကို မဲ့ပစ်လိုက်ပြီး သဘောကျစွာ ရယ်မောပစ်လိုက်သည်။

ယုယနွယ် မျက်နှာက ချက်ချင်း ညိုမှောင်သွား၏။ ဒါပေမဲ့ ဟန်ဆောင်ကောင်းသူပီပီ မျက်နှာအမူအယာ မပျက်အောင် ထိန်းလိုက်တာ သတိထားမိသည်။





"မင်းဘာရယ်တာလဲ နေအထက် ခနဲ့တာလား"

"သဘောကျလို့ပါ မမရဲ့ ကြိုဆိုမှုက တခမ်းတနား ရှိနေလိမ့် ...လို့ ထင်ထားခဲ့တာလေ၊ အခုလို ကြုံတွေ့လိုက်ရတော့ ကိုယ့်အဖြစ် ...ယ် သဘောကျမိလို့ပါ"

နေအထက်က စကားလုံးတွေကို လှလှပပလေး စီပြောချလိုက် ...ည်။ ယုယနွယ် သူ့ဘက်ကို သံသယ မဝင်လာနိုင်အောင် ဟန့်တား ...ရိုက ဒီတစ်နည်းသာ အကောင်းဆုံးပဲလေ။

"ဟို မင်း မမကို တစ်မျိုးမမြင်ပါနဲ့ကွယ်၊ မမစိတ်တွေ အရမ်း ...ပြဲနေလို့ပါ၊ ပြီးတော့လေ ဒီအခြေအနေမှာ မင်းကို လက်ခံထားဖို့ ...ာ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ ပြောရင်း ခေါင်းတွေတောင် ကိုက်လာ ...ပဲ ကျွတ် ကျွတ်"

ယုယနွယ်က ပြောပြောဆိုဆိုပဲ နားထင်နှစ်ဘက်ကို လက်ကလေး ...ဖြင့်ဖိ ...ာပ်ရင်းပြောသည်။ ချက်ချင်းကြီးပြောင်းလဲသွားသည့် ပုံစံကြောင့် ...ထက် ရယ်ချင်လာမိသည်။

"ထားပါတော့ ကျွန်တော်က မမကို အားကိုးပြီး လာခဲ့ရတဲ့သူပါ ...ခံနိုင်ဘူး ဆိုတော့လည်း ပြန်ရုံပဲ ရှိတာပေါ့"

"ဟို မမ မမ ပြောတာက ဒီလိုသဘောမျိုးမဟုတ်ပါဘူးကွယ် ...အခြေအနေတွေ အေးဆေးသွားတဲ့ အချိန်ကျရင် မင်းကို မမ လှမ်းခေါ် ...မှာပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟုဟုသာလဲ ဖြေရှင်းချက် ပေးနေပြန်သည်။ သူ့အပေါ်မှာ သံသယ ကင်းစင်နေတာတော့ အသေအချာ အကဲခတ်မိပါသည်။

"ကောင်းပြီလေ ကျွန်တော်ဘာမှ မပြောလိုတော့ပါဘူး မမကို ကျွန်တော်က အချိန်တိုင်း သတိရနေခဲ့တာ"

"မမလည်း မင်းလိုပါပဲကွယ် ပြဿနာတွေသာ ပေါ်မလာဘူး ဆိုရင် မင်းဆီကို ပြေးလာမိမလားပဲ"

ယုယနွှယ်စကားလုံးတွေနှင့် အလိုက်သင့် ချည်နှောင်ပစ်လိုက် သည်။ ပြီးတော့ နေအထက်မျက်နှာကို အကဲခတ်နေလိုက်၏။

"ဒါတော့ ပိုသွားပြီ ထင်တယ် မမ သတိရနေမယ်ဆိုရင်တော် ကျွန်တော်သတိရတာက သာပါတယ် မမ"

"အင်း ဟုတ်ပါပြီ ဟုတ်ပါပြီ မမကပဲ မင်းကိုဦးစားပေးလိုက် ပါ့မယ် မင်း စိတ်ချမ်းသာရင်း မမ ကျေနပ်ပါတယ်"

ယုယနွှယ်က မခို့တရို့လေးပြုံးရင်း ပြောလိုက်သည်။ ပြီးတော့ နေအထက် မျက်ဝန်းတွေဆီ ရွှန်းရွှန်းစားစား ကြည့်နေသည်။ နေအထ ကလည်း ပြန်ကြည့်နေ၏။

"မမ"

"ဟင် ပြောလေ"

"မမ ဆက်သွယ်မယ့်အချိန်ကို စောင့်နေမယ်နော်"

"စိတ်ချ စိတ်ချ အခြေအနေတွေ ရှင်းသွားတာနဲ့ မမ လုပ်





ာဝန်က မင်းဆီကို ဆက်သွယ်ဖို့ဆိုတာ မမ ခေါင်းထဲမှာ ရှိနေပြီး ပါကွယ်"

"ဒါဆို ကျွန်တော်သွားတော့မယ်"

ယုယနွှယ် ခေါင်းလေးကို အသာဆတ်ပြလိုက်သည်။ ထွက်သွာ တော့ နေအထက် ကျောပြင်ကို ငေးမောရင်း ခေါင်းကိုခါရမ်းလိုက် သည်။

အခြေအနေကို ပါးပါးနပ်နပ် ရှင်းပစ်လိုက်နိုင်၍ တော်ပါသေး နေအထက် ဆိုသည့်ကောင်လေးက လူရုပ်ကလေးတစ်ယောက်ဆို သူမ သိခဲ့တာ မကြာသေးပါ။

အခုလည်း ကိုယ်ဒုက္ခနှင့်ကိုယ် မရှုနိုင်မကယ်နိုင် ဖြစ်နေချိန် ရောက်လာသည်။ ဦးနေဇော်က သူမကို လုံးဝယုံကြည်တာ မဟုတ်။

သူစိမ်းယောကျ်ားတစ်ယောက် အိမ်ပေါ်ခေါ်တင်လာလျှင် သူမ ပြောမလဲ။ ပြဿနာ ရှုပ်ထွေးသွားမှာ သေချာသည်။

ပထမတော့ နေအထက်ကို အပြတ်ပြောပစ်လိုက်ဖို့ ဆုံးဖြတ် ည်။ ဒါပေမဲ့ ရုတ်တရက် ပေါ်လာသော အတွေးတစ်ခုကြောင့် ဆက် သွားခဲ့တာဖြစ်သည်။

နေအထက် ဆိုသော လူရုပ်ကလေးက သူမအတွက် တစ်ချိန် မှာ အသုံးကျလာနိုင်သည်။ အချိန်မရွေး အသွင်ပြောင်းသွားနိုင်တဲ့ ရုပ်ကလေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးကိုယ် သဘောကျသွားမိသည်။

စစ်တုရင် နယ်ရုပ်ကလေး နေအထက်။

■ ■ ■





BURMESE CLASSIC .com

## အခန်း (၁၈)

မှာထားသော ကော်ဖီခွက်ရှေ့ရောက်နေပေမယ့် မသောက်ဖြစ် ...ဦးထုပ်ကို ခပ်ငိုက်ငိုက်စောင်း၊ နေကာမျက်မှန်တပ်ကာ နှုတ် ...မှုတ်ဆိတ်မွေးအတုတွေနဲ့ နေအထက်ကို အရိုပ် ငေးမောနေမိ ...

ဒီကောင် ဘာစိတ်ရှုပေါက်လာပြန်တာလဲ။ သံယောဇဉ်ဆိုသည့် ...င်မလေးအကြောင်း ခေါင်းထဲရောက်လာတော့ ဒီကောင့်ကို သိပ် ...တ်ချင်။

"အရိုပ် မင်း ဘာလို့ ငါ့ကိုစိုက်ကြည့်နေတာလဲ"

ကော်ဖီကို တစ်ကျိုက်သောက်ရင်း သူ့ကိုသေချာစိုက်ကြည့်နေ ...တွေ့တော့ နေအထက်က မျက်မှောင်ကြုတ်၍မေးသည်။

"နေပါအုံး အထက် မင်းက ဘာကြောင့် ရုပ်ဖျက်ထားရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်မလေးနဲ့ ပတ်သက်နေသလား"

"ရှုး တိုးတိုးပြောပါကွ ဟုတ်တယ် ဖဦနဲ့ပတ်သက်နေတယ်"

နေအထက်က နှုတ်ခမ်းရှေ့တွင် လက်ညှိုးကလေး ထော လျက် သူ့ကို သတိပေးနေပြန်သည်။

"မင်း တော်တော်ဆိုးတဲ့ကောင်ပဲ အဲဒီကောင်မလေးကို အစမ္မခေါ်လာတာ မဟုတ်လား ငါပါရောပြီး ပြဿနာတွေ တက်တော့မှာပဲ"

ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း အရိုင် ညည်းညူမိသည် သူက စိတ်ပျက်လက်ပျက် ဖြစ်နေသလောက် နေအထက်ကတော့ အ မဖြစ်သလို ကော်ဖီ သောက်လိုက် မုန့်စားလိုက် လုပ်နေသည်။

"အရိုင်"

ပလုပ်ပလောင်းသံဖြင့် ပြောတော့ မော့ကြည့်မိသည်။

"မင်း ထင်သလိုမဟုတ်ပါဘူးကွာ ငါရှပ်ဖျက်ထားတယ်ဆို ကလေ ဖဦ မိထွေးရဲ့ လူတွေ ငါ့ကိုမြင်သွားမှာ စိုးလို့ပါကွာ"

လာပြန်ပြီ တစ်မျိုး။ ဘာတွေ ဖြေရှင်းချက်ထုတ်ဦးမည် မ သူ့မှာတော့ ဒီကောင် ရှုပ်သမျှ ကန့်လန့်ပါနေသည့်အဖြစ်။

"ဖဦက မိထွေးနဲ့အတူ နေရတာလေ၊ သူ့အဖေကလည်း လေဖြတ်ထားတဲ့ မသန်မစွမ်း ဒုက္ခိတ၊ ဖဦကို သူ့မိထွေးက တအားနှိပ်စ တာ၊ ပြီးတော့ ဖဦမိထွေးက ဖဦအမွေတွေကို အပိုင်စီးဖို့ကြံနေတာ





ကြောင့် ငါက သနားလို့ ဖဦကိုခေါ်ထုတ်လာခဲ့တာ၊ စာချုပ်စာတမ်းအရ သူ့တော့ ဖဦမိထွေးက ဘာမှလုပ်လို့မရပါဘူး၊ အခုလို ခဏရှောင် တာက အဆင်ပြေမယ်လေ"

နေအထက်က ဂရုတစိုက် ရှင်းပြနေပြန်၏။ ခက်တာက ဒီကောင် သလို မှန်တယ်ပဲထားဦး ကောင်မလေးကို ကယ်တင်လာတဲ့ ဒီကောင် ယ်တိုင်ကရော ရိုးသားတဲ့စိတ်နဲ့လား။

သူ့အဖြစ်က မဆီမဆိုင် ကြားက ငထွားခါးနာရမည့်ကိန်း။ ကောင် မဟုတ်တာလုပ်လျှင် သူလည်းပြေးလို့လွတ်မှာ မဟုတ်။

"နေစမ်းပါဦး အထက် မင်းကရော ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ကြောင့် ကြားထဲက သူရဲကောင်း လုပ်ချင်နေရတာလဲ"

အထက် မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ သူ့ကို မီးဝင်းဝင်း တောက်မတတ် မျက်လုံးတွေဖြင့် စိုက်ကြည့်ပြီး

"ဘာလဲ အရိုင် မင်းကငါ့ကိုအထင်သေးတာလား စိတ်ချ ဘာပြဿနာမှ မဖြစ်စေရဘူး"

နေအထက် တင်းသွားမှန်း သိတော့ သူ အသာငြိမ်နေလိုက် သည်။ နေအထက်က စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိဖွာ လိုက်ရင်း

"သံယောဇဦရဲ့ အဖေနဲ့ ငါနဲ့က အရင်က လုပ်ဖော်ကိုင်ဖက်တွေ ကျေးဇူးတွေ ငါ့အပေါ်မှာအများကြီးပဲ၊ ဒါ့ကြောင့် အခု သူတို့ဖို့ကွ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရောက်နေချိန်မှာ ငါ့ဘက်က စေတနာသန့်သန့်နဲ့ ကူညီနေတာ''

''ထားပါတော့ ကောင်မလေးကို ထားပြီး ခင်းက သွားချင်

သွားနေတော့ ငါ့မှာ ဒုက္ခရောက်တယ် မင်းသိရဲ့လား''

တစ်စက်မှ မသောက်ရသေးသော ကော်ဖီခွက်ကို ရှေ့သို့

ရင်း သူ ပြောလိုက်သည်။ နေအထက်က နှုတ်ခမ်းတွေ အနည်း

တွန့်သွားရုံပြုံးလိုက်ပြီး

''အဟင်း ဘာများလဲလို့ အရိပ်ရယ်၊ ဖဦက ဘာတွေ

ပြစ်ချက် ရှိနေလို့လဲ၊ အမိစားလေးနဲ့ အတူနေရတာ ဘယ်လော

ပျော်စရာကောင်းလဲ''

''ဟော့ကောင် မင်း မညစ်စုတ်နဲ့၊ အဲဒီလို အပေါ်စား ယော

ထဲမှာ ငါ မပါဘူး မင်း မြဲမြဲမှတ်ထား''

သူ ဒေါသတကြီး အော်ဟစ်ပစ်လိုက်သည်။ ဒီကောင်ပြော

ဆိုတာ ဘယ်လိုမှ အချိုးမပြေ စည်းကမ်းမဲ့လွန်းသည်။

နေအထက်ကတော့ ဘာမှမဖြစ်သလို ပြုံးတုံ့တုံ့လုပ်ပြီး

ပင် နှန့်နေသေးသည်။

''ဒေါသတွေ ဒီလောက်ကြီး မနေစမ်းပါနဲ့ကွာ၊ မင်းမကြိုက်

မပြောတော့ပါဘူး။ ဒါပေမဲ့ တစ်ပတ် ဆယ်ရက်လောက်တော့ မင်း

လျှော့ပေးပါ''

နေအထက်က မရမကလို တောင်းဆိုနေ၏။ တော်တော်





သွားမိသည်။ တိုက်ခန်းတစ်ခန်းထဲမှာ မိန်းကလေး တစ်ယောက်နဲ့အတူ

နေဖို့က ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

နေအထက်ဆိုတဲ့ ကောင်က တော်ရုံတန်ရုံဖြင့် လက်လျှော့မယ့်

ကောင်မဟုတ်တာလည်း သိနေသည်။ ငယ်ငယ်ကတည်းက ဒီကောင်က

လိုချင်တာကို မရရအောင် ယူတတ်တဲ့သူ။

နေအထက် သူ့အဖြေကို စောင့်ဆိုင်းနေသည်။ မတတ်နိုင်သည့်

အဆုံးတော့ အဆင်ပြေအောင်ညှိဖို့ပဲ ရွေးချယ်လိုက်ရသည်။

''ကောင်းပြီလေ ဒီတစ်ခါတော့ မင်းကိုငါ ကူညီလိုက်မယ်

ဒါပေမဲ့ အသက်ကြီးကြီးထဲက အိမ်အကူ တစ်ယောက်လောက်တော့

ခေါ်မှဖြစ်မယ်''

''ဒါကတော့ မင်းကြိုက်သလိုစီစဉ်ပါ ကျေးဇူးတင်တယ် အရိပ်''

နေအထက်က ကျေနပ်သွားဟန်ဖြင့် သူ့ ပခုံးကိုလှမ်းပုတ်ရင်း

ပြောသည်။ ပြီးတော့ သူ့ကိုနှုတ်ဆက်ပြီး ထသွား၏။ အရေးတကြီးအရာ

ကို သတိရမိမှ သူ နေအထက်ကို လှမ်းခေါ်လိုက်သည်။

''အထက်''

နေအထက်က သူ့ဘက်ပြန်လှည့်လာသည်။

''မင်း ကတိအတိုင်း တစ်ပတ်ဆယ်ရက်ဆိုတာကိုတော့ မမေ့

နဲ့''

''စိတ်ချပါ၊ ငါ ကတိတည်စေရမယ် အလွန်ဆုံး ဆယ်ရက်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် နေအထက် ဆိုင်အပြင်သို့လှမ်းထွက်သွာ...
အသင့်တွေ့သော တက္ကစီကိုတား၍ ပါသွားသည်။

ဆိုင်ထဲမှလှမ်းကြည့်ရင်း နေအရိပ် ခေါင်းကို ခါရမ်းမိသည်...
နေအထက် ဘာတွေလျှောက်လုပ်နေသည် မသိ။ သံယောဇဉ်ကို...
ကြောင်းမဲ့ ကယ်တင်ထားတာတော့ လုံးဝ မဖြစ်နိုင်။

ကြောက်လန့်နေသော မျက်ဆံဝိုင်းဝိုင်းလေးတွေနှင့် နုဖတ်...
မျက်နှာလေးက အာရုံထဲမှာ ပြန်ပေါ်လာသည်။

မင်း ဘဝကို စိတ်ဝင်စားသွားပြီ သံယောဇဉ်။

■ ■ ■



## အခန်း (၁၉)

သူစိမ်းမိန်းကလေးတစ်ယောက်နှင့် တိုက်ခန်းတစ်ခန်းထဲမှာ ...အတူနေထိုင်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်သင့်သော လိုအပ်တာကို သူပဲ ...ခံရသည်။

နေအထက်ဆိုသည့်ကောင် ရှုပ်လာသော ပြဿနာတွေကို သူ ...ရှင်းရတာ အတော်ဆိုးသည်။

ဒေါ်မိုးငယ်ဆိုသော အသက်ငါးဆယ်ကျော် မိန်းမကြီးတစ် ...ယောက်ကို သူခေါ်ခဲ့ရသည်။ တော်သေးသည်က ဒေါ်မိုးငယ်က ရှိသားပြီး ...ဆော်စပ်စုစုမရှိပါ။

အချက်အပြုတ်၊ အလျှော်အဖွတ် အိမ်မှုကိစ္စတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်နင်းသည်။ အရေးကြီးတာက သံယောဇဉ် ဆိုသော ကောင်မလေး ရှိနေစဉ်မှာ အမျိုးသမီးအဖော်တစ်ဦးတော့ ရှိဖို့ပဲဖြစ်သည်။

မနက်ကုမ္ပဏီသွား ညနေမှ ပြန်လာသောသူက အိမ်မှာရှိ သိပ်မရှိ။ တနင်္ဂနွေ ရုံးပိတ်ရက်မျိုးသာ တစ်နေကုန်ရှိတတ်တာမျိုးဖြ သည်။

ဒီကောင်မလေး တစ်ယောက်တည်းနေဖို့လည်း မသင့်ေ ဒေါ်မိုးငယ်သည် မရှိမဖြစ်ဟု ဆိုရမည်။

တခြားနေ့တွေမှာ သံယောဇဉ်နှင့် သူဆုံဖို့ဆိုတာ မရှိသလော ရှားသည်။ တနင်္ဂနွေနေ့မှာတော့ မတွေ့ချင်လည်း မြင်နေရသည့်အ အနေဖြစ်သည်။

မနက်ကော်ဖီဝိုင်းမှာဆုံပြီးတော့ သူလည်း အခန်းထဲဝင် စာဖတ်နေလိုက်သည်။ ဒေါ်မိုးငယ်နှင့် သံယောဇဉ် တို့စကားတွေ မီးဖိုထဲမှာ ချက်ပြုတ်နေသံတွေကို ကြားသည်။

ဒီကောင်မလေး အသံလေးကချိုသလို ရုပ်ကလေးကလ ရှင်းသန့်ချောမောသည်။ မပြင်မဆင်ဘဲနဲ့ လှပတယ် ဆိုတာ ဒီလို ဖြစ်မည်ထင်သည်။

သံယောဇဉ် သည် ချောသည်၊ လှသည်ဆိုသော မိန်းက တွေထက် ပိုလို့လှပါသည်။ ပြောရရင် နေအထက်လိုကောင်နှင့် မတန်။ ဘယ်လိုတယ်ပုံ နေအထက်နှင့် ခင်မင်သွားတာလဲ စဉ်းစ





နေအထက်ဆိုသည့်ကောင်ကလည်း မိန်းမကျွမ်းကြသည့် ောင်ဆိုတော့ အင်း ဒီကောင်မလေး ဘာမှမသိရင်တော့ ရင်လေးစရာ ောင်းသေးသည်။

"မောင်အရိပ်ရေ ထမင်းစားလို့ရပြီ"

ဒေါ်ကြီးမိုး အသံကြားတော့မှ သူ့အတွေးတွေ ပျောက်ကာ ာတ်ဖြစ်ဘဲ ကိုင်ထားသော စာအုပ်ကို စားပွဲပေါ် ပြန်တင်လိုက်ရသည်။

ထမင်းစားခန်းကို သူဝင်ခဲ့တော့ ထမင်းပွဲတွေပြင်ဆင်ပေးပြီး ်စောင့်နေသော ကောင်မလေးကြောင့် သူမျက်မှောင်ကျုံ့သွားမိ၏။

ကြည့်လေ ဝတ်ထားသည့် အဝတ်အစားက ရယ်ချင်စရာဖြစ် ှနေသည်။ ရှန်သားအပွင့်ပိတ်စကို ချုပ်ထားသော ရင်ဖုံးအင်္ကျီနှင့် ာက်မှာဝတ်ထားသောလုံချည်က အပွင့်ကြီးတွေနှင့် ဒီဇိုင်းဖော်ထား ာ ပါတိတ်တစ်ပတ်နွမ်းလုံချည်ဖြစ်နေသည်။

အင်္ကျီကလည်း ပွပွလေးဖြစ်နေသည်။ ပြီးတော့ သူမအသက် ွယ်နှင့် ဘယ်လိုမှ မလိုက်ဘက်သော ဆင်ယင်မှုဖြစ်သည်။

"စားလေ မောင်အရိပ်"

"ဟော မင်းလည်းမဆာသေးဘူးလား ကြီးမိုးလည်း ဝင်စားပါ"

သူအတင်းဖွတ်ခေါ်နေတော့ နှစ်ယောက်စလုံး စားပွဲမှာဝင်ထိုင် ည်။ သူမက ဟင်းပန်းကန်ထဲက ဟင်းတွေကို ကြီးမိုးပန်းကန်ထဲ ှင် ဦးချသည်၊ ပြီးတော့ သူ့ပန်းကန်ထဲ ထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဂါရဝတရား ရှိတာတော့ သူ သဘောကျသွားမိသည်

ကောင်မလေးရဲ့ ပုံစံက တကယ့် ယဉ်ယဉ်ကျေးကျေးလေးပါပဲ။

သူစိမ်းယောက်ျားလေးနှင့် ထမင်းတစ်ဝိုင်းတည်း စား

သူမ မဝံ့မရဲ ဖြစ်နေသည် ထင်၏။ သူ ဒါကြောင့် ခပ်မြန်မြန်စား

လက်စသပ် လိုက်၏။

"ဝ ပြီလား မောင်အရိပ်"

"ဟုတ်ကဲ့ ကြီးမိုး စားကြပါ၊ ကျွန်တော်က ညဘက် သိပ်

တတ်ဘူး၊ ဝအောင်စားကြ"

ပြောပြီး သူ ညှော်ခန်းထဲ ထွက်ခဲ့သည်။ သူမနှင့် ကြီးမိုး

လွတ်လပ်လပ် စားပါစေတော့။

ညှော်ခန်းမှာ ထိုင်ပြီး သတင်းစာ ဖတ်နေတုန်း ကော်ဖီပန်း

လေးကိုင်ကာ သူမ ရောက်လာသည်။

"ကြီးမိုး ကော်ဖီပို့ခိုင်းလိုက်လို့ပါ ရှင်"

ကော်ဖီခွက်ကို စားပွဲပေါ်တင်ပြီး သူမ ပြန်လှည့်မထွက်

သူလက်ကာတားရင်း

"ခဏထိုင်ပါဦး သံယောဇဉ် မင်းကို ကိုယ်မေးစရာလေးရှိ

သူမ ခေါင်းကလေး ညိတ်ကာ ရှေ့ကထိုင်ခုံမှာ ဝင်ထိုင်သည်

ကျုံ့ကျုံ့လေး မဝံ့မရဲထိုင်နေပုံက တစ်မျိုးလေး ဖြစ်နေ၏။

"နေအထက်နဲ့ မင်းက အတော် ရင်းနှီးသလား သံယော





သူမ ခေါင်းလေးခါသည်။ ပြီးမှ ကသောကမျောလေး ဖြေ၏။

"အဲ ဟို ခင်မင်ပါတယ်၊ ဖွှဲဘဘနဲ့ ကိုနေနဲ့က စီးပွားဘက်

တွေလေ"

လေသံကတော့ နေအထက် စကားတွေအတိုင်း ကိုင်ပင်ညှိ

သလား ထင်ရသည်။ ဘာအလုပ်အကိုင်မှမရှိသည့် နေအထက်နှင့်

ရဲ့ ဘဘက ဘယ်လို ပါတနာတွေဖြစ်နေတာလဲ။

"အင်း ထားပါတော့ အခု သူနောက်ကို မင်းလိုက်လာတာက

ကြောင်းကြောင့်လဲ"

"ဟို ဖွှဲ့မိထွေး ဘဘရဲ့မိန်းမက ဖွှဲ့ကို အနိုင်ကျင့် နှိပ်စက်လို့

ကိုနေက ဖွှဲ့ကို ကူညီပေးတာပါ"

ဆက်မေးလျှင်လည်း ခနေအထက် စည်းဝါးရိုက်ထားသော စ

တွေကိုပဲ ထပ်ကြားရမှာ သူသိသည်။

ကောင်မလေးခမြာလည်း မလိမ်ညာချင်ပါဘဲ လိမ်ညာနေရတာ

သိပ်ပြာမလုံ ဖြစ်နေသည် ထင်သည်။

"အင်း မင်းတို့ပြောတာပဲ ကိုယ်သိတာနော် ကိုယ်ကဘာမှမသိ

နော် ပြဿနာတက်ရင် ကိုယ်နဲ့မဆိုင်ဘူးနော်"

"ဟုတ် ဟုတ်ကဲ့"

ခေါင်းကလေးညိတ်ကာ မျက်တောင်လေးပုတ်ခတ်ပြောနေတဲ့

တော့ သူ သနားသွားမိသည်။ ကိုယ့်တိုက်ခန်းအရိပ်မှာ နေရ



www.burmeseclassic.com

www.burmeseclassic.com



ရှာသူကို အလိုမရှိသလို ပြောသလိုဖြစ်နေပြီလား။

တကယ်ဆို နေအထက်ကို မယုံတာ ဘာမှ မပတ်သက်ချင်တာ ပဲဖြစ်သည်။

''နေပါဦး မင်းမှာအဝတ်အစားအပိုမပါဘူးလား''

''ဟို မပါဘူး ဒါ ဒါက ကြီးမိုး အဝတ်အစားတွေ ခဏယူဝတ် တာပါ ဇွဲ့မှာ တစ်စုံပဲပါလို့''

မျက်နှာလေးနီကာ ရှင်းပြသည်။ လည်တိုင်ဝင်းဝင်းလေးများ ပလက်တီနမ်ကြိုးပျော့လေးဆွဲထားသော သူမ ခမြာ အဝတ်အစား တစ်စုံပဲပါလာရှာသည်တဲ့။

''ဟို ဟို ဇွဲ ကြီးမိုးကို ဝိုင်းကူလိုက်ဦးမယ်''

ကောင်မလေးပြောပြီး ထွက်ပြေးသွား၏။ နုပျိုသော သူမအရ နှင့် မလိုက်ဖက်သော ဝတ်စုံလေးနဲ့တောင် တစ်မျိုးကလေး ချစ်စရာ ကောင်းသည့် ကောင်မလေး။

နေအထက်ကိုတော့ စိတ်ထဲမှာ ပိုလို့ကြည့်မရအောင် ဖြစ်သွား ခဲ့၏။ ကယ်တင်ရှင် သူရဲကောင်းလုပ်လာသည့်ကောင်က သူ့ဆီပို့ခဲ့ထား ပေလျက်ပြုထားသည်။

တကယ်ဆို သူမအတွက် လိုအပ်သမျှလေး စီစဉ်ပေးသင့် သည်ပေါ့။ အခုတော့ မြင်နေတွေ့နေရသော သူမှာသာ . . ။

မင်း တော်တော် မလွယ်ပါလား နေအထက်။





တစ်ပတ်ဆယ်ရက် ဆိုတဲ့စကားနဲ့ စိတ်ရှုပ်အောင် လုပ်နေခဲ့ သည့် အရာတွေက မသေးပါလား။

နေတတ်သလို မနေတတ်တဲ့ သူမှာသာ . . ။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၀)

"ရော့ အဲဒါတွေက မင်းအတွက် ငါဝယ်လာတာ"

စားပွဲပေါ်သူ တင်ပေးသည့် လက်ဆွဲအိတ်သုံးလုံးကို ကြည့်ကာ သံယောဇဉ် အံ့သြနေသည်။ ပြီးမှ

"ဟို ဟို ဘာတွေလဲဟင် ဖဉ် မယူပါရစေနဲ့"

"မင်းအတွက်လိုအပ်တာတွေပါ ငါစေတနာနဲ့ ဝယ်ပေးတာ သင့်တော်မယ့်အဝတ် ငါးစုံပါတယ်၊ မင်း ဝတ်ဖို့ပေါ့"

မျက်နှာလေး ရဲသွားတာ ရှက်စိတ်ကြောင့်လား၊ အရင်နေ့ ကြိုးမိုး အဝတ်အစားတွေသာ ဝတ်ထားရသော သူမ ဒီနေ့ သူမ ရောက်လာတုန်းက ဝတ်စုံလေးနှင့်ဖြစ်သည်။

ခရမ်းရင့်ရောင်ဝတ်စုံလေးက သူမနှင့် လိုက်ဖက်ပါသည်။





"ယူလေကွာ"

"ဟုတ် ဟုတ်ကဲ့ ဖဉ် ကျေးဇူးတင်ပါတယ် ကိုနေအရိပ်"

ကျေးဇူးစကားလေးပြောကာ သူမ အိတ်လေးမှတွဲဆွဲပြီးတော့ သွားခဲ့သည်။

နေအရိပ် ဆိုဖာထိုင်ခုံမှာ ထိုင်လိုက်ရင်း နှစ်ရက်လုံးလုံး ရောက် သော နေအထက် အကြောင်းကို တွေးမိ၏။

ဖုန်းလည်းမဆက် ကိုယ်တိုင်လည်းမရောက်ဘဲ နေအထက် တွေဖြစ်နေတာလဲ အခုပဲကောင်မလေးရောက်နေတာ လေးရက်ရှိပြီ၊

ကောင်မလေးအတွက် စိစဉ်နေတာများလား။ ကောင်းပါသည် ယ်ရက်ထက် စောကာ ထွက်သွားတော့လည်း ပြီးပြီပေါ့။

ထိုအခိုက်မှာပဲ သူ့ရဲ့ ဟမ်းဖုန်းလေးက မြည်လာသည်၊ ကောက် နားထောင်တော့ နေအထက်။

"ဟော့ကောင် မင်း ဘယ်ပျောက်နေတာလဲ"

"ဒီလိုပေါ့ကွ ကိစ္စလေးရှိလို့ပါ"

"မင်း ခေါ်လာတဲ့ ကောင်မလေးကိစ္စကိုတော့ မင်း မမေ့ပါဘူး၊ အထက်"

"ဒါ မေ့စရာလားကွာ"

ပြောလိုက်ရင် ဒီကောင့် လေသံက ရိသဲ့သဲ့ လျှောင်တောင် င်ချည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး လေးရက်ရှိပြီနော်"

"ဘာကိုလဲ"

"ဟော့ကောင် အူတူတူမလုပ်နဲ့ မင်း ကတိပေးထားတာ တစ်
ဆယ်ရက်လေ ငါဒီထက်ပိုပြီး မကူညီနိုင်ဘူး တာဝန်မယူနိုင်ဘူး"

"သံယောဇဉ် ကိစ္စလား ငါသိပါတယ် အရိပ် မင်းကိုခဏ
ကူညီနိုင်းတာပါ၊ မင်းအိမ်မှာ အမြဲပို့ထားမှာမှ မဟုတ်တာ ခဏတ
လေးကို မင်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ မလုပ်နဲ့လေ မင်းက ငါ့အိမ်လာပို့တာ
ပြီးသွားတာ ငါ့မှာက မလွယ်ဘူး အခုပဲ ခေါ်ကြီးမိုးကို ခေါ်လိုက်ရ
ပြီးတော့ ကောင်မလေးမှာ အဝတ်အစားကအစ အပိုပါတာ မဟုတ်

သူပြောမှ နေအထက်က သတိရသွားဟန်နှင့် ဖုန်းထဲကပြ
သည်။

"ဟာ ဟုတ်သားပဲ ငါမေ့နေတယ် ဒီလိုလုပ်ကွာ အဝတ်
နှစ်စုံ သုံးစုံလောက် မင်းစီစဉ်ပေးထားလိုက်ကွာ"

"ပြောမနေနဲ့တော့ အထက် ငါဆိုင်က ငါးစုံဝယ်ပေးလိုက်
မင်း ရှုပ်သမျှ ငါ့ခေါင်းပေါ် ဝိနေတာ လွန်နေပြီကွ"

"ကူညီတယ်လို့ သဘောထားကွာ အချိန်တန်ရင် အဲဒီ
တွေအတွက် မင်းကိုငါ တုံ့ပြန်မှာပါ ဩော် အရိပ် အခု ငါသံယော
စကားပြောချင်လို့ မင်း ဖုန်းခဏပေးလိုက်ပါကွာ"





နေအထက် က သံယောဇဉ်ကို ခေါ်ခိုင်းနေပြန်သေး၏။ သူ
...မကျပေမယ့် သံယောဇဉ်ကို ခေါ်ပေးလိုက်ရသည်။

"သံယောဇဉ် ဒီမှာ နေအထက်က မင်းနဲ့ဖုန်းပြောချင်လို့တဲ့"

သူလှမ်းခေါ်လိုက်တော့ သံယောဇဉ် အပြေးလေးရောက်လာ
...။ သူဖုန်းလေးကို သံယောဇဉ်ထံ ကမ်းပေးလိုက်၏။

"ကိုနေလား ပြောပါ"

"..."

"ဟုတ်ကဲ့ ကိုနေ ဇဉ် ကိုနေနဲ့ တွေ့ချင်နေတာ ဘာဘ နေကောင်း
...းဟင် ဇဉ် ဘာဘကို တွေ့ချင်နေတာ"

"..."

သံယောဇဉ်က နေအထက်ကို အားကိုးတကြီးပြောနေသည်။
...က်က နေအထက် ဘာတွေနှစ်သိမ့်နေသည်လဲ မသိ။ ဇဉ်ကတော့
...င်းလေးညိတ်ကာ ဟုတ်ကဲ့ ချည်းထပ်နေသည်။

"ဟုတ် ဟုတ်ကဲ့ ကိုနေ ဇဉ်ဆီလာခဲ့ပါဦးနော် ဟုတ်ကဲ့"

ဇဉ်က ဖုန်းလေးကို သူ့ထံပြန်ပေးရင်း အပြုံးလေးနှင့် ကျေးဇူး
...စကားဆိုသေး၏။

"ကျေးဇူးပဲနော် ကိုအရိပ်"

"ရပါတယ် သံယောဇဉ် ဒါနဲ့ ကိုယ်ဝယ်လာတဲ့ အဝတ်အစား
...နဲ့ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဲဒီအတွက်လည်း ဖေ့ဦကျေးဇူးတင်ပါတယ်"

ပုတ်သင်ညိုကလေးလို ခေါင်းကလေးညိတ်ကာ ကျေးဇူး

စကားတွေကို ပြောနေသည့် ကောင်မလေးကို နေအရိုပ် သနား

သနားမိပါသည်။

ဒီကောင်မလေး ဖြူစင်ရိုးသားတာ မျက်ဝန်းလေးတွေက

နေကြသည်။

အံ့တော့ အံ့ဩစရာကောင်းသည်။ သည်လိုကောင်မလေး

နေအထက် ဘယ်လိုဆက်နွယ် ပတ်သက်သွားတာလဲ မသိ။

ကိုယ်နဲ့ဘာမှ မသက်ဆိုင်ပေမယ့် သံယောဇဉ်ဆိုသော

မလေးအတွက် တွေးကာ ရင်လေးမိ၏။

တော်တော်ဖယားရှုပ်တဲ့ နေအထက်။

■ ■ ■



## အခန်း (၂၁)

"ဖေ့ဦလေးကို အခုထိ ရှာမတွေ့သေးဘူးလား မိန္ဒယ်"

နေ့တိုင်း သည်မေးခွန်းကိုပဲ ကြားနေတော့ ယုယနွယ် စိတ်ရှုပ်

သာတာအမှန်။

"မတွေ့သေးဘူး"

ခပ်တင်းတင်းပဲ ပြောလိုက်သည်။ ဦးနေဇော်က သံသယမကင်း

သော အကြည့်တွေနှင့် စူးစူးနစ်နစ်စိုက်ကြည့်ရင်း

"ဖေ့ဦလေး အိမ်က ထွက်သွားတာ ငါမယုံဘူး မိန္ဒယ် သမီးလေး

ဒီလိုဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး"

ကိုယ့်ကိုတောင် သံသယနှင့်စွပ်စွဲသလို ဆိုနေတော့ ယုယနွယ်

ဦးနေဇော်ကို မာတင်းတင်းပြန်ကြည့်မိသည်။

တကယ်ဆို သံယောဇဉ် အိမ်ကထွက်သွားသည့်ကိစ္စကို သူ့

သည်း မယုံချင်၊ လက်ခံနိုင်ပါ။ ဦးနေဇော် ကိုယ်တိုင် တစ်နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်သွားခိုင်းတာဟု ထင်ခဲ့သည်။

အခုတော့ ဦးနေဇော် ကိုယ်တိုင်က မေ့စဉ် မေးပြီး ပွယ်

တော့ သူမ မယုံချင်လို့ မရတော့ပါ။

"ဖဉ်လေးကို မင်း မတွေ့ တွေ့အောင်ရှာပါ မိန္ဒယ်"

"ကျွန်မကို ရှင်အမိန့်ပေးနေတာလား ဦးနေဇော်"

"အေး မင်းမှာ တာဝန်ရှိတယ်လေ၊ ဖဉ်လေးက အိမ်က

သွားစရာ အကြောင်းမှ မရှိတာ"

"မရှိဘဲနဲ့ သူက ဘာလို့ထွက်သွားသလဲ၊ ဒီမှာ ဦးနေ

ပွင့်ပွင့်လင်းလင်းပြောရရင် ဖဉ်လေးကိစ္စမှာ ကျွန်မ ရှင့်ကိုမယုံကြည်

"ဘာကွ မင်းက ဘာ မယုံတာလဲ"

"ဟုတ်တယ်လေ ရှင့်သမီးကို ကျွန်မ ဒုက္ခပေးနှိပ်စက်

ထင်ပြီး ရှင်ကိုယ်တိုင် တခြားပို့လိုက်တယ်လို့ ကျွန်မထင်ခဲ့တာ"

ဦးနေဇော် ခေါင်းကိုခါသည်။ သူ့ကို စိုက်ကြည့်နေ

ယုယနွှယ် မျက်နှာကို ရင်ဆိုင်မော့ကြည့်နေရင်း

"ဖဉ်လေးကို ငါ့မျက်စိအောက်က လွှဲလို့ ငါစိတ်မချဘူး မိန္ဒ

ငါက မင်းကို သံသယ ဖြစ်နေတာ၊ ငါ့အမွေတွေ လွှဲပေးတာကို မင်းမ

နပ်လို့ အခုလိုလုပ်လိုက်တယ် ထင်တာ"

"တစ်ခုခုတော့ လွဲချော်နေပြီ ဦးနေဇော် ကျွန်မက မိဖ

အနားမှာပဲ ရှိစေချင်တာ အမွေကိစ္စကိုတော့ ကျွန်မလုံးဝ မကျေနပ်





နှပ်ပဲ ရှင် ခွဲဝေပေးမှုက မတရားဘူး"

"မင်းဘာ့ဝအတွက် ထိုက်သင့်သလောက် ငါ ပေးထားတာလဲ

က ဘာမကျေနပ်စရာရှိလဲ"

"မိဖဉ် ကိုလေးပုံသုံးပုံ ကျွန်မက တစ်ပုံထဲဆိုတာ လုံးဝမတရား

ကျွန်မက ရှင့်ရဲ့ တရားဝင်ဇနီးမယားပါ"

ဦးနေဇော် နှုတ်ခမ်းမဲ့ကာ ပြုံးသည်။ မျက်ဝန်းတွေက ယုယနွှယ်

နစ်နစ်စိုက်ကြည့်သည်။ အကြည့်တွေထဲမှာ ရွံရှာစက်ဆုပ်ခြင်း

ပဲ ပြည့်နေခဲ့၏။

"မိန္ဒယ် မင်းငါ့ကို ငတုံးလို့ထင်နေသလားဟင်"

နာကျည်းရိပ်တို့စွက်သော အသံတွေက ဒေါသသင့်နေသည်။

လ်ပေါ်မှာထိုင်နေပေမယ့် ဦးနေဇော် လက်သီးတွေကို တင်းတင်း

ထားခဲ့သည်။

"ငါ့အိမ်ပေါ်ကို မင်းခေါ်တင်ထားတဲ့ နေအထက် ဆိုတဲ့ကောင်

ဘာကောင်လဲဆိုတာ ငါသိတယ်ကွ"

ဦးနေဇော် ဆိုလိုသော စကားအဓိပ္ပါယ်ကို ယုယနွှယ်သဘော

ကိုနားလည်ပါသည်။ သူမနှင့် နေအထက် ကိစ္စကို ဦးနေဇော်ရိပ်မိ

ခြင်းက ဦးစိုင်းမောက် ပြောပြလို့ပဲဖြစ်မည်။

"ဘာလဲ ရှင့်ရဲ့ လူယုံတော်ကြီးက ရှင့်ကိုသတင်းတွေပေးသွား

သို့လား ဦးနေဇော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မငြင်းနိုင်ဘူးမို့လား မိန္ဒယ်၊ မင်းစိတ်ကြိုက် လုပ်ခွင့်
ခဲ့ပြီးပြီပဲ၊ ကွာရှင်းစာချုပ်ကို မင်းလက်မှတ်ထိုးပြီး မင်းဘဝကို မင်းထူ
ဆောက်ဖို့ ငါခွင့်ပြုခဲ့တာပဲ"

"ရှင် ဘာကြောင့် ဒီလိုလုပ်သလဲဆိုတာ ကျွန်မ သိတာ
ရှင်က ကျွန်မကို ကွာရှင်းပြီး ဒီအိမ်ကြီးက ပထုတ်ချင်နေတာလေ"

"အေး မင်း လက်မခံဘူးဆိုရင် ငါ့ရှေ့မှောက်မှာ ဒီလို ဖော
ပြနေတာမျိုး မဖြစ်သင့်ဘူး"

ဒေါ်ယုယနွယ် မထီတရီ ပြုံးသည်။ ဦးနေဇော် ထိုင်နေသေ
ဝိုးရဲ့လ် ရှေ့တည့်တည့်ကို လျှောက်သွားရင်း ရဲရဲဝင့်ဝင့် ရင်ဆိုင်ပစ်လို
၏။

"ရှင့်လို ဒုက္ခိတ အဘိုးအိုကြီးကို ကျွန်မ တွယ်မက်နေသေ
ထင်သလား ဦးနေဇော်"

"ငါ သိပါတယ် မင်းငါ့ကိုယူခဲ့တာ ငါ့အမွေတွေကြောင့်ပဲ"

"ဟုတ်တာပေါ့ ယုယနွယ်က ရှင်ပြောသလို တော်းအေ
မဟုတ်ဘဲလေ ထိုက်သင့်တဲ့ အမွေရမှ ဒီအိမ်ကြီးကို စွန့်ခဲ့မှာ စိတ်
မရလို့ကတော့ ကုတ်နဲ့ကော်ချတောင် မဆင်းဘူး မှတ်"

ယုယနွယ် ဟန်ဆောင်ခြင်းတွေ ဘူးပေါ်သလို ပေါ်သွားပြီ
ဦးနေဇော်အံ့ကို တင်းတင်းကြိတ်ထားမိသည်။ ရုပ်ကလေးနှင့် မလိုက်
အောင် ယုတ်မာသည့် မိန်းမ။





သမီးလေး သံယောဇဉ် ကိစ္စမှာလည်း ဒီမိန်းမ မယုတ်မာဘူး
ဟု မပြောနိုင်ပါ။ လောဘ၊ အတ္တနှင့် ရက်စက်မှုတွေ သူ့မျက်ဝန်းတွေ
ထဲမှာ ထင်ထင်ရှားရှား မြင်နေရ၏။

"မိန္ဒယ် မင်းကိုငါ လုံးဝ အယုံအကြည် မရှိတော့ဘူး ဇွဲလေး
ကို ရှာနိုင်ဖို့ ငါ့ဘာသာ စီစဉ်မယ်၊ ငါမသေခင် ငါ့စီစဉ်ထားတဲ့ အတိုင်း
ဆောင်ရွက်ခဲ့မယ်"

"ရှင်လုပ်တာကို ငုတ်တုတ်ထိုင်ကြည့်နေမယ် ထင်သလား ဦး
နေဇော် ဒီနေ့ကစပြီး ရှင် ဘာလုပ်ပိုင်ခွင့်မှ မရှိတော့ဘူး"

"ဘာ မင်း ဘာပြောတယ်"

"ဟုတ်တယ် ရှင်အားကိုးတဲ့ ဦးစိုင်းမောက်လည်း မရှိတော့
ဘူးဆိုတော့ ဒီအိမ်မှာ ရှင် ဘာစီစဉ်ခွင့်မှ မရှိတော့ဘူး"

"မင်း မင်း"

ဦးနေဇော် ဒေါသသံတွေ တလိပ်လိပ်တက်ကာ လက်သီးနှစ်
ဖက်ကို ကျစ်ကျစ် ဆုပ်ကိုင်ထားရုံမှအပ ဘာမှမစွမ်းနိုင်ခဲ့။

"ဇွဲလေးကို ငါတွေ့ချင်တယ် ဒီအတွက် ငါစီစဉ်ရမယ်မိန္ဒယ်"

"အဲ့ဒါရှင့်အလုပ်မဟုတ်ဘူး ကျွန်မဘာသာ စီစဉ်မယ်၊ ရှင့်
အလုပ်က ရှင့်ဘာသာ ဒီအခန်းထဲမှာပဲ နေ အချိန်တန်ရင် စားစရာလာ
ပို့မယ်"

"မင်း မင်း ငါ့ကို လှောင်ပိတ်ထားဖို့ မကြိုးစားနဲ့ မိန္ဒယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိဇဉ်ကို ပြန်မတွေ့သေးသ၍ ရှင် ဒီလိုပဲနေထိုင်ရလိမ့်မယ် မိဇဉ်ကို ပြန်ရှာတွေ့ပြီးမှ ကျွန်မတို့ ထပ်ဆွေးနွေးကြတာပေါ့"

စကားအဆုံးမှာ ယုယနွယ် ချာခနဲလှည့်ကာ အခန်းထဲက ထွက်သွားသည်။

ဦးနေဇော် ပိုးချဲလ်ကို လက်နှင့် လှည့်တွန်းကာ အနောက်က လိုက်ဖို့ကြိုးစားပေမယ့် ယုယနွယ်က အခန်းတံခါးကို ဂျိမ်းခနဲဆောင့် ပိတ်လိုက်သည်။

"မိနွယ် မိန်းမယုတ် တောက်"

ခံပြင်းဒေါသတွေနှင့် ဦးနေဇော် အော်ဟစ်လိုက်ပေမယ့် ယုယနွယ်က ဥပေက္ခာပြုသွားသည်။

စိတ်သွားတိုင်း ကိုယ် မပါနိုင်သော အခြေနေမှာ သူဘာမှ မစွမ်းနိုင်တော့ပါ။ မိနွယ်လက်ထဲမှာ သူ့ဘဝက လှောင်အိမ်ထဲက သတ္တဝါ တစ်ကောင်လို ရှင်သန်ရတော့မည်။

သမီးလေးကိုလည်း တွေ့ချင်ပေမယ့် သူတွေ့ခွင့်ရဖို့ဆိုတာ ဘယ်အချိန် ဘယ်ကာလ ကြာမည်လဲမသိ။

တနုံ့နုံ့တွေးရင်း ဒေါသတွေ ဆူဝေလာခြင်းသာ အဖတ်တင် သည်။ သူ့ခန္ဓာကိုယ်ကိုသာ အကောင်း ပကတိရှိနေခဲ့လျှင် မိန်းမယုတ် မိနွယ်ကို သူ သတ်ပစ်မိမှာ သေချာ၏။

အခုတော့ သူ့ဘဝက. . .။



## အခန်း (၂၂)

"ဒါဆို မနဲ့ ဦးနေဇော်တို့ စကားများကုန်တာပေါ့"

"ဟုတ်တယ်အထက် အခြေအနေတွေက အတင်းမာဆုံးဖြစ် သွားခဲ့ပြီ မိဇဉ်ကို သူက သူ့မိတ်ဆွေတွေအကူအညီနဲ့ ရှာဖို့ပြောတယ် ဒီ့ကို လက်မခံနိုင်ဘူးလေ"

နေအထက် ငြိမ်သက်စွာပဲ နားထောင်နေလိုက်သည်။ သံယော ဇဉ်ကို ခေါ်ထွက်သွားခဲ့တာ သူကိုယ်တိုင်ဟု အခုချိန်မှာ ယုယနွယ် သိသေးတာ အကောင်းဆုံးဟု ထင်သည်။

"အရေးကြီးတာ မိဇဉ်ကို ရအောင် ရှာရမယ်၊ တို့က ဦးနေဇော် ကိုယ်တိုင် တခြားပို့လိုက်တယ် ထင်နေတာ"

"မဟုတ်ဘူးလား မရဲ့"

မသိဟန်ဆောင်ကာ နေအထက် စကားထောက်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ယုယနွယ် ပင့်သက်ရှိုက်ကာ ခေါင်းကိုခါရမ်းသည်။

"လုံးဝ မဟုတ်ဘူး ဒါသေချာတယ်"

"ဒါဆို အဲဒီကောင်မလေးက ဘယ်ထွက်သွားတာလဲ"

"အဲဒါကိုပဲ တို့ စဉ်းစားမရ ဖြစ်နေတာ မိဖြူက တော်ရုံအပြင်

ထွက်တတ်တဲ့ မိန်းကလေး မဟုတ်ဘူးလေ"

ဒီစကားကိုတော့ နေအထက် ယုံပါသည်။ သူခေါ်လာတုန်း

တောင် အလွယ်တကူ မဟုတ်ခဲ့။ ကြောက်ရွံ့တတ်ပြီး ဖြူစင်လွန်းသော

ကောင်မလေးဖြစ်သည်။

သူစကားတွေကိုလည်း ယုံကြည်လွယ်လွန်းသည်။ နေအိမ်

အိမ်မှာ အခုလောက်ဆို ကောင်မလေး ငြိမ်းချမ်းနေလိမ့်မည်။

ပူလောင်နေတာက ယုယနွယ် ဖြစ်သည်။ ဒီအခြေအနေ

မြင်နေတော့ သူ လုပ်ခဲ့တာ မှန်သွားပြီဟု ယုံသည်။

ယုယနွယ် သူ့ကို ခါထုတ်နေတာကို ခံပြင်းလို့ သံယောဇဉ်

တမင်ခေါ်ထုတ်လာခဲ့တာ ဖြစ်သည်။

"မ အခု သံယောဇဉ်တို့ကို ရှာနေတာလား"

" သတင်းတော့ စုံစမ်းနေတယ် အထက်က မိဖြူကို အမြန်

တွေ့ဖို့ လိုအပ်တယ်"

"ဘာဖြစ်လို့ ဒီလောက်အရေးကြီးနေတာလဲ မရယ်"

"တို့အတွက် အရေးကြီးတယ် အထက်၊ မင်း နားလည်အောင်





ပြောရရင်သူ့ရှိမှ အမွေကိစ္စကို ရှင်းနိုင်မှာ"

"အဲဒီလောက်အထိ အရေးကြီးနေရင် ကျွန်တော်ကူရှာပေး

မယ်ဗျာ စိတ်ရှုပ်မနေပါနဲ့"

"တော်စမ်းပါ အထက်ရယ် မင်းဘာမှ မသိဘူး တခွတ်တိုး

နဲ့ ဗိုပဲသိတဲ့ သူ၊ မင်း မဆင်ခြင်လို့ပဲ မင်းနဲ့ တို့ကိစ္စကို ဦးနေဇော်

သိသွားခဲ့တာ"

ယုယနွယ် မကျေမနပ် အပြစ်တင်နေသည်။

သူ ရန်ကုန်အထိ လိုက်လာခဲ့တာ ယုယနွယ်နှင့်နီးစပ်ဖို့ဆိုသည့်

ရည်ရွယ်ချက်နှင့်ဖြစ်သည်။ ဒါပေမဲ့ တကယ်တမ်းကျ သူ မျှော်လင့်သလို

ဖြစ်ခဲ့။

ဒါတွေကို သူ မကျေနပ်တာအမှန်။

တစ်ဘဝလုံး ချမ်းသာပြည့်စုံဖို့ ရွေးမိသူက မရေမရာ မသေ

ချာသေးသည့်တဝကြီးဖြစ်နေ၏။ ပြီးတော့ သူ့ကိုပါ ခွာထွက်ဖို့ ကြိုးစား

နေတာကိုပါ ခံရခက်သည်။

"မက မောင့်ဆို အပြစ်တွေပဲ တင်နေတာ၊ မကိုချစ်လွန်းလို့

ရန်ကုန်အထိ မောင် ရောက်လာတာလေ"

နေအထက်က ချွဲချွဲ နွဲ့နွဲ့ပြောသည်။ ဒါပေမဲ့ ယုယနွယ်

အရင်လို ကျေနပ်ကြည်နူးခြင်း မဖြစ်တော့ပါ။ တကယ်ဆို နေအထက်ဆို

သည့် ယောက်ျားအကြောင်း သူမ ကောင်းကောင်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကာယ့်ယောက်ျားပိုင်းလုံး တစ်ယောက်။

"အထက် ငြိမ်ငြိမ်လေး နေစမ်းပါ အခုချိန်မှာတို့တော်ဗေ

စိတ်ဆင်းရဲနေတယ် မိဖဥ်ကိစ္စက တို့အတွက် မဟာပြဿနာကြီးပဲ"

"မ ဘာဖြစ်နေတာလဲ အဲဒီကောင်မလေးက ဘာအရေး

လို့လဲ"

"သိပ်ပါတာပေါ့ ဦးနေဇော်က သံယောဇဉ်တွက် အမွေတွေ

လေးပုံသုံးပုံလွှဲထားပေးတာ"

"ဗျား ဘယ်လို မ"

နေအထက် အံ့ဩသွားတာအမှန် ဒါကို သူ လုံးဝမသိခဲ့

"ဟုတ်တယ် ဦးနေဇော်က မိဖဥ်ကို အများဆုံးပေးခဲ့တာ အ

တို့လက်မခံနိုင်ဘူး ဒါကြောင့် မိဖဥ်နဲ့တွေ့မှ ဖြစ်မယ် သူ့ကိုအ

ကိုင်ပြီး ဦးနေဇော်ကို အမွေကိစ္စ ပြန်ပြောင်းခိုင်းရမှာ"

ဒေါ်ယုယနွယ်၏ အကြံအစည်ကို သူ အခုမှ သိတော့သ

သံယောဇဉ်က သူမထက် ဦးနေဇော် အမွေတွေကို ခံစားခွင့် ရှိနေသ

တဲ့လား။

ဒါဆိုရင် သူ့လက်ထဲရောက်နေသော သံယောဇဉ်က ယုယ

ထက်တန်ဖိုးကြီးမားသည့် ရွှေမင်းသမီးလေးပေါ့။

"မင်း ဒါတွေဘာမှမသိဘူးအထက် တို့စိတ်ညစ်နေတာ

ဒါကြောင့်ပဲ"





မထင်မှတ်တဲ့ သိခွင့်ရလိုက်သော ယုယနွယ် ဝန်ခံချက်တွေက

သူ့အတွက် တန်ဖိုးကြီးမားလွန်းပါသည်။

သံယောဇဉ်ကို တခဏ သိမ်းထားပြီး ယုယနွယ် လက်ထဲပြန်ပို့

ဖို့ စိစဉ်ထားသော မူလ စိတ်ကူးတွေ ပြောင်းလဲပစ်ရတော့မည်။

ကံကောင်းခြင်းတွေက သူ့ဆီကို မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ပြီး

အတွက် ယုယနွယ်ကို သူ ချဉ်းကပ် အောက်ကျို့ခံရမှာလဲ၊ ယုယနွယ်

ားတွေသာ အမှန်ဆိုလျှင် သံယောဇဉ်ကို ပိုင်ဆိုင်လိုက်ရုံနှင့်...။

တွေးရင်း နေအထက် ရင်ထဲမှာ ကြည်နူးသွားခဲ့သည် နံဘေး

သုန်မှုန်ညစ်ညူးနေသော မျက်နှာကြီးနှင့် ယုယနွယ်ကို ကြည့်ကာ

ရယ်လည်းရယ်ချင်သည်။

ဒီတစ်ခါ ခင်ဗျား ကော်မထုတ်ခင်ကတည်းက နေအထက်က

နိုင်းသွားတောမှာပါ ယုယနွယ် ဒါကိုခင်ဗျားသိတဲ့အခါ...။

ခံရခက်ခက် အံ့ကြိတ်နေတာ မြင်ချင်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ချက်ထားသည်က ပုစွန်ထုပ် ဆီပြန်ဟင်းဖြစ်သည်။ အ...
သောက် ကင်ပွန်းချဉ်ရေဟင်းနှင့် ငါးပိထောင်းလည်း ပါသေးသည်။

ကြက်သားဟင်းနှင့် အစိမ်းကြော်ကလည်း တစ်ပွဲစီ ပါ...
သည်။

ဟင်းတွေစုံလင်သလို အတွဲအစပ်မိတော့ နေအရိပ် ခေါင်း...
ဖော်စတမ်း စားမိသည်။

အများအားဖြင့် ဆိုင်ထမင်း ဟင်းတွေနှင့်သာ နှစ်ပါး...
လုံးပမ်း နေရသော ဖွယ်ဖွယ်ရာရာ အိမ်ထမင်း ဟင်းကို စားနေရ...
အတော်ကို အဆင်ပြေပါသည်။

နှစ်ပန်းကန် ကုန်မှပဲ သူ ခေါင်းဖော်မိတော့၏။ သည်မှ...
သူ့ကို ငေးမော စိုက်ကြည့်နေသော သံယောဇဉ် မျက်ဝန်းလေးတွေ...
မြင်လိုက်ရတာ ဖြစ်သည်။





"မင်း ဘာပြောစရာရှိလို့လဲ ဇော်"

"ရှင်အဲ မရှိပါဘူး နေအရိပ် စားကောင်းသလား မေးမလို့ပါ"

သူ့မျက်မှောင်ကုပ်ကာ အူတူတူဖြစ်သွားတော့ ကြီးမိုးက ကြား...
...ဝင်ပြောသည်။

"ဒီလို မောင်အရိပ်ရယ် ဒီနေ့ချက်ပြုတ်တဲ့လက်ရာက ဇော်လေး
...ချက်ရာကွဲ့ ကြီးမိုး သိပ်နေမကောင်းချင်လို့ သမီးလေးဇော် ဝင်ချက်ပေး
... သူ ချက်တာဆိုတော့ မင်း မကြိုက်မှာ စိုးနေတာကွဲ့"

သည်တော့မှ သူ့အရိပ်ကို အကဲခတ်ကြည့်နေတာ သူမကို
...သည်မိတော့၏။ သည်နေ့ ချက်ပြုတ်စီစဉ်တာ သံယောဇဉ် ဟု
...သိလိုက်ရတာမို့ အံ့ဩမိသည်။

သည်ကောင်မလေး ထမင်းဟင်း ချက်ပြုတ်တတ်လိမ့်မည်ဟု
...မထင်ခဲ့တာ အမှန်ဖြစ်သည်။

"ဟိုလေ ဇော် ချက်တာ နေအရိပ် စားလို့ အဆင်ပြေတယ်ဆို
... ဇော် ဝမ်းသာမိတယ်"

"ပြေပါတယ် သံယောဇဉ် မင်း ဒီလောက် ချက်ပြုတ်တတ်မယ်
...တောင် ကိုယ်မထင်ထားဘူး"

"ဇော် အိမ်မှာလည်း ဒီလိုပဲဝင်ချက်နေကြပါ ဇော်တို့အိမ်မှာ
...ချက်တဲ့ ဒေါ်ဆိုင်ကြီးဆီမှာ ဇော်သင်ထားတာ"

"ကောင်းတာပေါ့ကွာ မိန်းကလေးဆိုတာ အချက်အပြုတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှုကိစ္စ နိုင်နင်းမှုကောင်းတာ မင်းချက်ပြုတ် တတ်တယ်ဆို...
လာမယ့် ဆန်းဒေးကျရင် ကိုယ် ဘုန်းကြီးနှစ်ဆယ့်ခုနစ်ပါး ဆွမ်းကပ်...
လို့ ဒေါ်ကြီးမိုးနဲ့ ကူပေးစမ်းပါ"

"ရတယ် နေအရိပ် ဇော် ကူညီပေးပါ့မယ်၊ ဟို ဘာအတွ...
ဆွမ်းကပ်တာလဲဟင်"

"လာမယ့် ဆန်းဒေးက ကိုယ့် မွေးနေ့လေ၊ နှစ်ဆယ့်...
နှစ်ပြည့် မွေးနေ့မို့ စီစဉ်ဖြစ်တာ ပထမတော့ ဆိုင်က ဒန်ပေါက် ဖြစ်...
ထောပတ်ထမင်းဖြစ်ဖြစ် အော်ဒါမှာမလို့ ဇော်နဲ့ကြီးမိုး အခက်အခဲ မ...
အိမ်မှာပဲချက်ပြုတ်မယ်လေ"

"ဘာမှ အခက်အခဲ မရှိပါဘူး မောင်အရိပ်ရဲ့၊ ဘုန်းကြီးဖိ...
လှူဒည့်သည် ဘယ်နှယောက်လဲပဲ ပြော"

"ဟင့်အင်း ဘယ်သူမှ မဖိတ်ပါဘူး။ ဘုန်းကြီးတွေ ဆွမ်း...
မယ်၊ ဆရာတော်တို့ အလှူငွေလှူဒါန်းမယ်၊ ဘယ်သူမှ မဖိတ်ဘူး...
ဖိတ်မှာက ကြီးမိုးနဲ့ သံယောဇဉ် နှစ်ယောက်ပဲ"

သူ ပြုံးပြုံးလေး ပြောတော့ သံယောဇဉ် သဘောကျ...
ပြုံးသည်။

ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးက အပြစ်ကင်း...
နေသည်။ ပြီးတော့ သူမ ဝတ်ဆင်ထားသည်က သူ ဝယ်ပေးထား...
ပန်းနုရောင် ထက်အောက်ဆင်တူ ဝတ်စုံကလေးနှင့် ဆိုတော့ ကြည့်...





...ိုက်ဖက်လွန်းသည်။

မျက်နှာပေါ်က အစိတ်အပိုင်း အားလုံးတို့က တစိမ့်စိမ့်ကြည့်...
...သော ပိုပြီး ချစ်စရာကောင်းလေ။

နငယ်သန့်စင်ပြီးထိ ကိုင်ကြည့်စရာမလိုတဲ့ ပန်းဝတ်မှုံလေးလို
...သော ကိုယ်လုံးလေးနှင့် ပူးတွဲလျက်ယှဉ်ကြည့်လိုက်တော့ သံယောဇဉ်
...သော မိန်းကလေးသည် ရင်ခုန်စရာကောင်းအောင် ကျော့ရှင်းလှပ
...သည်။

ငါးပေခြောက်လက်မခန့်ရှိသော အရပ်အမောင်းနှင့် လိုက်ဖက်
...ပြည့်တင်းကျစ်လစ်သည့် ခန္ဓာကိုယ်လေးက ဘာပဲ ဝတ်ဝတ် ငေး
...ည့်အောင် လှပချောမောတာ ငြင်းမရ။

ဒီကောင်မလေး ခန္ဓာကိုယ်ပေါ်မှာ အလှပဆုံးဝတ်စားဆင်ယင်
...တွေနှင့် သူမြင်ယောင်ကြည့်မိသေး၏။

မဆီမဆိုင် အတွေးတွေ ပွားနေမိသော ကိုယ့်အဖြစ်ကို ကိုယ်
...တွေး သတိရမိတော့ ရက်ရွံ့ရွံ့ဖြစ်ရသည်။

ကိုယ်နဲ့ ဘာမှသက်ဆိုင်တာ မဟုတ်။ နောက် လေးငါးရက်ဆိုရင်
ဒီကောင်မလေးက အိမ်က ထွက်သွားတော့မှာ ဖြစ်သည်။

ပင့်သက်မောတစ်ခု သူ့နှုတ်က ချလိုက်မိတော့ ဘာကြောင့်မှန်း
...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သူမွေးနေ့ရောက်တော့ တစ်ခုတည်းကြီးစိုးနှင့် သံယောဇဉ်

ချက်ပြုတ်စီမံကြသည်။ သူကလည်း နံဘေးက လိုတာ ကူညီလုပ်ကိုင်

ကျေနပ်နေမိ၏။

"နေအရိပ် အိပ်တော့လေ ဖဉ်တို့ စီစဉ်ပါ့မယ်၊ မနက်ကျ

အစောကြီးထ ရဦးမှာမို့လား"

"ရပါတယ် ဖဉ်ရဲ့ ကိုယ့်မွေးနေ့ကသိုလ်မှာ ကိုယ်တိုင်လုပ်

ဒါနပါချင်လို့ပါ ဘာလုပ်ပေးရမလဲ"

"ရပါပြီ ဘာမှလုပ်စရာမှမကျန်တော့တာ"

ညဉ့်ဆယ်တစ်နာရီလောက်အထိ ဖဉ်တို့နှင့်အတူ ကူညီလုပ်

ပေးပြီးမှ သူ အိပ်ရာဝင်ခဲ့သည်။

မနက်ကျတော့ ဘုန်းကြီးပင့် ရဦးမည်မို့ သူ စောစောထလိုက်

မီးဖိုချောင်ထဲမှာ ဖဉ်နှင့်ကြီးမိုး ရောက်နေကြပြီ။

"အရိပ် နိုးပြီလား မနိုးသေးရင် ဖဉ်တောင် အခုပဲ လာနိုး





ခလို့"

"နိုးပါပြီ ဖဉ်တို့ အစောကြီး ထ စီစဉ်နေကြတာကိုး"

"အားလုံး အသင့်ဖြစ်အောင် စီစဉ်နေတာပါ အရိပ် ရေမိုးချိုး

လိုက်ဦးလေ"

အပြာနုရောင် ခါးစည်းဂါဝန်လေးနှင့် ဆံနွယ်တွေကို မျက်နှာ

သုလုကလေးပေါ်လွှင်အောင် နောက်မှာ သပ်တပ်ထားသော ဖဉ်ကို

သူ ငေးကြည့်မိ၏။

မျက်နှာသစ်ပြီး မီးဖိုထဲ တန်းဝင်ထားပုံလေးလည်း ဘာမှ

ခြယ်သ ပြင်ဆင်မထားဘဲ ဖဉ် လှနေ၏။

သူရေချိုးခန်းဘက် ထွက်ခဲ့ကာ ကပျာကသီ ရေမိုးချိုးလိုက

သည်။ လည်ကတုံး ရှပ်လက်ရှည်နှင့် အောက်ခံအနက်မှာ အဖြူပွင့်လေး

တွေ ဖောက်ထားသော ပုဆိုးကို လဲဝတ်လိုက်သည်။

သည်ဝတ်စုံလေးက သံယောဖဉ် ကိုယ်တိုင် ညတုန်းက မီးပူ

တိုက် အသင့်ထုတ်ပေးထားတာ ဖြစ်သည်။

"ကျွန်တော် ဘုန်းကြီး သွားပင့်ခဲ့မယ် ကြီးမိုးနဲ့ ဖဉ်တို့အဝတ်

အစားလဲ ပြင်ဆင်ထားကြနော်"

မီးဖိုထဲမှာ ဟင်းတွေခပ်ပြီး အသင့်ပြင်ဆင်နေသော ဖဉ်တို့ကို

ပြီး သူ ထွက်ခဲ့သည်။

နေအရိပ် ဘုန်းကြီးပင့်ပြီး ပြန်လာတော့ ဖဉ်နှင့်ကြီးမိုးတို့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ လဲလှယ်ပြင်ဆင်ထားပြီးကြပြီ။

သခွားနုရောင် ဝတ်စုံလေးကို ရိုးရိုးလေး ဝတ်ထား

သံယောဇဉ်သည့် မျက်နှာမှာ ဘာကာလာ ရောင်စုံမှ မတင်ဘဲ

လေးသာ ဖို့ထားသည်။

ပန်းနုရောင် နှုတ်ခမ်းလေးတွေ နဂိုစိုလဲ့ပြီးသားမို့ အဆင်

သည်။

သုံးယောက်သား ဘုန်းကြီး ဟောကြားသည့် တရား

ငါးပါးသီလ ခံယူပြီး ရေစက်ချလှူဒါန်းကြသည်။

ဘုန်းတော်ကြီးတွေ အရဏ်ဆွမ်းဘုန်းပေးတော့လည်း

ယောက်သား ဧည့်ခံကြရသေးသည်။

ဘုန်းတော်ကြီးတွေ ပြန်ကြတော့ ရည်ရွယ်ထားသည့် အလှူ

တစ်သိန်းကို နေအရိပ် ကိုယ်တိုင်ကပ်လှူသည်။

"ကဲ ကိုယ့်မွေးနေ့မှာ ဇဉ်ရယ် ကြီးမိုးရယ် ကိုယ်ရယ် အတူ

မင်္ဂလာထမင်းပွဲလေး စားရအောင်"

စားသောက်ခန်းထဲမှာ သုံးယောက်သား ထမင်းအတူ

နေကြတုန်းမှာ လူခေါ်ဘဲလ်သံကို ကြားသည်။ ဇဉ်က စားပွဲဝိုင်းက

ဖို့ကြံတော့ သူလက်ကာ တားရင်း

"နေ ဇဉ် ကိုယ် သွားဖွင့်ပေးလိုက်မယ် ဘယ်သူလဲ မသိ

မွေးနေ့ဆိုပေမယ့် သူ ဘယ်သူကိုမှ ဖိတ်မထားခဲ့ပါ။ ကျွ





လူတွေတောင် မသိကြပါ။ ရုံးတက်သည့်နေ့ကျမှ ရုံးမှာပဲ စီစဉ်

မွေးမည် စိတ်ကူးထားခဲ့တာ ဖြစ်သည်။

သူ တံခါးဖွင့်လိုက်တော့ အခန်းဝမှာ မြင်လိုက်ရတာ နေအထက်

နေသည်။

"အရိပ် မင်းဒီနေ့ အလုပ်ပိတ်တယ်ဆိုတာသိလို့ ငါလာခဲ့

တာ"

သူ့မွေးနေ့အတွက် ကုသိုလ်ယူနေချိန်မှာ နေအထက်ရောက်

တာမို့ စိတ်ထဲမှာ နည်းနည်းတော့ ကသိကအောက် ဖြစ်သွားသည်။

သူ တိုက်ခန်းတံခါးကို ဖွင့်ပေးတော့ နေအထက် လှမ်းဝင်ရင်း

ခန်းကို ဝေ့ဝဲကြည့်၏။

"ဇဉ် ရှိတယ် မဟုတ်လား အရိပ်"

"ရှိတယ် ဒီနေ့ ငါ့မွေးနေ့ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်လို့

မိုးနဲ့သူ ကူလုပ်ပေးနေတာ"

နေအထက် မျက်ခုံးတွေ ပင့်တက်သွားပြီး မျက်မှန်နက်ကို

သည်။ ဒီတစ်ခါတော့ အရင်လို ရုပ်ဖျက်ထားတာ မဟုတ်တာမို့

အထက် မျက်နှာကို ပကတိ အရှိအတိုင်း မြင်နေခဲ့ရသည်။

"မင်းမွေးနေ့လား ဒါဆို ငါရောက်တာ မင်္ဂလာပဲပေါ့ နေပါဦး

သည်တွေ ဖိတ်ထားတာ များသလား"

"ဘယ်သူမှ မဖိတ်ဘူး။ ဘုန်းကြီးဆွမ်းကပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ အခုချိန်မှာ ငါဘယ် လူစိမ်းနဲ့မဆုံချင်ဘူ

နေအထက် စိတ်ပေါ့ပါးသွားသလိုဆိုရင်း ဆိုဖာထိုင်ခုံမှာ ထိ

၏။

"ငါတို့ စားသောက်ခန်းထဲမှာ ထမင်းစားနေကြတာ အထ

မင်းဆန္ဒရှိရင် ဝင်စားသွားလေ"

အိမ်အထိ ရောက်လာမှတော့ သူမ ဖိတ်ခေါ်လို့ မဖြစ်ထ

ဖိတ်ခေါ်ရသေး၏။

"အေး စားမှာပေါ့ ခဏနေဦး မင်းကိုငါ ပြောစရာရှိလို့"

"ဘာပြောမှာလဲ အထက် ပြောလေ"

"ဇင်ကို မင်း ခဏလောက် ဆက်ပြီး ခေါ်ထားပေးပါဦး"

"ဟင်"

"ငါ အကူညီတောင်းတာပါ မထင်မှတ်တဲ့ အခြေအနေတွေ

ဟိုဘက်မှာ ပြောင်းလဲသွားလို့ကွ အလွန်ဆုံး နောက်နှစ်ပတ်လောက်

"ငါ ထင်သားပဲ မင်းငါ့ကို ဆက်ဒုက္ခပေးဦးမယ်လို့"

"ဒါ ဒုက္ခပေးနေတာမှ မဟုတ်တဲ့ အရိပ်ရာ လိုအပ်လို့ အ

အညီတောင်းတာပါ တစ်ခုရှိတယ်၊ မင်း လက်ခံဘူး ဆိုရင်လည်း ဇင်

ငါ တခြားနေရာ နေဖို့ စီစဉ်ပေးရမှာပေါ့"

နေအထက် စကားကြောင့် သူ မျက်မှောင်ကြီး ကုပ်သွား

သူ့ဘက်က ငြင်းလျှင် ဇင်ကို နေအထက် ဘယ်ကို ခေါ်သွားမည်

မသိ။





"ရန်ကုန်မှာ ငါ့ရဲ့ ခင်မင်တဲ့ အသိမိတ်ဆွေက သိပ်မရှိတာ

င်း သိပါတယ် ပြီးတော့ ဇင်ကို စိတ်ချတာ မင်းဆီမှာပဲ"

ကိုယ့်ကိုအားကိုးသည့် လေသံနှင့် နေအထက် ပြောသည်။

အရင်စိတ်နှင့် ဆိုလျှင် ခါးသီးစွာ ငြင်းလိုက်မိမှာ ဖြစ်ပေမယ့် အခုတော့

သူ ဝဉ်းစားတွေဝေနေသည်။

ဒါ နေအထက်ကြောင့် မဟုတ်တာ သေချာသည်။

သံယောဇဉ်ဆိုသော ကောင်မလေး ဘဝလေးကို စာနာသနား

ို့ ဖြစ်သည်။

"ဘယ်လိုလဲ အရိပ် မင်းကူညီနိုင်မလား"

"မင်းအရမ်းခက်ခဲနေတယ်ဆိုရင်တော့ ငါလက်ခံပေးရမှာပေါ့

ါပေမဲ့ မင်းဘက်က ဒုတိယအကြိမ် ကတိ ထပ်ပျက်တာ ဆိုရင်တော့

ဒါ လက်မခံတော့ဘူးနော်"

"ဟာ စိတ်ချပါ ဇင်ကို မင်းဆီမှာ ငါတစ်သက်လုံး ထားရစ်ခဲ့မှာ

ဟုတ်ဘူး ဇင်က ဆွေမရှိ မျိုးမရှိမှ မဟုတ်တာ အခြေအနေတစ်ခုအရ

နောက်ထပ် အချိန်လေးပဲ လိုတာပါ"

ဘယ်တုန်းကမှ ပွင့်လင်းစွာ ဝန်မခံတတ်သော နေအထက်ကို

သူ့ဘာမှ ဆက်မမေးချင်ပါ၊ သံယောဇဉ်ရဲ့ မျက်နှာတစ်ခုနဲ့ပဲ သူမကို

ဆက်ပြီး လက်ခံပေးဖို့ သဘောတူလိုက်သည်။

နေအထက်ကတော့ ထို့အတွက် ကျေနပ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

"ဖဦက အားလုံးကို ဒုက္ခပေးသလို ဖြစ်နေပြီ ထင်တယ်"

မျက်နှာလေးညှိုးတော့ သူ သနားသွားမိသည်။ သံယောဇဉ်ဆိုသောမိန်းကလေးသည် အရိပ်အကဲကို နားလည်တတ်သူမှန်း သိလာ၏။ နေ့အထက်က ထပ်အကူအညီတောင်းခြင်းအတွက် သူ့အားနာနေပုံရ၏။

"ဟိုလေ အရိပ်ကို ဖဦ ဆက်ပြီး ဒုက္ခမပေးချင်ပါဘူး။ တခြားမှာပဲ သွားနေပါ့မယ်"

"မင်းက ဘယ်မှာ သွားနေမှာလဲဖဦ"

"ကျောင်းတုန်းက ဖဦရဲ့သူငယ်ချင်းတွေရှိတယ် တစ်ယောက် ယောက်ဆီမှာပေါ့ ဒါမှမဟုတ်ရင်လည်း ကိုနေ စီစဉ်ပေးတဲ့နေရာ





ဖဦ စကားကြောင့် သူ့ခေါင်းကို ခါရမ်းမိ၏။ ဖဦအတွက် နောက်ထပ်အခက်အခဲဒုက္ခတွေနှင့် ရင်ဆိုင်ရမှာစိုးသည်။

"ဖဦ ကို အထက်က ဒီမှာ ဆက်နေစေချင်တယ် ကိုယ့်အတွက် လည်း မပိုပါဘူး။ ပြီးတော့ တခြားနေရာမှာ မင်း အခက်အခဲတွေ ထပ်ပြီး မကြုံစေချင်ဘူး ဖဦ ဒါ ကိုယ့်စေတနာပါ"

သူ့ရင်ထဲက ဆန္ဒ အရှိန်အတိုင်းပဲ ပြောမိသည်။ ဖဦ မျက်နက် ဝန်းလေးတွေ ဝေရီလျက်သူ့ကိုကြည့်နေဆဲ။

"မင်း ဒီမှာပဲ ဆက်နေပါ ဖဦ အဲဒီအတွက် ကိုယ့်ကိုဘာမှ အားနာစရာ မလိုပါဘူး"

"ဟိုလေ ဖဦကြောင့် အရိပ် အခက်အခဲ မရှိဘူး ဆိုရင်တော့ ဖဦ ဆက်နေချင်ပါတယ်"

"ဘာပြဿနာမှမရှိပါဘူး ဖဦ မင်းကို မောင်နှမရင်းချာလို ကိုယ် သဘောထားပြီး ခင်မင်ပါတယ် ဒီမှာပဲ ဆက်နေပေါ့ ဟုတ်လား"

သူ့စကားကြောင့် ဖဦ မျက်ဝန်းလေးတွေ ကြည်နူးတောက်ပ သွားတာ အထင်ရှား။

"ဖဦ အရမ်းကျေးဇူးတင်ပါတယ် အရိပ်"

သံယောဇဉ် မျက်နှာလေး ကြည်နူးဝင်းပသွားတော့ သူလည်း ဘာကြောင့်မှန်းမသိ ကြည်နူးချင်သည်။

မိန်းကလေးတွေနှင့် ပတ်သက်လျှင် ရင်းနှီးကျွမ်းဝင်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ မရှိ။ ဘဝကို အလုပ်ထဲမှာပဲ အဆုံးနစ်ရင်း သူ့ဘဝ… တိုးတက်အောင် ကြိုးစားခဲ့တာ ဖြစ်သည်။

အလုပ်ထဲမှာတော့ ဘယ်မိန်းကလေးနှင့်မှ သူ အရောတဝင် မနေတတ်ခဲ့ပါ။ သံယောဇဉ်ကို ရောက်စက သူလုံးဝ လက်ခံချင်… မဟုက်ခဲ့ဘဲ နေအထက်ကြောင့် ငြင်းရခက်ခဲ့တာဖြစ်သည်။

အခုကျတော့လည်း သံယောဇဉ်နှင့်ပတ်သက်ပြီး သူ စာနာ… တွေ မိုးရိပ်တာတွေ ရင်ထဲမှာ အလိုလို ဖြစ်တည် ခံစားနေတတ်ခဲ့သည်။

ဒါဘာကြောင့်လဲဆိုတော့ ကိုယ်တိုင်တောင်မစဉ်းစားမိခဲ့…

သံယောဇဉ်ရဲ့ ဖြူစင်သော စိတ်ဓာတ်လေးကိုသူ သိရှိလာခဲ့… ကြောင့်လည်း ဖြစ်နိုင်သည်။

သူ့အိမ်ရောက်ကတည်းက သံယောဇဉ်က သူ့ဝေယျာဝစ္စ… ဂရုစိုက်ကူညီပေးခဲ့သည်။ သူ အလုပ်စားပွဲမှာ စာရင်းတွေလုပ်နေ… အလိုက်တသိ ကော်ဖီ လာချပေးတတ်၏။

နောက်ဆုံး ဒေါ်မိုးငယ် ရှိနေပေမယ့် ချက်ပြုတ်လျှော်… ကိစ္စတွေကိုတောင် ဇဉ်က အလိုက်တသိ ဝင်ကူပေးတတ်သည်။

ဇဉ်ရဲ့ သိတတ်မှုလေးတွေနှင့် မိန်းကလေးဆန်သော အပြု… တွေကို သူ နားလည်လာချိန်မှာ ခင်မင်သွားခဲ့သည်။

ဇဉ်နှင့် သူကြားမှာ သံယောဇဉ်နှောင်ကြိုးသည် တွယ်ငြိမ်… တွယ်ငြိနေခဲ့ပြီလား။





…သည်မေးခွန်းအတွက် သူကိုယ်သူ ပြန်ဆန်းစစ် ကြည့်ရပါဦး…ည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

တိကျသေချာသော သတင်းတစ်ခုကို သူ စုံစမ်းသိလိုက်

သည့် နောက်ပိုင်းမှာတော့ ပိုလို့ ကျေနပ်သွားခဲ့သည်။

ဒေါ်ယုယနွယ် စကားတွေက လွှဲချော်မှု မရှိသော အမှန်တ

တွေပဲ ဖြစ်သည်။ ဦးနေဇော်က အမွေတွေရဲ့ လေးပုံသုံးပုံ အထိ

သံယောဇဉ်အတွက် ပေးဖို့ စီစဉ်ထားသည်။

ဒါကို တစ်ပုံသာ ခံစားခွင့်ရမည့် ယုယနွယ် ခံရခက်

မကျေမနပ်ဖြစ်နေတာ ဖြစ်သည်။ သူ့အတွက်တော့ တကယ့်ကို တစ်

ခုတ် နှစ်ချက်ပြတ်မည့် အခြေအနေဖြစ်နေသည်။

ရန်ကုန်လာခဲ့တုန်းက ယုယနွယ် ကိုချဉ်းကပ်ပြီး သူ့အ

မြင့်မားအောင် လုပ်ဖို့ဖြစ်သည်။ မှန်းချက်တွေက တကယ့်တလွဲ ဖြစ်

ဒေါ်ယုယနွယ် ဆိုသည်က သူ ထင်မှတ်ထားသလို မိန်း





ယောက်။ သူမသည်လည်း သူလိုပဲ သူမ အနာဂတ်ဘဝအတွက် ဦးနေဇော်

ကို အပိုင်ချိုင်ခဲ့သော မိန်းမလည်း ဖြစ်သည်။

ဒါကို ဦးနေဇော်ကလည်း သိသည်။

မဖြစ်မနေ လက်ထပ်ခဲ့ရပေမယ့် ဒေါ်ယုယနွယ်ကို မျက်နှာသာ

တစ်ချက် မပေးခဲ့ပါ။ နောက်ဆုံး ဒုတိယ ဘဝရောက်သည် အထိ

သူမကို တွယ်တာအားကိုးမှု မရှိခဲ့။

သူပိုင်ဆိုင်သော အမွေတွေကို သူ့စိတ်တိုင်းကျ စီမံခဲ့သည်။

ဒါတွေကို ဒေါ်ယုယနွယ် သိလိုက်ချိန်မှာ ငယ်ထိပ်မြွေပေါက်ခံရ

သလို ရှူးရှူးရှားရှားဖြစ်သွားခဲ့သည်။ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျ

သွားခဲ့သည်။

ဦးနေဇော်ရဲ့ အမွေဥစ္စာခနတွေကိုသာ ရယူလိုသော ဒေါ်ယု

ယနွယ်က သူ့ကိုလည်း ခါထုတ်ဖို့ကြိုးစားသည်။

တကယ့်မိန်းမလည်ကြီး။

အခုတော့ သူမ မျက်ကလဲဆန်ပြာ ဖြစ်နေသည်။ အမွေကို

အများဆုံးရနိုင်မည့် သံယောဇဉ် ပျောက်ဆုံးနေခြင်းက သူမအတွက်

အရေးကြီးနေသည်။

သံယောဇဉ် က သူမ ခါထုတ်ဖို့ကြိုးစားနေသော သူ့လက်ထဲမှာ

ရောက်နေတာကို သိလျှင် သူမ အံ့သြသွားလောက်သည်။

တစိမ့်စိမ့် တွေးရင်း နေအထက် ပြုံးမိ၏။ ပါးရိုက်ရင်တော



www.burmeseclassic.com

www.burmeseclassic.com



နားပြန်ကိုက်တတ်တာကို ဒေါ်ယုယနွယ် သိအောင်တော့ ပြုရမည်။

ဖုန်းနံပါတ်လေးတွေကို ဖိနှိပ်ပြီး ဒေါ်ယုယနွယ်ဆီ ဆက်သွယ်လိုက်သည်။ တစ်ခါတည်းနှင့်ဖုန်းက ဝင်သွား၏။

"ဟဲလို ယုယနွယ်ပါ"

"မ နေကောင်းပါတယ်နော်"

သူ့အသံကို ဒေါ်ယုယနွယ် ချက်ချင်း မှတ်မိမှာ သေချာ ထင်မှတ်ထားရသည့်အတိုင်း တုံ့ပြန်မှုက မာတင်းနေ၏။

"မင်း ဘာနှောင့်ယှက်ဦးမလို့လဲ နေအထက်"

"မနဲ့ တွေ့ချင်လို့ပါဗျာ"

"ငါ လုံးဝ မအားဘူး နေအထက်"

"အဟွန်း လေသံတွေက မကောင်းလိုက်တာဗျာ၊ အရင်တုန်း ဒီလိုမျိုး မဟုတ်ပါဘူး"

"နေအတက် မင်း အပိုတွေ မပြောနဲ့ မင်းလည်း ဘာကောင် တာ ကိုယ့်ကိုကိုယ် သိတာပဲ၊ ကဲ ဒီမှာ ငါ အံပြတ်ပြောမယ် ငါ့ဆီကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့"

ဒေါ်ယုယနွယ် ဘက်က ယတိပြတ် ခါချနေ၏။ ဒါတွေကိုလည်း သူခံရခက်တာဖြစ်သည်။ နေအထက်ဆိုသည့် ယောကျ်ားက ငတုံး မဟုတ်တာ။ ပြီးတော့ မိန်းမတွေကို အလှပဆုံး ကစားတတ်ခဲ့သူ ခင်ဗျားနဲ့ကျမှ အရှုံးပေးလိုက်ရတာတော့ ရာဇဝင်ရိုင်းတယ်





"မ သံယောဇဉ် ဘယ်မှာလဲ မသိချင်ဘူးဆိုရင် ဖုန်းချလိုက် ရပါတယ်"

"ဟင် ဘာ ဘာပြောတာ မိဇဉ် ဟုတ်လား"

"ဟုတ်တယ် မ အံ့သြသွားအောင် ပြောပြမလို့ ဒါပေမဲ့"

"နေ နေပါဦး အထက် မင်း တကယ်ပြောနေတာလား။ သံယော ဇဉ်ရဲ့ သတင်းကို မင်း တကယ် သိသလား ပြောစမ်းပါ"

"လက်ရှိ သံယောဇဉ်က ကျွန်တော့် ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်ဆိုရင် ခင်ဗျား အံ့သြသွားမလား"

"ဟင် မင်း တကယ်ပြောနေတာလား"

"ညာစရာမှ မဟုတ်ဘဲဗျာ၊ အမှန်ပြောရရင် သံယောဇဉ်ကို အိမ်ကြီးက ခေါ်ထုတ်သွားခဲ့တာ ကျွန်တော်ပဲ"

"ဟင်"

ဒေါ်ယုယနွယ် ဘာမှ ခွန်းတုံ့မပြန်နိုင်အောင်ဖြစ်နေသည်။ လုံးကြီးပြူးကာ အံ့သြတုန်လှုပ်နေမည့် ပုံရိပ်ကို တွေးမြင်ရင်း အထက်ကျေနပ်လို့နေတာအမှန်။

"ဘာကြောင့်လဲ မမေးနဲ့ ခင်ဗျား ကျုပ်ကို ခါထုတ်ဖို့ကြိုးစားတာ မကျေနပ်လို့ အခုတော့ ကျုပ် လုပ်ရပ်က အတော်ကို တန်ဖိုးရှိတဲ့ လုပ်ရပ်ပဲ"

"အထက် မိဇဉ် မင်းဆီမှာဆိုရင် မ တို့ပြဿနာငြိမ်းပြီ မ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဦးနေဇော်ကို အမွေစာချုပ် ပြောင်းလဲသွားအောင် လုပ်နိုင်တယ် မင်းနဲ့ မ ပူးပေါင်းရင် အဆင်ပြေပြီး မင်း လက်ခံတယ်မို့လား''

လေသံကော ဆက်ဆံမှုတွေပါ ချက်ချင်းကြီးပြောင်းလဲသွား သော ယုယနွှယ်ကို သူ ဟားတိုက် ရယ်လိုက်ချင်သည်။ ဒါပေမဲ့ မရယ် ချင်သေးပါ။ မိန်းမလည်ကြီး ခံရခက်အောင်ပညာပေးဖို့ ဆုံးဖြတ်ထား သည်မို့လည်း

''ကောင်းပြီ မ၊ ဦးနေဇော်နဲ့ မ ဆွေးနွေးကြည့်လေ၊ ကျွန်တော် ဘက်က မ ဖြစ်စေချင်တာ မှန်သမျှ ထုတ်ပေးဖို့ အသင့်ပဲ''

သူ့စကားအတွက် ယုယနွှယ် သိပ်ကျေနပ်သွားမှာ သေချာ သည်။ ဒါပေမဲ့ သူ့အစီအစဉ် အမှန်ကို သိရင်တော့ . . ။

■ ■ ■



အခန်း (၂၇)

အပြာနုရောင် ဝတ်စုံလေးကို လည်ကပ်ပခုံးကျရုံ ကိုယ်ကျပ် ဝတ်ထားကာ လည်တိုင် ဝင်းဝင်းလေးမှာက ပလက်တီနမ် ဆွဲကြိုး လေး တစ်ကုံးသာ ဆင်ထားတာမို့ ရှင်းနေခဲ့သည်။

ထူးခြားစွာ ဆင်ယင်ထားမှုကြောင့် မဟုတ်ပါဘဲ အားလုံးထဲမှာ က ထင်းနေခဲ့သည်။

ပလာဇာထဲမှာ ဟိုကြည့်သည်ကြည့် လျှောက်နေပြီး အခုချိန် ဘယ်ဆိုင် ဘယ်ကောင်တာ ရှေ့မှာမှ မရပ်သေးတာမို့ နေအရိပ် ည်း နံ့ဘေးကပဲ တိတ်ဆိတ်စွာ လိုက်နေရသည်။

နေအထက် ခေါ်လာကတည်းက အဝတ်တစ်ထည် ကိုယ်တစ်ခု ပါလာသော သူမမှာ အဝတ်အစားဆိုလို့ များများစားစား မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



နေအထက်က ဒါကိုလည်း ဂရုစိုက်မိပုံမရဘဲ သူ့ပြဿနာတွေနှင့် ရှု
တွေးလုံးပမ်းနေခဲ့တာ ဖြစ်သည်။

မြင်နေ၊ သိနေ၊ မနေနိုင်သော သူကပဲ သူမအတွက် အဝ
အစား ငါးစုံလောက် ဝယ်ပေးထားခဲ့သည်။ အခု သူမ ဝတ်ထားသေ
ဝတ်စုံလေးသည်ပင် သူမနှင့် လိုက်ဖက်မည်ထင်ကာ သူဝယ်ခဲ့ပေးထာ
ဖြစ်သည်။

သူမရဲ့ ခန္ဓာကိုယ်လေးနှင့် အလိုက်ဖက်ဆုံး ဝတ်စုံတေ
ဖြစ်သွားခဲ့သည်။ ကျန်ဝတ်စုံတွေကတော့ တီရှပ်တွေ ရှော့ပင်နှ
နှင့် ရယ်ဒီမိတ်အင်္ကျီနှင့်ထဘီများပဲ ဖြစ်၏။

ဒီနေ့တော့ သူမ လိုချင်တာ ဝယ်ပါစေ ဆုံးဖြတ်ကာ ပလာ
ထဲကို သူ ခေါ်ဆောင်လာခဲ့တာ ဖြစ်သည်။ သံယောဇဉ် က တစ်ဆိုင်
ဝင်မရပ်သေးတော့ သူ သတိပေးရသည်။

"ဇဉ် မင်းလိုချင်တာ ဝယ်လေ ဘာလို့မဝယ်တာလဲ"

'ဟင့်အင်း ဘာမှမဝယ်တော့ပါဘူး ဇဉ်မှာ ဝတ်စရာတွေ
နေသေးတာပဲ"

"ဟာ မဟုတ်တာဘဲကွာ မင်းလိုချင်တာဝယ်ဖို့ ပလာဇာ
ခေါ်လာတာပဲဥစ္စာ ကြိုက်တာဝယ်ပါ၊ ကိုယ့်မှာ ပိုက်ဆံပါ ပါတယ်"

သူ့ကို အားနာနေမှာစိုး၍ သူပြောတော့ သူမ ခေါင်းလေး
ခါရမ်းကာ ငြင်းပြန်သည်။





"ဟင့်အင်း မဝယ်တော့ပါဘူး။ အရိပ် ဝယ်ပေးထားတာတွေ
ရှိတာပဲ နောက်ထပ် ဇဉ် ဘာမှမလိုချင်လို့ပါ"

မျက်နက်ဝန်းလေးတွေနှင့် သူ့ကိုကြည့်ကာ သံယောဇဉ်ဆိုတော့
သူဘာကြောင့်မှန်းမသိ၊ စာနာသနားသွားမိသည်။ ပလာဇာထဲကို
ဝင်လာပြီးမှ ဘာမှမဝယ်တာတော့မဟုတ်သေးပါ။

အခုချိန်မှာ ဇဉ် လက်ထဲမှာ ငွေတစ်ပြားမှ မရှိတာလည်း
သူသိပါသည်။ သူမလည်း မိန်းကလေး တစ်ယောက်ပဲ၊ မိန်းမသားပီပီ
လိုချင်တာ ဝယ်ချင်တာတော့ရှိမည်။

"ဘာမှမဝယ်တာတော့ မဟုတ်သေးဘူး ကဲ လာပါကွာ"

ဇဉ် လက်ကလေးကိုဆွဲပြီး ရယ်ဒီမိတ် အထည်တွေ ရောင်းသည့်
ဆိုင်တာထဲ သူခေါ်ခဲ့သည်။ ဇဉ် မရုန်းနိုင်ဘဲ ပါလာသည်။

"ကဲ ဇဉ် စိတ်ကြိုက်ရွေး"

ခေါင်းကလေးခါရမ်းနေတော့ သူကိုယ်တိုင်ပဲ ချိတ်ဆွဲပြထား
သော ဝတ်စုံတွေကို လက်ညှိုးထိုးကာ ရွေးချယ်ဝယ်သည်။ ဇဉ်ကတော့
ဘေးမှာ တိတ်တိတ်ဆိတ်ဆိတ်လေး ငြိမ်သက်နေသည်။

ဒီဇိုင်းလှလှ အထည်လေးတွေ ငါးစုံလောက် သူ ဝယ်သည်။
ပြီးတော့ ပလာဇာထဲ ဆက်လျှောက်ကာ နောက်ထပ် အထည်ဆိုင်ကို
ဝင်ဝင်သည်။

"အရိပ် ဘာလုပ်ဦးမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဖဉ့် အမေးကိုမဖြေဘဲ သူ့စိတ်ကြိုက်ဝတ်စုံတွေကို လက်ညှိုးညွှ
ပြီး ထပ်ဝယ်သည်။ ဖဉ့်က မျက်စိမျက်နှာလေး ပျက်ကာ ငြင်းနေ

"အို အများကြီး ဘာလုပ်မှာလဲ တော်ပါပြီ ဖဉ့်အတွက် အ
လောက်မှ မလိုအပ်တာ"

"အခု မလိုပေမယ့် နောက်လိုအပ်မှာပေါ့"

ကျသင့်ငွေတွေ သူ ထုတ်ရှင်းကာ အထုပ်အပိုးတွေက ကော
တာပေါ်မှာ လေးငါးအိတ် ထပ်ပိုလာသည်။ သံယောဇဉ်က မျ
မျက်နှာလေးပျက်ကာ ဘာမှ ပြန်မပြောနိုင် ဖြစ်နေသည်။

လက်ဆွဲအိတ်တွေကို သူကိုယ်တိုင်ပဲဆွဲကာ နောက်ထပ် ဈ
ပစ္စည်းရောင်းသည့် ကောင်တာရှေ့ သူရပ်တော့

"ဟင့်အင်း ဖဉ့် ဘာမှ မလိုတော့ဘူးနော် အရိပ်"

"အလှကုန်ပစ္စည်းဆိုတာ မိန်းကလေးတွေအတွက် လိုအပ်
ပဲ မဟုတ်လား ဖဉ့်ရဲ့ နည်းနည်းပါးပါးတော့ဝယ်ပါ"

သူက တဖွတ်ထိုး တိုက်တွန်းသည်။ ကောင်တာက အရော
စာရေးမလေးတွေက အလှပြင်ပစ္စည်းတွေ ထုတ်ပြနေသည်။ သ
အခိုက်မှာပဲ နေအရိပ်ခါးကြားက ဟန်းဖုန်းလေးက ထမြည်လာသ

"ဖဉ့် မင်းစိတ်ကြိုက်ရွေးထားနော် ခဏလေး"

လူရှင်းသော အခန်းထောင့်နေရာလေးကို သူ ထွက်ခဲ့
ဖုန်းကို ဖွင့်နားထောင်လိုက်တော့ နေအထက်ဆီက ဖြစ်နေသည်





"အရိပ် ငါပါ"

"ပြော အထက် ဘာကိစ္စလဲ"

"မင်းကို သတိပေးစရာရှိလို့ကွာ အခု ဖဉ့် ဘယ်မှာလဲ"

"ရှိတယ် မင်းဘယ်မှာလဲ ပြောလေ"

"တခြားမဟုတ်ဘူး အရိပ် မင်း ဖဉ့်ကို အသေအချာ ဂရုစိုက်
ထားပေးဖို့ သတိပေးချင်လို့၊ ဖဉ့်မှာ အန္တရာယ်တွေ ပိုနီးနေပြီ၊ ဖဉ့်ကို
အန္တရာယ်ပေးမယ့်လူတွေ အနောက်မှာ ရှိနေမှာ သေချာတယ်"

နေအထက် စကားကို သူနားမလည်နိုင်အောင် ဖြစ်သွားသည်။
သံယောဇဉ်ကို လှည့်ကြည့်တော့ ကောင်တာလေးမှာ ရပ်နေရင်း သူ့ကို
လှမ်းကြည့်လို့နေသည်။

"မင်းစကား အဓိပ္ပါယ်က ဘာတွေလဲ အထက်၊ ဖဉ့်အတွက်
ဘာအန္တရာယ်တွေ ရင်ဆိုင်ရမှာလဲ ငါ နားမလည်ဘူး"

"ပြဿနာပဲ ခုချိန်မှာ မင်းကိုငါ ရှင်းမပြနိုင်သေးဘူး။ ငါနဲ့မင်း
ဆုံမှပဲ ငါရှင်းပြမယ် အရေးကြီးတာက မင်း ဖဉ့်ကို တတ်နိုင်သလောက်
စောင့်ရှောက်ထားဖို့ပဲ ဖဉ့်ရဲ့ မိထွေးက ဖဉ့်ကို သည်းသည်းမည်းမည်း
မုန်းနေတယ်၊ ငါ့ကိုလည်း သံသယမကင်း ဖြစ်နေတယ်၊ ငါ့နောက်မှာ
သူ့ရဲ့လူတွေ အမြဲတမ်း အရိပ်လို ရှိနေတာ ငါသိတယ်"

"ဟာကွာ ဘာတွေလဲ ပြဿနာတွေ ရှုပ်လာမှာဆိုရင်တော့
ငါဘယ်လိုမှ လက်မခံနိုင်ဘူးနော် မင်းနဲ့ငါ ပြတ်ပြတ်သားသား ရှင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်''

"ကျွတ်စ် မင်းကမှတ်မှော်ငှဲ့ ဘာပြဿနာမှ မရှိဘူး၊ ပြဿ
က ဖဉ်ရဲ့ ပြဿနာ ဖဉ်ကို သူတို့ရှာဖွေနေတာ ကောင်းသော ရှာ
မဟုတ်ဘူး သူတို့ဘက်က မရိုးသားလို့ ရဲတွေဘာတွေ မတိုင်တာပေါ့
ဒါကို မင်း စဉ်းစားကြည့်ပေါ့၊ ကဲ ငါပြောတာ မမေ့နဲ့ ဖဉ်ကို မင်းတိုက်
မှာ ရှိနေတာ လုံခြုံစိတ်ချရတယ်၊ ငါ နောက်နှစ်ရက်ဆို လာခဲ့မယ်
အဲဒီကျမှ မင်းသိချင်တာမေးတော့''

နေအထက် ဖုန်းချသွားတာမို့ သူဘာမှ ဆက်မေးခွင့် မရလိုက်
ပါ။ စိတ်ထဲမှာ ကသိအောက်တော့ ဖြစ်သွားခဲ့တာအမှန်။ အထူးသဖြင့်
နေအထက်ရဲ့ ပြဿနာအရှုပ်ထွေးတွေကို သူဘာမှ မသိတာ ဆိုသည်

တစ်ပတ်ဆယ်ရက်ဆိုပြီး သံယောဇဉ် သူ့ဆီရောက်နေတာ
တစ်လတောင်ရှိရော့မည်။ မိထွေးက အနိုင်ကျင့်နှိပ်စက်လို့ ပြေးလာသည်
ဆိုသော နေအထက်ရဲ့စကားကို သူယုံခဲ့တာ သံယောဇဉ် ကိုယ်တိုင်က
လည်း ဝန်ခံပြောပြလို့ပဲ ဖြစ်သည်။

အခုတော့ သံသယတွေ ဖြစ်ရသည်။

နေအထက်နဲ့ သံယောဇဉ် သူ့ကို လိမ်ညာထားတာလား
တစ်ခုခု ဖုံးကွယ်ထားခဲ့တာလား။

အတွေးစကိုဖြတ်ခဲ့ကာ အလှကုန်ပစ္စည်းအရောင်း ကောင်တာ
မှာ ရပ်စောင့်နေသော သံယောဇဉ်ဆီ သူရောက်တော့





"ဖဉ် ဘာမှမလိုချင်ဘူး အရိပ် ဒီကာရင်မ်တစ်ဘူးပဲ ယူမယ်''

"ဟင် ဘာလို့လဲ တစ်ဘူးပဲလား ကျန်တာတွေ မယူတော့ဘူး
လား''

"ဖဉ်အတွက်မှ မလိုအပ်တာ ဖဉ် ဒါတွေသုံးလေ့သုံးထလည်း
မရှိလို့ပါ''

အမြဲတမ်း ဝင်းမွတ်ကြည်လင်နေသော ဖဉ်မျက်နှာလေးက
အလှပြင်ပစ္စည်းတွေရဲ့ အကူအညီမပါတတ်တာကို သူ သတိထား
မိပါသည်။ ဒါကြောင့်လည်း ဘာမှ ဖွတ်မတိုက်တွန်းတော့ဘဲ သူ
ငွေသင့်ငွေကို ရှင်းလိုက်ပါသည်။

"မင်းအတွက် ဘာထပ်လိုသေးလဲ ဖဉ် ဘာဝယ်ချင်သေးလဲ''

"တော်ပြီလေ ဒီပစ္စည်းတွေတောင် မနိုင်မနင်းသယ်နေကြရတာ
ဆိုတာထက်ပိုနေပြီ ဖဉ် တောင်းပန်ပါတယ်နော် ဘာမှ ထပ်မဝယ်ပါနဲ့
တော့''

တကယ့်ကိုရိုးရိုးတကြီးလေး တောင်းပန်နေတော့ သူ ဘာမှ
ထပ်မဝယ်တော့ဘဲ ပလာဇာထဲက ထွက်ခဲ့ကြသည်။

ဖဉ် လက်နှစ်ဘက်စလုံးမှာလည်း လက်ဆွဲအိတ်တွေ တမွေ့
အပိုက်နှင့် သူ့လက်နှစ်ဖက်မှာလည်း ဖဉ်ရဲ့ ပစ္စည်းတွေအပြည့် ဖြစ်သည်။

ရပ်ထားသည့်ကားနောက်ခန်းထဲကို ပစ္စည်းတွေထည့်ပြီး ဖဉ်ကို
သူ ကားတံခါးဖွင့်ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ တစ်ဆိုင်ဆိုင်မှာ မနက်စာတော့ စားကြရအောင် နော်"

ဒီစကားလေးကိုတော့ ဖဉ် မငြင်းဆိုဘဲ ခေါင်းကလေးညိတ် ပြသည်။ ပလာဇာထဲမှာ စိတ်မောလူမောနှင့် သည်ကောင်မလေး လောင်နေပြီ ထင်သည်။

နေအရိပ် ကားလေးကို စားသောက်ဆိုင် တစ်ခုဆီ ဦးတည်လိုက်ပါသည်။

နှစ်ဦးသား ဆာဆာနှင့် စားသောက်လိုက်ကြတော့မှ ဝ တင်းတိမ်သွားခဲ့သည်။

"ကိုယ်တို့ ဗဟန်းဘက်က ပတ်ပြန်ကြမယ်နော်"

"ဟင် ဘယ်သွားဦးမလို့လဲ ဖဉ် ဘာမှ မလိုချင်တော့ဘူးနော်"

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ အထိတ်တလန့် တော ပန်နေသော ဖဉ့်ကို ကြည့်ကာ ပြုံးမိသည်။

"ပစ္စည်းတွေသယ်ရမှာ ဖဉ်ကြောက်နေလို့လား"

"ဟုတ်တယ် အခုတောင် ပိုက်ဆံတွေအတော်ကုန်နေပြီ ဘာမှ ထပ်မလိုချင်တော့ဘူး ဒီကုန်ကျစရိတ်တွေအတွက် တစ်ချိန်ကျ အရိပ်ကို ဖဉ် ပြန်ပေးပါရစေနော်'

"ဟော့ ဒါတော့ မင်းမပြောနဲ့ ကိုယ်က မင်းကို ကိုယ့်ရဲ့ မောင် ရင်းချာလို ခင်မင်လို့ဝယ်ပေးတာပါ၊ ကဲ အခု ဘုရားပေါ် တက်





ဆန်းပြန်တာပေါ့"

သူဆိုတော့မှ သံယောဇဉ် စိတ်သက်သာသွားသလို ခေါင်း ကလေးညိတ် လက်ခံသည်။ ကျသင့်ငွေကို စားပွဲထိုး ချာတိတ်ကလေးထံ သူ ရှင်းပေးပြီးမှ

"ဖဉ် ခဏလောက်စောင့်ကွာ ကိုယ် လက်ထရိန် ခဏဝင်လိုက် ချင်လို့"

ဖဉ် ခေါင်းကလေးညိတ်ပြကာ စားပွဲဝိုင်းမှာ ကျန်ရစ်ခဲ့သည်။ စားသောက်ဆိုင်အနောက်ဘက်က သန့်စင်ခန်းဆီ သူ ထွက်ခဲ့သည်။

နေအရိပ် ပြန်ထွက်လာတော့ စားပွဲဝိုင်းမှာရှိနေသော ဖဉ့် အနားမှာ လူတစ်ယောက် ရောက်နေသည်။

ဖဉ်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ထိုလူရှယ်မျက်နှာကို သူ မမြင်ရပါ။ ဂျင်းဂျက်ကက်အနက်ရောင်နှင့် ဂျင်းဘောင်းဘီပြာ ဝတ်ထားသော ထိုလူရှေ့မှာ ဖဉ် မျက်နှာလေးက သွေးဆုတ်ဖြူလျော် ထိတ်လန့်နေတာတော့ သေချာသည်။

သူထွက်လာတာမြင်တော့ ဖဉ် အားကိုးတကြီး လှမ်းကြည့်သော မျက်ဝန်းတွေက အထင်အရှား။

ဖဉ် အကြည့်တွေကို ရိပ်မိသွားဟန်တူသော သူကသူ့ကို လှည့် ကြည့်သည်။ အသားညိုညို မျက်နှာပေါက်ကြမ်းကြမ်းနှင့် နေကာမျက်မှန် နက်ကို ဝတ်ထားသော ထိုလူစိမ်းကို သူမသိ၊ မမြင်ဖူးတာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရိပ် ဝတ်မှုံတို့ ပြန်ကြရအောင်"

သံယောဇဉ်စကားကြောင့် သူ အံ့ဩသွားခဲ့ရသေးသည်။ ပြီးမှ နားလည်သဘောပေါက်စွာ ခေါင်းကိုညိတ်ပြရင်း

"အင်း သူက ဘယ်သူလဲ ဝတ်မှုံ မိတ်ဆွေလား"

"ဟင့်အင်း မဟုတ်ပါဘူး အရိပ် လူမှားပြီး လာမေးနေတာပါ ခွင့်ပြုပါဦးရှင်"

သံယောဇဉ် စားပွဲဝိုင်းကခွာကာ သူ့လက်မောင်းကို အားကိုး တကြီးဆုပ်ကိုင်သည်။ မျက်မှန်နက်နှင့်လူက ခေါင်းတစ်ချက်ညိတ်ပြရင်း

"ဆောရီးဗျာ ကျုပ်သိထားတဲ့လူနဲ့ မှားသွားလို့"

သူ ဘာမှမပြောတော့ဘဲ သံယောဇဉ်ခွဲခေါ်ရာသို့ အလိုက်သင့် လိုက်ခဲ့သည်။ သူ့လက်မောင်းကို ဆုပ်ကိုင်ထားသော သံယောဇဉ် လက်ဖဝါးလေးတွေ အေးစက်နေတာကို သိနေ၏။

သံယောဇဉ် ဘာလို့ ဒီလောက်အထိ ကြောက်လန့်နေခဲ့တာလဲ ပလာဇာထဲမှာတုန်းက ဖုန်းဆက်သည့် နေအထက် စကားတွေ မှန်နေပြီ လား။

နောက်ကို ပြန်လှည့်မကြည့်ဖြစ်ပေမယ့် စောစောက လူစိမ်း သူတို့ကို စောင့်ကြည့်နေဦးမှာ စိတ်က သိနေသည်။

ကားထဲရောက်တော့ သူ မမျိုသိပ်နိုင်ဘဲ မေးမိသည်။

"ဇဉ် အဲဒီလူက ဘယ်သူလဲ မင်းနဲ့ ဘယ်လိုပတ်သက် နေလို့





လဲ"

"ဟင့်အင်း ဇဉ် မသိဘူး အရိပ် ထွက်သွားတော့ ဇဉ် ဝိုင်းကို ရောက်လာတာ"

"မင်းမသိတာ ဟုတ်ရဲ့လား ဇဉ်၊ မသိဘဲနဲ့ မင်းက ဘာလို့ မင်း နာမည်ကို အဲဒီလူရှေ့မှာ ညာခဲ့တာလဲ"

သူ မေးတော့ ဇဉ် ခေါင်းကလေး ရမ်းသည်။ မျက်ဝန်းတွေက ကြောက်စိတ် မပြေသေးတာ အထင်အရှား။

"တကယ်ပါ အရိပ် ဇဉ် မညာပါဘူး၊ သူ့ကို ဇဉ် မသိဘူး ဒါပေမဲ့ အန်တီယုရဲ့လူဆိုတာ ဇဉ်ဆီရောက်လာတာနဲ့ ရိပ်မိတယ်၊ သူက မင်း သံယောဇဉ် မဟုတ်လားလို့ မေးလာတာ၊ ဇဉ် ဒါကြောင့် ဝတ်မှုံလို့ ညာလိုက်တာပါ"

သံယောဇဉ် အသံလေးတွေ တုန်ခါနေသည်။ ကြောက်စိတ် မပြေသောမျက်နှာလေးက သွေးရောင်မရှိတော့သလို ဖြူလျော်နေတော့ သူ သနားသွားမိ၏။ တစ်ချိန်တည်းမှာပဲ ဆိုင်ထဲက ထွက်လာသော စောစောက လူစိမ်းကို မြင်လိုက်ရသည်။

"ဟော ဟို ဟိုလူ ထွက်လာနေပြီ"

"သွားလှည့်မကြည့်လိုက်နဲ့ ဇဉ် မမြင်ချင်ယောင်ဆောင်နေ"

ဇဉ်ကိုသတိပေးရင်း သူ ကားလေးကို မောင်းထွက်လိုက်သည်။ နောက်ကြည့်မှန်ထဲကို လှမ်းကြည့်တော့ ထိုသူကလည်း ဆလွန်းကား



www.burmeseclassic.com

www.burmeseclassic.com



အနီလေးပေါ်တက်ကာ အနောက်ကလိုက်လာသည်။

"သူ သူ့ကား အနောက်ကပါလာတယ် အရိပ်"

"ကိုယ်သိတယ် အရိပ်တို့ လမ်းလွှဲပြီး မျက်ခြေပြတ်ရ...
သူ လိုက်လာတာကို မသိဟန်ဆောင်နေလိုက် ကိုယ်ကြည့်ရှင်းမယ်"

ကားကိုတမင် စက်ရှိန်လျှော့ပြီး နေအရိပ်မောင်းသည် နော...
က ဆလွန်းကားအနီလေးကလည်း စက်ရှိန်ကို လျှော့ကာ မောင်းသည်...

တမင်နောက်ယောင်ခံလိုက် နေတာတော့ သေချာသည်။ သူ...
မသိအောင် ကားချင်းကပ်လိုက်တာမျိုး မဟုတ်ဘဲ ကြားထဲမှာ ကား...
ခန့် ခြားပြီးမှ လိုက်လာတာ ဖြစ်သည်။

စိုးရိမ်ထိတ်လန့်နေသော သံယောဇဉ် မျက်နှာလေးကို ကြ...
ကာ သူလည်းရင်ထဲမှာသံသယတွေ ပိုတိုးလို့လာသည်။ ဒီမိတွေးမိန်း...
ကို သံယောဇဉ် ဘာလို့ ကြောက်နေတာလဲ။

အိမ်ကို စွန့်ခွာပြေးပြီး နေအထက်လို ယောကျ်ားတစ်ယော...
နောက်ကို လိုက်လာတာ ပိုအန္တရာယ်ရှိမှန်း သံယောဇဉ်မသိ...
ရှော့သလား။

ကားကို တိုက်ခန်းဘက် ဦးမတည်ဘဲ တမင်လမ်းခွဲ မော...
ရင်း လှည်းတန်းမီးပွိုင့်အနား ရောက်လာကာ သူ သတိရတော့ စိတ်...
တစ်ခု အတွေးထဲ ဝင်လာသည်။

မီးပွိုင့်မှာတော့ မျက်ခြေပြတ်လွှတ်နိုင်စရာ လမ်းရှိသည်။ ...





...င်မပြေလျှင်တော့ ကားကိုရပ်ကာ ထိုလူနှင့် ထိပ်တိုက် ရင်ဆိုင်ဖို့ပဲ
...သည်။

ဆုံးဖြတ်ချက်နှင့် လှည်းတန်းမီးပွိုင့်က အချက်ပြစက္ကန့် ဂဏန်း
...တွေကို သူ လှမ်းကြည့်သည်။ သူ့ကား မီးပွိုင့်ကို ဖြတ်မည့် ခရီးနှင့်
...န်ကို စိတ်ထဲက တွက်ကြည့်သည်။

ပြီးမှ ကားလေးကို စက်ရှိန်ပိုလျှော့မောင်းလိုက်သည်။

သူ့ရဲ့ကား ပွိုင့်အလွတ်နှင့် နောက်ကကား ပွိုင့်အမိ ချိန်ဆပြီး
...ိုက်မောင်းသည်။ သူတွက်ဆထားသည့်အတိုင်း ကွက်တိပါပဲ။

နောက်ဆုံး စက္ကန့်တွေမှာ သူ့ကားက ပွိုင့်ကို ဖြတ်ကျော်နိုင်၏။
...က်ကကားက ပွိုင့်မလွှတ်ဘဲ မိသွားတာမို့ ဆလွန်းကား အနီလေးပါ
...ျန်ရစ်ခဲ့ပြီ။

"ကျန်ခဲ့ပြီ သူ့ကား ကျန်ခဲ့ပြီ"

ဇင်က ဝမ်းသာအားရ ရေရွတ်သည်။ သူကတော့ ဇင်ကို စကား
...ပြောနိုင်သေးပါ။ ပွိုင့်မိနေသော အချိန်ကာလမှာ ဒီလူမျက်ခြေ ပျက်
...အောင် စက်ရှိန်မြှင့်မောင်းခဲ့သည်။

ပြီးတော့ လမ်းချိုးကွေ့အတိုင်း ကားကို မောင်းဝင်ကာ ခြေရာ
...ာက်ကြည့်သည်။

စိတ်ချလောက်ပြီဆိုမှ ကားလေးကို ပလက်ဖောင်းမှာ ထိုးရပ်
...ိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဇော် ကားပေါ်က ဆင်းတော့"

"ဟို ဇော်တို့ မပြန်သေးဘူးလားဟင်"

"တစ်ဆိုင်ဆိုင်မှာ ခဏတော့ အချိန်ဖြုန်းရမယ် ဇော်

ဟိုလူ မျက်ခြေပြတ်မှာပေါ့"

သူဆိုတော့မှ ဇော်ခေါင်းလေး ညိတ်ကာ ကားထဲက ဆင်း

ကားကို သည်အတိုင်း ရပ်ထားပစ်ခဲ့ကာ ခပ်လှမ်းလှမ်းက လ

ကဖေးဆိုင်လေးဆီသို့ သူ ဦးဆောင်ထွက်ခဲ့တော့ ဇော် နောက်က ခ

သုတ်ကလေး လိုက်လာသည်။

နဖူးပြေပြေကလေးမှာ ချွေးကလေး စို့လို့နေသည်အထိ

ကြောက်လန့်နေဆဲ ရှိပုံပါပဲ။ ကားကို မြင်နိုင်သည့်စားပွဲပုလေးမှာ ထိုင်

အအေးနှစ်လုံး မှာလိုက်သည်။

ဇော် အအေးပုလင်းလေးကို ဟန်မဆောင်နိုင်ဘဲ စုပ်ယူသော

နေတာ ငေးကြည့်ရင်း သူ အကဲခတ်နေလိုက်၏။

သူ တိတ်ဆိတ်နေတာ သတိထားမိသွားတော့မှ ဇော် မျက်

လေးတွေပင့်ကာ ကြည့်ရင်း

"တော်ပါသေးတယ် အရိပ်သာ မရှိရင် ဇော် ဘယ်လိုရင်

မှန်း မသိဘူး ကျေးဇူးတင်ပါတယ်နော်"

"မင်း ကျေးဇူးတင်တာ အသာထားဦး သံယောဇဉ် ကိုယ်

တာကို မင်း အမှန်အတိုင်းဖြေပါ၊ မင်းနဲ့ နေအထက် ကိုယ့်ကို





သလို မင်းအိမ်ကထွက်လာတာ မင်းရဲ့မိထွေးရန်ကို ကြောက်လို့

သူ့အမေးစကားကြောင့် ဇော် မျက်နှာလေး ကွက်ခနဲ ပျက်သွား

အခါတော့ တိတ်ဆိတ်စွာ ငေးကြည့်နေသည်။

"ကိုယ့်ကို အမှန်ပဲပြောပါ သံယောဇဉ် မင်းကို ကိုယ် မယုံကြည်

အမှန်ပဲ"

"ဘာလို့လဲ အရိပ် ဇော် မညာပါဘူး၊ ဇော်ပြောခဲ့တာတွေက

ပါ အန်တီယု အန္တရာယ်က ကြောက်လို့ ဇော် ထွက်ပြေးလာတာပါ"

"ဒါ မပြည့်စုံဘူးလို့ ကိုယ်ထင်တယ် သံယောဇဉ် သူက မင်းရဲ့

ပဲထားဦး မင်းကိုနှိပ်စက်နေတာ မင်းအဖေက မကာကွယ်ပေးဘူး

ပြီးတော့ မိထွေးကို ကြောက်ပြီး မင်းပြေးလာတဲ့နေရာက သူစိမ်း

ကျားလေးနေတဲ့အိမ်လေ ဒါ ယုတ္တိမတန်ဘူး ကိုယ် ထင်တယ်"

နေအရိပ် ချက်ကျကျရှင်းပြတော့ သံယောဇဉ် တိတ်ဆိတ်ခြင်း

ာ ငြိမ်သက်နေခဲ့သည်။

"တစ်စုံတစ်ခုကို မင်းထိမ်ချန်ထားတယ်လို့ ကိုယ်ထင်တယ်

ထက်ကလည်း ကိုယ့်ကို သိုဝှက်ထားတယ် ဒါ ဘာသဘောလဲ"

သူ ထပ်မေးခွန်းတွေထုတ်တော့ သံယောဇဉ် ပင့်သက်ကလေး

ည်။ ပြီးမှ တည်တည်ငြိမ်ငြိမ်ကလေးနှင့် ရှင်းပြရှာသည်။

"အန်တီယုကြောင့် ဇော် အိမ်က ထွက်သွားချင်ခဲ့တာ ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဖဉ့် မထွက်ခဲ့တာ ဘဘကြီးကြော

တာ အောက်ပိုင်းသေနေတဲ့ ဒုက္ခိတ တစ်ယောက်လေ"

"ဘဘကြီးဆိုတာက ဘယ်သူလဲ"

"ဖဉ့်ရဲ့ ဘဘပါ အန်တီယုရဲ့ ခင်ပွန်းဆိုပါတော့ ဘ

ဖဉ့်ကို သမီးရင်းချာလို ချစ်တာပါ ပိုင်ဆိုင်သမျှအမွေတွေကို ဖဉ့်နာ

အများဆုံး လွှဲပေးဖို့ ဘဘ စိတ်စဉ်နေတာကို အန်တီယု သိသွား

မကျေနပ်ဘူး။ ဖဉ့်ကို အချိန်မရွေး အန္တရာယ်ပေးမှာ ဖဉ့်သိတယ်

ရှောင်ပြေးရင်လည်း ဘဘကို အန်တီယု ဒုက္ခပေးဦးမှာပဲလေ"

"ဒါဆို မင်းဘာလို့ ကိုယ်လွတ်ရုန်းပြေးလာတာလဲ သံယော

"ဟင့်အင်း ဖဉ့် ကိုယ်လွတ်ရုန်းမပြေးပါဘူး ကိုနေက ဖ

ခေါ်လာတာပါ"

"ကိုနေက ဘဘနဲ့ရင်းနှီးတယ်လေ ကိုနေမိဘတွေက ဘ

အရင်းနှီးဆုံးမိတ်ဆွေတွေဆိုတော့ ဖဉ့်အတွက်က အားကိုးရာ

တယ်လေ အခုလည်း ကိုနေက ဘဘကို ဖဉ့်အတွက် မပူဖို့ ပြော

တယ်တဲ့၊ အမွေတွေရဲ့ လေးပုံသုံးပုံကို ဘဘက ဖဉ့်နာမည်နဲ့ တရား

လွှဲထားတော့ အန်တီယု အမိက မကျေနပ်တာ ဖဉ့်ကိုပဲလေ၊ ဒါကြော

ဖဉ့် ဒီမှာနေရတာပါ ဖဉ့် အမွေတွေကို မမက်မောပါဘူး။ ဘဘ အန္တရာ

မဖြစ်ရင် ကျေနပ်ပါပြီ"

မျက်ဝန်းတွေထဲမှာ မျက်ရည်လေးတွေ ရစ်ဝဲကာ ဆိုနေသော





ဉ့်ကိုကြည့်ကာ နေအရိပ် စာနာ သနားလာမိသည်။ သံယောဇဉ့်ဆိုသော

သူမ စိတ်နှလုံးသားလေးက သိုးလေးတစ်ကောင်လို ဖြူစင်တာ သူ

သိခဲ့သည်။

သူမ စကားတွေကိုကြားမှ သူမ ရင်ဆိုင်နေရသော ဒုက္ခတွေက

သူ သိထားတာထက် ဆိုးလွန်းနေတာကြောင့် ပိုလို့ စာနာ သနားမိပြန်၏။

ဒီအရွယ်အထွေးကြားမှာ သူ့ရဲ့ကောင်း ဝင်လုပ်နေသော နေ

အထက် စိတ်ကို အခုမှပဲ သူ မြင်နိုင်တော့သည်။ သံယောဇဉ့်ကတော့

နေအထက်ကို ကယ်တင်ရှင်ကြီးလို့ ထင်နေသည်။

ပြီးတော့ သူတို့ကိုလည်း ညီအစ်ကိုရင်းချာတွေဟု ယုံကြည်

ဆင်မှတ်နေပုံရ၏။

"ဖဉ့်လေ အရိပ်နဲ့ ကိုနေတို့ ကျေးဇူးတွေကို ဘယ်တော့မှ

မေ့ပါဘူးရှင်"

မျက်တောင်ရှည်ကြီးတွေကို ပုတ်ခတ်ပြီး မျက်ရည်စတွေကို

သိမ်းဆည်းဆိုနေသည့် ဖဉ့်ကို ကြည့်ကာ သူ စိတ်မကောင်းပါ။ နေအထက်

ကောင်မလေးကို ကျည်စောင့်ရှောက်နေတာ ဘာရည်ရွယ်ချက်ကြောင့်လဲ

သူ အသေအချာတော့ မသိပါ။

သူကတော့ သံယောဇဉ့် ရင်ဆိုင်နေရသော အန္တရာယ်တွေ

အတွက် စာနာသနားမိတာအမှန်။

"ဆောရီး သံယောဇဉ့် မင်းကို ကိုယ် အထင်လွဲမိတာအတွက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ် မင်းအခက်အခဲတွေကို ကိုယ်ကူညီမှာပါ"

"ကျေးဇူးတင်ပါတယ် အရိပ် ဇော် အားလုံးကို မပြောခဲ့တာ ဇော် အန္တရာယ်ဖြစ်မှာစိုးလို့ ကိုနေက သိုဝှက်ခိုင်းထားလို့ပါ၊ အရိပ်ကို ဇော် ယုံကြည်လို့ ဖွင့်ပြောခဲ့တာပါ"

သံယောဇဉ် သိုဝှက်ထားခဲ့တာ နေအထက်က စေခိုင်းထားလို့တဲ့။ သူ နားလည်လိုက်သည်။

နေအထက်ရဲ့ ရည်ရွယ်ချက်က သံယောဇဉ်ဆိုသော ကောင်မလေးရဲ့ ပိုင်ဆိုင်မှုတွေကြောင့်က လွဲလို့ ဘာမှမဖြစ်နိုင်။ တကယ်ဆို သံယောဇဉ် ဘဝလေးက အန္တရာယ်တွေကြားမှာ ချောင်ပိတ်နေသည့် အဖြစ်ပါလား။

ဒါကို သိရင် သူမ သိပ်ကို ကြောက်လန့်သွားလိမ့်မည်။

သူမ ဘဝလေးကို တတ်နိုင်သမျှ ကယ်တင်ဖို့ သူဆုံးဖြတ်လိုက်မိသည်။ ထို့အတွက် နေအထက် လက်ခံနိုင်မည်လား။

■ ■ ■



## အခန်း (၂၈)

"အခြေအနေတွေကို မင်းနားလည်အောင် ငါ မရှင်းပြနိုင်သေးဘူး အရိပ် အခုချိန်မှာ အရှမ်းအရေးကြီးနေတယ်"

သူ့တိုက်ခန်းကို နေအထက်ရောက်လာပုံကိုက တကယ့်ကို နီးကြောင်ခိုးဝှက်နိုင်လွန်းသည်။ နေအထက် မျက်နှာကို မမှတ်မိအောင် ရုပ်ဖျက်ထားသည်။

မှတ်ဆိတ် ပါးသိုင်းတွေ အတုတပ်ကာ မျက်မှန်နက်ကြီးတပ်ပြီး ဦးထုပ်ကြီးဆောင်းထားတာမို့ သူတောင် ရုတ်တရက် မမှတ်မိခဲ့ပါ။

အခုလည်း ဧည့်ခန်းမှာထိုင်ကာ နေအထက် စီးကရက်တစ်လိပ်ကို ထုတ်သောက်နေသည်။ မျက်မှန်နက်ကြီး ချွတ်လိုက်ပေမယ့် မှတ်ဆိတ်ပါးသိုင်းမွေး အတုတွေက ကပ်လျက်သားရှိသေး၏။

"ငါ့ဆီ လာတာတောင် ဒီလောက်အထိ ရုပ်ဖျက်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ အထက် မင်းကိစ္စ ဘယ်လောက် အန္တရာယ်များတဲ့ ကိစ္စ
လဲ''

သံယောဇဉ် ပြောပြထား၍ အားလုံးသိနေပေမယ့် သူ မသိချင်
ယောင်ဆောင်ကာ မေးမိသည်။

နေအထက်က သူ့မေးခွန်းကို ဖြေချင်ပုံ မရှိပါ။ စီးကရက်ကို
ဖွာရှိုက်နေရင်း သူ့ကို စိုက်ကြည့်နေသည်။ နေအထက် မျက်ဝန်းတွေ
ကိုလည်း သူ စူးစူးနစ်နစ် ပြန်ကြည့်နေတော့ နေအထက် ဆက်ရင်မဆိုင်
ဘဲ မျက်နှာလွှဲသွားသည်။

''ဒါက ငါ့ကိစ္စကြောင့်ပါ ဘာအန္တရာယ်မှ မရှိဘူး''

''ဖုန်းထဲမှာ မင်းပြောတော့ ဖဉ်မှာ အန္တရာယ်တွေ အများကြီး
ဝိုင်းနေတယ်ဆို ဒါ ဘာအဓိပ္ပါယ်လဲ''

''တခြားဘာမှမဟုတ်ဘူး သံယောဇဉ်ရဲ့မိထွေးက သူပျောက်
သွားတဲ့ကိစ္စမှာ ငါ့ကို သံသယဖြစ်နေတယ် အဲဒါကြောင့် ငါ့နောက်ကို
အရိပ်လိုလိုက်နေတယ်လေ''

နေအထက် ရှောင်ထွက်ဖို့ ကြိုးစားနေသည်။ ဒါကိုသိနေသော
သူကလည်း ရှောင်ထွက်ခွင့်မပေးဘဲ ဆက်မေးနေသည်။

''သံယောဇဉ်ကို ဘာဖြစ်လို့ သူ့မိထွေးက မုန်းနေတာလဲ''

နေအထက် အလိုမကျသလို ဘုဆတ်ဆတ် ကြည့်သည်။
နေအရိပ်ကလည်း အကြည့်တွေကို ရှောင်လွှဲ မပစ်ဘဲ ပြန်ပြီး ရင်ဆိုင်





...ည့်သည်။ နေအထက် လက်ထဲက စီးကရက်တိုကို စားပွဲပေါ်မှာ
...ခြိမ်ဖို့ ခွက်ရှာနေ၏။

နေအရိပ် အလိုက်တသိနှင့် လက်ကာတားရင်း ကုလားထိုင်ဘေးမှ ဂျို့ကျော်ပေါ်က
...ဆေးလိပ်ခွက်လေးကို သွားယူပေးသည်။

သူ့ဆီရောက်လာလျှင် စီးကရက်တွေ မှန်ထူအောင်သောက်ကာ
...ကမ်းမဲ့ လွှင့်ပစ်တတ်သော နေအထက်ကြောင့် စီးကရက်ခံခွက်
...ခွက်တော့ သူ ဝယ်ထားခဲ့ရ၏။

သူပေးသော စီးကရက်ခွက်ထဲကို နေအထက်က စီးကရက်တိုကို
...ခြေထည့်ရင်း

''မင်းက စီးကရက်ခွက်တွေ ဘာတွေ ဆောင်လို့ပါလား''

''ငါ မသောက်တတ်ပေမယ့် မင်းသောက်တော့ ဝယ်ထားပေး
...တာပေါ့''

''ငါ့အတွက်ပေါ့ ကျေးဇူးတင်တယ် အရိပ် အသေးအဖွဲ့ကိစ္စ
...အစ မင်း စီစဉ်ပေးတာကို ငါ မမေ့ပါဘူး၊ တစ်ချိန်ကျရင် ငါ မင်း
...ကို ပြန်ကျေးဇူးဆပ်ခွင့်ရဦးမှာပါကွာ''

''အဲဒါတွေ ငါဘာမှ မမျှော်လင့်ဘူး အထက်၊ ငါမေးတဲ့ မေးခွန်း
...ကို မင်းဖြေပါဦး ဖဉ်နဲ့ သူ့မိထွေးကြားမှာ ဘာပြဿနာတွေ ရှိနေလဲ
...မိထွေးက သူ့မိထွေးကို ကြောက်နေတာ အကြောင်းတော့ရှိမယ်''

စကားပြန်ဆက်လာတာမို့ နေအထက် မျက်နှာတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အရေးမကြီးသလို ဆိုဖာထိုင်ခုံမှာ ကျောမှီထိုင်ရင်း–

"အဲဒါတော့ ငါလည်း အသေအချာ မသိဘူး"

"ဇော်က မင်းကို မပြောပြဘူးလား ငါ့ကိုတော့ ဖွင့်ပြော

"ဘာ"

နေအထက် မယုံနိုင်သလို အလန့်တကြားရေရွတ်ရင်း မှီ

သော ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွားခဲ့သည်။

"ဘာပြောတယ် အရိုပ် ဇော်က မင်းကို ပြောပြတယ် ဘာ

ပြောကြတာလဲ မင်းက ဘာတွေမေးရတာလဲကွာ"

နေအထက် မျက်နှာကြီး မာထန်သွားခဲ့ရင်း သူ့ကို စူးစူး

စိုက်ကြည့်မေးပုံက လုံးဝ မကျေနပ်မှန်း သိသာလွန်းနေသည်။

"မင်းဖုန်းဆက်တဲ့နေ့က သံယောဇဉ်ကို ငါ ပလာဇာလိုက်

ပေးနေတာ"

"ဘာရယ်"

သူ့မှာ မင်း သိတဲ့အတိုင်း ဘာအဝတ်အစားမှ လုံလုံလော

လောက်ပါတာမှ မဟုတ်တာ ဒါကြောင့် လိုအပ်တာ သွားဝယ်ပေး

အဲဒီနေ့က သံယောဇဉ်နဲ့ ငါ့နောက်ကို လူစိမ်းတစ်ယောက် လိုက်

လာတယ်ကွ"

နေအထက် မျက်လုံးတွေ ပိုလို့ စိုးရိမ်ပူပန်သွားတာ အထ

အရှား။ သူက ဖြစ်ပျက်သမျှ အားလုံး ပြောပြလိုက်တော့ နေအထ





မျက်မှောင်ကြီးကုပ်ရင်း အလေးအနက် စဉ်းစားသလို ငြိမ်သက်သွားခဲ့၏။

"သေချာတယ် အဲဒါ ဒေါ်ယုယနွယ်ရဲ့လူပဲ ဖြစ်ရမယ် မင်းလွတ်

အောင်ရှောင်နိုင်ခဲ့တာ သိပ်ကောင်းတယ် အရိုပ်"

"သံယောဇဉ်အတွက်အန္တရာယ်ရှိတယ်ဆိုရင် ဒီကိစ္စကို သက်

ဆိုင်သူတွေနဲ့ တရားနည်းလမ်းကျကျ ဖြေရှင်းသင့်တယ်လို့ ငါ ထင်တယ်

အထက် တစ်ခုခုဖြစ်သွားရင် မကောင်းဘူးနော်"

"အမှုကိစ္စတွေအတွက် မင်းသိပြီး စိုးရိမ်နေတာလား ငါလည်း

အစက မသိပါဘူး အခုမှ အသေအချာ သိခဲ့တာ"

နေအထက် အခုမှပဲ ဝန်ခံတော့သည်။ ပြီးမှ နောက်ကို မလုံ

မလဲလှည့်ကြည့်ရင်း

"ဒါနဲ့ သံယောဇဉ်ကော အရိပ်"

" ရှိတယ် ရေချိုးနေတယ် ထင်တယ်"

"အေး သံယောဇဉ် ကိစ္စအတွက် မင်းသိပ်ပြီးတော့ မပူနဲ့

မင်း တိုက်ခန်းက လုံခြုံပါတယ်၊ ပြီးတော့ ဒီကိစ္စကို ငါ ဒီတစ်ပတ်အတွင်း

မှာ အပြတ်ရှင်းမှာပါ"

နေအထက် အစီအမံတွေက ဘာတွေလဲ သူ မသိပါ။ နေ

အထက်ကလည်း ဖွင့်ဟပြောဖို့ ဆန္ဒမရှိတာ သေချာသည်။

"မင်းကို ငါ ဒုက္ခပေးသလိုဖြစ်သွားရင် ဆောရီးကွာ ခဏလေး

ပဲ ဆက်သည်းခံပေးပါ ငါ သံယောဇဉ်ကို ခေါ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နေအထက်စကားကြောင့် သူ ရင်ထဲမှာ စိုးရိမ်သွားမိတာ အမှန်။ နေအထက် မျက်ဝန်းတွေက သူ့ကိုကျော်ပြီး အခန်းတံခါးဝကို လှမ်းကြည့်နေတာမို့ သူ လှည့်ကြည့်တော့ ဖဉ် ကိုတွေ့လိုက်ရသည်။

"ဖဉ် မင်း နေကောင်းတယ်နော်"

မှတ်ဆိတ် ပါးသိုင်းတွေနှင့် နေအထက်ကို ရုတ်တရက် ဖဉ် မှတ်မိပုံမရပါ။

နေအထက် နှုတ်ဆက်တော့မှ တအံ့အဩ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ကာ

"ဟင် ကိုနေ ဘယ်လိုဖြစ်လာတာလဲ၊ ဖဉ် ရုတ်တရက် မှတ်တောင်မမှတ်မိဘူး"

"ဘယ်သူမှ မမှတ်မိအောင် ပြင်ဆင်ထားတာပေါ့ ဖဉ်ရဲ့ အခုပဲ ဖဉ်တို့ကို ခြေရာခံလိုက်နေတဲ့ လူအကြောင်း အရိပ် ပြောပြလို့သိပြီးပြီ"

ဖဉ်က ဆိုဖာထိုင်ခုံလွတ်မှာ ဝင်ထိုင်နေသည်။ ရေချိုးခေါင်းလျှော်ပြီးစမို့ ဖဉ် ဆံပင်တွေ ဖားလျားချထားသည်။ ရှန်ပိုရနံ့လေး သင်းနေသော ဖဉ်မျက်နှာလေးကတော့ ပကတိ ဝင်းမွတ်ကြည်လင်နေ၏။

"ဖဉ် အရမ်းလန့်သွားတာ အရိပ်သာ မရှိရင် မလွယ်ဘူး ကိုနေ၊ နောက်ကိုလည်း သူတို့ လိုက်နေကြသလားဟင်"

"ကိုယ်က ပြဿနာ မရှိပါဘူး ဖဉ်အတွက်ပဲ စိတ်ပူတာပါ"

နေအထက် ဖဉ် မျက်နှာလေးကို စိုက်ကြည့်ရင်း စိတ်ပူသလို





ပြောနေသည်။ နေအထက် မျက်ဝန်းတွေထဲမှာ တောက်ပနေသော ရောင်စဉ်တွေက တကယ့် ပူပန်မှုတွေမဟုတ်ဟု သူ ယုံသည်။

ဒါပေမဲ့ ဖြူစင်သော ဖဉ်ကတော့ ပင့်သက်လေးရှိုက်ရင်း

"ဖဉ် အတွက်နဲ့ ကိုနေကော အရိပ်ပါ ဒုက္ခတွေရောက်မှာစိုးတယ်၊ ဖဉ် လေ ဘာဘဆီကိုပဲ ပြန်ချင်တယ် ဘာဘအတွက် ဖဉ် အရမ်းစိတ်ပူတယ်"

"ဦးနေဇော်အတွက် ဘာမှစိတ်မပူပါနဲ့ ဖဉ်ကို ကိုယ် စောင့်ရှောက်ပေးထားလို့ သူ အရမ်းကျေးဇူးတင်နေတာပါ"

"ဟင် ဘာဘနဲ့ အဆက်အသွယ်ရပြီလား ဖဉ် ဘာဘနဲ့ အရမ်းတွေ့ချင်နေတာ ဘာဘ နေကောင်းရဲ့လားဟင်"

"နေကောင်းပါတယ် ဖဉ် မကြာခင် ဖဉ် ဆန္ဒပြည့်စေရမှာပေါ့ ခဏလောက် သည်းခံနေဦးနော် ဖဉ် အတွက် ကိုယ် စီစဉ်ထားပါတယ်"

"ဘာဘနဲ့ တွေ့ဖို့လားဟင် ဖဉ် ဘာဘနဲ့ တွေ့ချင်တယ်၊ ဘာဘကို သူတို့ ဒုက္ခမပေးစေချင်ဘူး။ အမွေတွေကိုလည်း ဖဉ် မမက်မောပါဘူး"

သံယောဇဉ်က အလေးအနက် တည်တည်ငြိမ်ငြိမ် ကလေး ပြောဆိုနေသည်။ နေအထက်က ခေါင်းကိုခါရမ်းရင်း

"အဲဒီကိစ္စတွေအတွက် ဖဉ် ဘာမှ မပူနဲ့ ဘာဘနဲ့ ကိုယ် ဆိုင်ပင် စီစဉ်ထားတယ်၊ သူတို့ ဘာမှ လုပ်လို့မရဘူး ဖဉ် ဟုတ်လား ဒီမှာ ဖဉ် ခဏပဲ ဆက်နေရမှာပါ။ အရိပ် မင်းလည်း ခဏပဲ ဒုက္ခခံရွှား



www.burmeseclassic.com

www.burmeseclassic.com



ငှ်အစီအစဉ်လေးတွေ ပြီးတော့မှာပါ ဟုတ်လား''

ဇင့်ရှေ့မှောက်မှာ နေအထက် ကယ်တင်ရှင်ကြီး လုပ်

မထွက်တိုင် တက်ပြနေသေးသည်။ တကယ်ဆို ဇင့်ရဲ့ ကိစ္စတွေကို သူ

တာဝန်ယူနေခဲ့ရတာ။ နေအထက် စီစဉ်နေသည် ဆိုတာတွေက

ဇင့်အတွက်လား၊ သူ့အတွက်လား၊ ဇင့်ကတော့ ဘာမှ

ရှာပါ။ ဟိုးငယ်ငယ်ကတည်းက သိထားသော နေအထက်ရဲ့ စိတ်ဓာတ်

သူ့ဖွင့်မှ မပြောလည်း မြင်နေခဲ့သည်ပဲ။

''ထမင်းစားဖို့ အသင့်ဖြစ်ပြီ မောင်အရိပ်''

ဒေါ်မိုးငယ်က မီးဖိုခန်းထဲက ထွက်လာရင်း ပြောသည်။

ရောက်ပြီးကတည်းက အဖော်ဖြစ်အောင် ဒေါ်မိုးငယ်ကို ခေါ်ထား

တာဖြစ်သည်။ ချက်ပြုတ်ရေးကိစ္စနှင့် ဇင့်အတွက် ဒေါ်မိုးငယ်က အား

ရ၏။

''အထက် မင်းပါ တစ်ခါတည်း ဝင်စားသွားမလား''

''မစားတော့ဘူး အရိပ် ငါ့မှာ ကိစ္စတွေ ရှိသေးတယ် ပြန်

မယ်၊ ဇင့် စိတ်အေးလက်အေး နေပါ၊ အဲ အပြင်ကိုတော့ မထွက်

အကောင်းဆုံးပဲ အရိပ် မင်းလည်း ဇင့်ကို ဂရုစိုက်ပေးကွာ ဟုတ်လား

နေအထက် ထိုင်ခုံက ထရပ်ကာ နှုတ်ဆက်ရင်း သွား

သံယောဇဉ် ရှေ့မှာ ညွှန်ကြားချက်တွေ ပေးသွားခဲ့သည်။

ဇင့်က နေအထက်ကို အားကိုးတကြီး မျက်နှာလေးနှင့် ကြ





...ခေါင်းကလေးညိတ်ပြရှာသည်။

ပင့်သက်မောတစ်ခု နေအရိပ် ရင်ထဲမှာ လွင့်ထွက်လာခဲ့ခြင်း

... ဇင့် အတွက်ပဲဖြစ်လိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဦးနေဇော်"

မကြားလိုသော အသံကိုကြားရတော့မည်ဆိုတာ အခန်းထဲ
ဖွင့်သံကြားကတည်းက သူသိနေခဲ့သည်။

လှည့်မကြည့်ပါဘဲ အမွှေးရနံ့တွေက မွှန်ထူနေသည်။ အ
တမ်း သူမ ခန္ဓာကိုယ်ကို အမွှေးရနံ့တွေနဲ့ ကာကွယ်ထားခြင်းလာ
သူမရဲ့ အနံ့ဟာ ထောင်းထောင်းထွက်နေသော အပုပ်ရနံ့တွေ
ကာကွယ်ထားခြင်းလားဟုတောင် ထင်မိ၏။

"ရှင်ကြီး သေချင်ယောင် ဆောင်မနေစမ်းပါနဲ့"

ကြည့်စမ်း ဘယ်လောက်ထိတောင် ရိုင်းစိုင်းသည့် မိန်းမ
အခုတလော သူ့ကို ဆက်ဆံပုံက တကယ့်ကို ခြားနားသွားခဲ့သည်။

လှပသော ရုပ်ကလေးနှင့် မလိုက်ဘက်အောင် အပြောကြမ်





သည်။ အင်းလေ ဟိုအရင်ကတည်းက သူမရဲ့ စိတ်ထားက ရုပ်ညံ့ခဲ့တာ
ဖြစ်သည်။ တကယ်ဆို မာယာထောင်ချောက်တစ်ခုမှန်းသိရက်နဲ့ ယောကျ်ား
တစ်ယောက်ရဲ့ သိက္ခာအတွက် သူမျက်စိမှိတ် ခံခဲ့တာမှားခဲ့ပြီ။

"မိနွယ်"

"ရှင် ဘာပြောချင်လည်းပြော"

"မင်း အထက်ငါအသက်အများကြီး ကြီးတယ်၊ မင်းမထိ
န်းမြင် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနေတာ များပြီ၊ ငါက ခွင့်လွှတ်ပေမယ့်
ငရဲက ခွင့်လွှတ်မှာ မဟုတ်ဘူးကွ"

" အဟင်း ဟင်း ဟင်း ရယ်စရာ ကောင်းလိုက်တာ"

သူ့စကားကို မလေးမစား လှောင်ရယ်နေပုံက ခံရခက်စရာ
ကောင်းသည်။

ခုတင်စွန်းမှာ ခွေ့ခနဲ ဝင်ထိုင်သော သူမကို အဝေးရောက်သွား
အောင်ကန်ထုတ်ပစ်ချင်သည်။ ဒါပေမဲ့ ကိုယ်မှာက စိတ်သွားတိုင်း မပါနိုင်
သည့် ဘဝကြီးဖြစ်နေ၏။

"ငရဲက ခွင့်မလွှတ်လည်း နေပါစေ ဦးနေဇော်၊ ကျွန်မက
နောင်ဘဝ ဆိုတာကို တွေးပြီးကြောက်နေမယ့် လူမဟုတ်ဘူး၊ အခုဘဝမှာ
ကျွန်မလုပ်ခဲ့တာတွေ မတရားခဲ့ရင် နောင်ဘဝကျမှပဲ ခံလိုက်မယ်၊
နောင်ဘဝမှာ နောက်ခန္ဓာကိုယ်နဲ့ပဲဥစ္စာ ကိုယ် သိတာမှတ်လို့၊ ကဲပါ
အပိုစကားတွေ မပြောနဲ့၊ အခု ရှင်စီမံထားတဲ့ အမွေလွှဲစာချုပ်ကို ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပေးမလား မပေးဘူးလား ကျွန်မ သိချင်တယ် ဦးနေဇော်"

မာထန်ထန်အသံနှင့် တောင်းဆိုနေသော ယုယနွယ်ကို ဦးနေဇော် ရှုံးရှုံးနစ်နစ် မော့ကြည့်နေသည်။ ရင်ထဲမှာ ဒေါသစိတ်တွေက တလိပ်လိပ် တိုးလို့လာနေသည်။

"မင်း တောင်းဆိုတာအားလုံး ငါဘာမှ လုပ်မပေးနိုင်ဘူး မိန္နယ်"

သူ့အသံတွေ တုန်ယင် လှိုက်ခါကာ ပြတ်သားစွာပဲ ငြင်းဆိုမိသည်။ ယုယနွယ် မျက်နှာက တင်းခနဲ ဖြစ်သွားခဲ့ကာ

"ဒါ ရှင့် ဆုံးဖြတ်ချက်လား ဦးနေဇော်၊ အခုချိန်မှာ ရှင့်ဘဝက ကျွန်မရဲ့ လက်ထဲမှာနော်၊ ရှင့်အသက်ကို သတ်ပစ်လိုက်ဖို့တောင် ကျွန်မ ဝန်မလေးဘူး မှတ်ပါ"

"မင်း ငါ့ကို သတ်ချင် သတ်လိုက် မိန္နယ် ငါ့ဆုံးဖြတ်ချက်က ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး။ မင်းလို မိန်းမယုတ်တစ်ယောက် လက်ထဲကို ငါ တစ်ပြားမှ မပေးနိုင်အောင် စီစဉ်ခဲ့ဦးမှာ"

ဦးနေဇော် ဒေါသနှင့် အသံတွေ တုန်နေပေမယ့် လူကတော့ ခုတင်ပေါ်မှာ ပက်လက်ဖြစ်နေသည်။ ဒီအခြေအနေထိတောင် စိတ်ဓာတ် မာတင်းပြတ်သားနေသော ဦးနေဇော်ကို ယုယနွယ် အံ့ကလေး တင်းကာ ကြည့်နေမိ၏။

သူ့မဘဝ တစ်ခုလုံးရင်းကာ ဦးနေဇော် ဘဝထဲ ရောက်အောင်





င်ခဲ့တာ ရည်ရွယ်ချက်တစ်ခုပဲရှိခဲ့၏။

အခုတော့ ထိုရည်ရွယ်ချက်တွေက ဘာတစ်ခုမှ ဖြစ်မလာတော့ ဘူးတဲ့လား။

"ရှင် သိပ်အတ္တကြီးတဲ့ လူကြီးပဲ ကျွန်မက ရှင့်ရဲ့ တရားဝင် ယားတစ်ယောက်ပါ၊ ဒါနဲ့တောင် ကျွန်မ ပိုင်ဆိုင်ခံစားခွင့်က လေးပုံ တစ်ပုံ ဆိုတာ လုံးဝ မတရားဘူး။ မိဇွဲ ကျတော့ သုံးပုံတိတိတောင် ပိုင်ဆိုင်ခွင့် ပေးထားတယ်"

"ဟုတ်တယ်လေ မင်းလို မိန်းမက ငါရဲ့ ငွေတစ်ပြားတစ်ချပ်နဲ့ တောင် မထိုက်တန်တဲ့ မိန်းမပဲ၊ မင်း ငါ့ကို ဘယ်လို ရည်ရွယ်ချက်နဲ့ ပိုင် တုပ်နှောင်ခဲ့သလဲဆိုတာ ငါသိတယ် မိန္နယ်"

"ဟုတ်တယ် ကျွန်မ အလိုရှိတာ ရှင့်ရဲ့ ပိုင်ဆိုင်မှု လေးပုံသုံးပုံ လောက်လိုချင်တယ်"

"မင်း လောဘကြီးလှချည်လား မိန္နယ်"

"ဟုတ်တယ် ယုယနွယ်တို့က လောဘကြီးတယ် လောက ရားကပဲ ကိုယ့်ဘဝကို မြှင့်တင် ခြယ်သပေးတာလေ ရှင့်ဆီက ရမယ့် ငွေတစ်ပြား တစ်ချပ်လောက်ပဲ ဆိုရင် ယုယနွယ်တို့ ဟိုကတည်းက ဘဝကို မနစ်ခဲ့ဘူး"

"အေး မင်းလိုချင်ပေမယ့် ငါ့ဘက်က မပေးနိုင်တာ အမှန်ပဲ"

"ပေးအောင်လုပ်မယ့် နည်းတွေရှိတယ် ဦးနေဇော်"



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားကြောင့် ဦးနေဇော် မျက်မှောင်ကြီးကုပ်
စိုက်ကြည့် နေသည်။ ခုတင်ထက်မှာ ပက်လက်အနေအထားနှင့်
ချက်ချင်းပဲထပြီး လည်ပင်းညှစ်သတ်တော့မလို ကြည့်နေသော ဦးနေ
ကို သူမ မထီတရီနဲ့ ကြည့်နေရင်း

"မိဇင်ကို ရှင် သတိရဦးမှာပေါ့"

"ဟင် မင်း ဘာပြောတာလဲ မိန္တယ်"

သံယောဇဉ် အမည်ကို ကြားသည်နှင့် ဦးနေဇော် လှုပ်လှုပ်
ခတ်ဖြစ်သွားသည်။

"မိန္တယ်က အခုကျွန်မ ထဲမှာရှိနေတယ်"

"ဘာ ဘာပြောတယ်"

"ဟုတ်တယ် ကျွန်မရဲ့ ထိန်းချုပ်မှုအောက်မှာ သူ ရှိနေတယ်

ဦးနေဇော် မျက်ဝန်းတွေ ပိုလို့ စူးရှလာသလို ရှိ၏။ မျက်
တွေက မယုံနိုင်သလို သူမကို ကြည့်နေသည်။

"ငါမယုံဘူး မင်းညာနေတာ ဖဉ်လေးသာ မင်းလက်ထဲ
ရှိရင် မင်းငါ့ကို ဒီထက်မက အနိုင်ယူပြမှာပေါ့"

"အဟင်း ဟင်း အကောင်းဆုံး ညှိနှိုင်းနေတာကို ရှင်
လက်မခံဘူးလေ၊ မိဇဉ် အခု နေအထက်ဆီမှာ ရှိတယ်၊ နေအထ
ဆိုတာ ဘယ်သူလဲ မမေးနဲ့၊ ဒီအိမ်ကြီးမှာ ခဏလာတည်းသွားတဲ့
ကျွန်မ အလိုရှိတာ မှန်သမျှ နာခံလုပ်ဆောင်ပေးနေတဲ့ ယောကျ်ား





လေ အဟင်း ဟင်း"

နေအထက် နာမည်ကြားတော့ ဦးနေဇော် မျက်နှာကြီး ရဲရဲနီ
လာသည်။ နေအထက်နှင့်သူမ အကြောင်းကို ဦးနေဇော် သိထားခဲ့
သော ကြာပြီ။ ယခု သံယောဇဉ်က ဒီလူ့လက်ထဲမှာ ဆိုတော့

"မင်း တော်တော် ယုတ်မာတဲ့ မိန်းမပဲ"

"ရှင် ဘာပြောပြော ကျွန်မ ဂရုမစိုက်ဘူး ဦးနေဇော်၊ ဘယ်လိုမှ
ည်း မခံစားတော့ဘူး၊ ကျွန်မ ရင်ဘတ်ထဲက နှလုံးသားက မာကြောနေ
ပြီ ဒီတော့ ယုတ်မာတယ်လို့ပဲပြောပြော ဘာမှမဖြစ်ဘူး။ ကျွန်မ လိုချင်
တာ တစ်ခုအတွက်ပဲ ဒွေးနွေးရအောင် ရှင်ထပ်ပြီး ခေါင်းမာနေမယ်ဆိုရင်
ဉ်နဲ့ ပတ်သက်ပြီး ကျွန်မ နှုတ်က ညွှန်ကြားချက်တစ်ခု ပေးလိုက်ရုံပဲ"

ဦးနေဇော် ဒေါသစိတ်တွေ ဆူဝေလျက် အံကို တင်းတင်းကြိတ်
ည်။ မဖြစ်နိုင်မှန်း သိပါလျက်နှင့် ခုတင်ပေါ်က ကုန်းထဖို့ ကြိုးစား
ည်း လှုပ်ရှားမရသော ခန္ဓာကိုယ်က ချွေးတွေ ပိုးပိုးပေါက်ပေါက်
ဆင်းလာခြင်းသာ အဖတ်တင်သည်။

"မိန္တယ် မင်း မင်း တောက်"

ခေါင်းကို တွင်တွင်ခါရမ်းလျက် ဦးနေဇော် ဘာစကားမှ ဆက်
ပြောနိုင်ပါ။ ဦးနေဇော်ရဲ့ အညှာကို သိလိုက်သော ယုယန္တယ် ကျေနပ်
ပြုံးရင်း ခုတင်ပေါ်မှာ ထိုင်နေရာက ထရပ်သည်။

ပြီးတော့ ဦးနေဇော် အနီး လျှောက်သွားကာ ဦးနေဇော် နှဖူးကို



www.burmeseclassic.com

www.burmeseclassic.com



ညာလက်ဖြင့် တွန်းဖိထားလိုက်၏။

"မကိုင်နဲ့ မိန်းမယုတ် ငါ့အသားကို မထိနဲ့ လွှတ်"

ဦးနေဇော် လက်နှစ်ဖက်နှင့် တွန်းဖယ်ရှန်းကန်သည်။ ယုယနွ

သဘောကျသလို ရယ်မောနေသည်။ ပြီးမှ

"စိတ်မကောင်းပါဘူး ဦးနေဇော် စိတ်ချ ရှင် သိပ်တွယ်တာ

တဲ့ မိဖဉ်ကို ကျွန်မက ရက်ရက်စက်စက် မလုပ်ပါဘူး၊ သူ့ဘဝ

ကောင်းကောင်းကြီး ဖျက်ဆီးပြမယ်၊ ဒါမှ ရှင် တနုံ့နုံ့ခံစားရမှာ

အဟင်း ဟင်း"

"မိနွယ် မင်း မင်း ဒီလိုမလုပ်ပါနဲ့ သံယောဇဉ်လေးမှာ အပြ

မရှိပါဘူး၊ ငါတောင်းပန်ပါတယ်"

"အဟင်း ဟင်း ကျွန်မလိုချင်တာ ရှင့်ရဲ့တောင်းပန်မှု မဟု

ဘူး ဦးနေဇော် ရှင့်ရဲ့အစီအစဉ်ကို ကျွန်မ စိတ်တိုင်းကျလွှဲ ပြောင်းပေး

"ငါ ငါက ဘာတွေစီစဉ်ပေးမှာလဲ မိနွယ်"

"ကျွန်မအတွက် အမွေရဲ့ လေးပုံသုံးပုံလွှဲပေးရမယ် ကျေ

တစ်ပုံကိုတော့ ရှင့်မွေးစားသမီး သံယောဇဉ်အတွက်ပေါ့"

"မင်း ဒီလိုတော့ လောဘ မကြီးနဲ့ မိနွယ် မင်းနဲ့သံယော

တစ်ယောက်တစ်ဝက် ခွဲဝေယူဖို့ ငါပြန်စီစဉ်ပေးမယ်"

ဦးနေဇော်ဘက်က သည်မျှအထိ လိုက်လျောလာပြီမို့ သူ့ယေ

ကလည်း ထပ်လျှော့ပေးစရာ မလိုတော့ပါ။





"ကျွန်မ လက်မခံဘူး ဦးနေဇော် လေးပုံသုံးပုံတိတိပဲ လိုချင်

တယ်၊ ရှင်ဆုံးဖြတ်ထားပေါ့၊ အမွေနဲ့ ရှင့်ရဲ့ မွေးစားသမီးရဲ့ဘဝ ရှင်

ဘာကိုရွေးချယ်မလဲ"

လောဘရောင်စဉ်တွေ ဖြာလွှဲနေသော ယုယနွယ် မျက်ဝန်းတွေ

ကိုငေးကြည့်ရင်း ဦးနေဇော် နားလည်လိုက်သည်။ ဒီမိန်းမ ရုပ်ကလေး

ချောမောသလောက် ရက်စက်ယုတ်မာလွန်းတာ သူအသိဆုံး။

အခုလည်း သံယောဇဉ်ကို သူမ ရက်စက်ဖို့ဝန်လေးမှာ မဟုတ်၊

သူမ လိုချင်တာတစ်ခု မရနိုင်တော့လျှင် သူ့ကိုကော ဇဉ်လေးကိုပါ

ယုတ်မာပြမှာ သေချာသည်။

"ဘယ်လိုလဲ ဦးနေဇော် ရှင် တစ်ခုခု ဆုံးဖြတ်ပါ"

"အရေးကြီးတာ ဇဉ်လေးနဲ့ ငါတွေ့ချင်တယ်"

"ဘာအတွက်လဲ ဦးနေဇော် ရှင် ကျွန်မ အစီအစဉ် ကိုလက်ခံ

ပြီလား"

"သမီးလေး ဘာအန္တရာယ်မှ မရှိဘူးဆိုတာ သေချာရင်

မင်းကိစ္စအတိုင်း လက်ခံပေးမယ်"

ဦးနေဇော် စကားကြောင့် ယုယနွယ် မျက်ဝန်းတွေ ရွှန်းလဲ့

တောက်ပသွားခဲ့သည်။

"ကောင်းပြီ ဦးနေဇော် ရှင် ဆန္ဒပြည့်စေရမယ်၊ ရှင့်ရှေ့မှောက်

ကို ဇဉ်ရောက်လာတာနဲ့ ရှင် ကျွန်မဆန္ဒကို အကောင်အထည်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ''

ဦးနေဇော် တိတ်ဆိတ်စွာနှင့် ငြိမ်သက်နေပေမယ့် ရင်ထဲမှ

တော့ ဒေါသတွေ တလိပ်လိပ် တိုးနေသည်။

ရှောင်မရနိုင်သော အခြေအနေတစ်ခုကို သူ့ဘက်က ရင်ဆိုင်

နေခဲ့ရပြီ။ အခုချိန်မှာ သူ့ဘဝ သာမက သမီးလေး ဘဝကပါ ယုယနွယ်

လက်ခုပ်ထဲကရေ ပမာဖြစ်နေခဲ့ပြီ။

သမီးလေး ဘေးမသီရန်မခဖို့အတွက် သူတစ်ခုခုတော့ ရွေးချယ်

ရမည်။

အခုချိန်မှာ သမီးလေးလည်း သူ့လိုပဲ စိတ်သောကတွေ ဝေနေ

ခဲ့ပြီလား။ ရက်စက်လိုက်တာ မိနွယ်ရယ်၊ မင်းရဲ့လောကတွေက အဆိပ်

ကြောက်စရာကောင်းလိုက်တာ။

■ ■ ■



## အခန်း (၃၀)

''ဘာ မင်း ဘာပြောလိုက်တယ် နေအထက်''

သူနားတွေ အူထူသွားအောင် အော်လိုက်သည့် ယုယနွယ်

ဒေါသသံကို ဖုန်းထဲမှာ ကြားလိုက်ရသည်။

''ကျုပ် နားမလေးဘူး ဒေါ်ယုယနွယ်၊ ခင်ဗျား ဒေါသတွေကို

ချိုချထားပြီးမှ ဆက်ပြောဗျာ''

''မင်း မင်း ဘာအချိုးချိုးတာလဲ နေအထက်''

''ကျုပ် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ကံကြမ္မာက

ဖန်တီးပေးလာတာပဲဗျာ''

''တော်စမ်း နေအထက် မင်းက ပိုင်းလုံးကောင်ပဲ''

ယုယနွယ်ရဲ့ ဒေါသကြီး စွပ်စွဲစကားကြောင့် နေအထက်

သဘောကျသလို ဟားတိုက် ရယ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ကျုပ်ကို စွပ်စွဲလက်ညှိုးထိုးပြီး ပြောနေတဲ့ခင်များ ကိုယ်တိုင်ကကော ဘာလဲ လုပ်မနေပါနဲ့ ဒေါ်ယုယနွယ် ခင်ဗျားလည်း ရည်ရွယ်ချက်နဲ့ ခင်ဗျားဘဝကို ရင်းခဲ့တာပဲ ကိုယ့်ထက်အသက်ထက် လောက်ကြီးတဲ့ ယောက်ျားကို ခင်ဗျား ယူခဲ့တာပဲလေဗျာ"

သူ့စကားကြောင့် ယုယနွယ် ခွန်းတုံ့မပြန်နိုင်အောင် စကား တွေ တိတ်ဆိတ်သွားခဲ့သည်။ ဖုန်းချမသွားသေးတာတော့ သူသိနေ

"အထက်"

လေသံက ချက်ချင်းပြောင်းလဲသွား၏။ နေအထက် ကြိတ် လိုက်မိတာကို သူမ မမြင်သလို သူမ နဖူးကြောင် ခံရခက်နေသည့် မျက်နှာ လည်း နေအထက် မမြင်နိုင်ပါ။

"အထက် မင်း မ ကိုစိတ်ဆိုးနေတာလားဟင် မ တောင်းပန် တယ်ကွယ် မင်းနဲ့ မ ဆုံချင်တယ်"

မာယာတစ်ခုနဲ့ ယုယနွယ်သူ့ကို နှောင်ဖွဲ့ဖို့ ကြိုးစားလာမှန်း နေအထက် သဘောပေါက်သည်။

"စိတ်မကောင်းဘူး မ ကျွန်တော် ဒီရက်ပိုင်းမှာ မအား မ ဘာဖြစ်ချင်တာလဲ ပြောလေ"

"အထက်ရယ် သံယောဇဉ်ကို ဦးနေဇော် က တွေ့ချင်တယ် သူနဲ့မနဲ့ ညှိနှိုင်းပြီးပြီ၊ ဒါဆိုရင် သူ့ဆီက မအတွက် ထိုက်တန် အမွေတွေ သူလွှဲပေးမယ်လေ"





"အဲဒါ ခင်ဗျားအတွက်ပဲလေ"

"အထက်ရယ် မ လက်ထဲရောက်မှတော့ မင်းပိုင်ဆိုင်ရပြီပေါ့ ဘာ မ နဲ့ မင်း ဘဝတစ်ခုကို ပျော်ပျော်ကြီး တည်ဆောက်နိုင်ပြီပေါ့"

နေအထက် ဟားတိုက် ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရသည်။ ယုယနွယ်ရင်ထဲက အတ္တစိတ်နှင့် မာယာတွေကို သူမြင်တွေ့ခဲ့ပြီးပြီ သူ့ကို သူမရဲ့ အနားကခွာထုတ်ဖို့ ကြိုးစားခဲ့တုန်းက ဒီလေသံမဟုတ်။

"အထက် မ ကို နားလည်ပါကွယ် မကြိုးစားနေတာ အထက်နဲ့ မ တို့နှစ်ယောက် အနာဂတ်အတွက်ပဲ"

"ဒါဆို မ မကြာခင် ရရှိမယ့် အမွေတွေအတွက် ကျွန်တော့် နာမည်နဲ့ ကြိုတင်လွှဲပေးထားမလား"

"ဟင်"

"ဟုတ်တယ်လေ မ ဘက်က သေချာမှု တစ်ခုပေးထားမလား"

"နေအထက် မင်း တော်တော် အောက်တန်းကျတဲ့ ယောက်ျားပဲ ငါ့ကို ချစ်တာထက် ငါ့ပိုင်ဆိုင်မှုတွေကို မင်းအလိုရှိတာ ငါသိတယ်"

ဒေါ်ယုယနွယ် ဟန်မဆောင်နိုင်တော့တဲ့ သူ့ကို ချက်ချင်းပြန်တုံ့ ပြန်နေတာ နားထောင်ရင်း နေအထက် ကျေကျေနပ်နပ်ကြီး ပြုံးနေလိုက် ၏

"ငါ အရူးမဟုတ်ဘူး နေအထက်"

"ကျုပ်ကလည်း ခင်ဗျားမာယာနဲ့ လိမ်လည်မှုမှာ ဝင်မသွား



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မယ့်ကောင် မဟုတ်ဘူးဗျ''

''နေအထက် မင်း သံယောဇဉ် ကို အမွေခေါ်ဆောင်သွားတာ ရာဇဝတ်မှု မြောက်တယ်နော် မင်းကို ငါ ထောင်ထဲပို့ပစ်လို့ ရတယ်''

''ဟား ဟား ရယ်စရာကောင်းလိုက်တာ ဒေါ်ယုယနွယ်ရယ် ခင်ဗျား အစွမ်းရှိရင် လုပ်ကြည့်လေ၊ ဖဉ်က အခုချိန်မှာ ကျုပ်ရဲ့ စောင့်ရှောက်မှုကို လိုလားစွာ ခံယူနေတာဗျ။ ခင်ဗျားရဲ့ လောဘစိတ်ကို သူ ကြောက်နေတယ်၊ စိတ်မကောင်းစရာပဲဗျာ ခင်ဗျား မျှော်လင့်သလို ဘာမှ ဖြစ်မလာမှာ သေချာနေတယ်''

''တောက်''

ခံပြင်းစွာ ခေါက်သော တက်ခေါက်သံနှင့်အတူ နာကြင်ခံရခြင်း နေမည့် ယုယနွယ် မျက်နှာကို သူမြင်ယောင်နေမိဆဲရှိ၏။

''နေအထက် မင်းကိုငါ နောက်ဆုံး ပြောမယ်၊ ဖဉ်ကို ငါ့အိမ် အရှေ့ပြန်ပို့ပြီး မင်း ငါနဲ့ ညှိနှိုင်းမလား မင်းအတွက် ထိုက်တန်တဲ့ အတိုင်းအတာ ငါပေးမယ်''

''ဆောရီးပဲ ကျုပ်က ဦးနေဇော်ရဲ့ အမွေ လေးပုံသုံးပုံကို ခံစား လိုချင်တာလေ''

''ဘာ ''

''ဟုတ်တယ် အဲ့ဒါ ခင်ဗျားအတွက် မဟုတ်ဘူး၊ သံယောဇဉ် အတွက်ဆိုတာ ကျုပ်သိလိုက်ပြီ၊ မကြာခင်မှာ သံယောဇဉ် ရဲ့ တရားဝင်





ခင်ပွန်းအဖြစ် ကျုပ်ခင်ဗျားတို့ အိမ်ကြီးပေါ် ရင်ကော့ပြီးတက်လာမယ်''

''မင်း မင်း လူယုတ်မာပဲ''

''အဲဒါ ခင်ဗျား စွပ်စွဲချက်လေ သံယောဇဉ်နဲ့ ဦးနေဇော်ကတော့ ကျုပ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်စွာ လက်ခံကြမှာပေါ့''

''ငါ လုံးဝ လက်မခံနိုင်ဘူး''

ဒေါ်ယုယနွယ် ပေါက်ကွဲစွာ အော်ဟစ်ငြင်းဆန်သည်။

''မကြာခင် ရင်ဆိုင်ကြစို့ဗျာ အဲဒီအချိန်ကျမှ ခင်ဗျားအတွက် ခိုမပို့အမွေလေးပေးပြီး အိမ်ပေါ်က ကျုပ်ကိုယ်တိုင် မောင်းချပြမယ်''

''နေအထက် မင်း''

ဒေါ်ယုယနွယ် နှုတ်မှ ကြမ်းတမ်း ရင့်သီးသော စကားသံတွေပဲ ထွက်လာမှာ သေချာသည်။ နေအထက် ဖုန်းကို ပိတ်ပစ်လိုက်သည်။

ပြီးမှ ကျေနပ်စွာ ပြုံးရင် ခံရခက်ခက် ဖြစ်နေမည့် ဒေါ်ယုယနွယ် မျက်နှာကို မြင်ယောင်မိသည်။

အရင်တုန်းကတော့ ယုယနွယ်သည် သူ့ဘဝအတွက် အနာဂတ် မိုးရာအဖြစ်သူ ယုံခဲ့သည်။ ဒါပေမဲ့ တကယ်တမ်းကျ ယုယနွယ် က သူ ထင်မှတ်သလို ယုန်လေးတစ်ကောင် မဟုတ်ပါ။

အဆိပ်ပြင်းသော လျှာနှစ်ခွနှင့် မြွေဟောက်မ တစ်ကောင် ဖြစ်သည်။ ပြီးတော့ သူထင်မှတ်သလို ပိုင်ဆိုင်မှုတွေ ရသေးသူ မဟုတ်။

ဦးနေဇော် က ယုယနွယ်ကို အမွေတွေ လွှဲပေးဖို့ စိတ်ကူး

www.burmeseclassic.com



မရှိပါ။ ပိုင်ဆိုင်ခံစားနိုင်သူက သံယောဇဉ် တဲ့။

ဒေါ်ယုယနွယ်နှင့် ယှဉ်လိုက်လျှင် အရာရာ သာလွန်သော သံယောဇဉ် ကို သူ အခုချိန်မှာ အကောင်းဆုံး ထိန်းချုပ်ထားနိုင်ပြီ။

တကာယ့်ကို ဖြူစင်ရိုးသားပြီး ချစ်စရာကောင်းသော မိန်းကလေးနှင့်အတူ သူလိုချင်သော ရွှေဘုံစံအိပ်မက်ကြီးက လက်တွေ့ ဖြစ်လာတော့မည်။ ဒီအခွင့်အရေးကြီးကို ဘယ်လိုနည်းနှင့်မှ လက်လွှတ်မခံနိုင်ပါ။

ဒေါ်ယုယနွယ် တစ်ယောက် အခုလောက်ဆို သူ့ကို အမုန်းခြေပစ်ချင်လောက်အောင် နာကျည်းနေမှာ သေချာ၏။

စိတ်မကောင်းပါဘူး ယုယနွယ်။

နေအထက်အတွက် ကံကြမ္မာက အလှပဆုံး၊ အခြေအနေတစ်ခုကို ဖန်တီးပေးထားပြီးပြီ။

ခင်ပျားထက် အပုံကြီးသာတဲ့ မိန်းမချောလေးနဲ့ ပြည့်စုံတဲ့တာဝကြီးတစ်ခု ဒါကို စွန့်လွှတ်ပစ်ရလောက်အောင် ကျုပ်မမိုက်မဲသေးဘူး"

အမြင့်ဆုံးကိုပဲ လိုချင်ခဲ့တဲ့ ကျုပ် အတွက် နေအထက်ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်အောင် မကြာခင်မှာ သက်သေပြရမယ်။

အဲဒီအခါကျရင်. . .။

■ ■ ■



## အခန်း (၃၁)

လမ်းခုလယ်ရောက်မှ အရေးကြီးသော ဖိုင်တွဲတွေကျန်ရစ်ခဲ့တာမို့ သူ့အိမ်တိုက်ခန်းကို ပြန်လှည့်ခဲ့ရတာဖြစ်သည်။

ဤကွန်ဒိုတိုက်ခန်းရဲ့ ဆင်ဝင်အောက်မှာ ကားကိုထိုးရပ်ပြီး လှေခါးထစ်တွေအတိုင်း ကသောကမျော ပြေးတတ်ခဲ့သည်။ ဒုတိယထပ်မှာ ရှိသော သူ့အခန်းရှေ့ရောက်တော့ မြင်လိုက်ရသော ဖိနပ်တစ်ရံကြောင့် သူ မျက်မှောင်ကုပ်သွားရသည်။ ဒါ နေအထက်ရဲ့ ရှူးဖိနပ်ဖြစ်သည်။

အခန်းတံခါးမှာ နားကပ်ပြီးထောင်ကြည့်တော့ တိုးတိုးစကားသံတွေကိုကြားသည်။ နေအထက်နှင့် သံယောဇဉ်တို့ အသံတွေဆိုတာ ခန့်မှန်းနိုင်ပေမယ့် ဘာတွေပြောနေသလဲတော့ အသေအချာ မကြားရပါ။

သူ့ဆီလာမည်ဆိုလျှင် ကြိုတင်ဖုန်းဆက်တတ်သည့် နေအထက် ဖုန်းမဆက်၊ အကြောင်းမကြားပဲ ရောက်လာတာ ဘာကြောင့်ပါလိမ့်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အခုချိန်ကအခန်းထဲမှာ သံယောဇဉ် တစ်ယောက်ပဲရှိတတ်သော ဖြစ်သည်။ ဒေါ်မိုးငယ်က ဈေးသွားနေလိမ့်မည်။

စိုးရိမ်စိတ်တို့ ရင်ထဲမှာ စုပြုံလာရင်း နေအရိပ် အခန်းတံခါး နံ့ဘေးနံ့ရံက လူခေါ်ဘဲလ်လေး နှိပ်လိုက်သည်။

အခန်းတံခါးကို လာဖွင့်ပေးသူက သံယောဇဉ် ဖြစ်သည်။ ချက်ချင်းမဖွင့်ဘဲ ခပ်ဟဟဖွင့်ကာ သူ့ကိုမြင်မှ အံ့ဩသွားဟန်နှင့်

"ဟင် အရိပ် အလုပ်မသွားဘူးလား"

" အရေးကြီးတဲ့ စာရင်းဖိုင်ကျန်ခဲ့လို့ ပြန်ယူတာ ဇဉ် အထက် ရောက်နေတာလား"

"ဟုတ်တယ် စောစောကလေးပဲ ရောက်လာတာ"

ဖြေရင်း သံယောဇဉ်က တံခါးကိုဖွင့်သည် သည်တော့မှ အခန်း အထဲကိုလှမ်းဝင်ခဲ့သည်။ ဧည့်ခန်း ဆိုဖာထိုင်ခုံမှာ ထိုင်နေသော နေ အထက်က ထုံးစံအတိုင်း မှတ်ဆိတ်ကျင်စွယ် အတုနှင့် ရုပ်ဖျက်ထား၏။

"မင်းရောက်လာတာ အတော်ပဲအရိပ် ခဏထိုင်ဦး ငါ အခု ဇဉ်ကို ပြန်ခေါ်သွားတော့မလို့ကွ"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ဇဉ်ကို ခေါ်သွားမည်ဆိုသော အထက်စကားကြောင့် လာရင်းကိစ္စကို မေ့ပစ်ကာ သူ့ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိသည်။





နေအထက်က စီးကရက်ကို တစ်ချက်ဖွာပြီးစားပွဲပေါ်က ခွက် ထဲထိုးခြေထည့်သည်။ စီးကရက်ခွက်ကို ဇဉ် ချပေးထားတာ ဖြစ်မည်။

"မင်း က ဇဉ်ကို ဘယ်ခေါ်သွားမှာလဲ အထက်"

"ဇဉ် ဘဘ ဆီခေါ်သွားမှာလေ၊ ဇဉ်နဲ့ ဦးနေဇော် ဆုံတွေ့နိုင်ဖို့ ငါ စီစဉ်ပေးထားတယ်"

နေအထက် စကားကို သူ မယုံပါ။ ဇဉ်နှင့် ဦးနေဇော် ကိုတွေ့ဖို့ စီစဉ်ပေးရအောင် နေအထက်မှာ နေရာတစ်ခု မရှိနိုင်။ လက်ရှိတောင် ကြိုရာတည်းခိုခန်းငှားပြီး နေနေရသည့် ဘဝဆိုတာ သူသိထားသည်။

"မင်းက ဘယ်မှာစီစဉ်ထားတာလဲ"

သူ့အမေးကို အလိုမကျသလို နေအထက် မျက်မှောင်ကုပ်ပြီး ကြည့်သည်။ ဒါပေမဲ့ ဇဉ့် ရှေ့မှောက်မို့ ထင်သည်။ သူ့အမေးကိုတော့ ဖြေပါသည်။

"လုံခြုံစိတ်ချရတဲ့ နေရာ တစ်နေရာမှာပေါ့ကွာ၊ ဦးနေဇော် က ဇဉ့်ကို သိပ်တွေ့ချင်နေတယ်"

"ဇဉ်လည်း ဘဘကို အရမ်းတွေ့ချင်နေတာ"

ဇဉ်က လိုလိုလားလား ဝင်ပြောသည်။ နေအထက်က နှစ်သိမ့် သလို ပြုံးလိုက်ရင်း

"တွေ့ရတော့မှာပါ ဇဉ်ရယ် ကဲ ဇဉ် ရေမိုးချိုး အဝတ်အစားလဲ လိုက်တော့နော်၊ ပြီးရင်သွားရအောင် အရိပ် မင်းအခန်းသော့ကို တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ယူသွားလိုက်ပေါ့"

နေအထက်က သူ့ဘက်လှည့်ကာ ပြောလျှင် သူ ခေါင်းလည်း မညိတ်ဖြစ်ပါ။ ဇော်က ခေါင်းကလေး ညိတ်ကာ အခန်းထဲလှမ်းဝင်သွားခဲ့သည်။

နေအထက်က ထိုင်ခုံမှာ ကျောမှီထိုင်ရင်း စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိနေပြန်၏။ နေအထက် မျက်နှာကို ကြည့်ရင်းသူ့ ရင်ထဲမှာ စိုးရိမ်စိတ်တို့ ပိုလာသည်။

နေအထက် ဇော်ကို ဘယ်အထိခေါ်သွားမှာလဲ။ ဦးနေဇော်နဲ့ ဆုံတွေ့ပေးမည်ဆိုတာ ဟုတ်ပါ့မလား။ မဖြစ်နိုင်ဟု ထင်သည်။

"အရိပ် မင်းကျေးဇူးကိုငါမမေ့ဘူး။ မကြာခင်မှာ မင်းကိုငါ ပြန်ကူညီနိုင်မှာပါ"

နေအထက် စီးကရက်မီးခိုးတွေကို ဟန်ပါပါ မှုတ်ထုတ်ရင်း ဆိုနေတာကို သူ ငေးကြည့်ရင်း ဘာမှ ခွန်းတုံ့မပြန်မိပါ။

"မင်း ငါ့ကိုမယုံကြည်ဘူးလား။ နေအထက်ဆိုတဲ့ကောင်က မကြာခင်မှာ ဘဝပြောင်းတော့မှာပါကွ အဟွန်း"

နေအထက် မျက်ဝန်းတွေထဲမှာ ကျေနပ်ကြည်နူးခြင်းတွေ တောက်ပနေတာ သူမြင်တွေ့နေသည်။ အခုချိန်အထိ ဘာအလုပ်အကိုင်မှ မယ်မယ်ရရမရှိဘဲ နေအထက် သူဌေးဂိုက်ဖမ်းပြီး ဘော်ကြော့နေနေတာ ဘာကြောင့်လဲ သူရိပ်မိတာ ကြာပြီ။





ရန်ကုန်ရောက်စက နေအထက်ကို သူ့ထက်အသက်ကြီးသော မိန်းမကြီးနှင့် တွဲနေတာတွေ့သည်။

"မင်း ရည်ရွယ်ချက်က ဘာလဲ နေအထက် မင်းဘာတွေ လုပ်နေတာလဲ"

"ငါ့ရည်ရွယ်ချက်က မြင့်မားတယ်ကွ ငါ့နာမည်က နေအထက် သကွာ အဟွန်း မကြာခင် ငါ့ဘဝကို မင်းအံ့သြသွားတော့မှာပါ"

နေအထက် ကျေနပ်ကြည်နူးရိပ်တွေနှင့် ဆိုနေလေလေ သူ့ရင်ထဲမှာ စိုးရိမ်လာလေလေ ဖြစ်နေခဲ့သည်။ ဇော်သည် မြောက်များစွာသော ဒုက္ခတွေကို ဆက်ခံရမည့် မိန်းကလေး။

အခု ဇော်ကို နေအထက် ခေါ်ထုတ်သွားမည့် ရည်ရွယ်ချက်က

"အထက် မင်း ဇော်ကို ဘယ်ခေါ်သွားမှာလဲ ငါသိချင်တယ်"

သူ့အမေးကြောင့် နေအထက် မျက်နှာ ပျက်သွားတာ အထင်အရှားဖြစ်သည်။

"မင်းက ဘာလို့ သိချင်တာလဲ"

"ငါသိသင့်တယ် ထင်တယ်လေ ငါ့တိုက်ခန်းမှာ တစ်လကျော် နေသွားတဲ့ မိန်းကလေး၊ ပြီးမှ ပြဿနာတွေ တက်လာရင် ငါရှင်းရမှာ"

"ဩော် ဒါအတွက် မင်းပူနေတာဆိုရင် လုံးဝ ငါတာဝန်ယူတယ်အရိပ် မင်းယုံပါ ဇော်ကို ငါ တစ်ဘဝလုံးတာဝန်ယူ စောင့်ရှောက်ဖို့ ခေါ်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်း အုံ့ဩမသွားနဲ့ ဒါ ငါ့ရည်ရွယ်ချက်လေ၊ မကြာ[illegible] ငါ့ဘဝက ပြောင်းလဲတော့မှာ၊ မင်းငါ့အတွက် ကျေနပ်ဂုဏ်ယူပါ"

စကားအဆုံးမှာ နေအထက် စီးကရက်တိုကို ခွက်ထဲပစ်ထည့်[illegible] ထရပ်သည်။ ပြီးတော့ ညှော်ခန်းထဲမှာ ဘောင်းဘီအိတ်ထဲ လက်နှိုက်[illegible] လျှောက်နေ၏။

"ဒါ မင်း အစီအစဉ်ဆိုရင် ငါလက်မခံနိုင်ဘူး အထက်"

"ဘာကွ"

ဖျတ်ခနဲ လှည့်ကြည့်သော နေအထက် မျက်ဝန်းတွေ [illegible] တောက်ပနေသည်။

"မင်းက ဘာကိစ္စ ငါ့အလုပ်ကို ဝင်ရှုပ်ရတာလဲ အရိုင်"

"ရှုပ်တာ မဟုတ်ဘူးလေ၊ မင်းလုပ်နေတာ မဟုတ်သေး[illegible] တကယ်ဆို ဖဲ့ဦးကို ရိုးရိုးသားသား ပြောပြီး မင်း တောင်းဆိုရင် ငါ[illegible] တယ်"

"အရိုင် မင်း ပါးစပ်ပိတ်လိုက်တော့ ဒါ ငါ့ဘဝအတွက် [illegible] ကြီးဆုံးကိစ္စ ဘယ်သူ တားတား မရဘူး"

ပြောပြီး နေအထက် နောက်ပြန်လှည့်သွား၏။ အရိုင်နား[illegible] လိုက်သည် နေအထက် ရည်ရွယ်ချက်တွေကို တားမြစ်ဖို့ ဆိုသည်[illegible]

"အထက်"





သူ့ခေါ်သံကြောင့် နေအထက်လှည့်အကြည့်မှာ တင်းတင်းဆုပ်[illegible]ထားသော သူ့ညာလက်သီးက နေအထက် မေးရိုးဆီ တည့်မတ်စွာ [illegible]သွားခဲ့သည်။

"ခွပ်"

"အ"

တစ်ချက်တည်းနှင့် တင်လုံလောက်သည်။ နေအထက် ကြမ်း[illegible]ပေါ်မှာ မှောက်လျက်သားငြိမ်သွားခဲ့၏။

"ဟင် ကို ကိုနေ အရိုင် အရိုင် ဘာလုပ်လိုက်တာလဲ"

ဖဲ့ဦးရဲ့ စိုးရိမ်တကြီး အသံကြောင့် သူလှည့်ကြည့်တော့ ရေချိုး[illegible]ထဲက ထွက်လာပုံရသော ဖဲ့ဦး မွေးပွသဘက်လေးကို ပခုံးပေါ် ခြုံလွှမ်း[illegible]ပြီး သူ့ကို မျက်လုံးလေး ဝိုင်းစက်ကြည့်နေ၏။

"နေအထက် မင်းကို ခေါ်သွားမှာ ကိုယ်လက်မခံနိုင်ဘူး ဖဲ့[illegible]ကြောင့် အစီအစဉ် ဖျက်လိုက်တာ"

"ဟင် မဟုတ်တာ ကိုနေက ဘဘနဲ့တွေ့ဖို့ စီစဉ်ပေးနေတာ [illegible]နိုင် ဘာလို့ ဒီလိုလုပ်တာလဲ"

ဖဲ့ဦး သူ့ကိုနားမလည်နိုင်စွာ ကြည့်ရင်း ပြောနေသည်။ ဖဲ့ဦးမျက်[illegible]တွေထဲမှာ အမှန်တရားကို မမြင်နိုင်သေးတော့ သူ ဘယ်လို ရှင်းပြရ[illegible] မသိ။

"မင်း နေအထက်နဲ့ လိုက်မသွားရဘူး ဖဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း မဖြစ်နိုင်တာ ရှင် ရှင်''

ဇော် အသံတုန်တုန်လေးနှင့် သူ့ကိုကြည့်ကာ ရေရွတ်နေ...

သူ့လက်ကာပြရင်း ဇော့်ဆီကို ခြေတစ်လှမ်းအရွေ့မှာ

''ဟင့်အင်း ရှင် မ မလာနဲ့''

ကြောက်လန့်တကြား ငြင်းဆိုရင်း ဇော် အနောက်ကိုချာ...

လှည့်ပြေးသည်။ ရေစက်တွေ ထင်ကျန်နေသော ဖယောင်းပုဆိုး ကြမ်း...

မှာ ဇော် ခြေချော်ကာ ဘိုင်းခနဲကျ၏။

''အား အမေ့''

''ဟာ ဇော် ဇော်''

သူ စိုးရိမ်တကြီး ဇော့် ခန္ဓာကိုယ်လေးကို ပွေ့လိုက်တော့ ...

သတိလစ်နေပြီး ဇော့် နားထင်စပ်မှာ သွေးတွေယိုစီးကျနေ၏။

''ဇော် ဇော်''

သူ စိုးရိမ်တကြီး ခေါ်ပေမယ့် ဇော့်ခန္ဓာကိုယ်လေး ပျော့ခွေ...

ခဲ့သည်။ သူ ဇော့်ကို ပွေ့ချီလိုက်သည်။ ပခုံးမှာ တင်ထားသော သဘက်...

လေးက လျော့ရဲပြုတ်ကျသည်။

ရေချိုးပြီးစ လုံချည်ရင်လျားလေးနှင့် ဇော့်ရဲ့ ဝင်းမွတ်ကျော့...

သော အလှတွေက သူ့ကို အသက်ရှူမှားလောက်၏။

ရင်ခုန်သံတွေ ရင်ဘတ်ထဲက အနက်ရှိုင်းဆုံး တစ်နေရာ...

လှုပ်ခတ်သွားခဲ့သည်။ ဒါပေမဲ့ တပ်မက်ခြင်းတို့ကြောင့် မဟုတ်...





သော်ရှာသည်။

ဒါကို ဇော်ကတော့ ယုံကြည်နိုင်ပါ့မလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

သူ သတိရတော့ ညှော်ခန်းထဲက ဆိုဖာရှည်ကြီးပေါ်မှာ ...
သည်။

ဒေါ်မိုးငယ်က သူ့ကို စိုးရိမ်ပူပန်သော မျက်လုံးတွေနှင့် ...
ကြည့်နေ၏။

"မောင်နေ သ သတိရပြီလား"

"ဟိုကောင် အရိပ် ဘယ်မှာလဲ ဒေါ်မိုးငယ်"

"မ မရှိတော့ဘူး မောင်နေအရိပ်နဲ့ သံယောဇဉ်လေးတို့ ...
သွားကြတယ်"

"ဘာဗျ ဘယ်ကိုထွက်သွားတာလဲ"

သူ ဒေါသတကြီး အော်ဟစ်မေးတော့ ဒေါ်မိုးငယ် ...
ဖြစ်သွားခဲ့ရင်း ခေါင်းကိုခါရမ်း ဖြေသည်။

"ဒေါ်ကြီးလည်း မသိဘူး ဈေးက ပြန်လာတော့ မောင်...





...နဲ့ အောက်မှာဆုံတာ ဒေါ်ကြီးကို သူ ပြန်မလာမချင်း တိုက်ခန်းကို ...စောင့်ရှောက်ပေးထားပါလို့ မှာသွားတယ်၊ မင်းကိုလည်း သတိရတဲ့အထိ ...စောင့်ပေးလိုက်ပါဆိုလို့ ဒေါ်ကြီး စောင့်ပေးနေတာ"

"တောက်"

သူ ခံပြင်းနာကြင်စွာ တက်ခေါက်မိတော့ မေးရိုးက ဆစ်ခနဲ ...ကျင်သွားခဲ့သည်။ အရိပ် သူ့ကို ဒီလိုတိုက်ခိုက်လိမ့်မည်ဟု ထင်မှတ် ...ထားခဲ့မိတာကိုက သူ့ရဲ့အမှားဖြစ်သည်။

အခုတော့ မေးရိုးက နာကျင်မှုထက် အရိပ် လုပ်သွားသည့် ...ဖြစ်က ပိုလို့တောင် ခံရခက်သည်။

"ဒီကောင်တွေ ဘယ်သွားကြသလဲ ဒေါ်မိုးငယ် လုံးဝမသိဘူး ...လား၊ ကျွန်တော့်ကိုမညာနဲ့နော်"

"ဩော် မောင်နေရယ် ဒေါ်ကြီး ဘာဆို ဘာမှ မသိတာပါ၊ ...င်းတို့ ဘာတွေဖြစ်ကြတာလဲ ဘာမှ မသိဘူး"

"တောက် နေအရိပ် မင်း ငါ့ရန်သူဖြစ်သွားပြီ"

နေအထက် မကျေမနပ် ကြုံးဝါးရင်း ဆိုဖာထိုင်ခုံက ထရပ် ...လိုက်သည်။

တင်းတင်းဆုပ်ထားသော လက်သီးတွေထဲမှာ နေအရိပ်ကို ...ကျေနပ်သည့်ဒေါသတွေနှင့် တင်းကြပ်နေခဲ့၏။

တကယ်ဆို သူကပဲ မိုက်မဲခဲ့တာဖြစ်သည်။ နေအရိပ်ကို ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့မိတာက သိပ်မှားသည်။

သံယောဇဉ်ကို နေအရိပ်ရဲ့ အနားကို ပို့ခဲ့မိတာကိုက ကျား မှောက်ကို ယုန်ကလေး ဆက်သပေးလိုက်သလို ဖြစ်သွားခဲ့သည်။တ ဆို ကြိုတင်ပြီး ရိပ်မိသင့်သည်။

နေအရိပ်ဆိုတာလည်း ကျားတစ်ကောင်ပဲဖြစ်သည်။ ကျ တာ ဥပုပ်မစောင့်တတ်တာ သူမေ့သွားခဲ့သည်။ အခုတော့ နေအရိ သူ့ကို ဟားတိုက်လို့တောင် ရယ်နေမည်လားမသိ။

သူမှာတော့ စိတ်ကူးမျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်ကြီး တစိမ့်စိမ့် ပီတိဖြစ်ကျေနပ်နေခဲ့ရတာတွေက ပါးစပ်အနား ရောက်တာ ပုတ်ချခံရတာထက်တောင်ဆိုးသည်။

ပြန်ကောက်ယူ ရေဆေးစားလို့လည်း မရတော့။ နေအရိ အပိုင် ကြံစည်သွားခဲ့ပြီ။ နုနုရွရွလှပသော သံယောဇဉ်နှင့် သူ့အနာ ဘဝတစ်ခုလုံးကို ပြောင်းလဲပေးမည့် သိန်းပေါင်းများစွာသော ပိုင် မှုတွေ အားလုံးကို ဆုံးရှုံးရတော့မည်လား။ ဘယ်တော့မှ အဖြစ်မခံနိုင် နေအရိပ် ဘယ်လောက်အထိ ရှောင်ပြေးနိုင်မည်လဲ။

ကတုံးပေါ် ထိပ်ကွက်သွားသည့် အဖြစ်ကိုတော့ သူလုံးဝ လ မခံနိုင်ပါ။

ဒေါသတွေ ထုပ်ပိုးသယ်ဆောင်ပြီး သူ့တိုက်ခန်းထဲက ထွ တော့ ဒေါ်မိုးငယ် ကြောင်ငေးငေးကြီး ကျန်ခဲ့သည်။





"ဟေး တက္ကစီ"

လမ်းမပေါ်မှာ ရပ်ထားသော တက္ကစီကို သူလှမ်းခေါ်တော့ ဒရိုင်ဘာက မအားဘူးဆိုသည့် သဘောနှင့်လက်ခါပြသည်။

ရင်ထဲကို မကျေနပ်စိတ်၊ အလိုမကျစိတ်တွေက အလုံးအရင်း ဝင်ရောက်လာသည်။ အဆင်မပြေချင်လျှင် ဘာတစ်ခုမှ အဆင်မပြေ ပါလား။

ဒေါသခြေလှမ်းတွေနှင့် ဆက်ပြီးလျှောက်ခဲ့တုန်းက ကားတစ်စီး က သူ မတားပါဘဲအနားမှာ ထိုးရပ်လာ၏။

သူ လှည့်ကြည့်မိစဉ်မှာပဲ ကားတံခါး ဖွင့်ဆင်းလာသည့် နှစ် ယောက်က သူ့နံဘေးတစ်ချက်စီမှာ တိုးကပ်ညှပ်ရပ်ပြီး ဖြစ်နေသည်။

"ဘာမှ ထပ်မပြောနဲ့ နေအထက် ခုချက်ချင်း ကားပေါ်တက် လိုက်ပါ"

လေသံကမာထန်သလို ဂျာကင်ထဲနှိုက်ထားသော လက်ထဲမှာ အချိန်မရွေး သူ့အသက်ကို နှုတ်ယူသွားမည့် လက်နက် ရှိနေတာကို သိသည်။ မာထန်ထန်မျက်နှာတွေက မိုက်တိမိုက်ကန်းပုံတွေဟုသူသိ၏။

ခွန်းတုံ့မပြန်ဘဲ သူတို့အလိုကျ ကားပေါ်ကို သူ တက်ထိုင်လိုက် တော့ ထိုနှစ်ယောက်က သူ့ကို အလယ်မှာထားကာ တစ်ဖက်ဆီကဝင် ထိုင်သည်။

ကားမောင်းသူကော ရှေ့ခန်းမှာ ထိုင်နေသည့်နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါ သူ့ကို မှုန်တေတေ မျက်နှာပေးတွေနှင့် ကြည့်ကြသည်။

"ခင်ဗျားတို့က ဒေါ်ယုယနွယ်ရဲ့လူတွေလား"

"မင်းပါးစပ်ကိုပိတ်ထား ဘာမှ မေးခွင့်မရှိဘူး"

ရှေ့ခန်းကလူက ယတိပြတ်ပြောပြီး မျက်စပစ်ပြတော့ မောင်းသူက ကားလေးကို ဂူးခနဲ မောင်းထွက်သည်။

သူတိတ်ဆိတ်စွာပဲ နေလိုက်၏။ စောစောကလူက ဟန်းဖုန်း ထုတ်ကာဆက်နေတာကိုတော့ သူကြား၏။

"ဟုတ်ကဲ့ အခု ကားထဲမှာ ရောက်နေပါပြီ၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

"..."

"ဟုတ်ကဲ့ ငါးမိနစ်အတွင်းရောက်အောင်လာခဲ့ပါ့မယ်"

ထိုလူက ဖုန်းပိတ်ကာ နောက်ကို တစ်ချက်လှည့်ကြည့်သည်။ အေးစက်မာကြောသော မျက်ဝန်းတွေက တစ်ချက်လေးတောင် ပြောင်းမသွားသေးပါ။

"ကဲ ကိုယ့်လူ မင်း ကလန်ကဆန်မလုပ်ဘဲ လိုက်ခဲ့ရင် သက်သာမယ်၊ ဇကြီး သူ့မျက်နှာကို အဝတ်စည်းလိုက်"

အခုချိန်မှာ ဘာတစ်ခုမှ ဆန့်ကျင်လို့မရဟု သူ နားလည်နေသည်။ သူ့မျက်ဝန်းတွေကို အဝတ်စနှင့် စည်းနှောင်လိုက်တာကို ငြိမ်သက်စွာပဲ ခံယူသည်။ သူ့ကိုခေါ်ဆောင်သည့် နေရာကို မသိစေချင်တာကြောင့်





ဖြစ်မည်။

ဒါပေမဲ့ သူရင်ဆိုင်ရမည့် သူသည် ဒေါ်ယုယနွယ်ဟု ကြိုသိနေခဲ့၏။

သတိလက်လွတ်နှင့် အရိပ် တိုက်ခန်းက ထွက်ခဲ့တာကိုပဲ နောင်တရမိ၏။

မှတ်ဆိတ်ပါးသိုင်းတုတွေသာပါလျှင် သူတို့ သူ့ကို မှတ်မိမှာမဟုတ်ဘဲ ရှောင်နိုင်သည်။ အခုတော့..

ဒီနေ့တစ်နေ့လုံးသည် သူ့အတွက် ပြဿနာတွေချည်း ဖြစ်နေသည်။

■ ■ ■

မျက်ဝန်းမှာ စည်းနှောင်ထားသော ပိတ်စကို ခွာလိုက်တော့ သူ ရောက်နေတာ အခန်းတစ်ခုရဲ့ ထိုင်ခုံပေါ်မှာဟု သိလိုက်သည်။

"နေအထက်"

ကြားဖူးနေကျ အသံဆိုပေမယ့် လေသံက မာထန်နေ၏။ လှည့်ကြည့်တော့ သူ့ကို ရူးရူးနှစ်နှစ် စိုက်ကြည့်နေသော ယုယနွယ်ရဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။

"မ"

"တော်စမ်း မင်းပါးစပ်က ဘာတစ်ခွန်းမှ ငါမကြားချင်ဘူး ငါ မေးတာကိုပဲ မင်းဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



လေသံနှင့် အမူအရာက သူ့အပေါ်မှာ ဘာအနှောင်တွယ်မှု မရှိတော့တာ သေချာသည်။ ပတ်သက်ခဲ့ဖူးသော အဖြစ်အပျက်တွေ ယုယနွှယ် မေ့လိုက်တာတော့ ခန့်မှန်းလို့ရ၏။

တကယ်ဆို သူကိုယ်တိုင်လည်း သူမ အပေါ်မှာ ခါးသီး တုံ့ပြန်ခဲ့ဖူးသည်ပဲ။

"မိဖဉ် ဘယ်မှာလဲ"

သူ မသိသော မေးခွန်းကိုမေးသည်။ ခွန်းတုံ့မပြန်ဘဲ သူ့ မျက်နှာကိုပြန်ငေးစိုက်ကြည့်နေလိုက်သည်။ မျက်နှာက မာတင်း ခက်ထ နေပေမယ့် လှပချောမွေ့နေဆဲရှိ၏။ ပန်းနုရောင် ဆိုးထားသော နှုတ်ခမ်း တွေက တင်းတင်းစေ့ထား၏။

"ငါ မေးနေတယ် နေအထက်"

"မသိဘူး ကျွန်တော် မသိဘူး"

"ဘာ"

ရဲရဲနီသွားသော မျက်နှာက ဒေါသတွေ တလိပ်လိပ်အနိုး ထင်နေ၏။ မျက်စ တစ်ချက်အပစ်မှာ ညာဘက်က အရိပ်တစ်ခု သူ့ ရောက်လာတာက ပြင်းထန်လွန်း၏။ ရှောင်တိမ်းချိန်မရလိုက်ဘဲ မျက်နှာ ဆီတိုးဝင်လာသော လက်သီးချက်က ပြင်းသည်။

သူ ထိုင်ခုံနှင့် တွေးခနဲ ပြိုလဲကျသွားခဲ့၏။ ဒေါသတွေ ဆူဝေ လှုံးလဲထပြီး ရင်ဆိုင်ဖို့ ကြိုးစားသည်။





အခန်းထဲမှာ ရပ်နေသူတွေက အများကြီး ဖြစ်သည်။ ဒါပေမဲ့ နှင့်တစ်ယောက်ချင်း တိုက်ပွဲမှာ ဘယ်သူမှ ဝင်မပါကြပါ။

"ဖုစ် ဖုစ်"

သူ ဆင့်ကဲ ထိုးသမျှ လက်သီးတွေကို ဗလကြီးက ကိုယ့်ကိုယ်မိမ်း ရှောင်သည်။ ပြီးမှ ထောက်လက်သီး တစ်လုံးက သူ့မျက်နှာ တည့်တည့် ကို ဝင်လာ၏။

"ခွပ်"

"အား"

မျက်လုံးတွေ ပြာဝေလျက် မှုန်ထူသွား၏။ ကြယ်တွေလတွေ ခန်းထဲမှာ ပြိုးပြက်သွားသလို ပူနွေးစေးပျစ်သော သွေးတို့ နှာခေါင်းထဲ က ယိုစီးကျလာမှန်း သူသိ၏။

"နေဦး ဗလကြီး"

ဒေါ်ယုယနွှယ်သာ မတားလျှင် သူ ပြန်မထနိုင်ခင် ခြေကန်ချက် တွေဆင့်ကဲ ဝင်လာနိုင်၏။

"ကဲ နေအထက် မင်း အသားမနာချင်ရင် ဖြေပါ"

"ဘာကို ဖြေရမှာလဲ ဒေါ်ယုယနွှယ် သံယောဇဉ်ကို ကျွန်တော် သိမ်းသိမ်းထားတာ မှန်ပေမယ့် ဒီမနက်ပဲ နေအရိပ်က ခေါ်သွားပြီ"

"ဘယ်က နေအရိပ်လဲ"

"ကျုပ်ညီ နေအရိပ် သူ့အိမ်မှာ သံယောဇဉ်ကို ပို့ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယနွယ် မျက်နှာကြီး တင်းခနဲ ဖြစ်သွား၏။ သူ့ရှေ့တိုးလျှောက်လာပြီး မျက်နှာကို စေ့စေ့ကြည့်ကာ ထပ်မေး၏။

"မင်းစကားတွေငါမယုံဘူး ဘယ်ကဘယ်လိုမင်းညီဆိုတဲ့ကောင် ကပေါ်လာပြန်တာလဲ အမှန်တရားကိုပဲ ငါကြားချင်တယ် နေအထက်"

"ဒါ အမှန်တရားပဲ ကျုပ်မညာဘူး"

"ငါမယုံဘူးကွဲ ဗလကြီး ပိတ်ထားတဲ့ သူ့ပါးစပ်ကို ဖွင့်ပေးလိုက်စမ်းပါ"

"ဟာ မ မလုပ်နဲ့ ကျုပ် တကယ်ပြောနေ"

"ခွပ်"

"ဖောင်း"

"ဖြောင်း"

လက်သီးတွေ၊ ခြေကန်ချက်တွေ ဆင့်ကဲပြီး သူ့ခန္ဓာကိုယ် အနှံ့ကျရောက်လာတာကို မရှောင်တိမ်းနိုင်ခဲ့ပါ။

ဝေဒနာဒဏ်ရာတွေနှင့် ကြမ်းပြင်မှာ သူပက်လက်လဲကျသွားတော့ ဒေါ်ယုယနွယ် မိုးကြည့်နေသည်။

သူ့မျက်လုံးတစ်ဖက် ပိတ်သွားပြီ။ နှုတ်ခမ်းက သွေးစတွေက ပါးစပ်ထဲအထိ စီးကျကာ ငံကျိနေ၏။ ခန္ဓာကိုယ် တစ်ခုလုံး ဝေဒနာရဲ့ ဒဏ်တွေနှင့် ပြည့်နှက်နေ၏။

"နေအထက် မင်းကို ငါ ဆက်သည်းမခံနိုင်ဘူးနော်"





"ကျွန်တော် မ ညာ"

သူ့စကားသံတွေက လေသံမျှပဲဖြစ်သည်။ နှုတ်ခမ်းတို့လှုပ်ခတ်ပြီး အသိတရားတို့ အမှောင်ကမ္ဘာထဲ တိုးဝင်သွားခဲ့တာကိုပဲ နောက်ဆုံး ဝေဒနာတွေကြားက သိလိုက်သည်။

■ ■ ■



www.burmeseclassic.com

အခန်း (၃၃)

သူမ နိုးလာကတည်းက အခန်းထဲမှာ တိတ်ဆိတ်နေသည်။ ခုတင်ပေါ်က အလန့်တကြားထထိုင်ပြီး ဝေ့ဝဲကြည့်တော့ တိုက်ခန်းထဲမှာမဟုတ်။ သူမ ရောက်နေတာ ပျဉ်ထောင်အိမ်တစ်လုံးရဲ့ အခန်းထဲမှာဖြစ်သည်။

နားထင်စပ်က စူးခနဲ ဝေဒနာကြောင့် လက်နှင့်စမ်းကြည့်တော့ ဒဏ်ရာကို ပတ်တီးနှင့်စည်းနှောင်ထားမှန်း သိလိုက်၏။

အသိစိတ်ထဲမှာ ပြန်မြင်ယောင်လာသည်က နေအရိပ်ရဲ့ တိုက်ခန်းထဲမှာ ဖြစ်ပျက်ခဲ့သော မြင်ကွင်းတွေဖြစ်သည်။

ကိုနေကို ထိုးကြိတ်ကာ ဖဉ်ကို ခေါ်ဆောင်လာခဲ့သူက အရိပ်ပဲ ဖြစ်လိမ့်မည်။ ထိတ်လန့်စွာ သူမ နောက်လှည့်အပြေး ချော်လဲတော့ နံရံနှင့် ခေါင်းဆောင့်မိတာ ပြန်အမှတ်ရလာ၏။





ဖဉ် သတိလစ်သွားခဲ့တုန်း နေအရိပ်ခေါ်ဆောင်လာခဲ့တာပေါ့။

ပြန်တွေးကြည့်ရင်း ဖဉ်သတိရကာ ကိုယ့်ကိုကိုယ် ငုံ့ကြည့်မိတော့ ရှက်စိတ်တွေနှင့် ထူပူသွားခဲ့သည်။

ဖဉ် ခန္ဓာကိုယ်ပေါ်မှာ ရှိနေတာ ပန်းနုရောင် ညဝတ်အင်္ကျီရှည်ကြီးပဲဖြစ်သည်။ ဖဉ် သတိလစ်သွားခဲ့တုန်းက ရေလဲလုံချည်နှင့်ဆိုတာ သိမိ၏။

ဒါဆို ဖဉ့်ကို အဝတ်အစားတွေ လဲလှယ်ပေးခဲ့တာ နေအရိပ်ပေါ့။

ထူပူရှိန်းမြသော ရှက်စိတ်တွေနှင့် ဖဉ် ခုတင်ပေါ်က ဆင်းလိုက်သည်။ ညဝတ်ဂါဝန်ရှည်ကြီးက ဒူးဆစ်နားအထိရှည်ကာ လုံလုံခြုံခြုံရှိသော်လည်း ဒီဝတ်စုံကို နေအရိပ် လဲပေးခဲ့တာဟူသော အသိကရှက်စိတ်တွေကို တရှိန်းရှိန်းတိုးစေ၏။

"ဒေါက် ဒေါက်"

"အမေ့"

အပြင်ဘက်က အခန်းတံခါးခေါက်သံကြောင့် ဖဉ် အလန့်တကြား အော်မိသည်။

"ဖဉ် ကိုယ်ပါ ကိုယ်အခန်းထဲ ဝင်ခဲ့မယ်နော်"

နေအရိပ် အသံကို ကြားသည်။ အခန်းတံခါးကို အပြင်က ဖွင့်ထားတာမို့ နေအရိပ် ကိုယ်တိုင်ပဲ ဖွင့်ဝင်လာ၏။

ခါးစည်းကြိုးနှင့် ဂါဝန်ရှည်ကြီးပဲ ဝတ်ထားတာမို့ ဖဉ် ရှက်သွား



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဖြာသွားခဲ့ကာ ခုတင်ပေါ်က ခြုံစောင်ကြီးကို လှမ်းယူပြီး ခန္ဓာကိုယ်
ကို ပတ်ထားမိ၏။

"နေအရိပ် ရှင် ကျွန်မကို ဘယ်ခေါ်လာတာလဲ"

"နေအထက် အန္တရာယ်က လွတ်ကင်းနိုင်တဲ့ ကစ်နေရာ
ခေါ်ခဲ့တာပါ ဖဦ"

'ဟင့်အင်း ကျွန်မ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး။ ကျွန်မ
ကိုနေ့ ဆီပြန်ပို့ပေးပါ၊ ဘာဘနဲ့ကျွန်မ တွေ့ချင်တယ်"

"ဖဦ ရဲ့ ဘဘကို တွေ့ချင်တယ်ဆိုရင် ကိုယ် မကြာခင်ပို့
ပေးမယ်၊ အခုတော့ အထက်ရဲ့ အန္တရာယ်က ကြီးမားနေတယ်"

ဖဦ လက်မခံနိုင်သလို ခေါင်းကလေးကို ခါရမ်းပစ်လိုက်သည်

"ဟင့်အင်း မယုံဘူး ရှင့်ကို ဖဦမယုံကြည်တော့ဘူး နေအရိပ်
တကယ်ဆို ကိုနေက ကျွန်မဘဝကို ကူညီပေးနေခဲ့တာ၊ အခု
ဘဘနဲ့ ကျွန်မ ဆုံတွေ့ရမယ့်ကိစ္စကို ရှင် နှောင့်ယှက် ဖျက်ဆီး
ရှင့် ရည်ရွယ်ချက်က ဘာလဲ နေ့အရိပ်"

ခါးခါးသီးသီး တုံ့ပြန်စွပ်စွဲနေသော ဖဦ စကားတွေကြောင့်
သူ ပင့်သက်ရှိုက်ရင်း ခေါင်းကိုခါသည်။

"ကိုယ့်ကို မင်းအထင်မလွဲပါနဲ့ ဖဦ နေအထက်ကို မင်း
"ကိုနေ့ကို ဖဦယုံတယ် ဖဦမယုံတာ ရှင့်ကိုပဲ ကိုနေ ပြော
ကျွန်မပိုင်ဆိုင်မယ့်အမွေတွေကို သိသွားပြီး ရှင်ကျွန်မကို ခေါ်လာ





ဆာတာလား"

"ဟင်"

"ကိုနေ သတိပေးကတည်းက ကျွန်မ နောင်တရနေတာ ရှင့်ကို
ကျွန်မဖွင့်ပြောလိုက်မိတာ မှားခဲ့တယ် သိလား"

မျက်ရည်လေးဝဲကာ စွပ်စွဲချက်တွေနှင့် တုံ့ပြန်နေသည့် ဖဦကို
သေးရင်း သူ့စိတ်မကောင်းဖြစ်သွား၏။ နေအထက်က သူ့ကွယ်ရာမှာ
ဖဦကို ယုံကြည်အောင် သိမ်းသွင်းထားခဲ့သည်ပဲ။

အခုချိန်မှာ ဖဦကို ယုံကြည်အောင်သူဘယ်လိုရှင်းပြရမလဲမသိ။

"ဖဦ တောင်းပန်ပါတယ်၊ ဖဦကို ကိုနေဆီ ပြန်ပို့ပေးပါ၊ ဘာဘ
အခုလောက်ဆိုစိတ်ပူနေလိမ့်မယ် နေအရိပ်ရယ်၊ ဖဦ တောင်းပန်ပါတယ်
နော်၊ ရှင်ငွေ ဘယ်လောက်လိုချင်သလဲ ဖဦကတိပေးပါတယ်၊ ဖဦ ဘာဘ
ဆီရောက်တာနဲ့ ရှင့်ကို ပေးပါ့မယ်"

"တော်တော့ သံယောဇဉ် မင်းငါ့စေတနာကို မစော်ကားနဲ့၊
ငွေဆန္ဒကို ငါတစ်ပတ်အတွင်း ဖြည့်ဆည်းပေးမယ်၊ စိတ်ချ မင်းကိုခေါ်
လာတာ နေအထက် လက်ထဲမှာ ဒုက္ခတွေ့မှာ စိုးလို့ကွ နေအထက်
အကြောင်း မင်းဘယ်လောက် သိသလဲ ကောင်းတဲ့ကောင် မဟုတ်ဘူး"

"ရှင် ဘာကြောင့် ကိုနေကို သံယောဇဉ်ကင်းမဲ့နေသလဲ ဆိုတာ
ဖဦ သိတယ် နေအရိပ်၊ ကိုနေနဲ့ ရှင်က ညီအစ်ကိုရင်းတွေ မဟုတ်ဘူး
ရှင်က မွေးစားသား တစ်ယောက်ဆိုတာလည်း ဖဦသိတယ်၊ မိသားစုကို



www.burmeseclassic.com

www.burmeseclassic.com



အတ္တဆန်ဆန် စွန့်ပစ်ခဲ့ပြီးရှင် ရန်ကုန်ကို တစ်ကိုယ်ကောင်းဆန်စွာ ထွက်ခဲ့တာ မဟုတ်လား''

ထိုစကားတွေကြောင့် သူ့အံ့ဩခြင်းတော့ မဖြစ်မိတော့ တကယ်ဆို အထက်က ဖဉ်အပေါ်မှာ သူနှင့်ပတ်သက်သမျှ အား လိမ်ညာသွေးထိုးထားခဲ့တာ သေချာနေခဲ့ပြီ။

''ဖဉ် ခုချိန်မှာ မင်းပြောသမျှ ကိုယ်မဖြေရှင်းနိုင်သေး ကိုယ်ကတိပေးတယ်ဖဉ် မင်း ဘဘဆီမင်းကို တစ်ပတ်အတွင်း ပို့ပေး မင်းခဏတော့ သည်းခံပါ၊ နေအထက် အန္တရာယ်ကြောင့် ကိုယ် ဒီမှာတော့ နိုနေရလိမ့်မယ်''

ဖဉ် အံကိုတင်းတင်း ကြိတ်ထားမိသည်။ အခုချိန်မှာ နေအ ရဲ့ လက်ထဲက သူမ ရုန်းမထွက်နိုင်တာ သေချာ၏။ သူမ ဘယ်ရော နေတာလဲ မသိ။

''မင်း လဲဖို့အဝတ်အစားတွေ ဗီရိုထဲမှာရှိတယ်''

နေအနိုင်ဆိုမှ ဖဉ် ကိုယ့်ကိုကိုယ်ပြန်သတိရကာ ထူပူရှိန်းပြ ခဲ့၏။ ဖဉ်သတိလစ်နေတုန်းက သူ အဝတ်အစားတွေလဲပေးခဲ့တာ ဆို အသိက အတွေးထဲ ပြန်ဝင်လာ၏။

''ကိုယ် အခန်းအပြင်မှာ ရှိမယ် ဖဉ် မင်းကို လောင်ပိတ်မ ချင်ပေမယ့် ကိုယ့်ကိုခွင့်လွှတ်ပါ''

စကားအဆုံးမှာ သူအခန်းထဲက ထွက်သွား၏။ အပြင်ဘက်





သော့ခတ်ပိတ်သံကိုလည်းကြားသည်။

ဖဉ်အဖြစ်က တိရစ္ဆာန်တစ်ကောင်လို ချုပ်လှောင်ခံထားရသည့် အဖြစ်ရောက်နေပြီလား။ ဒါ ဖဉ် ကို စိုးရိမ်လို့တဲ့ နေအရိပ် စကားက ယုံနိုင်စရာ မရှိပါ။

အခန်းထဲကို ဝေ့ဝဲကြည့်တော့ ဗီရိုတစ်လုံး၊ စားပွဲတစ်လုံးနှင့် ထိုင်ခုံကလွဲလို့ ဘာမှမရှိ။ တစ်ခုတည်းသော ပြတင်းတံခါးကို တွေ့တော ဖဉ် ဝမ်းသာအားရ အပြေးလေး ဖွင့်လိုက်မိ၏။

''အိုး ဘုရားရေ''

ဖဉ် အထိတ်တလန့် ရေရွတ်ရင်း နောက်ကို ပြန်ဆုတ်လိုက်မိ၏။ ပြတင်း တံခါးက ဖဉ် မျှော်လင့်ထားသလို လွတ်မြောက်ရာလမ်း တစ်ခု မဟုတ်နိုင်ပါ။

မဝံ့မရဲနှင့် အောက်ကိုငုံ့ကြည့်လိုက်တော့ မြေပြင်သည် အဝေး ကြီးမှာ ဖြစ်နေသည်။

ဖဉ် ရောက်နေတာက ပျဉ်ထောင်အိမ်ကြီးရဲ့ အပေါ်ဆုံးထပ် ဖြစ်လိမ့်မည်ထင်သည်။ ဒီပြတင်းတံခါးက ဆင်းဖို့ဆိုတာ ဖဉ်ဘယ်လိုမှ တွေးရဲအောင် ကြက်သီးကလေး ထမိ၏။

မကြည့်ရဲပေမယ့် ခြံထဲကိုတော့ ဖဉ်ကြည့်မိ၏။ သစ်ပင်ကြီး တွေက အုံ့ဆိုင်း ပိန်းပိတ်နေ၏။ ခြံတံခါးကိုလည်း မမြင်ရ။ နေအရိပ် ဘယ်လို နေရာကိုခေါ်လာတာလဲ မမှန်းဆနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်လေးရှိုက်ကာ ဖဲ့အခန်းထဲက ဗီရိုရှေ့ရောက်ခဲ့သည်။

ဗီရိုကိုဆွဲဖွင့်လိုက်တော့ ခရီးဆောင်အိတ်က ရှိနေ၏။

အိတ်ကိုယူကာ ဆွဲဖွင့်တော့ အဝတ်အစားတွေက အပြည့်

ဒါတွေအားလုံး နေအရိပ် ဝယ်ပေးခဲ့တာဖြစ်သည်။

ဖဲ့ကို အဝတ်အစားတွေ ဝယ်ပေးခဲ့စဉ်က နေအရိပ်ကို ကျေး

တွေတင် ကိုးစားခဲ့သမျှ နေအထက် ပြောပြတာတွေ ကြားတော့ ဖဲ့

ကြောက်လေးဖြစ်ခဲ့သည်။

ကိုနေပြောသလို ဖဲ့ကို နေအရိပ် ထားရှိသော စေတနာတွေ

ဖဲ့ရဲ့ ပိုင်ဆိုင်မှုတွေကြောင့်တဲ့လား။

အခုတော့ နေအထက် စကားကပဲ မှန်နေသလို ဖြစ်နေသည်။

ဖဲ့ကို နေအရိပ် ဖွတ်ခေါ်လာခဲ့ခြင်းဟာ ဒီရည်ရွယ်ချက်

အတွက်လား။ ဟင့်အင်း ဘယ်တော့ မဖြစ်စေရဘူး။

ဖဲ့ လိမ်မာပါးနပ်စွာ ရှောင်တိမ်းရမည်။

သူ ကတိအတိုင်း တစ်ပတ်အတွင်း ဖဲ့ကို ဘဘဆီ ပြန်ပို့

မည်လား။ စောင့်တော့ကြည့်ရမည်။

■ ■ ■



## အခန်း (၃၄)

"ဒါဆို မင်းညီက ဘာရည်ရွယ်ချက်နဲ့ ခေါ်သွားတာလဲ နေအထက်"

ခေါ်ယုယနွယ် မေးခွန်းကို သူ တိကျစွာ မဖြေတတ်ပါ။ ဒါပေမဲ့

"ကျွန်တော့်အထင် ဖဲ့ကို သူ သံယောဇဉ် တွယ်သွားတာ ဖြစ်နိုင်တယ်၊ သူနဲ့ဖဲ့က ကစ်လလောက် ရင်းရင်းနှီးနှီးရှိခဲ့တာကိုး"

"ငါ လုံးဝ လက်မခံနိုင်ဘူး၊ အခုချိန်မှာ မီဖဲ့ကို အမြန်ဆုံးပြန်တွေ့မှ ဖြစ်မယ်၊ မင်းညီ ဘယ်မှာ ရှိမယ်လို့ မင်း ထင်သလဲ"

"အဲဒီအဖြေကို ကျွန်တော်လည်း သိချင်နေတာပဲလေ အရိပ်အခုလို လုပ်သွားတာ ကျွန်တော်ခံရခက်နေတာ ဒီကောင်ကို သတ်ပစ်ချင်လောက်အောင် တင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ညီအစ်ကိုချင်း သတ်ချင်နေလောက်အောင် မင်းနာကျည်းနေတာ မင်းရည်ရွယ်ချက်တွေ ပျက်စီးသွားခဲ့လို့မဟုတ်လား"

"ဟုတ်တယ် ပြီးတော့ နေအရိပ်ဆိုတာ ကျွန်တော့်သွေးရင်းညီအစ်ကိုလည်းမဟုတ်ဘူး၊ ဒီကောင်က မွေးစားသား တစ်ယောက်ပဲ"

ခေါ်ယုယန္တယ် မျက်ခုံးတွေ ပင့်တက်သွား၏။ နေအထက်မျက်နှာကို အကဲခတ်ကြည့်တော့ နားကျည်းရိပ်တို့ တောက်ပနေတာ အထင်အရှား တွေ့သည်။

သူမ တစ်ခါမှ မမြင်ဘူးသော နေအရိပ်ကို ရှာဖွေဖို့ဆိုတာ လွယ်ကူသော ကိစ္စမဟုတ်။ အကောင်းဆုံးက နေအထက်ကိုပဲ စေခိုင်းရမည်။

သင်းတို့က ညီအစ်ကိုရင်းချာတွေ မဟုတ်တော့ ပိုလို့အဆင်ပြေသည်။ နေအထက် ခံရခက်ဖြစ်နေတာလည်း အထင်အရှား။ သူမဘက်က ပါးနပ်စွာ ကိုင်တွယ်ရမည်။

"ကဲ ထားတော့ နေအထက် အခု မင်းညီကို ရှာဖွေဖို့အတွက် မင်းကူညီပါ၊ ငါ့လူတွေနဲ့ မင်းပူးပေါင်းဆောင်ရွက်ပေါ့၊ ဖဉ်ကို ရက်ပိုင်းအတွင်းမှာ ပြန်တွေ့ချင်တယ်၊ ဦးနေဖော်က သိပ်တွေ့ချင်နေပြီ အခုတောင် ငါ့မှာ အမျိုးမျိုး လိမ်ညာနေရတယ်"

"စိတ်ချ မ သံယောဇဉ်ကို ကျွန်တော် မ ရှေ့မှောက်အရောက်ခေါ်ပေးနိုင်ခဲ့ရင် မ ကျေနပ်နိုင်မလား"





ချက်ချင်း အခေါ်အဝေါ်တွေ ပြောင်းလဲသွားသော နေအထက်မျက်ဝန်းတွေက တောက်ပနေသည်။ မျက်နှာမှာ ဖူးယောင်နေဆဲ ဒဏ်ရာတွေက အကောင်းမသေသေးပါ။

သူမကြိတ်ပြုံးမိသည်။ နေအထက်ဆိုသော ယောကျာ်းသည် သူမ ထင်မှတ်ထားသည် ထက်တောင် ကြောက်စရာကောင်းသည်။

ပထမဆုံး သူမကို တွယ်ကပ်ဖို့ကြိုးစားသည်။ ပြီးတော့ မိဖဉ်ကိုအပိုင်ချုပ်ကိုင်ပြီး သူမကို အာခံသည်။

အခုတစ်ဖန် သူမကို အရှက်မဲ့စွာ ချဉ်းကပ်ဖို့ ပြန်ကြိုးစားနေပြန်သည်။

"မ မောင့်ကို ခွင့်လွှတ်ပါကွာ မောင်တကယ် စွဲလန်းနေတာ မ ကိုပါ၊ မ က ချွာထုတ်မှာစိုးလို့ သံယောဇဉ်ကို ခေါ်သွားတာ၊ ဒါပေမဲ့ မောင့်လက်ဖျားနဲ့တောင် မတို့ခဲ့ဖူးဘူး၊ အဲဒါယုံ မောင်သစ္စာဆိုရဲတယ်"

သူမ လက်ဖမိုးလေးကို ဆုပ်ကိုင်ကာ နေအထက် ဆိုနေတော့ ဟန်ဆောင်အပြုံးလေးနှင့် သူမ ခေါင်းညိတ်ရင်း

"မောင့် ကို မ သံယောဇဉ်ရှိတယ်၊ ဒါပေမဲ့ စိတ်ဆိုးမိတာ အမှန်ပဲ ထားပါလေ၊ မောင့်ကတိအတိုင်း အောင်မြင်ရင် မ ခွင့်လွှတ်စိတ်ဖြေပေးမှာပါ"

"ဟာ ဝမ်းသာလိုက်တာ မရယ်"

"အို"



www.burmeseclassic.com

ရဲတင်းသွက်လက်သော နေအထက် လက်တွေက သူမကို ဆတ်ခနဲ ဆွဲပွေ့ကာ တင်းတင်းကြပ်ကြပ် ဖက်လာ၏။ ရှန်းထွက်ဖို့ ကြိုးစားနေသည့်ကြားက အနမ်းတို့က သူမ မျက်နှာအနှံ့ ကျရောက်လာသည်။

ပျားရည်လို ချိုသော အဆိပ်တွေဟု စိတ်ကသိနေပေမယ့် သူမ မငြင်းဆန်နိုင်ခဲ့ပါ။ ရှိန်းမြသော အနမ်းတွေထဲမှာ နစ်မျောသွားခဲ့သေး၏။

"သိပ်ချစ်တယ် မရယ်"

နှုတ်ခမ်းဆီက အနမ်းတို့ လည်တိုင်တွေအထိ နယ်ကျွံလာချိန်မှာ သူမ ဆတ်ခနဲ ရုန်းထွက်ရင်း

"တော်ပြီ အထက် အခုချိန်မှာ မိဖဉ် ကိစ္စက အရေးကြီးနေတယ်။ မိဖဉ်ကို ပြန်မတွေ့မချင်းတို့ စိတ်မချမ်းသာနိုင်သေးဘူး"

"မောင့်ကို ယုံစမ်းပါ မရယ် မဖြစ်ချင်တာကို ဖြစ်စေရမယ်"

"ကောင်းပြီလေ အဲဒီကျရင် အထက် အရည်အချင်းအတွက် မ ဘက်က အပြည့်ဝဆုံး ပြန်ပေးဆပ်မှာပါ"

ဆုပ်ကိုင်ထားသော လက်တွေကို ဆွဲဖယ်ပြီး သူမဆိုတော့ နေအထက် မချင့်မရဲနှင့် ပင့်သက်ရှိုက်ကာ ခေါင်းညိတ်သည်။

နှုတ်ဆက်ထွက်သွားသော နေအထက် ကျောပြင်ကို ကြည့်ရင်း ဒေါ်ယုယနွယ် နှုတ်ခမ်းတို့ မဲ့ကျသွားသည်။ အခန်းဝက နေအထက်





ပုံရိပ် ပျောက်ကွယ်သွားတော့မှ ဆလင်းဘက်အိတ်ထဲက တစ်သျှူးပေါ်ကို ထုတ်ယူလိုက်သည်။

ရွံ့စရာကောင်းလိုက်တဲ့ အနမ်းတွေ။

မျက်နှာနှင့် နှုတ်ခမ်းတွေကို သူမခပ်ကြမ်းကြမ်းပဲ ပွတ်သုတ်ပစ်လိုက်သည်။

နေအထက်ဆိုသော ယောကျ်ားရဲ့ ချစ်လေဟုန်တွေထဲမှာ သူမ သာယာခဲ့ဖူးသည်။ ဒါပေမဲ့ အသိဉာဏ်မဲ့လောက်အောင်တော့ သူမအချစ်က မရူးမိုက်ခဲ့ပါ။

သူမရဲ့ ရည်ရွယ်ချက်တွေကို နေအထက်က နှောင့်ယှက်ခဲ့သည်။ ထို့အတွက် သူ ပြန်ပေးဆပ်ရမည်။ ကိစ္စအားလုံး ငြိမ်းချမ်းသွားလျှင်တော့ သူမ ခြေဖဝါးအောက်မှ ဝပ်စင်းနိုင်းပြီးမှ နေအထက်ကို အဝေးကို ကန်ထုတ်ပစ်ရမည်။

အခုချိန်မှာတော့ ငါ့အတွက် မင်း ရှိနေရဦးမယ် နေအထက်။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၅)

ကြောင်လိမ် လှေကားကြီးအတိုင်း ဆင်းခဲ့မှ ဖဉ့် ရောက်နေသော အခန်းသည် အိမ်ကြီးရဲ့ သုံးထပ်မြောက် အခန်းတစ်ခုဆိုတာ သိတော့သည်။

ပျဉ်ထောင်အိမ်ကြီးရဲ့ အထဲမှာ ရှိသမျှ ပရိဘောဂအားလုံးသည်လည်း ရှေးလက်ရာ ကျွန်းထည်တွေပဲဖြစ်သည်။ သည်မျှကြီးမားသော အိမ်ကြီးထဲမှာ ရှိနေတာ ဖဉ့်တို့ နှစ်ယောက်တည်းလား။

"ရေချိုးခန်းက အိမ်နောက်ဖေးဘက်မှာဖဉ့် ဒီဘက်ကလာ"

ဖဉ့်ရေချိုးချင်သည်ဆို၍ နေအရိပ် ရေချိုးခန်းကို လိုက်ပို့ပေးနေတာဖြစ်သည်။ ဖဉ့်ကတော့ တွေ့သမျှမြင်သမျှ တအံ့တဩ လေးကြည့်ရင်း မေးချင်တာတွေလည်းရှိတော့မို့

"နေအရိပ် ဒီအိမ်ကြီးထဲမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်း





ရှိနေတာလား"

"ဟုတ်တယ် ဖဉ့် ဒါ ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ ဘိုးဘွားပိုင် အိမ်ကြီးလေ ကိုယ်ခဏ နေခွင့်တောင်းထားတာ"

"ဘာလဲ ကျွန်မ ထွက်မပြေးနိုင်အောင် ရှင်က ဝက်ပါလို အိမ်ကြီးကို ရှာထားတာလား"

နှုတ်ခမ်းလေးရွဲ့ကာ ဖဉ့် မကျေမနပ် မေးတော့ နေအရိပ် သဘောကျစွာ ပြုံးရင်း

"ဖဉ့် ပြေးလို့ မရနိုင်ပါဘူး ဒီအိမ်ကြီးမှာ အစောင့်အရှောက်တွေ ရှိတယ်လေ"

"ဟင် ဘယ်သူတွေလဲ ကျွန်မ မတွေ့ပါလား"

"သူတို့ကို မင်းကော ကိုယ်ပါ မြင်နိုင်မှာ မဟုတ်ဘူး ဒီအိမ်ကြီးမှာ နေသွားတဲ့သူတွေလေ၊ သေသွားတာ နှစ်နှစ်ဆယ်ကျော် ကြာပြီဆိုပေမယ့် အိမ်ကြီးကို သံယောဇဉ်ကြီးပြီး အခုထိ ရှိနေတုန်းတဲ့"

"ဟင်"

ဖဉ့်ခန္ဓာကိုယ်လေး တွန့်ခနဲဖြစ်ကာ သူ့ကိုကြည့်သည်။

"ရှင်နော် မနောက်နဲ့ ကျွန်မ ကြောက်တတ်တယ်"

"မကြောက်ပါနဲ့ မင်း ထွက်မပြေးရင် သူတို့တာမှ မလုပ်ဖို့ကိုယ် တောင်းပန်ထားတယ်"

ရေချိုးခန်း ရှေ့မရောက်ခင်မှာဘဲ ဖဉ့် ကြက်သီးလေး ဖြန်းခနဲထ



www.burmeseclassic.com

www.burmeseclassic.com



ကာ တုံ့ခနဲ ရပ်သွား၏။

"တော်ပြီ ကျွန်မ ရေမချိုး ရဲတော့ဘူး"

"ဟောဗျာ အခုမှ ညနေစောင်းကြီးပဲရှိသေးတယ်၊ ဘာကြောင့် စရာရှိလို့လဲ ကိုယ်ရှိပါတယ်၊ ရေချိုးခန်းက တံခါးမရှိဘူး၊ မင်းတစ်ယောက် ဖြစ်ရင် ကိုယ် ဝင်လာနိုင်တယ်"

"အို"

ဝင်းမွတ်နေသော မျက်နှာတစ်ပြင်လုံး ပန်းနုသွေးရောင်လွှမ်း သွားသည်။ သူ့ကိုမျက်နှာချင်းမဆိုင်ရဲတော့ဘဲ ခေါင်းလေးငုံ့နေသော ဇွဲကို သူရယ်ချင်ပေမယ့် မရယ်ဖြစ်ပါ။

"မစိုးရိမ်ပါနဲ့ကွာ လွတ်လွတ်လပ်လပ် ရေချိုးပါ၊ ကိုယ် ဧည့်ခန်း ထဲက စောင့်မှာပါ"

ပြောပြီး သူလှည့်ထွက်တော့ ဇွဲ အထိတ်တလန့်လေး လှမ်းခေါ် ၏။

"နေအရိပ်"

"ဘာလဲ ဇွဲ ကိုယ် ဧည့်ခန်းဝက စောင့်ပေးမှာပါ"

"ဟင့်အင်း အဲဒီလောက် အဝေးကြီးမသွားပါနဲ့ ဟိုလေ အနား က ခဏစောင့်ပေးပါ ဇွဲ သရဲကြောက်လို့"

သူ နောက်လိုက်တာကို တကယ်ထင်ပြီး ဇွဲကြောက်သွား ရပါသည်။ ရေချိုးခန်းလေးထဲ မရဲတရဲ ဝင်ကာ ရေချိုးသည်။





အုတ်ကန်ထဲကရေတွေကို ခပ်ချိုးနေသည့်ကြားက တစ်ချက် တစ်ချက်ခေါင်းကလေး ပြူကာ နေအရိပ်ကို လှမ်းကြည့်သေး၏။

တော်တော်ကြောက်တတ်တဲ့ ကောင်မလေး သူ့ကို အကြောက် လွန်ကာ ထွက်ပြေးတုန်းကလည်း ချော်လဲပြီး ထိခိုက်မိသော ဒဏ်ရာလေး က နားထင်စပ်မှာ အမာရွတ်လေးအဖြစ်ကျန်ခဲ့၏။

ထိုစဉ်တုန်းက သူမကို ပွေ့ချီပြီး အခန်းထဲမှာ လုံခြုံသွားအောင် အဝတ်အစားလဲပေးရတာလည်း သူ။

အဲဒီတုန်းက စည်းချက်ပျက်ကာ ခုန်ခဲ့သော ရင်ခုန်သံတွေ တောင် သူ့နှလုံးသားမှာ အရိပ်ထင်ကျန်ရစ်ခဲ့တဲ့အထိ။

ဘဝမှာ နေအရိပ်ဆိုတဲ့ ကောင် နှလုံးသားက ရင်ခုန်တတ်ခဲ့တာ မင်းလေးကြောင့်ပါ ဇွဲရယ်၊ မဆီမဆိုင် စေတနာတွေပို စိုးရိမ်စိတ်တွေနဲ့ မင်းကို စောင့်ရှောက်နေခဲ့မိတာ ဘာကြောင့်လဲ။

မင်း ထင်နေသလို မဟုတ်ပါဘူး ဇွဲ။

ငါ့ရင်ထဲက နှလုံးကို မင်းလှမ်းမြင်ကြည့်လိုက်စမ်းပါ ဇွဲရယ်၊

ဘာလိုချင်တပ်မက်မှုမှမပါတဲ့ အချစ်က ဖြူစင်စွာ ပေါက်ဖွား နေခဲ့တာ မင်း မြင်နိုင်မှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

စားပွဲပေါ်မှာ ခင်းကျင်းစီစဉ်ထားသည့် ဟင်းလျာတွေက စုံလင်သည်။ ဖဉ့်ကြိုက်သော ပုစွန်ထုပ်ဆီပြန်ဟင်းလည်း ပါသည်။ ချဉ်ရေဟင်းနှင့် ငပိကြော် ကြက်အသည်းအမြစ် ဟင်းခွက်အပြင် တို့စရာနှင့် ငပိရည်လည်းရှိနေသည်။

မနက်တုန်းကတော့ ဒီဟင်းလျာတွေ မဟုတ်ပါ။ ဒီညနေမှ ဟင်းတွေကပိုပြီး စုံလင်နေတာဖြစ်သည်။

မနက်ကတော့ ဖဉ့် စိတ်တွေလည်း ရှုပ် နေအရိပ်ကိုလည်း မကျေနပ်ဒေါသတွေ ထွက်နေခဲ့တာမို့ ဟုတ်တိပတ်တိသည်း မစားဖြစ်လှုကို ချုပ်နှောင်ထားကာ ဆိုင်က ဝယ်လာသော ထမင်းကြော်တစ်ထုပ်ရေသန့်တစ်ဘူး အခန်းထဲထည့်ပေးခဲ့တာမို့ ဖဉ့် ရေပဲသောက်ထမင်းကြော်ကို မစားဖြစ်ခဲ့ပါ။

အခု ရေမိုးချိုးပြီးတော့ နေအရိပ်က ထမင်းစားဖို့ ပြောတော့





ဖဉ့်ကဆာလောင်ချင်လာသည်။

ဟင်းတွေက ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်ဆိုတော့ ဟန်မဆောင်ပြီးဘဲ အားပါးတရ ဝင်စားပစ်မိ၏။ စားနေရင်းမှ သတိရကာ နေအရိပ်ကိုလှည့်ကြည့်တော့ စားပွဲဝိုင်းမှာ အတူထိုင်နေပေမယ့် မစားသောက်ဘဲ ငေးကြည့်နေတာမို့ နည်းနည်းတော့ ရှက်သွား၏။

"စားလေဖဉ့် ပုစွန်တွေ မင်း ကြိုက်တာကိုသိလို့ မှာလိုက်တာ"

"ဟင် ဘယ်သူ့ကိုမှာတာလဲ ဒီအနားမှာ ထမင်းဟင်းဆိုင် ရှိလို့လား"

"ဒီအနီးအနားမှာ မရှိပါဘူး။ ကိုယ့်မိတ်ဆွေကို ဖုန်းဆက်ပြီး ဝယ်ခိုင်းတာ သူကပဲ ကိုယ်တိုင်လာပို့ လိုတာစီစဉ်ပေးနေတာ"

"ဪ ဒီလိုလား ရှင်လည်းစားလေ ဘာထိုင်ကြည့်နေတာလဲ"

"ရတယ် ကိုယ်ပြီးမှစားမယ် ဖဉ့် စားပါ"

"တစ်ခါတည်း ဝင်စားပါ ဖဉ့် စားနေတာကို ထိုင်ကြည့်နေတော့ စားတတ်တော့ဘူး"

"ဆောရီး ဒါဆို ကိုယ်အတူ ဝင်စားပေးမှာပေ့ါ"

ပြောပြောဆိုဆို သူ့က ဖွန်းနှင့်ခက်ရင်းကို ကောက်ယူကာ ဝင်စား၏။ သူတိုက်ခန်းမှာတုန်းက ဖဉ့်ရယ် သူရယ် ဒေါ်မိုးငယ်ရယ် အတူ ဝိုင်းဖွဲ့စားနေကျဖြစ်သည်။

စားသောက်ပြီးတော့ သူက ပန်းကန်တွေကို သိမ်းဆည်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်နေတာမို့ ဖဦပါ ဝင်ကူသိမ်းဆည်းပေးမိသည်။

"ရတယ် ဖဦ ကိုယ် သိမ်းလိုက်မယ်"

"ရှင့်ဘာသာထိုင်နေပါ ဖဦပဲ ဆေးကြောလိုက်ပါ့မယ်၊ ဘယ်
လောက်ကြာတာမှတ်လို့"

ဘေစင်လေးမှာ ရေပန်းခလုတ်လေးနှိပ်ကာ ဖဦကိုယ်တိုင်
ပဲဆေးကြောပြီး ပန်းကန်တွေကို သိမ်းဆည်းတော့ ကြောင်အိမ်
လေးထဲမှာ ဘာအိုးခွက်ပန်းကန်မှ ရှိမနေပါ။

ဖဦတို့နှစ်ယောက်စာအတွက်သာ အနည်းငယ် စီစဉ်ထား
ရိပ်မိလိုက်၏။ သည်အတိုင်းဆို သည်အိမ်ကြီးမှာ အကြာကြီး
နေအရိပ်မှာ အစီအစဉ်မရှိတာသေချာ၏။

ဖဦကို ဘာဘဆီကိုတော့ သူပြန်ပို့မည်ဟု ယုံကြည်စိတ်က
တော့ ဝင်လာမိ၏။

"ဖဦ ညဘက် ဗိုက်ဆာရင်တော့ ကော်ဖီမစ်တွေ၊ တီးမစ်
ရှိတယ်၊ မုန့်ဘူးလည်း ကိုယ်ဝယ်ထားတယ်၊ အချိန်မရွေး စားလို့ရတယ်
နော်"

သူ့စကားကိုကြားမှ တစ်ယောက်တည်း အိပ်ရမှာကို သတိ
ကာ ဖဦ ကြောက်သွားမိသည်။

"ဟို ရှင်က ဘယ်မှာ အိပ်မှာလဲ နေအရိပ်"

"ဖဦ အခန်းအပြင်ဘက်မှာ ဒရင်းဘက်ချပြီး အိပ်မှာပါ





ထွက်ပြေးမှာကို စောင့်တာ မဟုတ်ဘူးနော် မင်းကြောက်မှာ စိုးလို့"

ဖဦ ဘာမှ ခွန်းတုံ့မပြန်ဘဲ စားပွဲမှာ ပြန်ဝင်ထိုင်မိသည်။
ကျက်ချင်းကြီးလည်း အိပ်မပျော်သေးတာမို့ မအိပ်ချင်သေးပါ။ ပြီးတော့
နေအရိပ်ကို စကားတွေပြောချင် မေးချင်သေးသည်။

"နေအရိပ် ရှင်ပေးထားတဲ့ကတိအတိုင်း ဘာဘဆီကိုတော့
ကျွန်မကိုပြန်လိုက်ပို့ပေးပါနော်"

"စိတ်ချပါ ဖဦ အဲဒီသတင်းတွေကို ကိုယ့်မိတ်ဆွေက စုံစမ်း
နေလိမ့်မယ်၊ အခြေအနေ အခွင့်အရေးပေးတာနဲ့ ဦးနေဇော်နဲ့ ဖဦတွေ့
ရမှာပါ"

"ဘာဘကလည်း ဖဦကို တွေ့ချင်နေမှာ ကိုနေက အားလုံးစီစဉ်
ထားတယ်တဲ့ အခုဆို ဘာဘစိတ်ပူနေမလားမသိဘူး"

နေအရိပ် ပင့်သက်ရှိုက်မိသည်။ အခုအချိန်ထိ နေအထက်ကို
ယုံကြည်ကိုးစားနေသော ဖဦကို သူသနားမိသည်။ တကယ်ဆို နေအထက်
နှင့်ပတ်သက်သော သတင်းတွေကို သူ့ သူငယ်ချင်း မင်းကိုကို က
ထုဆီသတင်းပို့ပြီးခဲ့ပြီ။

နေအထက် ဒေါ်ယုယနှင့် ပြန်သင့်မြတ်နေသည့် အ
ကြောင်း ပြီးတော့ ဖဦတို့ မိသားစုရဲ့ ရှုပ်ထွေးလှသော သတင်းတွေကို
သူ သိခဲ့ရ၏။ ခက်သည်က ဦးနေဇော်နှင့် ပတ်သက်ပြီး ဘာမှ သိခွင့်မရ
သေးတာပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ပြောပြလျှင်ကော ဖင့် ယုံမည် မထင်။ သူ့စေတနာ အမှန်ကို အချိန်တန်ရင်တော့ ဖင့် နားလည်ပါလိမ့်မည်။

■ ■ ■

မျက်ဝန်းတွေက ချက်ချင်း အိပ်မပျော်။ အခန်းအပြင်မှာ နေအရိပ် ရှိနေသည်ဆိုပေမယ့် ဖင့် ကြောက်တာ ကြောက်တာပဲဖြစ်သည်။

သည်အိမ်ကြီးက ရှေးဘိုးဘွားပိုင်အိမ်ကြီးဟု နေအရိပ် ပြော သည်။ ပြီးတော့ မကျွတ်မလွတ်သော အစွဲအလန်းကြီးသူတွေ ရှိနေသည် တဲ့။ တွေးရင်း ဖင့်ကြက်သီးလေးတောင် ထမတတ်။

အခန်းမီးကိုတောင် မမှိတ်ရဘဲ ဖင့် ခြေရင်းက စောင်ကို ဆွဲ ခြုံကာ မျက်လုံးတွေ မှိတ်ပစ်လိုက်သည်။

အခုချိန်မှာ နေအရိပ်ကို ကြောက်တာထက် မမြင်နိုင်သော အန္တရာယ်တွေကို တွေးကာ ကြောက်နေခဲ့မိ၏။

ပြန်နိုးလာတော့ တစ်ခန်းလုံး မှောင်မည်းနေသည်။ အမှောင်ထဲ မှာ ဖင့် တစ်ယောက်တည်းဟူသော အသိနှင့် ငေါက်ခနဲထ ထိုင်လိုက်မိ

ဖင့် မီးတွေ ဖွင့်ထားခဲ့တာပါ။ မီးပျက်သွားတာပဲ ဖြစ်မည် အမှောင်ထဲမှာ ဘာမှမမြင်နိုင်မှန်း သိပေမယ့် ဖင့် ဟိုဟိုဒီဒီ လျှောက်ကြည့် နေတုန်း ဖင့် ထိတ်လန့်လွန်းလို့ မျက်လုံးတွေ ဝိုင်းစက်သွားကာ ကြက်သီး တွေ ဖြန်းခနဲ ထသွားသည်။

အမှောင်ထဲမှာ ရူးရဲတောက်ပနေသော မျက်ဝန်းတစ်စုံ ဖင့်





ရူးရူးနစ်နစ်စိုက်ကြည့်နေသည့် မျက်ဝန်းတွေ

"အား"

ဖင့် သွေးရူးသွေးတန်း အော်ဟစ်ကာ ခုတင်ပေါ်က ဝုန်းခနဲ ခုန်ဆင်းလိုက်မိသည်။ ဖင့်ကိုဖင့် ဘာလုပ်နေမှန်း သတိမရပေမယ့် ဖင့် သွေးရူးသွေးတန်း အော်ဟစ်ကာ အိမ်ခန်းတံခါးကို ဖွင့်ပြီးဖြစ်နေ၏။

"ဖင့် ဖင့် "

အမှောင်ထဲကပဲ နေအရိပ် အသံကြားသည်။ ဖင့် အားကိုး တကြီး ပြေးထွက်တော့

"ဘုန်း"

"အမေ့"

"ဖင့် ဘာဖြစ်တာလဲ"

"မျက်လုံး မျက်လုံးတွေ သ သရဲမျက်လုံးတွေ"

သွေးရူးသွေးတန်း ဟစ်အော်ရင်း ဖင့် နေအရိပ်ကို တင်းတင်း ကြပ်ကြပ်ကြီး ပွေ့ဖက်ထားမိသည်။ နေအရိပ်က လက်တစ်ဖက်နှင့် ဖင့် ပခုံးကို ပြန်သိုင်းဖက်ထားကာ ကျန်လက်တစ်ဖက်က ကိုင်ထားသော ဓာတ်နှိပ်ဓာတ်မီးနှင့် အခန်းထဲဝေ့ဝဲထိုးကြည့်၏။

"ကြောက်တယ် ဖင့် ကြောက်တယ် အဟင့် ဟင့် ဟင့်"

"မဟုတ်ပါဘူးဖင့်ရဲ့ ဖင့်မြင်တာ ကြောင်တစ်ကောင်ပါ၊ ဟိုမှာ ကြည့် တံခါးဘောင်ပေါ်မှာ ကြောင်ဝါလေး ထိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



နေအရိပ် စကားကြောင့် ဖဉ် ခေါင်းကလေးမော့ကာ ပြန်ကြည့်သည်။ လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်မှာ ကြောင် လေးက မျက်လုံးလေးတွေ ပြူးလို့ကြည့်နေသည်။

"ညောင် ညောင်"

"တွေ့လား ကြောင်မျက်လုံးတွေက ညဘက်ဆိုတော့ တောက်ပနေတာပေါ့ ဖဉ်ရဲ့"

အခုမှ ဖဉ် ကြောက်စိတ်လေးတွေ ပြေရသည်။ မျက်ရည်တွေက ပါးမှာ စိုစွတ်နေဆဲ ခန္ဓာကိုယ်လေးက တုန်ခါ

သတိလက်လွတ်နှင့် နေအရိပ် ခန္ဓာကိုယ်လေးကို တင်း ဖက်တွယ်ထားမိဆဲ။ ကြောင်ဝါလေးက တစ်ညောင်ညောင် အသံ အခန်းထဲက လှစ်ခနဲ ပြေးထွက်လာသေးသည်။

"အို အမေ့"

ဖဉ် မျက်နှာလေးကို သူ့ရင်ခွင်မှာ အပ်လျက် လက်နှစ် ကျောပြင်ကိုသိုင်းဖက်ထားမိသည်။ နေအရိပ်က အလိုက်သင့် ပြ ပွေ့ထားခဲ့သည်။

ထိုအခိုက်မှာပဲ ပျက်နေသော လျှပ်စစ်မီးတွေ ဖျပ်ခနဲ ပြ လာသည်။ ဖဉ် ဆတ်ခနဲတုန်ကာ သူမ အဖြစ်ကို သူမ သတိရသွား နေအရိပ် ရင်ခွင်က ရုန်းထွက်သည်။

"ဟို ဟို တောင်း တောင်းပန်ပါတယ်နော်၊ ဖဉ် နိုးလာ





တွေမှောင်နေပြီး အရမ်းလန့်သွားတာ"

ဖဉ်မျက်နှာလေး နီမြန်းကာ မဝံ့မရဲ တုန်တုန်ယင်ယင်နှင့် စကားသံလေး ထွက်လာသည်။ နေအရိပ်က ဝင်းမွတ်နေသော ဖဉ် မျက်နှာလေးကို ငေးကြည့်နေရင်း

"ဘာမှမကြောက်နဲ့တော့နော် ဟောဒီ ဓာတ်မီး ဖဉ်ယူထား ကိုယ် အခန်းအပြင်မှာ ရှိနေမှာပါ"

ဒရင်းဘက်ပေါ်မှာ သူဒီအတိုင်း အိပ်နေရသည့်အဖြစ်ကို တွေး ကာ ဖဉ်စိတ်ထဲမှာ စာနာ သနားမိသလိုဖြစ်မိသည်။

"ရှင် ဒီအတိုင်း အိပ်တာလား ဟင်၊ နေအရိပ် ခြင်တွေကိုက်မှာပေါ့"

"ရတယ် ဖဉ် ခြင်ဆေးခွေလည်း ထွန်းထားတာပဲ၊ ကိုယ် အိပ်တတ်ပါတယ်"

ဖဉ် သူ ကမ်းပေးသော ဓာတ်မီးကို ယူကာ အခန်းထဲ ပြန်ဝင်ခဲ့ သည်။ ဖဉ်ကတော့ ခုတင်ပေါ်မှာ အကျအန အိပ်ရပြီး နေအရိပ်မှာတော့ ကြုံသလို အိပ်နေရတာမို့ ဖဉ် အားနာနေမိသည်။

ဖဉ်ကို ကိုနေ လက်ထဲက ဖွတ်ခေါ်လာပြီး ဒီဒုက္ခတွေကို နေအရိပ် ခံယူနေတာ ဘာကြောင့်လည်း မသိပါ။ ဖဉ် ဒုက္ခရောက်မှာ စိုးလို့ဟု နေအရိပ် ပြောတာကို ဖဉ် တကယ် ယုံရခက်ခက်ပါပဲ။

ကိုနေက ဖဉ်ကို ကူညီနေခဲ့တာဟု ဖဉ် အကြွင်းမဲ့ ယုံသည်။



www.burmeseclassic.com

www.burmeseclassic.com



နေအရိပ် ကတော့ ဘာကြောင့် ကိုနေကို ယုံကြည်မှု မရှိတာလဲ။ သူတို့ညီ အစ်ကိုတွေကြားမှာ ဘာပြဿနာတွေ ရှိနေသည်လဲ။

ဇော် နားမလည်နိုင်စွာတွေးရင်း မျက်ခွံတွေ လေးကာ မှေး၍ အိပ်ပျော်သွားခဲ့ရသည်။

■ ■ ■



## အခန်း (၃၇)

ဒီမနက် ဇော် ရေချိုးနေတုန်း နေအရိပ်ဆီကို ညွှန့်သည် တစ်ယောက်ရောက်လာသည်။ နှစ်ဦးသား ဘာတွေ ပြောနေကြသည်မသိ။

ထိုလူစိမ်းက နေအရိပ် လက်ထဲကို သတင်းစာ တစ်စောင် လှမ်းပေးတာကိုလည်း ဇော် မြင်သည်။ ဇော် ချောင်းမြောင်းကြည့်နေတာကို မသိသော နေအရိပ်က လူစိမ်းကို တီးတိုးစကားတွေ မှာပြီး ပြန်လွှတ်လိုက်တာတွေ့သည်။

ဇော် ရေချိုးခန်းထဲ ထွက်လာတော့ နေအရိပ်က အပြုံးနှင့် နှုတ်ဆက်ရင်း

"ဇော် ထမင်းစားရင် ရပြီနော် မနေ့က ဇော် စားချင်တယ်ဆိုတဲ့ ကြေးအိုး အခုပဲ မင်းကိုကို လာပို့သွားတယ်"

နေအရိပ် စကားကို ခေါင်းညိတ်ပြပြီး ဇော် အခန်းထဲဝင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲလှယ်လိုက်သည်။ သည်နေ့ဆို နေအရိပ် ဇော့်ကို ခေါ်လာတာ ငါးရက်ရှိနေပြီ။ အခုချိန်ထိ ဘာဘာဆို ပြန်ပို့ဖို့ ကိစ္စဘာမှ မကြား သေးပါ။

ဒါကိုတွေးကာ ဇော် စိတ်ထဲမှာ မကျေနပ်။ နေအရိပ်ဘာကြောင့် ခေါ်လာတာလဲ။ သူ့ရည်ရွယ်ချက်က ဘာလဲ။ ပြီးတော့ နေအရိပ် ကြည့်ရ တာ တစ်ခုခုကို လျှို့ဝှက်ထားသည်ဟု ထင်သည်။

ရင်ထဲက မကျေနပ်ချက်တွေကို ဇော် ထမင်းဝိုင်းမှာ မမျိုသိပ်နိုင် ဘဲ မေးမိသည်။

"နေအရိပ် ဇော့်ကို ရှင် ဘယ်အချိန်ထိ ခေါ်ထားမှာလဲ ဘာဘာ ဆီ ကျွန်မသိပ်သွားချင်နေပြီ"

နေအရိပ် ကွက်ခနဲ မျက်နှာပျက် သွားသည်။ ပြီးမှ ဇော့်ကို နှစ်သိမ့်သလို ပြုံးကြည့်ကာ

"ဇော် ကို ကိုယ် ပြန်ပို့ပေးမှာပါ"

"တစ်ပတ်အတွင်းပြန်ပို့ပေးမယ်ဆို ရှင်ပေးထားတဲ့ ကတိ အတိုင်းဆို နှစ်ရက်ပဲလိုတော့တယ်နော်"

နေအရိပ် ပင့်သက်ရှိုက်သည်။ ပြီးမှ ဇော့်ကို ငေးစိုက်လို့ ကြည့် နေတာ အတော်ကြာသည်။ ဇော်ကလည်း စူးစူးနစ်နစ်လေး ပြန်ကြည့် နေ၏။

"ဆောရီးပဲ ဇော်ရယ် မင်းကို ကိုယ် ဘယ်လိုရှင်းပြရမလဲ





မင်းရဲ့ အိမ်မှာ အခြေအနေတွေက ရှုပ်ထွေးနေတယ် ဒါကြောင့်"

"နေအရိပ်"

ဇော် စူးခနဲ ဟစ်အော်ပြီး စားပွဲဝိုင်းက ထရပ်လိုက်သည်။ နေအရိပ်က ဒေါသစိတ်ဆူဝေနေသော ဇော့်ကို မော့ကြည့်နေဆဲ။

"ရှင် လူလိမ် လူညာ ဇော့်ကို ရှင်ဒုက္ခပေးဖို့ခေါ်လာတာ သက် သက်ပဲ ကိုနေ လက်ထဲက ဇော့်ကို ရှင်ခေါ်ထုတ်လာတာ ဘာကြောင့်လဲ ဇော် မသိဘူး။ ဒါပေမဲ့ ဇော့်ကို ကူညီဖို့ဆိုတာထက် ရှင့်ရဲ့ လျှို့ဝှက်တဲ့ အကြံအစည်ကြောင့်ပဲလို့ ဇော် ထင်တယ်"

"ဇော် မင်း ကိုယ့်ကို အထင်လွဲနေပြီ"

"ဇော် အထင်လွဲတယ် ဒါဆို ရှင် တစ်ခုခု ဖြေရှင်းပြလေ၊ ဘာကြောင့် ရှင် လျှို့ဝှက်နေတာလဲ၊ ဇော့်ကို ဒုက္ခပေးဖို့ ရှင်ခေါ်လာတာ မဟုတ်ဘူးဆို ဘာကြောင့်လဲ၊ ရှင်တို့ညီအစ်ကိုရဲ့ ပြဿနာထဲမှာ ဇော့်ကို တမင် ရှင် ဆွဲထည့်တာလား"

နေအရိပ် ခေါင်းကိုပဲ ခါရမ်းလို့နေသည်။ ဖြေရှင်းမည့်စကားလုံး တွေက နှုတ်ကထွက်မလာဘဲ ပင့်သက်ရှိုက်သံတွေပဲ ကြားနေခဲ့ရသည်။

ပြောရင်း ဇော့် မျက်ရည်လေးဝဲကာ ဝမ်းနည်းလာတာမို့ အခန်း ထဲပြေးဝင်ခဲ့သည်။ ပြီးတော့ ခုတင်ပေါ် ပစ်လှဲကာ ဇော် ရှိုက်ငိုနေမိတော့ သည်။ ဇော် ဘယ်လောက်အထိ ငိုနေမိသည်မသိ။

သတိရတော့ အခန်းအပြင်ဘက်မှာလည်း တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်က အသာဆင်းကာ ဇော်တံခါးဝက ခေါင်းပြူကြည့်သည်။ ထမင်း ဝိုင်းမှာ နေအရိပ်လည်းရှိမနေတော့ပါ။

ဘယ်ကိုထွက်သွားသည်လဲ၊ ဇော်ကို ထားရစ်ခဲ့တာလား။

တွေးပြီး ဇော် ထိတ်ခနဲ ကြောက်သွားပေမယ့် ခေါင်းထဲကိုလည်း အကြံတစ်ခုက လက်ခနဲ ဝင်လာသည်။

ဒါ ဇော်အတွက် အခွင့်ကောင်းတစ်ခု။ ဘယ်အချိန်ဘယ်ကာလ အထိ အတိအကျ မသိဘဲ ဒီအိမ်ကြီးမှာ ဇော် နေထိုင်နေရမည်လား။ ဟင့်အင်း ဇော် မနေနိုင်ပါ။

ဇော်နဲ့ ဘဘ မတွေ့ခဲ့တာ တစ်လကျော်ခဲ့ပြီ။ ဘဘ ဘယ် လောက် စိတ်ပူနေမည်လဲ။

ဆုံးဖြတ်ချက်နှင့် ဇော် ခြေလှမ်းတွေခပ်သွက်သွက်လှမ်း ထွက် လိုက်သည်။ ပြီးမှ ဇော် ကြောင်အိမ်လေးဆီလျှောက်ပြီး ပေါင်မုန့် လိုသလို ဓားလေးကို ထုတ်ယူလိုက်သည်။ ဓားလေးကို လက်ဖဝါးထဲမှာ ကွယ်ရှက် ယူပြီး ဇော် ထွက်ခဲ့သည်။

တိတ်ဆိတ်နေသော အိမ်ကြီး၏ ကြောင်လိမ်လှေခါးအထိုင် ဇော် ဆင်းခဲ့ချိန်အထိ နေအရိပ်ကို မတွေ့ရပါ။ ဇော် ရင်လေးတွေ တဒိုင်း ဒိုင်း ဒိတ်ခုန်နေခဲ့သည်။

ကံကောင်းချင်တော့ အိမ်တံခါးမကြီးက ပွင့်နေ၏။ နေအရိပ် မြို့ထဲ ဆင်းသွားတာလား။ ဇော် ဂရုမစိုက်ချင်တော့ပါ။ တံခါးမကြီး





လှမ်းထွက်ဖို့အပြင်

"ဟင်"

"အမေ့"

အိမ်ထဲပြန်ဝင်လာသော နေအရိပ်နှင့် မျက်နှာချင်းဆိုင် ထိပ် တိုက်ကြီး တိုးတာမို့ ဇော် အထိတ်တလန့် နောက်ဆုတ်မိသည်။

"ဇော် မင်း ဘယ်သွားမလို့လဲ"

"ရှင် ကျွန်မကို မတားနဲ့ ကျွန်မ အိမ်ပြန်တော့မယ်"

"ဟာ မဟုတ်တာ ဇော် မသွားရဘူး၊ သွားလို့မဖြစ်ဘူး"

နေအရိပ် အိမ်တံခါးကို နောက်ပြန်ပိတ်ရင်း တားမြစ်တော့ ဇော် အံကိုတင်းခနဲကြိတ်ရင်း လက်ထဲက ဓားကို တင်းတင်းဆုပ် ထောင်ပြ ရင်း

"နေအရိပ် ရှင်မတားနဲ့၊ ဇော် ဘဘနဲ့ တွေ့မှဖြစ်မယ်၊ ဇော် ဘဘတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်ပစ်မှာနော်"

"ဇော် မင်းမသွားပါနဲ့ ကိုယ့်စကားကို နားထောင်ပါ"

နေအရိပ် လက်ကာတားရင်း ရှေ့ကိုတိုးလာတော့ ဇော်လက်ထဲ က ဓားနှင့် ထိုးစိုက်ချလိုက်သည်။

"ကဲ ဟယ်"

"အ အ ဇော် မင်း မင်း"

ဇော်လက်တွေ ကတုန်ကယင်နှင့် ထိုးလိုက်တာမို့သာ ကံကောင်း



www.burmeseclassic.com

တော့သည်။ မားချက်က နေအရိပ်ရဲ့ ညာလက်မောင်းကို ရုပ်ထိုးမိ သလိုဖြစ်သွား၏။ ရဲရဲနီသော သွေးတွေက ရဲခနဲ။

"နေ နေ အရိပ် ဟို ဟို ဇဉ် ဇဉ်"

ဇဉ် ထိတ်ထိတ်အအ ရေရွတ်ရင်း လက်ထဲက မားကိုကြမ်းပြင် ပေါ် ပစ်ချပစ်လိုက်မိသည်။ နေအရိပ်က ဒဏ်ရာကို ဘယ်လက်နှင့် ဖိပိတ်ထားရင်း ဇဉ်ကို မယုံနိုင်သလို ငေးကြည့်နေခဲ့သည်။

"ဇဉ် မင်းကို ကိုယ်ထပ်ပြီး တောင်းပန်ပါတယ်၊ မင်းတစ် ယောက် တည်းထွက်သွားလို့ မဖြစ်ဘူး။ တစ်ရက်နှစ်ရက် စောင့်ပေးပါ ကိုယ်ကိုယ်တိုင် မင်းကိုအရောက်ပို့ပေးမယ်၊ ကိုယ် ကတိပေးပါတယ် ဇဉ် မင်း ယုံကြည်ပါ"

နေအရိပ် လေးနက်တည်ကြည်စွာ ပြောပြီး အိမ်အတွင်းခန်း ဘက် ပြန်လှည့်ဝင်သွားခဲ့သည်။ ကြမ်းပြင်ပေါ်ကို တတောက်တောက် ယိုစီးကျ ကျန်ရစ်ခဲ့သော သွေးစတွေကို ကြည့်ရင်း ဇဉ် မင်သက်နေမိသေး

ဇဉ် ဘာဖြစ်သွားခဲ့တာလဲ။ သူ့ကို ဒီလောက်အထိ ရက်စက်ဖို့ ဇဉ် မရည်ရွယ်ခဲ့ပါ။

အခုတော့..

ဖြစ်ပျက်ခဲ့သမျှကိုပြန်တွေးတိုင်း ဇဉ် စိတ်မကောင်းမိပါ။ ညအ ကသူ့ဒဏ်ရာကို အဝတ်စနှင့်စည်းနှောင်ထားတာ ဇဉ်တွေ့သည်။ ပတ်တီး နှင့် စည်းထားတာ မဟုတ်တဲ့ ရုပ်အင်္ကျီစကို ဖြဲကာ သူ့ဘာသာ စည်းထား





တာဖြစ်သည်။

သူ့မိတ်ဆွေ မင်းကိုကို ရောက်လာတော့ သူ့ဖုန်းဆက် မှာလိုက် သော သောက်ဆေးတွေ ထုတ်ပေးနေတာကို ဇဉ် တွေ့သည်။

"မင်းကလည်း ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်း ချည်းပဲ၊ နေပါဦး သံပြားက ဘယ်လို လက်မောင်းကို ထိခိုက်မိတာလဲ"

"စတိုခန်းထဲဝင်ရင်း ခိုက်မိတာပါကွာ မှောင်နေတော့ မမြင် လိုက်ဘူး၊ နည်းနည်းလေးပါ"

"ပေါ့ပေါ့မလုပ်နဲ့ သံဆိပ်တက်နေဦးမယ် လိုအပ်ရင် ဆေးခန်း ပြမလား"

"ဟင့်အင်း အဲဒီလောက်မလိုပါဘူး ကဲ မင်းပြန်တော့ မင်းကို နောက်နှစ်ရက်ဆို မင်းလည်း တာဝန်ငြိမ်းပါပြီကွာ"

ဇဉ် ရှေ့မှောက်မှာ သူ့မိတ်ဆွေကို ပြောလိုက်ခြင်းက ဇဉ် ယုံကြည်အောင် ကတိပေးနေခြင်းပဲ ထင်သည်။ ဇဉ်ကတော့ ဇဉ့်ကြောင့် သူဒဏ်ရာရသည့်ကိစ္စကို အမှန် မပြောပြတာကို အံ့သြနေမိ၏။

ဇဉ်ကို သူ့မိတ်ဆွေ မင်းကိုကို စိတ်ဆိုး မုန်းတီးသွားမှာစိုး၍ ဟုထင်သည်။ မင်းကိုကို ပြန်သွားတော့ သူက စားပွဲပေါ်မှာ ပြင်ဆင်ပေးခဲ့ သော ညနေစာကိုငုံကြည့်ရင်း

"ဇဉ် ထမင်းစားလိုက်ပါဦး၊ မနက်က မင်း သိပ်မစားနိုင်ဘူး အခု ဆာနေပြီပေါ့"

www.burmeseclassic.com



"ရှင်ကော မစားဘူးလား နေအရိပ်"

"အင်း စားပါ့မယ်"

ထမင်းဝိုင်းမှာ နှစ်ယောက်အတူ ထိုင်စားဖြစ်ကြပေမယ့် ဇော်တို့ စကားသိပ်မပြောဖြစ်ကြပါ။ သူက ထမင်းတစ်ပန်းကန်တောင် မစားနိုင်ပါ။

"မင်း အဝစားနော် ကိုယ် သိပ်မဆာလို့ပါ"

သူ့မျက်နှာက ညှိုးနေသည်ဟု ဇော် ထင်သည်။ ဒဏ်ရာအရှိန် ကြောင့်လားတော့ မသိပါ။ သူ ဆေးသောက်ပြီး ဒရင်းဘက်မှာ တီဗီ ဆိတ်စွာထိုင်နေတော့ ဇော်လည်း ပန်းကန်တွေ သိမ်းဆည်းကာ အိပ်ခန်းထဲ စောစောပဲ ဝင်ခဲ့သည်။

မျက်လုံးတွေက မအိပ်ချင်ဘဲ ကြောင်တွေနေရင်း ဇော် မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

ဖျတ်ခနဲ ဇော်နိုးတော့ နားထဲမှာ အသံတစ်ခု ကြားသည်။ ညည်းသံလိုလို အသံက အခန်းအပြင်ဘက်က ဖြစ်သည်။ နေအရိပ် ဘာများဖြစ်နေသလဲ စိုးရိမ်စိတ်နှင့် ဇော် အခန်းတံခါးဖွင့်ကာ ထွက်ကြည့် တော့ ဒရင်းဘက်မှာ အိပ်နေရင်း ညည်းနေသည်။ စိုးရိမ်စိတ်နှင့် ဇော်အနားကို ဘယ်လိုရောက်သွားသည်မသိ။

"အင်း အ အင်း အင်း အ အ"

"နေအရိပ် နေအရိပ် ဘာ ဘာဖြစ်လို့လဲ"

ဇော် မေးပေမယ့် နေအရိပ် မနိုးပါ။ နှုတ်ကတော့ ညည်း





နေသဲ့မို့ ဇော် အရဲစွန့်ကာ နဖူးကိုစမ်းကြည့်တော့ ခြစ်ခြစ်တောက်ပူနေသော ကိုယ်ပူရှိန်က မီးခဲတမျှ။

"ဘုရားရေ အနာရှိန်နဲ့ ဖျားနေပြီ ထင်တယ်"

ဇော်တုန်လှုပ်သွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ တုန်လှုပ်မှု စိတ်တွေကို တည်ငြိမ်အောင် ထိန်းရင်း အပူရှိန်လျော့ကျအောင် လုပ်ဖို့လို မှန်းသိလာသည်။

ရေတခွက် ပြေးခပ်ကာ အခန်းထဲက သဘက်တစ်ထည် ယူ သည်။ ပြီးတော့ သူ့နဖူးနှင့်မျက်နှာကို ရေပတ်တိုက်ပေးသည်။

"အ အင်း အင်း ဇော် ဇော်"

လူက မနိုးဘဲ နေအရိပ် လေသံတိုးတိုးနှင့် ညည်းနေသည်။ နေအရိပ် လက်ဖဝါးတွေက အေးစက်နေသည်။

"ဇော် ဇော် စိတ်မဆိုးပါနဲ့ ဇော် အင်း အင်း"

ယောင်ယမ်းပြီး ဇော်ကို တောင်းပန်နေသည်။ လက်ချောင်း တွေက ဇော် လက်ဖဝါးလေးကို အားကိုးတကြီး ဆုပ်ကိုင်လာသည်။

"ဇော် ဇော် ချမ်း ချမ်းတယ် အင်း အင်း"

နေအရိပ် လက်ဖဝါးလေးတွေ နွေးထွေးလာအောင် ဆုပ်နယ် ပေးရင်း ဇော် ပြုစုနေတုန်း နေအရိပ်က ဇော့် ခန္ဓာကိုယ်လေးကို ကယောင် ကတမ်း ပွေ့ဖက်လာသည်။

"အို"



www.burmeseclassic.com

www.burmeseclassic.com



"ဖဦ ဖဦရယ် ကိုယ် မင်းကို ချစ်တယ်"

လေသံက တိုးတိုးလေးပေမယ့် ဖဦ ရင်ခုန်သံတွေကို ချုပ်ကျယ်လောင်သွားစေသည်။ သူ ကယောင်ကတမ်း ဖက်ထားသော လက်တွေထဲမှာ မရုန်းနိုင်ခဲ့ပါ။ သူ့ ဝင်သက်ထွက်သက် လေပူတွေက ဖဦ မျက်နှာလေးဆီ ရိုက်ခတ်နေ၏။

စက္ကန့်တွေမှ မိနစ်တွေ အထိ တရွေ့ရွေ့ လွန့်မြောက်သွားသည် အထိ သူ့ရင်ဘတ်ပေါ်မှာ ဖဦ ရင်ချင်းအပ်ကာ ငြိမ်သက်နေမိ၏။

ညည်းသံတွေရပ်ကာ သူငြိမ်သက်သွားမှ ဖဦ အသာအယာရုန်းထွက်ကာ ထရပ်လိုက်သည်။ ရင်ခုန်သံတွေက မြန်ဆန်နေဆဲ နှစ်မြိုက်စွာ အိပ်ပျော်နေသော သူ့ကို ငေးကြည့်ရင်း ဖဦ ရင်ခုန်သံတွေ ရိုင်းမြနေခဲ့သော ဘာကြောင့်မှန်းမသိ။

ဒရင်းဘက်နံဘေးက ခုံပုလေးမှာ ဖဦ ဝင်ထိုင်ရင်း ဒရင်ဘက် အောက်မှာ ပြုတ်ကျနေသော သတင်းစာကို ကောက်ယူ လိုက်မိ၏

အဖျားတက်နေသောသူ နိုးလာတဲ့အထိ ဖဦ စောင့်နေ ဆုံးဖြတ်ကာ သတင်းစာကို ဟိုလှန်သည်လှန်ဖတ်ရှုကြည့်မိခိုက်"

"ဟင်"

ဖဦ မျက်လုံးတွေ ပြာဝေ သွားမတတ် နာရေး ကြော်ငြာ ဘာဘ အမည်ကို မြင်လိုက်ရသည်။

"ဦးနေဖော် အသက် ၇၁ နှစ်တဲ့ ဘုရား ဘုရား"





စိတ်ထဲက မဖြစ်နိုင်ဘူးဟု အကြိမ်ကြိမ် ငြင်းဆန်ရင်း ဖဦ သတင်းအပြည့်အစုံကိုဖတ်ကြည့်ပြီးတော့ မျက်ရည်တွေက ရွှဲနစ်နေပြီ။

"ဘ ဘာဘ ဆုံးပြီပေါ့"

ဒီသတင်းကို ဖဦမသိပါ။ မင်းကိုကို သတင်းစာလာပို့သည့် နေ့ကိုပြန်မြင်ယောင်လာသည်။ နေအရိပ် ကြီးသိခဲ့သည်ပေါ့။ ဘာဘဆုံးတာ သုံးရက်တောင် ရှိပြီ။ ဖဦ မယုံနိုင်စွာ ရှိုက်ငိုနေမိဆဲ။

အိပ်မောကျနေသော နေအရိပ်ကတော့ ဘာဆို ဘာမှမသိပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

လူတစ်ကိုယ်လုံး ပင်ပန်းနုံးချိနေသည်။ ဦးနေဇော်ရဲ့ အလောင်း မြေချသည့် ကိစ္စတွေနှင့်တစ်နေကုန်ပင်ပန်းခဲ့သည်။

လူပင်ပန်းခြင်းထက် စိတ်က ပိုပင်ပန်းစေကာ ဦးနေဇော်ရဲ့ ရှေ့နေကြီး ပြောသွားခဲ့သော စကားတွေကြောင့်ဖြစ်သည်။

"ဦးနေဇော် ဆုံးပါးပြီဆိုတော့ စီစဉ်သင့်တာ စီစဉ်ရမယ် ဒေါ်ယုယနွယ် ဦးနေဇော် က သူ့သမီး သံယောဇဉ် အတွက် အမွေ လေးပုံ သုံးပုံတိတိပေးခဲ့တယ်၊ ကျန်တဲ့တစ်ပုံက ဒေါ်ယုယနွယ် အတွက် ပေါ့"

ခံရခက်လိုက်သည့် စကားပါပဲ။ မိဖဉ်ကို ရှာမတွေ့ခင်မှာ ဦးနေဇော် တိမ်းပါးသွားပြီဆိုတော့ သူမ ရည်ရွယ်ချက်တွေ အကုန်သွား ပြီပေါ့။





ဦးနေဇော်က လောကြီးထဲက ထွက်သွားခဲ့ပြီ။ သူ့ဆန္ဒအတိုင်း စီမံသွားခဲ့ပြီဆိုတော့ မိဖဉ်ကပဲ ခံစားခွင့်တွေအများကြီး ရသွားခဲ့၏။ ဒါကို သူမလုံးဝလက်မခံနိုင်ပါ။

ရက်လည်ကိစ္စပြီးသည်နှင့် ထိုကိစ္စကို ရှေ့နေကြီးက စီစဉ်မည် တဲ့။ သံယောဇဉ်ကို မေးတော့ ခရီးလွန်နေသည်ဟု သူမ ညာခဲ့ရ၏။ ဒါက ဘယ်အချိန်ထိ ညာထားလို့ရမှာလဲ။

တွေးရင်း စိတ်ရှုပ်လာတာမို့ သူမ ပင့်သက်ရှိုက် ခေါင်းကိုခါရမ်း မိစဉ်မှာ တံခါးခေါက်သံ ကြားရ၏။

"ဘယ်သူလဲဟေ့"

"မ ကျွန်တော်ပါ"

နေအထက်အသံကို စိတ်ပျက်စရာကြားသည်။ ဘာမှအသုံး မကျသည့် နေအထက်။ သင်းကြောင့် ပြဿနာတွေ ရှုပ်ထွေးကျန်ခဲ့တာ။

"မင်းထွက်သွားတော့ နေအထက် ခုချိန်မှာ ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး မင်းမျက်နှာမြင်ရင်ပိုလို့ စိတ်တိုမှာသေချာတယ်"

"စိတ်ကိုလျှော့ပြီး တံခါးဖွင့်စမ်းပါ မ စိတ်ညစ်တာတွေ ပြေအောင် သတင်းကောင်းပေးမလို့ မောင့်ကို ယုံ"

မောင်းထုတ်လည်းသွားမှာ မဟုတ်။ ဦးနေဇော် မရှိတော့ သင်း ပိုလို့အတင့်ရဲနေသည်။ သူမ တံခါးကိုဖွင့်ပေးတော့ လှစ်ခနဲအထဲ လှစ် ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေအထက် မင်းကို ငါ သိပ်စိတ်နာနေတယ်နော် မင်းကြောင့် ပြဿနာတွေ ရှုပ်ထွေးကုန်ပြီ၊ ငါ့ရည်ရွယ်ချက်တွေ ပျောက်ကုန်ပြီ"

"ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ မ အသုံးမကျတာပါ ဟိုလူ့မဟာ ဒုက္ခတကြီးကို နေ့တိုင်း စိတ်ညစ်အောင်လုပ်နေတော့ သေပြီ ပေါ့"

"မင်းပါးစပ်ပိတ်ထား မိဇင်ကို မင်း မခေါ်သွားရင် ပြဿနာ ဘာမှ မရှိဘူး။ အခုတော့"

ယုယနွယ် မျက်နှာကြီးနီမြန်း ဒေါသထွက်နေကာ ကြည့်ရင်း နေအထက် မထိတရီပြုံးသည်။

"အခု သံယောဇဉ်ကို ခြေရာခံမိနေပြီဆိုရင် မ စိတ်ချမ်းသာ မလား"

"ဟင် မင်း တကယ်ပြောတာလား"

"ညာစရာလားဗျာ နေအရိပ်ရဲ့ မိတ်ဆွေ မင်းကိုကို ဆိုတဲ့ ကောင်နောက် ခြေရာခံရင်း အတိအကျ သိခဲ့တာ၊ မနက်ဖြန်ကျရင် ကျွန်တော် ကိုယ်တိုင်သွားမယ်"

နေအထက် ပြောတော့ ကျနေသော စိတ်ဓာတ်တို့ ပြန်တက်လာ သည်။ သံယောဇဉ်ကိုသာ ပြန်ဆုံတွေ့လျှင် မျှော်လင့်ချက်ရှိသည်။

"အခု အမွေတွေက လွှဲပြီးနေပြီဆိုတော့ မ ဘာလုပ်မယ်"

"အဟင်း မခက်ပါဘူး ဦးနေဇော် သေတာ မိဇင် မသိသေးဘူး





ဒီတော့ ဒီအချက်ကို အပိုင်ကိုင်ပြီး မိဇင်ဆီက အမွေတွေ ပြန်ပြောင်းလွှဲယူ ရမှာပေါ့"

နေအထက် တောင် ဖျားချင်သွားသည်။ ယုယနွယ်ရဲ့ မဟာ အကြံအစည်တွေက ထက်မြက်လွန်းသည်။ ဆုံးရှုံးနေတာတွေ အကုန်ပြန် ရအောင်သူမ ကြံစည်ထားပုံက လှပသည်။

"မ က အရမ်းတော်တာပဲဗျာ"

ပြောပြောဆိုဆို နေအထက်က ယုယနွယ် ခန္ဓာကိုယ်ကို တင်း တင်းကြပ်ကြပ် သိုင်းဖက်သည်။ ယုယနွယ် မရုန်းဘဲ အလိုက်သင့်ပဲ ခံယူနေလိုက်သည်။

နေအထက်က အခုချိန်မှာ အခရာ ကျနေပြီ။

"မောင်ကလည်း တော်ပါတယ်ကွာ"

"အဟွန်း ဒါဆို မမရဲ့ ဆုတော့ ချီးမြှင့်မှဖြစ်မယ်"

စကားအဆုံးမှာ အနမ်းတို့ မျက်နှာအနှံ့ မွတ်မွတ် သိပ်သိပ်ကျ လာသည်။ ယုယနွယ် မောဟိုက်စွာ ပင့်သက်လေးတွေ ရှိုက်လို့ ခံယူနေ ရင်း။

ဆင်ခြင်တုံတရားတို့ ကင်းလွတ်စေသော ကမ္ဘာငယ်လေးကို မျောပါးသွားခဲ့ရပြန်သည်။

နေအထက် ဆိုသည့် ယောကျ်ားက ချစ်ခင်စရာကောင်းသလို တစ်ခါတစ်ရံမှာလည်း ရွံမုန်းစရာ ကောင်းလောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခုအချိန်မှာ ယုယနွယ် အားလုံးကို အသိမဲ့ လွင့်မျော လို့ နေလိုက်ပါသည်။

■ ■ ■



## အခန်း (၃၉)

"မငိုပါနဲ့တော့ ဇဉ်ရယ် ဒီသတင်းကြားကြားချင်း မင်းကို ကိုယ် ပြောချင်ပေမယ့် မင်း ဝမ်းနည်းခံစားရမှာစိုးလို့ ဖွင့်မပြော ဖြစ်ခဲ့တာပါ"

နေအရိပ် နှစ်သိမ့်ရင်း ဇဉ်ကို ပြောနေသည်။ ဇဉ်ကတော့ ဘဘအတွက် ငိုကြွေးရင်း ရင်ထဲမှာ မကောင်းပါ။

"ဇဉ် အိမ်ပြန်ရင် ဝမ်းနည်းစရာတွေ အပြင် စိတ်ညစ်ရှုပ်ထွေးစရာတွေပါ ရင်ဆိုင်ရမှာစိုးလို့ ကိုယ်တားခဲ့တာပါ၊ ဒါပေမဲ့ ဒီတစ်ရက်နှစ်ရက်တော့ ဇဉ် မဖြစ်ဖြစ်အောင် ပြန်ရလိမ့်မယ်၊ ဇဉ် ဘဘက ဇဉ်ကို အမွေတွေလွှဲပေးဖို့ ရှေ့နေကြီးနဲ့ စီစဉ်ခဲ့တယ်တဲ့"

"ဇဉ် ဇဉ် ဒါတွေကိုမမက်ပါဘူး။ ဘဘ အနားမှာ ဇဉ် မရှိခဲ့တာကိုပဲ ဝမ်းနည်းမဆုံး ဖြစ်နေတာ"

ပြောရင်း ဇဉ် မျက်ရည်တွေ လိမ့်ဆင်းလာတော့ နေအရိပ် စိတ်မကောင်းဖြစ်ကာ ဇဉ် ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သုတ်ပေးမိ၏။

"ဖဉ့်ရယ် မင်းစိတ်ထားလေးက ဖြူစင်လိုက်တာ၊ ဒါကြောင့်လည်း မင်းကို နေအထက် လက်ထဲက ကိုယ် ကယ်တင်ခဲ့တာပါကွာ"

ဖဉ့် မျက်နက်ဝန်းလေးတွေနှင့် မော့ကြည့်ရင်း

"ဖဉ့် အရိပ် စေတနာတွေကို မြင်ခဲ့ပါပြီ၊ ဖဉ့် အထင်လွဲခဲ့တာတွေကို ခွင့်လွှတ်ပေးပါနော် အရိပ်"

"ဖဉ့်ရယ် ကိုယ်အမြဲ ခွင့်လွှတ်ပြီးသားပါ"

နှစ်ဦးသား မျက်လုံးချင်း ရင်ဆိုင်ကြည့်နေမိကြတာ စက္ကန့်ပေါင်းများစွာကြာ၏။ နှုတ်ကစကားတွေ မဆိုဖြစ်ပေမယ့် အသံမဲ့သော စကားတွေနှစ်ဦးစလုံး မျက်ဝန်းတွေထဲမှာ ရှိနေခဲ့သည်။

"ဖဉ့် ကိုယ် ကိုယ်လေ"

ဖဉ့် ပခုံးလေးကို ဆုပ်ကိုင်ထားရင်း နေအရိပ်စကားတို့ ပွင့်အံလုလု ဒါပေမဲ့ အချိန်မီ ပြန်ထိန်းချုပ်ရင်း ပင့်သက်ရှိုက်တော့

"အရိပ် ဘာပြောမလို့လဲ ပြောလေ"

"ဟင့်အင်း ကိုယ် မပြောသင့်ဘူး မပြောရက်ဘူး"

"ညတုန်းကတော့ အဖျားတွေ တက်ပြီးယောင်ပြောနေတဲ့ သွားဟွန်း"

"ဟင် ဘာရယ် ကိုယ် ဘာတွေပြောမိလို့လဲ"

"မသိဘူး သွား"





သွား ဟု မောင်းထုတ်ပေမယ့် ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ ပြုလဲကျလာသည်။ သူ ညင်သာစွာ ထွေးပွေ့ထားခိုက်

"သိပ်ပျော်နေကြသလား မိဖဉ့်"

"ဟင်"

"အို အန် အန်တီယု"

အခန်းထဲလှမ်းဝင်လာသော ဒေါ်ယုယနွယ် မျက်နှာက မာတင်းနေသည်။ နောက်မှ အရိပ်လိုထပ်ဝင်လာသူက နေအထက်။

"လေးစားရတယ် အရိပ် မင်းငါ့ကို တစ်ပတ်ရိုက်သွားတာ ငါ မမေ့ဘူး"

"ကဲ အထက်တို့ ကိစ္စ အသာထားဦး မိဖဉ့် မင်းငါ့ကို တော်တော်ဒုက္ခပေးတယ် ရော့ ဒီအမွေလွှဲစာချုပ်မှာ မင်းလက်မှတ် ထိုးပါ"

လက်ထဲက စာချုပ်ကို ဖဉ့်ဆီ ကမ်းပေးရင်း အန်တီယု ဆိုသည်။ ဖဉ့် မျက်မှောင်ကုပ်ပြီး နားမလည်နိုင်စွာ မေးမိ၏။

"ဘာစာချုပ်လဲ အန်တီယု ဖဉ့်ဘာလို့လက်မှတ်ထိုးပေးရမှာလဲ"

"နင့်ဘာဘက မမှုမတာ စီစဉ်တာလေ အမွေရဲ့လေးပုံသုံးပုံက နင့်အတွက်တဲ့ ဒါကို ငါမကျေနပ်ဘူး နင့်ဆီကပြန်လွှဲရမှ ဖြစ်မယ်၊ အေး နင်ငြင်းမယ်ဆိုရင် နင့်ဘာဘကို လောကကြီးထဲမှာ ငါ မထားဘူး။ အခု ဦးနေဇော်ကို ငါ အပိုင်ထိန်းသိမ်းထားတယ် မိဖဉ့်"

ဖဉ့် အံကိုတင်းခနဲ ကြိတ်မိ၏။ ဘာဘ ဆုံးပါးခဲ့ပြီဆိုတာ ဖဉ့်



www.burmeseclassic.com

www.burmeseclassic.com



သိနေမှန်း အန်တီယု သိသေးဟန် မတူပါ။

"ကဲ နင့်ဘဘ အသက်နဲ့ အမွေ နင်ဘာရွေးမလဲ ဖွေ့"

"ဖွေ့ ဘာအမွေမှ မယူဘူး အန်တီယု၊ ဘဘသာ အသက်ပြန်ရှင်လာမယ်ဆိုရင် အချိန်မရွေး လွှဲပေးလိုက်မှာ၊ အခုတော့ ဘဘ သတင်းကို ဖွေ့ သိပြီးပြီ"

"ဟင်"

"ဟုတ်တယ် အန်တီယု သိပ်ရက်စက်တယ်၊ ဘဘ အပေါ် အန်တီယု ဟန်ဆောင်နေခဲ့တာတွေက အမွေတွေကြောင့်မှန်း ဖွေ့ သိပြီ အန်တီယုကို ဖွေ့ ရွံသွားပြီ သိလား"

အန်တီယု မျက်နှာ မည်းညစ်သွားသည်။ မှန်းချက်နှင့်နှမ်းထွက် မကိုက်လေတော့ ဒေါသတွေ လိပ်တက်လာကာ စလင်းဘက်အိတ်ထဲက ပစ္စတိုလေးကို ထုတ်ကာ ဖွေ့ကို ချိန်ရွယ်၏။

"ဒေါ်ယုယနွယ်"

နေအရိပ်က စိုးရိမ်စွာ တားတော့ ပစ္စတိုပြောင်းဝက နေ့အရိပ်ဆီ ဦးလှည့်သွားရင်း

"မင်းလည်း ငြိမ်ငြိမ်နေနေ၊ ခုချိန်မှာ ငါ ဘယ်သူ့ကို မဆို သတ်ရဲတယ်၊ ကဲ မိဖွေ့ နင့်အသက်နဲ့ အမွေ ဘာကိုပေးမလဲ ပြော"

လောဘ ဘီလူးစီးနေသော အန်တီယုကို ကြည့်ကာ ဖွေ့အံကို တင်းတင်းကြိတ် ထားမိသည်။ အန်တီယုကြောင့် ဘဘဒုက္ခတွေ ပူဆောင်





ကာ အသက်ကိုတောင်ပေးခဲ့ရသည်။ ဖွေ့ကတော့ အရှုံးပေးလိုက်ရမှာလား။

"အန်တီယု လက်ထဲဘာမှ မပေးချင်လို့ ဘဘအသက်နဲ့ ရင်းခဲ့တာလေ ဖွေ့ဆီက ဘာမှ မမျှော်လင့်နဲ့ ဖွေ့ကို သတ်ချင်သတ်ပါ သေရဲတယ်"

"တောက် မင်း သိပ်ရဲရင့်နေသလား"

ဒေါ်ယုယနွယ် မျက်နှာက ကြောက်စရာ ကောင်းလောက်အောင် မာထန်နေသည်။ သူမမျှော်လင့်ထားသမျှ ဘာတစ်ခုမှ မဖြစ်နိုင်တော့ဆိုတာ သိသွားတော့ ရူးသွပ်သွားပြီလားမသိ။ မျက်နှာက အရူးတစ်ယောက်လို

"မိဖွေ့ မင်းကိုလည်း ငါက အမွေတွေ ခံစားခွင့်မပေးဘူး ဒီတော့"

"ဒိုင်း"

အခြေအနေကို အကဲခတ်ကြည့်နေသော နေအထက် သာ အချိန်မီ ထွန်းမထုတ်လိုက်လျှင် သံယောဇ် မလွယ်။

"ဟေ့ မင်း ဘာလုပ်တာလဲ လွှတ် ငါ့ကိုလွှတ်"

ဒေါ်ယုယနွယ် ဟစ်အော်ရင်း နေအထက် ချုပ်နှောင်ထားသည့်ကြားကရုန်းထွက်နေသည်။ နေအထက်ကလည်း သေနတ် ကိုင်လက်ကို မလွှတ်ပေးဘဲ ချုပ်နှောင်ထားခိုက်



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ဒိုင်း"

"ဟာ"

ဒေါ်ယုယနွယ်တစ်ယောက် မျက်လုံးတွေ ပြူးထွက်လာကာ တအိအိ ပြိုလဲကျသွားခဲ့သည်။ နေအထက် ချုပ်နှောင်ထားသည့်ကြား က မိုက်မိုက်မဲမဲ ခလုပ်ကိုဆွဲနှိပ်တာမို့ သူမ ရင်ဝဆီ သေနတ်ပြောင်းက ဦးတည် ပစ်ခတ်သွားခဲ့မိခြင်း ဖြစ်သည်။

နေအရိပ်ကော ဖေ့ဦပါ မျက်လုံးတွေဝိုင်းလို့ ငေးကြည့်နေတုန်းမှာ နေအထက်က သေနတ်ကို ကောက်ယူသည်။

"သတ္တဝါတစ်ခု ကံတစ်ခါပဲပေါ့ ကဲ သံယောဇဉ် မင်းကိုယ်နဲ့ လိုက်ခဲ့"

"ဟင့်အင်း ဖေ့ဦ မလိုက်ဘူး"

နေအထက် မျက်နှာ တင်းခနဲ ဖြစ်သွား၏။ ပြီးမှ နေအရိပ်ဆီ သေနတ်ပြောင်းဝနှင့် ထိုးချိန်ရင်း

"မင်းက ဒီကောင်ရှိနေလို့ ငြင်းတာလား ဖေ့ဦ ငါကပိုင်ရှင်အစစ် အမှန်ပါ။ ကဲ မင်းစိတ်တွေ ပြတ်သားသွားအောင် ငါဒီကောင့်ကို"

"အို မလုပ်ပါနဲ့ မလုပ်ပါနဲ့ ကိုနေ"

ဖေ့ဦ အထိတ်တလန့် ငြင်းတော့ နေအထက် သဘောကျသွားသည်။ နေအထက် မျက်ဝန်းတွေထဲမှာ စာနာသနားမှုတို့ ကင်းစင်နေသောသချာ၏။





"ဒါဆို မင်း လိုက်ခဲ့ ဖေ့ဦ အချိန်မရှိဘူး"

သံယောဇဉ် ခေါင်းကလေးညိတ်ကာ နေအထက်အနားတိုးကပ် သွား၏။ နေအထက်က ဖေ့ဦလက်တစ်ဖက်ကို ဆွဲရင်း လှမ်းအထွက်

"ကဲ ဟယ်"

ဖေ့ဦလက်နှစ်ဖက်စုလျက် နေအထက်၏ သေနတ်ကိုင်လက်ဖျံကို ရိုက်ချပစ်လိုက်သည်။ သေနတ်က ကြမ်းပြင်ပေါ်ပြုတ်ကျ သွား၏။

နေအထက် ပြေးအကောက်မှ နေအရိပ်ရဲ့ ခြေကန်ချက်က မေးဖျားဆီဝင်လာ၏။

"ခွပ်"

"အ"

နေအထက် ရှူးရှူးရှားရှား ဒေါသတွေ ထွက်လာကာ နေအရိပ် ကို ထိုးပ်တိုက်ရင်ဆိုင်သည်။

ကမူးရှူးထိုး လက်သီးချက်တွေကို ရှောင်တိမ်းရင်း နေအရိပ် ရဲ့အားပြင်းသော လက်သီးတွေက နေအထက် မေးရိုးဆီ ဖောင်းခနဲ ထိသည်။

ဒီတစ်ခါလည်း နေအထက် မှောက်သွားသည်။

"စိတ်မကောင်းဘူး အထက် မင်း ပြန်သတိရရင် ဥပဒေရဲ့ အရိပ်အောက်ကို ရောက်ပြီပေါ့"

နေအရိပ် ရေရွတ်ရင်း သေနတ်ကို အဝေးဆုံး ကန်ထုတ်ပစ် လိုက်သည်။ ဖေ့ဦ မင်သက်ငေးနေရာမှ နေအရိပ် ရင်ခွင်ထဲ ပြေးဝင်လာ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အရိပ် ရယ်"

"ဖဉ် ရယ်"

ဖဉ်ခန္ဓာကိုယ်လေးကိုတင်းတင်းပွေ့ဖက်ထားရင်း နေအရိုး ရင်ခုန်သံတွေက စည်းချက်ညီညာစွာ ခုန်နေခဲ့သည်။

သူ့ရင်ဘက်မှာ နားကပ်ရင်း ရင်ခုန်သံတွေကို နားထောင်နေ သည့် ဖဉ်ခေါင်းလေးမော့ကာ မျက်နက်ဝန်းလေးတွေ ပင့်ကြည့်၏။

"ကိုယ့် ရင်ခုန်သံတွေကိုကြားသလား ဖဉ်"

"အင်း မနေ့ညကတည်းက ကြားခဲ့တာ ရင်ခုန်သံတွေ ပေါက် ကွဲပြီး လွင့်စင်လာတဲ့ အသံလေးကိုတောင်ကြားခဲ့တာ"

"ဖဉ်ရယ် သိပ်ချစ်တယ်"

မချင့်မရဲ ပွေ့ဖက်ရင်း ဖဉ်နဖူးလေးကို ငုံနမ်းတော့ ဖဉ်ရှောင် တိမ်းမသွားဘဲ မျက်ဝန်းလေးတွေ မှေးမိတ်သွားခဲ့သည်။

တမ်းတမ်းမက်မက် အနမ်းတို့ နူးညံ့စွာ ဖဉ် မျက်နှာအနှံ့ ပွင့်ဖူးသည်။ သေချာသည်က ဖဉ် ရင်ခုန်သံတွေ အနမ်းတွေနဲ့ သင်္ချိုင်း နေခဲ့သည်။

ဖြူစင်သော နှလုံးသားက ချစ်ခြင်းကို ဖြူသော ရင်ခုန်သံတွေ နှင့်ပဲ နာကြားခွင့်ရှိသည်ဆိုတာ. . .။

အားလုံးအတွက်
နတ်သမီး



BURMESE CLASSIC .com
www.burmeseclassic.com